

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


ဂ ရက် သတင်းဂျာနယ်

7 DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၃)၊ အမှတ်(၃) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက် ၊ ဗုဒ္ဓဟူး ၊ (မတ် ၁၉ ၊ ၂၀၁၄)



TRI

LIVES BRILLIANTLY




ငွေကြေး၊ လက်ဆောင်ပဏ္ဏာပေးအပ်ပြီး ချဉ်းကပ်သည့် ယဉ်ကျေးမှုက ထွန်းကားဆဲဖြစ်သည်

ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)

# တစ်မတ်သားတို့ ဘယ်သူ့ရွေးမလဲ

**အောင်သူရ၊ ဥက္ကာကိုကို**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မတ်လ ၁၆ ရက်နေ့ ကချင်ပြည်နယ် ခရီးစဉ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လိုက်ပါသွားခြင်းက မြန်မာ့နိုင်ငံရေးလေ့လာသူများ၏ ဦးနှောက်ကို အလုပ်ပေးလိုက်ပါပြီ။ သမ္မတက ကချင်ပြည်နယ်ရှိ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံပွဲသို့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုပါ ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

ထိုမတိုင်မီကလည်း အာဆီယံကာကွယ်ရေးဦးစီးချုပ်များ သတင်းစာရှင်းလင်းပွဲတွင် မြန်မာကာချုပ် ပါဝင်၍ ပထမဆုံးသတင်းစာဆရာများနှင့် တွေ့ဆုံခဲ့ခြင်း၊


အချပ်ပို A10 ››


အင်တာဗျူး

## "၁၃၅ မျိုးကို မှန်တယ်လို့ ကျွန်တော်တို့ တရားသေဆုပ်ကိုင်ပြီး ပြောနေတာ မဟုတ်ပါဘူး"

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်တွေ့ဆုံခြင်း

**အိဖြူမွန်၊ ထွန်းခိုင်**


စာမျက်နှာ ၁၄ ››




# ရင်နင့်စာ

**ငြိမ်းချမ်း**

"(၁) အမေကို အိမ်နဲ့ခြံနဲ့ထားချင်တယ်။ (၂) ငါလဲ ကိုအိုးကို အိမ်နဲ့ အေးအေးချမ်းချမ်းနေချင်တယ် ဒါကြောက် ငွေရှာမှ ဖြစ်မယ် ငွေရှိမှလဲ လုပ်ချင်တာကိုလုပ်လို့ရမှာဖြစ် ငွေကိုရအောင်ရှာရမယ်"

၂၀၁၃ နိုဝင်ဘာ ၂၄ ရက်က သမီးဖြစ်သူနှင်းကေခိုင်ရေးသားထားသောစာကို မိခင်ဖြစ်သူ ဒေါ်အေးကြွယ်ဖတ်လိုက်ရသည့်နေ့က သမီးသေဆုံးပြီး ခြောက်ရက်အကြာ ၂၀၁၄ မတ်လ ၄ရက်နေ့ပင်။


စာမျက်နှာ ၅ ››


# မရွှေ့ရန် ရေလောင်း မလောင်း၍ ရွှေ့

**အေးသူစံ**

အစိုးရဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် အလှည့်ကျ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည့်စနစ်က အပေးအယူနှင့် မသမာမှုများစွာ ရှိနေခြင်းကြောင့် ဝန်ထမ်းများသာမက ပြောင်းရွှေ့တာဝန်ချထားပေးခြင်းခံရသည့် ဒေသမှ ဒေသခံများအတွက်ပါ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ဝန်ကြီးဌာန(၃၆)ခုရှိသည့်အနက် မြန်မာနိုင်ငံ၌ အစိုးရဝန်ထမ်းပေါင်းကိုးသိန်း၏ အပြောင်းအရွှေ့ကို ကိုင်တွယ်ရာတွင် အဓိကအချက်နှစ်ချက်ရှိသည်။ ပြစ်ချက်ရှိသူ ဝန်ထမ်းများကို ဝေးလံခေါင်ဖျားဒေသသို့ အပြစ်ပေးသည့်အနေဖြင့် ပို့ဆောင်တာဝန်ထမ်းဆောင်စေခြင်းနှင့် နှစ်အပိုင်းအခြားသတ်မှတ်၍ အပေးအယူသဘောဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်းတို့ဖြစ်သည်။


အချပ်ပို A9 ››


# ရှစ်ဆယ့်ရှစ်အသံလှိုင်းနောက်မှ သူရဲကောင်း

**အေးသူစံ**

နေအိမ်ရှိ တစ်လုံးတည်းသော အော်တိုတယ်လီဖုန်းမြည်လာချိန်တွင် ဦးနေမင်းတစ်ယောက် အလွန်သတိဝီရိယကြီးစွာဖြင့် ဖုန်းကိုင်လိုက်သည်။ "BBC သတင်းထောက်လား"ဆိုသောအသံကြောင့် တအံ့တသြဖြစ်သွားချိန်တွင် တစ်ဖက်ကဆက်လက်၍ "ကျွန်တော်မိုက်ကယ်အဲရစ်ပါ။ ဒေါ်အောင်ဆန်းစုကြည်က စကားပြောချင်လို့"ဟု ပြောလာပါသည်။


အချပ်ပို A6 ››






tigerair
စင်ကာပူကို
သွားကြမယ်
ခရီးစဉ် တစ်ကြောင်းစာကို အပြီးအစီး
usd64* မှ
၃၁ မတ်လ ၂၀၁၄ နောက်ဆုံးထားပြီး booking တင်လိုက်ပါ။
tigerair.com
ဘွတ်ကင်တင်မည်၊ ပိုက်ဆံပေးမည်။
www.tigerair.com
credit နှင့် debit card ဖြင့် ပေးချေမှု
hotline +၉၅-၉-၄၅၀ ၀၅၀ ၈၉၈^
credit card ဖြင့်ပေးချေမှု
သင်အသုံးပြုလိုသည့် ခရီးသွားလုပ်ငန်း
credit card (သို့) ငွေသားဖြင့် ပေးချေမှု
acknowledged by capa-centre for aviation
* ဖော်ပြပါ ပရိုမိုးရှင်းအထူးဈေးနှုန်းသည် ခရီးစဉ်တစ်ကြောင်းစာသာ ဖြစ်ပြီးအခွန်များအားလုံး ပါဝင်သော်လည်း ခရီးသည်တစ်ဦးချင်းအတွက် ဘွတ်ကင်တင်ခ မပါဝင်ပါ။ အဆိုပါအထူးဈေးနှုန်းသည် သတ်မှတ်ထားသည့် တိုက်ဂါးလေကြောင်းလိုင်း လေယာဉ်များတွင် ၃၁ မတ် ၂၀၁၄ (11.59 pm gmt+8 ) မတိုင်မီ အွန်လိုင်းမှ တိုက်ရိုက်ဘွတ်ကင်တင်သည့် လေယာဉ်ခရီးစဉ်များအတွက်သာဖြစ်သည်။ ထိုင်ခုံအရေအတွက် ကန့်သတ်ထားသဖြင့် ခရီးသွား များသည့်ရက်များတွင်နေရာရချင်မှရပါလိမ့်မည်။ သတ်မှတ်ချက်များပါရှိပါသည်။ အသေးစိတ်အချက်အလက်များကို www.tigerair.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
^ ကျွန်တော်တို့၏ အရေးပေါ်ဖုန်းလိုင်းမှတဆင့် ဘွတ်ကင်ပြုလုပ်လျှင် အခကြေးငွေ ထပ်ဆောင်းပေး ရမည်ဖြစ်ပါသည်။


MAKE it POSSIBLE
HUAWEI
Have Every Reason to Smile
HUAWEI Ascend G730
၅.၅ လက်မ HD မျက်နှာပြင်
Quad Core CPU 1.3GHz
ဆင်းကဒ် ၂ ကဒ် အသုံးပြုနိုင်ခြင်း
မြန်နှုန်းမြင့် 21Mbps ကွန်ယက်ချိတ်ဆက်ခြင်း ထောက်ပံ့မှု
အသုံးပြုရ လွယ်ကူသော Emotion UI 2.0
http://consumer.huawei.com
Catch up with us on facebook
facebook.com/huawei device myanmar




ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# ဒုတိယမြောက်ကြားဖြတ် လာဦးမည်လား

ရန်မျိုးနိုင်၊ မင်းဟိန်းကျော်

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမအတွင်း ထိုင်ခုံနေရာ ၂၀ ကျော် လစ်လပ်နေသည်။ ထိုလစ်လပ်နေရာများသည် လွှတ်တော်အတွင်း အရေးကြီးသည့် ဆုံးဖြတ်ချက်များအတွက် မည်မျှအရေးပါသည်ဆိုသည်ကို မေးခွန်းထုတ်စရာဖြစ်လာခဲ့ပြီဖြစ်သည်။

လက်ရှိနိုင်ငံရေး အသိုင်းအဝိုင်းတွင် လှုပ်ရှားနေသည့် အခြေခံဥပဒေပြင်ဆင်ရေးတွင် အဆိုပါ လစ်လပ်နေရာများ၏ အရေးပါမှုသည် အဓိကမေးခွန်းဖြစ်လာခဲ့သည်။ ယခင်က ရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ယခုနှစ်အတွင်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးရန် အစီအစဉ်မရှိဟု လွှတ်တော်အစည်းအဝေးတစ်ခုတွင် ဖြေကြားခဲ့ဖူးသော်လည်း ယခုနောက်ပိုင်းတွင် ကြားဖြတ်ရွေးကောက်ပွဲ ပြန်လည်ကျင်းပမည့်အရိပ်အယောင်များ တွေ့မြင်လာခဲ့ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ကြားဖြတ်ရွေးကောက်ပွဲသည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်သည်ဟု နိုင်ငံရေးလှုပ်ရှားသူအချို့က ယူဆသော်လည်း အချို့ကမူ အရေးမကြီးဟု ဆိုကြပြန်သည်။

အကြောင်းမှာ အခြေခံဥပဒေ အခြေခံပြင်ဆင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ၇၅ ရာခိုင်နှုန်းကျော် သဘောတူရမည်ဟူသော အချက်တွင် လွှတ်တော်ကိုယ်စားလှယ်များစာရင်းအရှိကို ဆိုလိုခြင်းလား (သို့မဟုတ်) အစည်းအဝေးတက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ကို ဆိုလိုသည်လားဆိုသည်ကို တိကျစွာ ရေးသားထားခြင်း မရှိခြင်းကြောင့်ဖြစ်သည်။

လက်ရှိအချိန်တွင် ၂၀၁၀ ၌ ရွေးကောက်ပွဲ ကျင်းပပေးခဲ့ခြင်းမရှိသည့် မဲဆန္ဒနယ်အချို့ ရှိခဲ့ခြင်း၊ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များထဲမှ အစိုးရအဖွဲ့တွင် ပါဝင်ရန် ရွေးချယ်ခံရသူများနှင့် ဆုံးပါးသွားသူများရှိနေခြင်းအတွက် လွှတ်တော်တွင် လစ်လပ်နေရာပေါင်း ၂၀ ကျော် ရှိနေသည်။

စစ်တပ်က ဦးဆောင်ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်သော ပုဒ်မ ၄၃၆ သည် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လုံး ပြုပြင်ပြောင်းလဲရေးအတွက် အသက်သွေးကြောဖြစ်နေသော်လည်း ယင်းပုဒ်မ၏ ဆိုလိုချက်ကို တိတိကျကျ ရေးသားထားခြင်းမရှိသည့်အတွက် လွှတ်တော်တွင်း ဖွဲ့စည်းပုံပြင်ဆင်ရာတွင် ဝိဝါဒကွဲလွဲစရာများ ဖြစ်နိုင်ကြောင်း ကျွမ်းကျင်သူများက ထောက်ပြလာသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ထောက်ခံရန် လိုအပ်သည်ဟု ဥပဒေက ဆိုထားခြင်းကြောင့် အခြေခံဥပဒေ ပြင်ဆင်ရန် သတ္တိရှိသော တပ်မတော်သားတစ်ဦးအနည်းဆုံးလိုအပ်ကြောင်း ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က မကြာခဏ ပြောကြားသည်။

"ဒီ ၇၅ ရာခိုင်နှုန်းဆိုတာ လွှတ်တော်ထဲမှာ ရှိရမယ်လို့ သတ်မှတ်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ရာခိုင်နှုန်းကို ဆိုလိုတာလား ဒါမှမဟုတ် လက်ရှိအစည်းအဝေးကို တက်ရောက်နေတဲ့ ကိုယ်စားလှယ်တွေရဲ့ ရာခိုင်နှုန်းကို ဆိုလိုတာလားဆိုတာ ရှင်းရှင်းရေးထားဖို့လိုတယ်"ဟု ဒီချုပ်ပါတီမှ ဥပဒေပညာရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်က ပြောသည်။

မူလကပင် ပြင်ဆင်၍ မရ

စာမျက်နှာ A3 ››



# Signal
# မြန်မာ့သွားနှင့်ခံတွင်းကျန်းမာရေး လ
မတ်လ၊ ၂၀၁၄



မိဘပြည်သူများသွားကုသမှုခံယူနေစဉ်

## သွားနှင့်ခံတွင်းဆရာဝန်များနှင့် Signal သွားတိုက်ဆေး၏အားလုံးအတွက်အခမဲ့သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု



ကျောင်းသူ/ကျောင်းသားများမှ Signal သွားတိုက်ဆေးဖြင့် စုပေါင်းသွားတိုက်နေစဉ်



သွားဖက်ဆိုင်ရာဆရာဝန်ကြီး ဒေါက်တာဦးမြင့်ထိန်မှ သရုပ်ပြရှင်းလင်းနေစဉ်



သွားဘက်ဆိုင်ရာဆရာဝန်ကြီးများနှင့် ဧည့်သည်တော်များ

သွားနှင့် ခံတွင်းဆရာဝန်များနှင့် ဆစ်ဂနယ် သွားတိုက်ဆေး၏ မြန်မာ့သွားနှင့် ခံတွင်းကျန်းမာရေးလစတင်ဖွင့်လှစ်သည့် အထိမ်းအမှတ်အဖြစ် ဆစ်ဂနယ် စုပေါင်းသွားတိုက်ပွဲကြီးကို ၂၀၁၄ ခုနှစ် မတ်လ ၁ ရက်နေ့၊ နံနက် ၁၀ နာရီအချိန်မှာ ပြည်သူ့ရင်ပြင်တွင် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြပါသည်။ ကမ္ဘာ့သွားနှင့် ခံတွင်းအဖွဲ့အစည်းနှင့် နိုင်ငံအသီးသီး၏ သွားနှင့် ခံတွင်းဆရာဝန်အသင်းများမှ လက်ခံကျင့်သုံးသော စနစ်မှန်သွားတိုက်နည်းကို သွားဖက်ဆိုင်ရာ ဆရာဝန်ကြီးဒေါက်တာဦးမြင့်ထိန်မှ သရုပ်ပြရှင်းလင်းပေးခဲ့ပြီး အခြေခံ ပညာကျောင်းသား/ကျောင်းသူပေါင်း (၇၀၀) ကျော်က FDI ၏ ထောက်ခံချက်ရရှိထားသော ဆစ်ဂနယ် သွားတိုက်ဆေးဖြင့် စုပေါင်း သွားတိုက်ခဲ့ကြသည်။

၄င်းစုပေါင်းသွားတိုက်ပွဲကြီးကို ယခုကဲ့သို့ အောင်မြင်စွာကျင်းပနိုင်ရန် အဖက်ဖက်မှ ပါဝင်ကူညီခဲ့ကြသော မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များ အသင်းမှ အမှုဆောင် ဒုဥက္ကဌ Professor ဒေါက်တာဒေါ်ဆွေဆွေဝင်း၊ စနစ်မှန်သွားတိုက်နည်းကို သရုပ်ပြရှင်းလင်းပေးခဲ့သော ဒေါက်တာဦးမြင့်ထိန်၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို ဆစ်ဂနယ်သွားတိုက်ဆေးမှ အထူးကျေးဇူးတင်ရှိပါသည်။ ရှေ့ဆက်၍ ပြည်သူလူထုအတွက် သွားနှင့် ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုများကို ဆစ်ဂနယ် သွားတိုက်ဆေး အနေဖြင့် ဆထက်ထမ်းပိုး ဆက်လက်ဆောင်ရွက် သွားပါမည်ဖြစ်ကြောင်းနှင့် မြန်မာ့သွားနှင့် ခံတွင်း ကျန်းမာရေးလဖြစ်သော ၂၀၁၄ ခုနှစ် မတ်လ တစ်လလုံးတွင်လည်း အားလုံးအတွက် အခမဲ့သွားနှင့် ခံတွင်း စောင့်ရှောက်မှုများကို အောက်ဖော်ပြပါ သွားနှင့် ခံတွင်းဆေးခန်းများတွင် လာရောက်စစ်ဆေးကုသမှု ခံယူနိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ သတင်းကောင်းပေးလိုက်ပါသည်။




**ဖော်ပြပါ သွားနှင့်ခံတွင်းဆေးကုခန်းများတွင်မတ်လ (၁၊ ၂၊ ၈၊ ၉၊ ၁၅၊ ၁၆၊ ၂၂၊ ၂၃၊ ၂၉၊ ၃၀) စနေနှင့် တနင်္ဂနွေနေ့များတွင် မည်သူမဆို အခမဲ့စစ်ဆေးကုသမှု ခံယူနိုင်ပါသည်။**

### ရန်ကုန်

**ပုလဲရတနာ**
အမှတ် ၁၊ အခန်း ၅၊ မောင်းမကန်သာလမ်း၊ ၂၀ ရပ်ကွက်၊ တောင်ဒဂုံ။
ဖုန်း - ၀၉ - ၂၅၆၃၉၇၀၃၆

**အလင်းတန်း**
သံသုမာလမ်း၊ ၂၉ သုဝဏ္ဏရပ်ကွက်၊ သုဝဏ္ဏဈေးအနီး၊ သင်္ဃန်းကျွန်း။
ဖုန်း - ၀၉ - ၂၅၀၄၄၉၇၁၅

**Healthy Teeth**
အမှတ် ၁၂၁၃၊ ပင်လုံလမ်း၊ မြောက်ဒဂုံ။
ဖုန်း - ၀၉ - ၅၁၁၄၉၉၈

**ဧေယျာ**
အမှတ် ၁၆၄၊ မြင်တော်သာလမ်း၊ ၆ ရပ်ကွက်၊ သာကေတ။
ဖုန်း - ၀၉ - ၇၃၀၆၇၆၇၃

### နေပြည်တော်

**Pepsodent**
အမှတ် ZA - ၁၉၊ ဇီဝက Shopping Complex၊ သပြေကုန်းဈေး၊ နေပြည်တော်။
ဖုန်း - ၀၆၇ - ၄၃၂၂၉၁၊ ၀၆၇ - ၄၃၂၂၉၁

### မန္တလေး

**Pepsodent**
အမှတ် ၄၄ (ခ)၊ ၆၈ လမ်း၊ ၂၆လမ်း နှင့် ၂၇ လမ်းကြား၊ မန္တလေး။
ဖုန်း - ၀၂ - ၇၂၃၅၅၊ ၀၉ - ၆၈၀၁၁၂

**Pepsodent**
M3၊ ၇၇ လမ်း၊ ၂၉ လမ်းနှင့် ၃၀ လမ်းကြား၊ မန္တလေး။
ဖုန်း - ၀၂ - ၆၆၇၅၀၊ ၀၉ - ၆၅၀၁၈၇၈




MYANMAR DEITTA

ကဏ္ဍစုံမီဒီယာပြပွဲ အခမ်းအနား | Witness Yangon Documentary Arts Space
မတ်လ ၁၅ရက် - ဧပြီလ ၂၅ရက် ၂၀၁၄ခုနှစ် | နေ့စဉ် နေ့လည် ၁၂ - ၅နာရီ | တနင်္ဂနွေနေ့များနှင့် အစိုးရရုံးပိတ်ရက်များ ပိတ်သည်။
၄ အေ၊ တတိယထပ်၊ ပျံလွှားအဆောက်အအုံ၊ ပါရမီလမ်း၊ မရမ်းကုန်း။

Life
7 DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

# ရင်နင့်စာ

ငြိမ်းချမ်း



“(၁) အမေကို အိမ်နဲ့ခြံနဲ့ ထားချင်တယ်။

(၂) ငါလဲ ကိုအိုးကိုအိမ်နဲ့ အေးအေးချမ်းချမ်းနေချင်တယ်။ ဒါကြောက် ငွေရှာမှ ဖြစ်မယ် ငွေရှိမှလဲ လုပ်ချင်တာ ကိုလုပ်လိုရမှာ ဖြစ် ငွေကိုရအောင် ရှာရမယ်” (မူရင်းစာလုံးပေါင်း အတိုင်းသာ ဖြစ်ပါသည်။)

၂၀၁၃ နိုဝင်ဘာ ၂၄ ရက်က သမီးဖြစ်သူနှင်းကေခိုင်ရေးသားထားသောစာကို မိခင်ဖြစ်သူ ဒေါ်အေးကြွယ်ဖတ်လိုက်ရသည့် နေ့က သမီးသေဆုံးပြီး ခြောက်ရက်အကြာ ၂၀၁၄ မတ်လ ၄ရက်နေ့ပင်။

ခုနစ်နှစ်အရွယ်ကတည်းက ကွဲကွာသွားသောသမီးကို ဒေါ်အေးကြွယ်တွေ့လိုက်ရသည်က အသက်(၂၉)နှစ်အရွယ် သမီးငယ် နှင်းကေခိုင် ပြုံးကျနေသော အုတ်ပုံကြား သေဆုံးနေသည့် ဓာတ်ပုံသာဖြစ်သည်။

မိခင်ဖြစ်သူဒေါ်အေးကြွယ်နှင့်အတူနေထိုင်လိုသူနှင်းကေခိုင်သည် ထိုင်းနိုင်ငံရှိ အီတာလျံ ထိုင်းဆောက်လုပ်ရေးလုပ်ငန်းခွင် အဆောက်အအုံပြိုကျမှုကြောင့် သေဆုံးသူ ၁၅ ဦးအနက် တစ်ဦးဖြစ်သည်။ ဖေဖော်ဝါရီလ ၂၆ ရက်တွင် နှင်းကေခိုင်သေဆုံးရခြင်းဖြစ်သည်။



*နှင်းကေခိုင်၏ မိခင် ဒေါ်အေးကြွယ်*

ဓာတ်ပုံ – နစ်ကီ

“အုတ်ပုံကြားက သမီး အလောင်းဓာတ်ပုံကိုမြင်တော့ ကျွန်မသမီးမှန်း ချက်ချင်းသိတယ်”ဟု သမီးဖြစ်သူ၏ပတ်စပို့စာအုပ်ကို ကြည့်ကာ ဒေါ်အေးကြွယ်က ငိုရင်းပြောသည်။

နှင်းကေခိုင်ခုနစ်နှစ်အရွယ်တွင် မိခင်ဒေါ်အေးကြွယ်၏ သူငယ်ချင်းတစ်ယောက်က ရန်ကုန်မြို့ရှစ်မိုင်ရှိ ဒေါ်အေးကြွယ်၏ ညီမတစ်ဝမ်းကွဲထံပို့ပေးခဲ့သည်။ အဒေါ်ဝမ်းကွဲဖြစ်သူထံတွင် ကလေးအပ်ထားသည်ကို ဒေါ်အေးကြွယ်အား အသိမပေးခဲ့သဖြင့် ကလေးပျောက်ပါသည် ဟူ၍သာ နှင်းကေခိုင်မိခင်က သိထားခဲ့သည်။ နောက်ခုနစ်နှစ်အကြာ နှင်းကေခိုင် (၁၅)နှစ် အရွယ်ရောက်မှ သမီးဖြစ်သူသတင်းကို ကြားသဖြင့် ရှစ်မိုင်အဒေါ်အိမ်မှ သမီးကိုပြန်ခေါ်ပြီး သုံးနှစ်ခန့်အတူနေခဲ့သည်ဟု အသက် (၆၄) နှစ်အရွယ် ဒေါ်အေးကြွယ်ကပြောသည်။ သုံးနှစ်ခန့် အတူနေရင်း ဆင်းဆင်းရဲရဲ နေထိုင်ရခြင်းကို မမြင်ရက်သဖြင့် ရှစ်မိုင်အဒေါ်အိမ်သို့ ပြန်ပို့ခဲ့သည်။ အဒေါ်

**စာမျက်နှာ (၁၄) သို့**



7 DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

# ပုဂံဘုရားများတွင် လုံခြုံရေးကင်မရာများ တပ်ဆင်ပြီးနောက် ပိုမိုလုံခြုံလာဟုဆို

**ချစ်ဝိုင်း**

**ရန်ကုန်၊ မတ်-၁၆**

ပုဂံဘုရားများတွင် လုံခြုံရေးကင်မရာများ တပ်ဆင်ထားသည့်အတွက် ရှေးဟောင်းအမွေအနှစ်များနှင့် နိုင်ငံခြားခရီးသွား ဧည့်သည်များအတွက် လုံခြုံမှု ပိုမိုရရှိလာပြီး မှုခင်းဖြစ်ပွားမှုနှုန်းလည်း လျော့ကျလာကြောင်း တာဝန်ရှိသူများကပြောသည်။

ပုဂံမြို့ရှိနာမည်ကြီး ဘုရား ၁၄ ဆူတွင် လုံခြုံရေးကင်မရာ များ တပ်ဆင်ပြီးနောက်ပိုင်းတွင် လိုဏ်ဂူများအတွင်းရှိ နံရံပေါ်များတွင် စာသားများရေးခြင်း၊ ပန်းချီများ ရေးဆွဲခြင်းများ မရှိတော့ကြောင်း ဂေါပကအဖွဲ့များက ပြောသည်။

"လုံခြုံရေးကင်မရာ တပ်ပြီးတဲ့နောက်ပိုင်းမှာ နံရံပေါ်တွေမှာ စာရေးတာတို့၊ ပုံတွေဆွဲတာတို့ တွေမရှိတော့ဘူး။ ကင်မရာရှိနေတော့ လုပ်မယ့်သူတွေ ကင်မရာကို မြင်ပြီး မလုပ်ရဲကြတော့ဘူး။ အလှူခံပုံးထဲက အလှူငွေတွေလည်း မပျောက်တော့ဘူး"ဟု သဗ္ဗညုဘုရားဂေါပကအဖွဲ့ဝင် ဦးကျော်ဆွေကပြောသည်။

ပုဂံဒေသရှိနာမည်ကြီးဘုရားများအပြင် နောက်ထပ်တပ်ဆင်ရန် ကျန်ရှိနေသည့် ဘုရားများတွင်လည်း တပ်ဆင်သွားမည်ဖြစ်ကြောင်း အဆိုပါလုံခြုံရေးကင်မရာများကို အလှူငွေများဖြင့် တပ်ဆင်ထားခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"ပုဂံမှာက ဘုရားတွေအပြင် ဟိုတယ်တွေ၊ လမ်းဆုံတွေမှာလည်း ကင်မရာတွေတပ်ထားတဲ့အတွက် အရင်တုန်းကလို နိုင်ငံခြားသားတွေကို အနှောင့်အယှက်ပြုတာ၊ လုယက်တာတွေကို ခဏလေးနဲ့ ဖမ်းဆီးနိုင်တယ်။ နိုင်ငံခြားခရီးသွားတွေအနေနဲ့လည်း သူတို့အတွက် လုံခြုံမှုရှိစေလို့ ကြိုက်ကြတယ်"ဟု Tourism Police မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ရှေးဟောင်းအမွေအနှစ်ဆိုတာ ပြန်ပြီးတော့ လုပ်ယူလို့မရဘူးလေ။ နေရာတိုင်းကို အချိန်ပြည့် လူနဲ့ စောင့်ကြည့်လို့ မဖြစ်နိုင်သလို စိတ်ချယုံကြည်လို့မရပါဘူး။ ကင်မရာနဲ့ ကွန်ပျူတာမညာဘူး။ ဘုရားတွေမှာ လုံခြုံရေးကင်မရာ တပ်မယ်ဆိုရင် အရည်အသွေးကောင်းတဲ့ ပစ္စည်းတွေကို အသုံးပြုပေးသလို ဘုရားကို ပြန်ပြီးတော့ ငွေကြေးလှူဒါန်းမှုတွေ လုပ်ပေးပါမယ်"ဟုလီယိုလုံခြုံရေးကင်မရာ တပ်ဆင်ရေးကုမ္ပဏီမှ ဒါရိုက်တာကိုအောင်ခန့် မောင်မောင်က ပြောသည်။

၂၀၁၂ ခုနှစ်ခန့်မှ စတင်၍ ပုဂံရှိ ရှေးဟောင်းအမွေအနှစ်ဘုရားများ ဖျက်ဆီးမည်ဆိုသည့် ကောလာဟလများကြောင့် စတင်တပ်ဆင်ခဲ့ကြပြီး အကျိုးကျေးဇူးများရှိခဲ့ကြောင်း လုံခြုံရေး ကင်မရာတပ်ထားသော ဘုရားများမှ ဂေါပကလူကြီးများကဆိုသည်။




## ဆလတ်ရိုးသုပ်


ဆလတ်ရိုးတစ်ချောင်းကို အခွံမှာ အကြောတွေခွာပြီး အတွင်း အလယ်သားကို သခွားခြစ်ဖြင့်ခြစ်၊ ဆီချက်၊ နှမ်းလှော်၊ မြေပဲ ဆန်ထောင်း၊ ပုစွန်ခြောက်၊ အရသာမှုန့်၊ ငံပြာရည်တို့နှင့်ရောပြီး သုပ်ပါ။ ချဉ်ငန်စပ်စားလိုသူများအတွက် ငရုတ်သီးစိမ်းသံပရာရည် ညှစ်ပြီး သုံးဆောင်နိုင်ပါတယ်။ ဆလတ်ရိုးကို ခုလိုမသုပ်ဘဲ ပါးပါးလှီးပြီး အာလူးကြော်သလို ကြော်စားလို့လည်း ရပါတယ်။

ဆလတ်ရိုးက ကြံချောင်းအရွယ်အစားလောက်ရှိပြီး အစိမ်းရောင် ဖြစ်ပါတယ်။ ဆလတ်ရိုးကို သံဈေးမှာ လွယ်လွယ်ကူကူ ဝယ်ယူရရှိနိုင်ပါတယ်။









# သဲအိုးထဲက ရေအေးအေး

ညီညီဇော်

တစ်စတစ်စပူပြင်းလာသည့် ရာသီဥတုကြောင့် ရေအေးအေး တစ်ခွက်တော့ဖြင့် တကျိုက်ကျိုက် သောက်ချင်သည့်ဆန္ဒ မကြာခဏ ပေါ်ပေါက်နိုင်ပါသည်။ ခေတ်ကာလအလျောက် ရေခဲသေတ္တာတို့၊ ရေအေးစက် (ဝါတာကူလာ)တို့က လက်တစ်ကမ်းမှာအလွယ်တကူ ရောက်နေကြပြီမို့ ရေအေးအေး တစ်ခွက်သောက်ရဖို့ အခက်အခဲ တော့မရှိနိုင်ပါ။ ထိုကဲ့သို့ နည်းပညာဖြင့် ရေအေးအောင်ပြုလုပ်နိုင်သည့် တန်ဖိုးကြီးပစ္စည်းများနှင့် ယှဉ်ပြိုင်နိုင်သည့် မြန်မာ့ရိုးရာလက်မှု ပစ္စည်းလေးတစ်မျိုးရှိနေပါသည်။ ထိုပစ္စည်းလေးက ရေခဲသေတ္တာတို့၊ ရေအေးစက်တို့လို ရေအေးအေးတစ်ခွက်သောက် ရဖို့အရေး ငွေသိန်းချီသုံးရန် မလိုပါ။ အစိုးမရတတ်သည့် လျှပ်စစ်မီးကိုလည်း မျှော်နေစရာမလိုပါ။ မြန်မာ့ရိုးရာလက်ဖြစ် သဲအိုးလေးတစ်လုံး ဆောင်ထား ရန်သာလိုသည်။



*သဲအိုးလုပ်နေသည့် အမျိုးသမီးငယ်တစ်ဦးကို တွေ့ရစဉ်*

ဓာတ်ပုံ – ညီညီဇော်

ထိုသဲအိုးထဲမှရေအေးအေးလေးကိုသောက်ရဖို့ ဖြတ်သန်းရသည့်လုပ်ငန်းတွေကများလွန်းလှသည်။ ပထမဆုံးအဆင့်အနေဖြင့် ရွှံ့စေးမြေများကိုသံတူရွင်းများဖြင့် စတင်တူးယူရသည်ဟုမြေသဲအိုးများထွက်ရှိနေသည့် သမိုင်းဝင်မြင်းခြံခရိုင် ရန္တပိုရွာမှ အိုးလုပ်ငန်းလုပ်ကိုင်သူများက ဆိုပါသည်။ ရန္တပိုရွာသည် ဧရာဝတီမြစ်ဘေးတွင်ရှိ၍ မြစ်ရေကျချိန် မြစ်ကမ်းပါးဘေး အလွှာအထပ်ထပ်မြေသားများထဲမှ အလယ်ရွှံ့စေးမြေကိုတူးယူကြသည်။ တူးလာသည့် ရွှံ့စေးမြေခဲကြီးများကို အိမ်တွင် အခြောက်လှန်းရသည်။အခြောက်လှန်းပြီးလျှင် စဥ့်အိုးပြတ်ဖြင့် ရေစိမ်ရသည်။ ရေစိမ်ပြီးရွှံ့စေးမြေများကို သဲဖြင့်တစ်ခါ အချိုးအစားအလိုက် ပြန်နယ်ရသည်။ သဲနယ်တာကိုတော့ များသောအားဖြင့် အမျိုးသားတွေက ပြုလုပ်ရတာများသည်။ ချွေးဒီးဒီးကျသော အလုပ် ဖြစ်သောကြောင့်ဖြစ်၏။

ပီနံအိတ်ကိုဖြန့်ကာ သဲကို အောက်ကခင်း၊ အပေါ်ကရွှံ့စေးမြေတင်ကာခြေထောက်ဖြင့်နယ်ရခြင်းဖြစ်သည်။ ထိုသဲနယ်သည့် နေရာတွင်တော့ သတိထားရသည်။ သဲများလေအေးလေ ဆိုပေသိ သဲများသွားလွန်းလျှင်လည်း အိုးက ရေစိမ့်လွန်းအားကြီးသည်။ သဲနည်းသွားလျှင်လည်း မအေးတော့ပြန်။ သတ်မှတ်ထားသည့်အချိုးအစားကတော့ ရွှံ့စေးမြေ ရှစ်ပြည်ဝင်ခွဲဝင်တောင်း ခြောက်တောင်းဆို သဲကသုံးတောင်းဖြစ်သည်။

သဲနယ်ပြီးသား မြေတွေကိုတော့ အိုးပြင်တဲ့နေရာမှာ အိုးထွင်းရသည်။ အိုးထွင်းအပြီး ရလာတဲ့အိုးပုံကြမ်းကို နှစ်နာရီခန့် နေရောင်နှုန်းပြရသည်။ နေရောင်ပြပြီးအိုးကို အရိပ်ထဲတွင်ထားကာလေဖြင့် ခြောက်သွေ့စေရသည်။ အရိပ်ထဲတွင်ထားဖို့ အိုးအရေအတွက်များတာမို့ အိုးထားဖို့ နေရာမရှိတာကြောင့် အိမ်အပေါ်ထပ်တွင်ပါ သိမ်းရတော့သည်။ ဒါကြောင့် ရန္တပိုရွာကအိမ်တွေရဲ့ အပေါ်ထပ်မှာ အိမ်သားတွေနေဖို့ ဝေးစွ။ အိုးတွေကပြောင်ပြောင်ပင်အိမ်ဦးခန်းမှာနေရာယူထားကြသည်။ "အိမ်ရဲ့ကောင်းတဲ့နေရာ သူတို့ယူထားတာ။ လူတွေ ကတော့ ဖြစ်သလို အိမ်အောက်ထပ်ချောင်ကြိုချောင်ကြားထဲပဲ နေလိုက်တာပဲ"ဟု ရန္တပိုရွာမှ အိုးလုပ်ငန်းလုပ်ကိုင်သူအမျိုးသမီးတစ်ဦးက ရယ်မောရင်းပြောပြသည်။

အဲဒီလိုလေနဲ့ အနည်းငယ်ခြောက်သွားသည့် အိုးစိမ်းတွေကို တစ်နေ့မှာပုံဖော်ရပါသည်။ အဲဒီအဆင့်ကိုတော့ အိုးလောင်းသည်

**စာမျက်နှာ (၁၄) သို့**



Vol.13, No.3 • MARCH 19 , 2014

# ကိုယ်ဝန်ဆောင်များကို ရုတ်တရက်တိုက်ခိုက်တတ်သည့် ကိုယ်ဝန်ဆိပ်တက်ခြင်း

**ယမင်း**

"သားဦးတုန်းက တစ်ခါ ကလေးဆုံးရှုံးရပြီးပြီ"ဟု လှိုင်သာယာမြို့နယ် ပင်လုံဈေးအနီးတွင်နေထိုင်သူအသက်(၄၀)အရွယ်ကိုယ်ဝန်သည် ဒေါ်သန်းသန်းဝင်းက ဆိုသည်။

၎င်းသည် အသက် (၃၅)နှစ်အရွယ်၌ သားဦးယောက်ျားလေးကိုယ်ဝန်ဆောင်နေစဉ် သွေးတိုးကာကိုယ်ဝန်ဆိပ်တက်ရောဂါဖြစ်ပြီး ကလေးဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။

ယခုလည်း ဒုတိယမြောက် ကိုယ်ဝန်ကို လွယ်ထားရပြီး နောက်တစ်ကြိမ်ထပ်ဖြစ်မည်ကို စိတ်ပူနေရသည်။

ပထမကိုယ်ဝန်ဆောင်ထားရစဉ်က ကိုယ်ဝန်ရှစ်လကျော်အချိန်တွင် သွေးတိုးရောဂါအခံမရှိသော်လည်း အငန်များစားမိ၍ နေ့စဉ်ရက်ဆက်ဆိုသလို ခြေလက်များ ဖောရောင်လာပြီးသွားလာရသည်မှာ လေးလံ နှေးကွေးလာကြောင်းနှင့် သွေးတိုးသလိုဖြစ်လာ၍ ဆေးရုံတွင် စစ်ဆေးကြည့်ရာမှ ကိုယ်ဝန်ဆိပ်တက်နေခြင်းဖြစ်သည်ကို သိခဲ့ရသည်ဟုဆိုသည်။

"သွေးပေါင်တွေ အရမ်းတိုးနေတယ်။ ဆေးရုံတက်ပါပြောတယ်။ အဲဒါနဲ့ကလေးကိုဗိုက်ခွဲမွေးလိုက်တာ။ ကလေးက ပေါင်မပြည့်လို့ ဖန်ပေါင်းချောင်နဲ့ထားရတယ်။ ရက်တစ်ရာကျော်လောက်မှာပဲ ဆုံးသွားတယ်"ဟု ၎င်းကရှင်းပြသည်။

ကိုယ်ဝန်ဆောင်ကာလအတွင်း၌ ကိုယ်ဝန်ဆိပ်တက်ခြင်းဖြစ်ပေါ်စေနိုင်သော ရောဂါများထဲမှ တစ်မျိုးဖြစ်သည့် သွေးတိုးခြင်းကို သတိမပြုမိပါက နောက်ဆက်တွဲဆိုးကျိုးအဖြစ် ကလေးဆုံး ရှုံးရခြင်းကို ကိုယ်ဝန်သည်အများအပြားခံစားနေရဆဲဖြစ်သည်။

မြန်မာနိုင်ငံရှိ ကိုယ်ဝန်ဆောင်မိခင် ၁၀ရာခိုင်နှုန်းတွင် ကိုယ်ဝန်ဆိပ်တက်ရောဂါ တွေ့ရလေ့ရှိကာ ကိုယ်ဝန်ဆိပ်တက်ရောဂါကြောင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုမှာ နှစ်စဉ် ၁၁ဒသမ ၂၇ရာခိုင်နှုန်းရှိပြီး ယင်းရောဂါသည် ကိုယ်ဝန်ဆောင်မိခင်ဦးရေ တစ်ရာလျှင် ၁၀ဦးခန့်ဖြစ်ပွားနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၌ ၂၀၀၀ပြည့်နှစ်တွင် ကိုယ်ဝန်ဆောင်မိခင်ဦးရေ သုံးရာ၊ ၂၀၀၅ခုနှစ်တွင် ၂၃၀နှင့် ၂၀၁၀ပြည့်နှစ်တွင် နှစ်ရာသေဆုံးလျက်ရှိပြီး ငါးနှစ်အောက် ကလေးသေဆုံးနှုန်းမှာ ကလေးအ ရှင်မွေး တစ်ထောင်လျှင် ၆၆ဒသမ ၁ ဦး၊ ၂၀၀၉ခုနှစ်တွင် ၄၆ဒသမ၁ ဦး သေဆုံးကြောင်းသိရသည်။

ကိုယ်ဝန်ဆိပ်တက်လက္ခဏာများမှာ သွေးတိုးလာခြင်း၊ ဆီးထဲ၌ ပရိုတိန်းပါဝင်မှုမြင့်မားခြင်းနှင့် ခြေလက်များအလွန်အမင်းဖောရောင်လာခြင်းစသည့် အဓိကအကြောင်းအရာများအပြင် ဗိုက်အောင့်ခြင်း၊ ခေါင်းအရမ်းကိုက်ခြင်း၊ဆီးသိသာစွာနည်းသွားခြင်း၊ မူးဝေထိုင်းမှိုင်းခြင်း၊ အလွန်အမင်းပျို့ခြင်း၊ အန်ခြင်းစသည်တို့ဖြစ်သည်။

"ဖြစ်နိုင်တဲ့အကြောင်းအရာတွေ အများကြီးရှိပေမယ့် ယေဘုယျသဘောကတော့ သွေးအရမ်းတိုးပြီးခြေလက်တွေဖောရောင်လာတဲ့အချိန်မှာ ဆီးစစ်ကြည့်ရင် ဆီးထဲမှာ ပရိုတိန်းတွေပါဝင်မှုမြင့်နေတာမျိုးတွေရှိရင် ကိုယ်ဝန်ဆိပ်တက်ဖြစ်နေပြီမို့လို့ ဆေးရုံကိုတက်သင့်ပါတယ်"ဟု သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးတစ်ဦးကပြောသည်။

ကိုယ်ဝန်ဆောင်နေစဉ်ရုတ်တရက် သွေးတိုးလာခြင်းသည် ကိုယ်ဝန်ဆိပ်တက်နိုင်ခြင်း၏ အကြောင်းရင်းများထဲမှ တစ်ခုဖြစ် ၍ တစ်ခါတစ်ရံမျိုးရိုးလိုက်ခြင်း၊သားဦး ကိုယ်ဝန်ဖြစ်ခြင်းနှင့် အသက် (၃၅)နှစ်ကျော်မှ ကိုယ်ဝန်ဆောင်သူများအနေဖြင့် သာမန်လူများထက် သွေးတိုးခြင်းကို ပိုမိုခံစားရနိုင်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာက ကိုယ်ဝန်သည်တွေအစားရှောင်စရာမလိုဘူးလို့ ပြောကြတော့ အငန်တွေလည်းစားလာကြတယ်။ ဒီတော့ သွေးတိုးတဲ့သူတွေလည်း များလာတယ်။ အန္တရာယ်လည်းများပြီးသူ့ကြောင့်ဖြစ်တဲ့ ဆိုးကျိုးတွေလည်း များလာတယ်"ဟု ၎င်းဆရာဝန်ကြီးက ဆက်လက်ပြောသည်။

ကမာရွတ်မြို့နယ်တွင် နေထိုင်သူအသက် (၃၁)နှစ်အရွယ်အမျိုးသမီးတစ်ဦးကလည်းကိုယ်ဝန် ၇လဝန်းကျင်ရှိချိန်၌ သွေးတိုးရောဂါအခံမရှိဘဲ နေ့စဉ်ရက်ဆက် သွေးပေါင်ချိန်မြင့်တက်လာမှုကြောင့် ဆေးရုံတက်၍ ဗိုက်ခွဲမွေးလိုက်ရာ ကလေးမှာ မွေးပြီးလေးရက်မြောက်နေ့တွင်သေဆုံးသွားခဲ့သည်ဟုဆိုသည်။

"စဖြစ်တာက ခြေလက်တွေဖောရောင်လာတော့ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ပဲထင်တာ။ သွေးတိုးအခံမရှိပေမယ့် သွေးပေါင်ချိန်တိုင်းလိုက်တိုင်း တစ်ရက်တစ်ရက်ကို သွေးပေါင်ချိန်တွေ တိုးတိုးလာတယ်။ တံမြက်စည်းတောင်မကိုင်နိုင်ဘူး။ လက်က ကွေးလိုက်တာနဲ့နာတယ်။ နောက်တော့ မျက်လုံးတွေပြာလာလို့ ဆေးရုံတက်ရတယ်"ဟု ၎င်းကဆိုသည်။



*ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး* ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

သွေးပေါင်ချိန်မှာ ပထမတွင် ၁၃၀/၉၀ ထိုမှတစ်ဆင့် နောက်ရက်များတွင် ၁၇၀/၁၀၀မှ ၂၁၀/၁၂၀သို့မြင့်တက်လာခဲ့သည်ဟုဆိုသည်။

မြန်မာနိုင်ငံ၌ ကိုယ်ဝန်ဆောင်ချိန်တွင် ဖောမည်၊ ခြေလက်များ သုံးခါဖောရောင်ပါက မွေးခါနီးချိန်ရောက်ရှိပြီဆိုသည့် ရိုးရာထုံးတမ်းဓလေ့များကလည်း လွှမ်းမိုးမှုရှိနေဆဲဖြစ်ခြင်းကြောင့် ကိုယ်ဝန်ဆိပ်တက်သည်ကို သတိမမူဘဲဖြစ်တတ်သည်။

ထို့ကြောင့် ယင်းကိုယ်ဝန်ဆိပ်တက်ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် မိခင်တွင် အချင်းကွာ၍ သွေးဆင်းခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်း၊ လေဖြတ်ခြင်း၊ တက်ခြင်း၊ နှလုံးအမောဖောက်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ သွေးဆင်းခြင်းတို့ဖြစ်နိုင်သကဲ့သို့ ကလေးတွင်လည်း ကြီးထွားမှုနှေးခြင်း၊ ပေါင်မပြည့်မွေးခြင်း၊ သားလျှောခြင်းနှင့် အသေမွေးခြင်းစသည်တို့ ခံစားရသည်။

"မီးတွင်းထဲမှာ ကိုယ်ဝန်ဆိပ်တက်ရင် မိခင်က သွေးသွန်ပြီး မျက်စိကွယ်နိုင်တယ်။ ကလေးက အသက်ဆုံးရှုံးနိုင်တယ်။ ဒါကြောင့် ကိုယ်ဝန်ဆိပ်တက်တာအရမ်းပြင်းထန်လွန်းရင် သွေးပေါင်ချိန်တွေမြင့်တက်ပြီး လူနာက တက်လာတာတွေ သတိလစ်တာတွေဖြစ်နိုင်တာမို့ မိခင်ရောကလေးပါအသက်ဆုံးရှုံးနိုင်တဲ့အထိ အန္တရာယ်များလို့ ဆေးရုံတက်ဖို့လိုပြီး ဆရာဝန်တွေနဲ့ပြသမှ ဆရာဝန်တွေက သွေးတိုးကိုကျအောင်အရင်ကုမှာဖြစ်တယ်"ဟု ဒေါက်တာမြင့်ဦး(ဂျီပီ)ကဆိုသည်။

ကိုယ်ဝန်ဆိပ်တက်၍ သွေးတိုးခြင်း၏ သဘောသဘာဝအရ "ကိုယ်ဝန်ဆောင်ချိန်မှာ အချင်းကပ်ပြီး ရုတ်တရက်သွေးတိုးလာပေမယ့် ကလေးမွေးပြီးအချင်းကွာကျသွားရင် သွေးတိုးကအလိုလိုပြန်ကျသွားလေ့ရှိတယ်။ ဒါကြောင့် မမွေးခင်ကို သွေးပေါင်ချိန်တိုး၊ မတိုးကို အမြဲတိုင်းတာနေဖို့လိုတယ်"ဟု ၎င်းကဆက်လက်ရှင်းပြသည်။

အမျိုးသမီးအများစုသည် သွေးတိုးရောဂါအခံမရှိသော်လည်း ကိုယ်ဝန်ဆောင်ချိန်ကာလတွင် သွေးပေါင်တက်လာတတ်ကြောင်း၊ ယင်းသည်မိခင်နှင့်သန္ဓေသားနှစ်ဦးစာ သွေးလည်ပတ်စီးဆင်းမှုမြင့်မားလာခြင်းကြောင့်ဖြစ်ကာ ပုံမှန်သဘောသဘာဝသွေးတိုးပါကစိုးရိမ်စရာရှိသော်လည်း ကိုယ်ဝန်ဆိပ်တက်ချင်သူများတွင်မူ သွေးပေါင်ပိုတက်လေ့ရှိပြီး များသောအားဖြင့် ကိုယ်ဝန်သုံးလနောက်ပိုင်းမှ ခြောက်လမတိုင်မီ ဖြစ်ပေါ်တတ်၍ ပိုပြင်းထန်ကြောင်း သိရသည်။

**စာမျက်နှာ (၁၉)သို့**



7 DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

# မျိုးဆက်ပွားကျန်းမာရေးနှင့်ပတ်သက်၍ တယ်လီဖုန်းဖြင့် အခမဲ့ဖြေကြားပေးမည့် ဝန်ဆောင်မှုစတင်

**ရဲနောင်**

**ရန်ကုန်၊ မတ်-၁၄**

မျိုးဆက်ပွားကျန်းမာရေးနှင့် သားဆက်ခြားရေးဆိုင်ရာများကို တယ်လီဖုန်းမှတစ်ဆင့် အခမဲ့ဖြေကြားပေးမည့် လူထုဆက်သွယ်ရေး စင်တာတစ်ခုကို မတ်လ ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

မိသားစု ကျန်းမာရေးဆိုင်ရာ သားဆက်ခြား နည်းလမ်းများ၊ မိခင်နှင့်ကလေး ကျန်းမာရေးဆိုင်ရာ ပြဿနာများကို သတ်မှတ်ထားသော သီးသန့်တယ်လီဖုန်းလိုင်းမှတစ်ဆင့် ဆက်သွယ်မေးမြန်းမှုများကို ဖြေဆိုပေးသွားမည်ဟု အဆိုပါ လူထုဆက်သွယ်ရေး စင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆက်သွယ်မေးမြန်းရာတွင် အမျိုးသမီးများအနေဖြင့် ၀၉-၄၃၁၁၁၀၀၀ သို့ နံနက် ၉ နာရီမှ ညနေ ၉ နာရီအထိ တနင်္လာမှ သောကြာနေ့အထိ မေးမြန်းနိုင်ကြောင်း၊ ထိုသို့အခမဲ့ဖြေကြားပေးခြင်းအတွက် ဆက်သွယ်ရေးမှ သတ်မှတ်ထားသော ဖုန်းခေါ်ဆိုခ တစ်မိနစ် ငါးဆယ်ကျပ်သာ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

"မိခင်နဲ့ကလေးကျန်းမာရေး၊ သားဆက်ခြားခြင်းနဲ့ မျိုးဆက်ပွားကျန်းမာရေးနဲ့ဆိုင်တဲ့ ပြဿနာတွေ၊ HIV/AIDS အကြောင်းကအစပေါ့။ အကုန်မေးနိုင်အောင် စီစဉ်ပေးထားတာပါ။ အဓိကကတော့ ကျေးလက်ဒေသမှာနေတဲ့သူတွေ ဆရာဝန်၊ ဆရာမတွေနဲ့ အလှမ်းဝေးတဲ့နေရာတွေက သူတွေကို အခမဲ့ကျန်းမာရေးဝန်ဆောင်မှုပေးတာပါ" ဟု အဆိုပါ ကျန်းမာရေးစင်တာမှ တာဝန်ရှိသူက ပြောသည်။

မြန်မာနိုင်ငံတွင် မျိုးဆက်ပွားကျန်းမာရေး၊ သားဆက်ခြားခြင်းနှင့် မိခင်နှင့်ကလေး ကျန်းမာရေးဆိုင်ရာ ဗဟုသုတများမှာ သိရှိမှုနည်းပါးနေသေးပြီး ယခုကဲ့သို့ အခမဲ့ဝန်ဆောင်မှုပေးခြင်းမှာ အိမ်ထောင်ရှင်များသာမက ဆယ်ကျော်သက်လူငယ်လူရွယ်များအတွက်လည်း ကောင်းမွန်သော အစီအစဉ်တစ်ခုဖြစ်သည်ဟု အထွေထွေရောဂါကု ဆရာဝန်အချို့က မှတ်ချက်ပြုသည်။

အဆိုပါ ကျန်းမာရေးဆိုင်ရာ လူထုဆက်သွယ်ရေးစင်တာကို ကြယ်ပြာဟုအမည်ပေးထားပြီး မျိုးဆက်ပွားနှင့် သားဆက်ခြားဆိုင်ရာ ပညာရှင်များက တာဝန်ယူဖြေရှင်းပေးနေခြင်းဖြစ်သည်။

ထိုကဲ့သို့ ဝန်ဆောင်မှုမျိုးအား ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) ကလည်း ယခင်ကပင် ပြုလုပ်ပေးလျက်ရှိသော်လည်း သိရှိသူနည်းပါးနေသေးကြောင်း သိရသည်။




# အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် ဆေးလိပ်မသောက်ရ ဆိုင်းဘုတ်များ ထင်ရှားစွာ ပြုလုပ်ရန် ကျန်းမာရေးဝန်ကြီးဌာန ကြေညာချက်ထုတ်

**ရဲနောင်**

**ရန်ကုန်၊ မတ်-၁၅**

အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် ဆေးလိပ်သောက်ခြင်းနှင့် ပတ်သက်သည့် သတိပေးတားမြစ်ချက်အမှတ်အသားဆိုင်းဘုတ်များကို ထင်ရှားစွာ ပြုလုပ်ရမည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ကြေညာချက်ထုတ်ပြန်သည်။

လူအများမြင်သာသည့် နေရာများ၌ ဆေးလိပ်သောက်ခွင့်နှင့် စပ်လျဉ်း၍ "ဆေးလိပ်သောက်ခွင့်ရှိသော နေရာ"၊ "ဤနေရာမှ ကျော်လွန်၍ ဆေးလိပ်မသောက်ရ"၊ "ဆေးလိပ်သောက်ပါက ဥပဒေအရ အပြစ်ပေးခြင်းခံရမည်" စသည့် စာတမ်းအမှတ်အသားနှင့် ဆိုင်းဘုတ်ကို အလျား ၁၈ လက်မ၊ အနံ ၁၂ လက်မထက်မကြီးစေဘဲ အောက်ခံအဖြူရောင်ပေါ်တွင် အနက်ရောင်ဖြင့် ထင်ရှားစွာရေးသားကာ မီးညှိထားသည့် စီးကရက်ဆေးလိပ်ပုံပါရှိသော စက်ဝိုင်းနှင့် ကန့်လန့်ဖြတ်မျဉ်းကို အနီရောင်ခြယ်ရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာအဖြစ် သတ်မှတ်ရာတွင် အဆောက်အအုံပြင်ပ၊ အဆောက်အအုံဝင်ပေါက်၊ ပြတင်းပေါက်များနှင့် အနည်းဆုံး ၁၀ မီတာအကွာ၊ အမိုးအကာမရှိသောနေရာ၊ ဆေးလိပ်ငွေ့ပျံ့နှံ့မှုမရှိနိုင်သောနေရာများကို စီမံထားရှိရမည်ဖြစ်ပြီး ရထား၊ ရေယာဉ်တို့တွင် သီးသန့်အခန်းများရှိရမည်ဖြစ်သည်။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်ရေးဥပဒေအရ အရေးယူခံရမည်ဟု အမိန့်ထုတ်ပြန်ထားသည်။

တစ်ဆင့်ခံဆေးလိပ်ငွေ့ရှုရှိုက်နေရမှုများကို ထိန်းချုပ်တားဆီးနိုင်ရန် ယခုကဲ့သို့ အမိန့်စာထုတ်ပြန်ရခြင်းဖြစ်ပြီး ဥပဒေအရ ထိရောက်စွာ ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး တစ်ဦးက ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာကလည်း ဆေးလိပ်သောက်ခွင့်မရှိသည့် နေရာများကို ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါနေရာများတွင် ဆေးလိပ်သောက်ပါက ပြစ်ဒဏ်ချရန် ပြည်ထဲရေးကဲ့သို့သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်ရေးစီမံချက်မန်နေဂျာဒေါက်တာနန်းနိုင်နိုင်ရှိန်က ပြောကြားသည်။

"ဥပဒေတွေထုတ်တယ်။ အမိန့်တွေ ထုတ်ပြန်တယ်။ ဒါပေမဲ့ လူထုက လိုက်နာမှုအားနည်းတာရယ်၊ အရေးယူမှုမရှိသလောက်ဖြစ်နေတာတွေက ဆေးလိပ်သောက်သုံးမှုတွေကို မထိန်းချုပ်နိုင်ဖြစ်နေတာ။ ပြီးတော့ ဝန်ကြီးဌာနတစ်ခုတည်းနဲ့လည်း လုပ်ဆောင်လို့ရတာ မဟုတ်ဘူးလို့မြင်တယ်။ တခြားတာဝန်ရှိတဲ့ အဖွဲ့အစည်းတွေပါဝင်ဖို့ လိုသလို ဥပဒေတွေ အသက်ဝင်ဖို့ လိုအပ်နေပါတယ်"ဟု ဆေးလိပ်နှင့် ဆေးရွက်ကြီး ဆန့်ကျင်ရေးလှုပ်ရှားသူ ဒေါက်တာညိုယမုံကပြောသည်။

မြန်မာနိုင်ငံတွင် အမျိုးသားထက်ဝက်ကျော်နှင့် အမျိုးသမီး ၁၆ ရာခိုင်နှုန်းကျော်သည့် တစ်ဆင့်ခံဆေးလိပ်ငွေ့များ ရှုရှိုက်နေရကြောင်း၊ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှုနေရသည့် လူဦးရေ ၉၀ ရာခိုင်နှုန်းသည် အရှေ့တောင်အာရှနိုင်ငံအတွင်းမှဖြစ်ပြီး မြန်မာနိုင်ငံသည် အများဆုံးနိုင်ငံဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးထားသည်။

Vol.13, No.3 • MARCH 19 , 2014

# ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပလပ်ထားသော လယ်ယာမြေများ စိစစ်အရေးယူမည်

**မောင်တာ**

**မန္တလေး၊ မတ်-၁၅**

သီးနှံစိုက်ပျိုးသည့် လယ်ယာမြေများကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပလပ်ထားလျှင် စိစစ်ပြီး ၂၀၁၂ လယ်ယာမြေဥပဒေနှင့် အရေးယူခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်းမန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းက ပြောသည်။

လယ်ယာမြေများကို စိုက်ပျိုးရန် ရည်ရွယ်ချက် မရှိဘဲ အခြားနည်း အသုံးပြုရန် (သို့မဟုတ်) အမြတ်အစွန်းရရှိရန်အတွက် ဝယ်ယူထားပြီး သီးနှံစိုက်ပျိုးခြင်းမရှိဘဲ ပလပ်ထားလျှင် လယ်ယာမြေဥပဒေနှင့် အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက မန္တလေးတိုင်းဒေသကြီး လွှတ်တော်တွင် ပြောကြားသည်။

ထိုသို့ အရေးယူနိုင်ရန်အတွက် ၂၀၁၃-၁၄ စိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးခြင်း မရှိဘဲ ပလုပ်ထားသော မြေများကို မြို့နယ်အလိုက် စစ်ဆေးစာရင်းပြုစုထားပြီဖြစ်ပြီး ၂၀၁၄-၁၅ ရာသီတွင်မူ စောင့်ကြည့်စစ်ဆေးကာ လိုအပ်သလို အရေးယူမည်ဖြစ်ကြောင်း ဝန်ကြီးကဆိုသည်။ သို့သော မြေဩဇာ ပိုမိုကောင်းမွန်လာစေရန် သင်းထားသော မြေဖြစ်လျှင်မူ စောင့်ကြည့်ရန် ဥပဒေအရခွင့်ပြုထားသည်ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးလာမည့် အနာဂတ်အခွင့်အလမ်းများအပေါ် မျှော်မှန်းလျက်အချို့သော ကုမ္ပဏီများ၊ ပုဂ္ဂလိကများက လယ်ယာမြေများ ဝယ်ယူ စုဆောင်းလျက်ရှိပြီး ထိုသို့လယ်ယာမြေရောင်းဝယ်နေမှုများနှင့် ခွင့်ပြုချက်မရဘဲ လယ်ယာမြေများကို အခြားနည်း အသုံးပြုနေမှုများသည် ဥပဒေနှင့် ငြိစွန်းနေကာ ရောင်းသူ၊ ဝယ်သူ နှစ်ဦးလုံးတရားစွဲဆိုအရေးယူခံရနိုင်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က လွန်ခဲ့သည့် ဇန်နဝါရီအတွင်း၌ ကြေညာချက်ထုတ်ပြန်ကာ သတိပေးထားခြင်းသည်။

သို့သော်မန္တလေးတိုင်းဒေသကြီးအတွင်းရှိအလားအလာကောင်းသော အဝေးပြေးလမ်းမများနှင့် နီးသော၊ စီမံကိန်းရှိသော နေရာဒေသများမှ လယ်ယာမြေအများစုသည် တောင်သူလယ်သမားများလက်ထဲတွင် မရှိတော့ဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ သူဌေးများ ဝယ်ယူစုဆောင်းထားပြီးဖြစ်သည်ဟု ဒေသခံအိမ်ခြံမြေအကျိုးဆောင်များကပြောသည်။

လယ်ယာမြေ ဝယ်ယူစုဆောင်းသူများတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ အစိုးရအဖွဲ့နှင့် နီးစပ်သူများပါ ပါဝင်သည်ဟု အိမ်ခြံမြေအကျိုးဆောင်များကပြောသည်။ မန္တလေးမြို့အနီးဝန်းကျင်ရှိလယ်ယာမြေအများစုအရောင်းအဝယ်ဖြစ်ပြီး ဖြစ်သလို အမရပူရ၊ ပုသိမ်ကြီး၊ ကျောက်ဆည်၊ တံတားဦး၊ ငါန်းဇွန်၊ မြင်းခြံ၊ မိတ္ထီလာ၊ နွားထိုးကြီး၊ ပြင်ဦးလွင်နှင့် သပိတ်ကျင်းမြို့နယ်များအတွင်းရှိ လယ်ယာမြေများပါအရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိသည်။

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဥပဒေ၊ နည်းဥပဒေများနှင့် အညီချမှတ်သော အမိန့်ကို မလိုက်နာပါက ဆက်လက်၍ ပုဒ်မ ၂၀နှင့် အညီ သက်ဆိုင်ရာတရားရုံးတွင် ဦးတိုက်လျှောက်ထားတရားစွဲဆိုခံရမည်ဖြစ်ပြီး ပြစ်မှုထင်ရှားပါက အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ၂ နှစ်ထိ ဖြစ်စေ၊ ထို့အပြင် အနည်းဆုံး ငွေကျပ် သုံးသိန်းမှ ခြောက်သိန်းအထိ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ပြစ်ဒဏ်ချမှတ်နိုင်သည်ဟု လယ်ယာမြေဥပဒေတွင် ပြဋ္ဌာန်းထားသည်။

# ရဲရွာရေအားလျှပ်စစ်ထုတ်လုပ်ရေးတွင် ရေပမာဏလုံလောက်သဖြင့် ယခုနှစ် မန္တလေးတွင် မီးပြတ်တောက်မှု မရှိနိုင်ဟုဆို

**အေးမွန်ရာပြည့်**

**မန္တလေး၊ မတ်-၁၅**

ယခုနှစ် နွေရာသီအတွက် ရဲရွာရေအားလျှပ်စစ် ထုတ်လုပ်ရေးတွင် ရေပမာဏသိသာစွာလျော့ကျခြင်း မရှိသဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း မီးများ လုံးဝပြတ်တောက်မှုမရှိနိုင်ကြောင်း သတင်းရရှိသည်။


*မန္တလေးရှိ ညဈေးတန်းတစ်ခုကို တွေ့ရစဉ်*

၂၀၁၃ ခုနှစ် တက္ကသိုလ်စာမေးပွဲများ ဖြေဆိုစဉ် ကာလအတွင်းက ရဲရွာ ရေအားလျှပ်စစ်ထုတ်လုပ်ရေးတွင် ရေပမာဏ ပေခြောက်ဆယ်ခန့်ထိ လျော့နည်းသွားခဲ့သည့်အတွက် လျှပ်စစ်မီးများ အချိန်ပိုင်းဖြင့်သာ ခွဲတမ်းချပေးနိုင်ခဲ့သော်လည်း ယခုနှစ်တွင်မူ ရေပမာဏ ၁၂ ပေခန့်သာလျော့ကျနေသေးသည့်အတွက် လျှပ်စစ်မီး ထုတ်လုပ်ရန် ရေပမာဏ လုံလောက်မှုရှိနေကြောင်း တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်ကဆိုသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် ခရိုင်အတွင်း တည်ဆောက်နေသော ဓာတ်ငွေ့မှ လျှပ်စစ်ထုတ်လုပ်နေသည့် စီမံကိန်းမှာလည်း ယခုနှစ်မတ်လအကုန်တွင် ပြီးစီးမည် ဖြစ်သောကြောင့် ယင်းမှ ရရှိလာမည့် လျှပ်စစ် ဓာတ်အားများကြောင့် ယခုနှစ်တွင် မီးများ လုံးဝပြတ်တောက်မှုရှိမည်မဟုတ်ဟု ၎င်းက ထပ်မံပြောကြားသည်။

"ဒီနှစ်အခြေအနေအရ မီးလုံးဝမပြတ်နိုင်တော့ဘူး။ ဒီကြားထဲ မီးပြတ်မယ်ဆိုရင်တောင် မနှစ်ကတည်းက ရောက်ထားတဲ့ မီးစက်ကြီးတွေလည်း အဆင်သင့်ရှိနေတယ်။ ကျောက်ဆည်က ပြီးရင်လည်း နိုင်ငံတော်ဓာတ်အားထဲ သွားဦးမှာဆိုတော့ ဒီနှစ်က အခက်အခဲလုံးဝမရှိနိုင်တော့ဘူး" ဟု ဝန်ကြီးဦးကျော်မြင့်ကဆိုသည်။

၂၀၁၂ ခုနှစ် နွေရာသီကာလများက မန္တလေးမြို့ပေါ်တွင် လျှပ်စစ်မီး မကြာခဏပြတ်တောက်မှုများကြောင့် မြို့တွင်းလမ်း အချို့တွင် လူစုလူဝေးများဖြင့် လျှပ်စစ်မီးအပြည့်အဝရရှိရေး ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ကြသည်။ ၂၀၁၃ ခုနှစ်တွင် လျှပ်စစ်မီးများ ပြည့်ဝစွာ ပေးနိုင်မည်ဟု လျှပ်စစ်ဌာနတာဝန်ရှိသူများက ပြောကြားခဲ့သော်လည်း လျှပ်စစ်မီး အပြည့်အဝမရရှိခဲ့သည့်အတွက် ကာတွန်းဆရာများ ဦးဆောင်၍ လျှပ်စစ်မီးနှင့် ပတ်သက်သည့် ပါဖောမန့်တစ်ခုပြုလုပ်ပြီး ဆန္ဒဖော်ထုတ်ရန်လည်း စီစဉ်ခဲ့ဖူးသည်။



7 DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

# တည်ဆောက်ဆဲ မော်လမြိုင် ဆင်တံဆိပ် ဘိလပ်မြေစက်ရုံ ၂၀၁၆ တွင် လုပ်ငန်းလည်ပတ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၁၆**

မော်လမြိုင်မြို့နယ်တွင် တည်ဆောက်နေသော ဆင်တံဆိပ် ဘိလပ်မြေစက်ရုံသည် ၂၀၁၆ တွင် လုပ်ငန်းလည်ပတ်နိုင်ရန် ရည်မှန်းထားကြောင်းထိုင်းကုမ္ပဏီ SCG ၏ မြန်မာနိုင်ငံဆိုင်ရာ ဒါရိုက်တာက ပြောသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသော ဘိလပ်မြေစက်ရုံသည် တစ်နေ့လျှင် တန် ၅,၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပြည်တွင်းဈေးကွက်အတွက် ရည်ရွယ်တည်ဆောက်ထားခြင်း ဖြစ်ကြောင်း ၎င်းကဆိုသည်။

"ကျွန်တော်တို့ ဈေးကွက်အခိုင်အမာရှိနေတဲ့နေရာမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် စက်ရုံတည်ဖို့ ဆုံးဖြတ်တာပါ။ တချို့နေရာတွေမှာလည်း ဘိလပ်မြေ ထုတ်လုပ်နိုင်မှုမရှိသေးတာကိုလည်း ထည့်သွင်းစဉ်းစားခဲ့ပါတယ်" ဟု မစ္စတာ ချာနာပူးမီးက ပြောကြားသည်။



*ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် ဘိလပ်မြေဖျော်စပ်နေစဉ်*

ဓာတ်ပုံ– ကျော်ဇင်သန်း

မြန်မာနိုင်ငံရှိ ဘိလပ်မြေဈေးကွက်ကိုဦးဆောင်နေသည့် ဆင်တံဆိပ်ဘိလပ်မြေထုတ်လုပ်သော SCG ကုမ္ပဏီသည် လွန်ခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ သန်းလေးရာရင်းနှီးမြှုပ်နှံ၍ စက်ရုံတည်ဆောက်နေသည်။

SCG ကုမ္ပဏီသည် မြန်မာနိုင်ငံသို့ တစ်နှစ်လျှင် ဘိလပ်မြေတန်ချိန်နှစ်သန်း တင်ပို့ရောင်းချလျက်ရှိပြီး စက်ရုံပြီးစီးပါက ဘိလပ်မြေသယ်ယူပို့ဆောင်စရိတ်လျော့ကျပြီဖြစ်၍ဘိလပ်မြေ ဈေးနှုန်းကျဆင်းနိုင်ကြောင်း အဆိုပါပုဂ္ဂိုလ်ကပြောသည်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုကြောင့် အခြေခံ အဆောက်အအုံအားနည်းနေသော မြန်မာနိုင်ငံတွင် ဘိလပ်မြေလိုအပ်ချက်မြင့်မားလာနေပြီး ဘိလပ်မြေထုတ်လုပ်မှုအတွက် ပြည်ပနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေသည်။









# သန်းခေါင်စာရင်းအပေါ် စိုးရိမ်မှုက ဘာတွေလဲ

**ထွန်းခိုင်၊ နန်းအောင်**

အလျင်အမြန်ဖွံ့ဖြိုးလာနေသည့် တရုတ်နှင့် အိန္ဒိယတို့သည် ခေတ်သစ်အာရှတိုက်သမိုင်းကြောင်း ပြောသူများ၏ ဇာတ်လမ်းများထဲတွင် မပါမဖြစ် ဇာတ်လိုက်ကျော်များဖြစ်သည်။


ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နီးပါးရှိသည့် တရုတ်နှင့် အိန္ဒိယအကြားသပ်ထိုးထားသလို ညပ်နေသည့် နိုင်ငံတစ်ခုရှိသည်။

ယင်းနိုင်ငံက မြန်မာနိုင်ငံပင်ဖြစ်သည်။ တရုတ်နှင့် အိန္ဒိယအကြောင်း စိတ်ဝင်စားသူတိုင်းအတွက် မသိမဖြစ်လောက်နီးပါးအရေးပါသည့် နိုင်ငံတစ်ခုလည်းဖြစ်သည်။

သို့သော်လည်း ဆယ်စုနှစ်ပေါင်းများစွာ ကမ္ဘာ့အသိုင်းအဝိုင်းနှင့် ခပ်ကင်းကင်းနေခဲ့သည့် မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ပထဝီအနေအထားအရ မဟာဗျူဟာမြောက်အရေးပါသည့် နေရာတစ်ခုတွင်ရှိကြောင်းမှ လွဲ၍ တခြားအကြောင်းအရာများကို သိသူသိပ်နည်းပါးလှသည်။

ယုတ်စွအဆုံးထိုနိုင်ငံငယ်လေးတွင်လူဦးရေမည်မျှနေသည်ကိုပင် မည်သူမျှ တိတိကျကျမသိ။

သို့သော်မကြာမီထိုအဖြေကို ရရှိတော့မည်ဖြစ်သည်။ ဦးသိန်းစိန် သမ္မတအဖြစ် တက်လာပြီးနောက်ပိုင်းတွင် အစိုးရက တိုင်းပြည်အတွက် အရေးပါသည့် စီမံကိန်းအဖြစ် နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်အဖြစ်မတ်လ ၃၀ ရက်မှစတင်ပြီး သန်းခေါင်စာရင်းကောက်ခံတော့မည် ဖြစ်သည်။



ဓာတ်ပုံ– ဂျေမောင်မောင်(အမရပူရ)

ပြီးခဲ့သည့် နှစ်ပေါင်း ၃၀ လုံးအစိုးရရော၊ ပြည်သူပါအတွေ့အကြုံလုံးဝမရှိခဲ့သည့် သန်းခေါင်စာရင်းသည်အချို့သောသူများအတွက် စိုးရိမ်စရာကိစ္စတစ်ခုလည်း ဖြစ်လာခဲ့သည်။

**ပုဂ္ဂလိက လုံခြုံရေးအတွက် စိုးရိမ်မှု**

"သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါးအခြားမည်သည့်ကိစ္စအတွက်မျှ အသုံးပြုခြင်း(သို့မဟုတ်) စစ်ဆေးခြင်းမပြု"ဟု အစိုးရက အကြိမ်ကြိမ်ကတိကဝတ်များပေးနေသော်လည်းလူအများ၏စိုးရိမ်မှုကတော့ ရှိနေဆဲဖြစ်သည်။

အတိတ်ကာလများဆီက နိုင်ငံအကျပ်အတည်းများနှင့် အောက်ခြေအကျင့်ပျက်ဝန်ထမ်းများ၏ ဆိုးရွားသည့်လုပ်ရပ်များကြောင့် သန်းခေါင်စာရင်းအပေါ် လူအများ၏ ယုံကြည်မှုကို လျော့ကျစေခဲ့ကြောင်း တောင်သူ လယ်သမားများအရေးလှုပ်ရှားသူ ဦးထွန်းအောင်ကပြောသည်။

အစိုးရသစ်လက်ထက်ရပ်ကျေးအဆင့်အုပ်ချုပ်သူအချို့က လယ်ယာမြေ ဆုံးရှုံးသူများစာရင်းကောက်ခံသည်ဟု ဆန္ဒပြလယ်သမားများထံ လိမ်လည်တောင်းဆိုပြီး အဆိုပါစာရင်းများအတိုင်း တရားစွဲဆိုမှုများမကြာခဏဖြစ်ပွားခဲ့သောကြောင့် အစိုးရပိုင်းမှ ကောက်ယူသည့် စာရင်းဆိုပါက လူထုကြားထဲ ယုံကြည်မှု လျော့ကျခဲ့ကြောင်း ဦးထွန်းအောင်က ပြောသည်။

"လယ်သမားတွေကို တရားစွဲရင်လည်း နှစ်ပေါက်အောင်ကြာတယ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က စွဲတဲ့ အမှုက တရားသူကြီးသာ နှစ်ယောက်ပြောင်းသွားတယ် အခုထိ ခေါ်စစ်နေတုန်းပဲ"ဟု လယ်ယာမြေပြန်လည်ရရှိရေးလှုပ်ရှားမှုကြောင့် တရားရင်ဆိုင်နေရသည့် ရန်ကုန်မြို့ သန်လျင်မြို့နယ် သီလဝါမှ လယ်သမားဦးလှမြင့်ကပြောသည်။

ယခုကောက်ခံမည့်စာရင်းတွင်လည်း နေအိမ်ပိုင်ဆိုင်မှု၊ ရုပ်ဝတ္ထုပစ္စည်းများ ပိုင်ဆိုင်မှု၊ မိသားစုအခြေအနေစသည်တို့ကို ထည့်သွင်းမေးမြန်းမည်ဖြစ်ပြီး ထိုမေးခွန်းများဖြေဆိုပြီးပါက အခွန်စိစစ်ခြင်း၊ အခြားအကြောင်းအရာများဖြင့် အရေးယူခံရမည်ကို လူထုအတွင်း စိုးရိမ်မှုများလည်း မြင့်တက်လျက်ရှိသည်။

ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် မေးခွန်းများသည် လူအများစိုးရိမ်နေသလို အရေးယူရန် မေးမြန်းခြင်းမဟုတ်ဘဲ ဖွံ့ဖြိုးရေး စီမံကိန်းများလုပ်ဆောင်ရန် အချက်အလက်ကောက်ယူခြင်းသာ ဖြစ်ကြောင်း၊ စိုးရိမ်မှုများရှိနေသလို နောက်ဆက်တွဲအရေးယူမှုများ မပြုလုပ်နိုင်ရန် ဥပဒေအရအပြည့်အဝအကာအကွယ်ပေးထားပြီးဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြောသည်။

"ကျွန်တော်ပြောတာမယုံဘူး။ ဥပဒေအရ မယုံဘူးဆိုရင်တောင် တကယ့်လက်တွေ့အရ စဉ်းစားကြည့်လိုက်ဘယ်လိုမှ အခွန်ကောက်လို့မရဘူးဆိုတာ ရှင်းရှင်းလေးပါ။ အဲဒီအချက်နဲ့ အခွန်ကောက်လို့မရပါဘူး" ဟု ဦးခင်ရီက 7Day News နှင့် သီးသန့်တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသွားသည်။

**တိုင်းရင်းသားလူမျိုး၁၃၅မျိုးအရှုပ်အထွေးနှင့် တိုင်းရင်းသားများ၏ စိုးရိမ်မှု**

သန်းခေါင်စာရင်းတွင်လည်း အဆိုပါ ၁၃၅ မျိုးကို အခြေခံပြီး ကောက်ခံမည်ဟုအစိုးရကတရားဝင်ထုတ်ဖော်ပြောဆိုထားသည်။

သို့သော်လည်း သန်းခေါင်းစာရင်းကြောင့် ၎င်းတို့တိုင်းရင်းသားအမည်များ ပျောက်ကွယ်သွားမည်ကို စိုးရိမ်မှုများရှိနေသလို တရားဝင် စာရင်းတွင် စာလုံးပေါင်းလွဲမှားနေမှုများ အတည်ဖြစ်သွားမည်ကို စိုးရိမ်နေကြသည့် တိုင်းရင်းသားများလည်းရှိသည်။

တိုင်းပြည်၏ လူဦးရေအများဆုံးဖြစ်သည့် ဗမာမျိုးနွယ်စုများအတွင်းမှာပင် အမည်သတ်မှတ်ချက်နှင့် ပတ်သက်ပြီး ရှုပ်ထွေးမှုများရှိနေဆဲဖြစ်သည်။ဗမာမျိုးနွယ်စုအောက်တွင် ဗမာ၊ ထားဝယ်၊ မြိတ်၊ ဆော(ယော)၊ ရခိုင်း၊ ကဒူး(ဒုံကူး)၊ ဂဏန်း၊ ဆလုံ၊ ဖုန်း(ဖွန်)ဟု သတ်မှတ်ချက်ကိုးမျိုးအထိရှိနေခဲ့ပြီး ဗမာတိုင်းရင်းသားများ ကိုယ်တိုင်ယင်းတို့ထဲမှ မည်သည့်အမည်ကိုထည့်သွင်းရမည်ဆိုသည်ကို ရှုပ်ထွေးနေဆဲဖြစ်သည်။လူမျိုးအမည်တွင်ထားဝယ်၊ မြိတ်စသည့်အမည်များထည့်သွင်းရန်ကိုပင် သန်းခေါင်စာရင်းကောက်ယူရန် ရက်ပိုင်းမျှသာလို တော့သည့်အချိန်အထိ မြိတ်၊ ထားဝယ်စသည့် ဒေသခံများက မသိရှိကြသေးကြောင်း မြို့ခံများက ပြောသည်။

**စာမျက်နှာ(၈) သို့**

## ဝန်ထမ်းအလိုရှိသည်

အပတ်စဉ်ထုတ် ဂျာနယ်များနှင့် နေ့စဉ်ထုတ်သတင်းစာ ထုတ်ဝေလျက်ရှိသော Information Matrix ကုမ္ပဏီတွင် အောက်ဖော်ပြပါ ရာထူးအတွက် လစ်လပ်လျက်ရှိပါသည်။

❖ Receptionist မ (၃) ဦး

- အသက် ၁၈ နှစ်မှ ၂၂ နှစ်အတွင်း၊ အခြေခံပညာအထက်တန်းအောင်မြင်ရမည်။
- ရုပ်ရည်ချောမောပြေပြစ်ပြီး၊ အိမ်ထောင်မရှိသူ၊ အပျို ဖြစ်ရမည်။
- အရပ် ၅ ပေ၊ ၂ လက်မ အထက်ရှိသူဖြစ်ရမည်။
- အပြောအဆို သွက်လက်ပြီး လူမှုဆက်ဆံရေး အထူးကောင်းမွန်ရမည်။
- ဧည့်သည်များအား နွေးထွေးပျူငှာသော ဧည့်ဝတ်ဝန်ဆောင်မှုကို အပြည့်အဝပေးနိုင်ရမည်။

ဧပြီလ ပထမပတ်တွင် လူတွေ့အင်တာဗျူးပါမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူတို့နှင့် အတူ (၃၁.၃.၁၄) ရက်နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

ဒိုင်းမွန်းကွန်ဒို (E)၊ ပထမထပ်၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၁၂၈၈၇

Mobile Phone အသုံးပြု၍ ငွေကြေးသုံးစွဲနည်း

မြန်မာမိုဘိုင်းလ်ဘဏ်စနစ် ဝန်ဆောင်မှုများ

ညဏ်ကြွယ်

MYANMAR MOBILE BANKING
Service System

Mobile Phone ဖြင့် ငွေကြေးသုံးစွဲနည်းများ

* မိမိဘဏ် စာရင်းရှိငွေကို ဖုန်းထဲမှာ သိမ်းဆည်းသုံးစွဲနိုင်ခြင်း၊
* ငွေသားနှင့် ချက်လက်မှတ် သယ်ယူရန်မလိုခြင်း၊
* နိုင်ငံခြားမှ ပစ္စည်းကို အွန်လိုင်းမှ ဝယ်ပြီး ငွေလွှဲပေးနိုင်ခြင်း၊
* စမတ်ဖုန်းတွင် ပြည်တွင်းဘဏ်များ၏ ဆော့လ်ဝဲ ရယူအသုံးပြုနည်း၊ (အခွန်အခ) ဘီလ်များသို့ ငွေလွှဲပေးဆောင်နိုင်ခြင်း၊
* မိမိဝင်ငွေအသုံးစရိတ်များကို အချိန်မရွေး စစ်ဆေးနိုင်ခြင်း။
* Smart Card အသုံးပြုပြီး ငွေပေးချေသုံးစွဲနည်း
* MPU Card ဖြင့် ငွေလွှဲ၊ ငွေဖြည့်၊ ငွေထုတ်ခြင်းများ

ငွေလွှဲခြင်း
ငွေလက်ခံရယူခြင်း
MPU Card မှငွေလွှဲနည်း
ငွေထုတ်ခြင်း
ဘဏ်ဝန်ဆောင်မှုစနစ်များ
Smart Card ဖြင့်ငွေပေးချေခြင်း
ဖုန်းငွေဖြည့်ခြင်း
ပစ္စည်းဝယ်ယူခြင်း
Billပေးဆောင်ခြင်း

မျက်ပွင့်စာပေ – ဖုန်း–၀၉–၇၃၀၀ ၂၉၆၅၊ ၀၉ ၇၃၀၀ ၅၈၈၂

စာမျက်နှာ (၅) မှ

## ရင်နင့်စာ

ဝမ်းကွဲနေအိမ်တွင် စိတ်ချလက်ချထားခဲ့ပြီး သားအမိနှစ်ယောက်အဆက်အသွယ်ပြတ်နေခဲ့သည်။ ယခုကဲ့သို့ သမီးဆုံးသွားကြောင်း သတင်းရမှသာ ထိုင်းနိုင်ငံသို့ ရောက်ရှိနေကြောင်း သိရှိခဲ့ရသည်ဟုဆိုသည်။ နှင်းကေခိုင်၏ အဒေါ်ကထိုင်းနိုင်ငံသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။ နှင်းကေခိုင် (၂) နှစ်သမီးအရွယ်တွင် ၎င်းဖခင်သေဆုံးသွားပြီးနောက် ဒုတိယတန်းထိသာ ပညာသင်ပေးခဲ့ကြောင်း ဒေါ်အေးကြွယ်က ဆိုသည်။

“ကျွန်မသိရင် သူများနိုင်ငံကို မပို့ပါဘူး။ အတူတူကို ကောင်းကောင်းမနေရသေးဘူး။ သူသေသွားတယ်”ဟု ဒေါ်အေးကြွယ်က ပြောသည်။

ပြီးခဲ့သည့် နှစ်အတွင်းက ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရင်း ပျောက်ဆုံးနေသည့်မိခင်ကို ရှာဖွေရင်းအသတ်ခံရသည့်အမျိုးသမီးတစ်ယောက်အကြောင်း မီဒီယာများတွင်ရေးသားခဲ့ဖူးသည်။

၂၀၁၃ ဧပြီ ၁၃ ရက်တွင် ထိုင်းနိုင်ငံ၌ အသတ်ခံလိုက်ရသော မမြင့်မြင့်အေးသည် မိခင်ဖြစ်သူကို တွေ့ဖူးချင်၍ အမေပျောက်ရှာဖွေနေသူဖြစ်သည်။ ၎င်းမသေဆုံးမီ ၁၀ ရက်အလိုက သင်္ကြန်အလုပ်ပိတ်ရက်ဖြစ်၍ မိခင်အိမ်ထံပြန်ချင်ကြောင်း၊ ထို့ကြောင့် အမေကိုလိုက်ရှာနေကြောင်းစသည့် စာများကိုရေးသား၍ အမေပျောက်လိုက်ရှာရင်း ထိုင်းနိုင်ငံတွင် အသတ်ခံခဲ့ရသူ ဖြစ်သည်။

နှင်းကေခိုင်သည် ထိုင်းနိုင်ငံသို့ရောက်ရှိပြီး ကိုသက်မောင်မောင်ဆိုသူနှင့် အိမ်ထောင်ကျခဲ့သည်မှာ တစ်နှစ်ခွဲခန့်ပင်ကြာပြီဖြစ်ကြောင်း နှင်းကေခိုင်သေဆုံးမှုနှင့်ပတ်သက်၍ ကူညီစောင့်ရှောက်ပေးခဲ့ပြီး ထိုင်းနိုင်ငံရောက်မြန်မာလုပ်သားများအား ကူညီပေးနေသော မဦးကပြောသည်။ နှင်းကေခိုင်သည် ၎င်း၏မိခင် ဒေါ်အေးကြွယ်မင်္ဂလာဒုံမြို့နယ်တွင် နေထိုင်နေသည်ဟုသာ သိရှိပြီး နေရပ်လိပ်စာကို တိတိပပ မသိရှိပေ။

ဒေါ်အေးကြွယ်တွင် နောက်ထပ်သားတစ်ယောက်ရှိကာ အလွန်ဆိုးသွမ်းသောကြောင့် ပစ်ထားခဲ့သည်မှာ ဆယ်နှစ်ခန့်ရှိနေပြီး ယခုအခါ သူ၏သား ဘယ်ဆီရောက်နေသည်ကိုဒေါ်အေးကြွယ် မသိရှိပေ။ ခင်ပွန်းဖြစ်သူသေဆုံးပြီး သမီးဖြစ်သူနှင့်ထပ်မံကွဲကွာရသားဖြစ်သူနှင့်ပါကွဲကွာနေသော ဒေါ်အေးကြွယ်သည် မင်္ဂလာဒုံမြို့နယ် ရှမ်းကြီးဝရပ်ကွက်ရှိ ကျောင်းဆရာမတစ်ဦး၏အိမ်တွင် အိမ်ဖော်လုပ်ကိုင်နေသည်။

နွေရာသီကျောင်းပိတ်ရက်များတွင် အဆိုပါကျောင်းဆရာမ အိမ်၌မနေဘဲ ရပ်ကွက်အတွင်းရှိ အိမ်များတွင် အဝတ်လျှော်ခြင်း၊ ထမင်းဟင်းချက်ခြင်းဖြင့်သူ့တစ်ဝမ်းတစ်ခါးအတွက် ရှာဖွေစားသောက်ဖြေရှင်းနေခြင်းဖြစ်သည်။

“ကျောင်းပိတ်ရက်ဆိုတော့ အလုပ်လည်းသိပ်မရှိတော့ ဆရာမအိမ်မှာမနေတော့ဘူး။ သူများအိမ်တွေမှာ လိုက်ပြီးနေတယ်။ ကျောင်းတွေပြန်ဖွင့်မှ ဆရာမအိမ်ကိုပြန်သွားတယ်”ဟု ပြောသည်။ ဒေါ်အေးကြွယ် ယခုလို အသက်မွေးဝမ်းကျောင်း ပြုလုပ်နေသည်မှာ ၁၀ နှစ်ဝန်းကျင်ခန့် ရှိနေပြီဖြစ်သည်။

ဆောက်လုပ်ရေးကုမ္ပဏီက လျော်ကြေးငွေ ဘတ်တစ်သိန်းပေးမည်ဟုပြောဆို၍ နှင်းကေခိုင်၏နာရေးကို ကူညီစောင့်ရှောက်ပေးခဲ့သော မဦးသည် ထိုငွေမှာ နှင်းကေခိုင်၏မိခင်နှင့်သာထိုက်တန်သည်ဟုဆိုကာ ဒေါ်အေးကြွယ်ကို လူမှုကွန်ရက်မှတစ်ဆင့် ရှာဖွေခဲ့သည်။

ထိုသတင်းကို မင်္ဂလာဒုံမြို့နယ်၊ ရှမ်းကြီးဝရပ်ကွက်မှ ဒေါ်အေးကြွယ် အဝတ်လျှော်ပေးနေသည့် အိမ်တစ်အိမ်မှ ဒေါ်လဲ့လဲ့ဝင်းက ကြားသိပြီး ဒေါ်အေးကြွယ်အားပြောပြကာ မှတ်ပုံတင်စသည်တို့ကို ထိုင်းနိုင်ငံရှိ မဦးထံပေးပို့ရာမှ ငွေရရှိခြင်းဖြစ်သည်။

သမီးဖြစ်သူ သေဆုံးမှု အတွက် အီတာလျံ ထိုင်း ဆောက်လုပ်ရေးကုမ္ပဏီမှ လျော်ကြေး ထိုင်းဘတ်ငွေတစ်သိန်း (မြန်မာကျပ်ငွေပျမ်းမျှ ၃၂သိန်း ဝန်းကျင်) ဒေါ်အေးကြွယ်ရရှိခဲ့ပါပြီ။ ထိုဘတ်ငွေတစ်သိန်းထဲမှ နှစ်သောင်းကို သမက်ဖြစ်သူကို သက်မောင်မောင်က နုတ်ယူထားခဲ့သည်။ ထိုသို့နုတ်ယူထားကိုလည်း ကျေနပ်ပါသည်ဟုဒေါ်အေးကြွယ်က ဆိုသည်။ ထိုသို့ရရှိသည့်ငွေများကို မသုံးရက်၍ နေထိုင်သော ရပ်ကွက်အတွင်းနှင့် ရွှေတိဂုံစေတီ၊ အခြားနေရာများကို သမီးဖြစ်သူအတွက် အလှူအတန်းများ ပြုလုပ်ပေးနေပါသည်။

“သမီးအသက်နဲ့ရင်းပြီးရှာပေးတဲ့ပိုက်ဆံကို ထိုက်ထိုက်တန်တန်လှူပေးမယ်လို့ စိတ်ကူးထားတယ်။ အဲဒီငွေကို မသုံးရက်ပါဘူး”ဟု ဒေါ်အေးကြွယ်က ငိုသံဖြင့်ပြောသည်။

“သူ့နောင်ရေးအတွက်ဆိုပြီး ဘဏ်မှာ ၁၀ သိန်းအပ်ထားတယ်။ ရပ်ကွက်ထဲက လမ်းခင်းဖို့အတွက်ရယ်၊ နောက် သူက ရွှေတိဂုံစေတီမှာ သီလရက္ခိတအသင်းဝင်ဖြစ်လို့ ရွှေတိဂုံစေတီမှာ လှူချင်တယ် ပြောတယ်။ သူ့ကိုလည်း မြန်မာနိုင်ငံအနှံ့ ဘုရားဖူးပို့ပေးဖို့စီစဉ်နေပါတယ်”ဟု ဒေါ်အေးကြွယ်၏ ငွေများကို ထိန်းသိမ်းထားသော မလဲ့လဲ့ဝင်းကပြောသည်။

အသက် (၂၉)နှစ်အရွယ်ထိ ၁၀ နှစ်သာ အတူနေထိုင်လာခဲ့ရသောသမီးဖြစ်သူက အမေကို အိမ်နဲ့ထားချင်တယ်၊ အေးအေးချမ်းချမ်းနေချင်တယ်ဟု ရေးသားထားသောစာကိုဖတ်ရသည့်ညက ဒေါ်အေးကြွယ်အိပ်မပျော်ခဲ့ပါ။

“နောင်ဘဝဆက်တိုင်းမှာ ဒီလိုဘဝမျိုးတွေနဲ့မကြုံပါရစေနဲ့လို့ ဆုတောင်းပါတယ်။ ဒီလိုသမီးလေးနဲ့ ဘဝဆက်တိုင်းမှာ အတူတူနေရပါစေ။ သမီးလေးကောင်းရာမွန်ရာရောက်ပါစေလို့ အမြဲဆုတောင်းနေပါ့မယ်”ဟုဝမ်းနည်းစွာဖြင့် ဒေါ်အေးကြွယ်က ပြောသည်။

စာမျက်နှာ (၇) မှ

## သဲအိုးထဲက ရေအေးအေး

ဟုခေါ်ပါသည်။ အိုးလောင်းပြီး ပန်းဒီဇိုင်းဖော်တာကို အိုးမော်သည်ဟုခေါ်ပြန်သည်။ နောက်ဆုံး အချောသပ်တာကိုတော့ အိုးရှပ်သည်ဟုခေါ်ပြန်သတဲ့။

အိုးစိမ်းအဆင့်ပြီးပြီဆို အိမ်အတွင်းမှာပြန်သိမ်းထားရသည်။ မိမိတို့သတ်မှတ်ထားသော အိုးအရေအတွက်ပြည့်ပြီဆိုလျှင် အိုးဖုတ်ရန်အတွက် ပြင်ဆင်ကြပြီဖြစ်သည်။ များသောအားဖြင့်အိုးအလုံးရေနှစ်ထောင်မှလေးထောင်ကြားဖုတ်ကြတာများသည်။ အိုးစိမ်းအဆင့်လုပ်ငန်းတွေမှာတော့ မိမိအိမ်မှာရှိတဲ့မိသားစုနဲ့ လုပ်လို့ရပေမယ့်အိုးဖုတ်တဲ့ အဆင့်ကတော့ အိမ်ရှိလေးငါးယောက်ဖြင့် လုပ်၍မရတော့ပါ။

ရန္တပိုရွာ၏အိုးလုပ်ငန်းဓလေ့ကတော့ ရွာအတွင်းအိမ်တစ်အိမ်အိုးဖုတ်တော့မည်ဆိုလျှင် တစ်အိမ်တစ်ယောက်နှုန်းဖြင့် လာကူရသည်ဟုဆိုပါသည်။ နေ့ခင်းနေရောင်ဖြင့်သာ အိုးဖုတ်ရမည်မို့ နေပူပြင်းသည့်အချိန် မွန်းတည့်ဆယ့်နှစ်နာရီဝန်းကျင်ဆို အိုးဖုတ်မည့်အိမ်တွင် ရွာသူရွာသားတွေဆုံကြပြီ။ အတော်အားကုန်မည့်အလုပ်ပေမို့ များသောအားဖြင့်အမျိုးသားတွေလုပ်ရ၏။ အိုးဖုတ်မည့် အိမ်ဝင်းကွင်းပြင် နေပူပူတွင် ဖုတ်ရမည်ဖြစ်သည်။ ဖုတ်မည့်အိမ်ကွင်းပြင်တွင် သစ်ရွက်ခြောက်များကိုအရင်ခင်းရသည်။ သစ်ရွက်ပေါ်မှာတော့ ထင်းတွေထပ်ခင်းရသည်။ ထင်းအပေါ်ကျ အိုးတွေကို ခရုပတ်ခွေပုံစံ အထပ်ထပ်စီရတာဖြစ်သည်။ စီပြီးအိုးတွေပေါ်မှာ ကောက်ရိုးထပ်ခင်း၊ ကောက်ရိုးပေါ်မှာ ရေဆွတ်ထားသောပြာအစိုထပ်တင်၍ဖုတ်ရတာဖြစ်သည်။ အဲသည်လိုလာကူသည့် ရွာသားတွေကို အိုးလုပ်တဲ့အိမ်ရှင်က အခကြေးငွေပေးရန်မလိုပါ။ အိုးဖုတ်တဲ့နေရာနားအရိပ်ကောင်းကောင်းမှာ ဖျာတစ်ချပ်ခင်းပေးပြီး ရေနွေးအိုး တည်ပေးထားသည်။ အဆာပြေမုန့် လက်ဆောင်း၊ လက်ဖက်သုပ်၊ ကြံသကာ၊ မုန့်ဟင်းခါး၊ ထန်းလျက်စသည့်မုန့်တစ်မျိုးမျိုးကျွေးမွေးတတ်သည်။ ညနေစောင်းအိုးတွေစီပြီး ဖုတ်ထားသည့်အဆင့်ရောက်ပြီဆိုလျှင်တော့ လာကူတဲ့သူတွေအလုပ်ပြီးပြီမို့ အရက်ကြမ်းလေးများဖြင့် ဧည့်ခံရသည်။

အိုးဖုတ်တာက သုံးညအိပ်လေးရက်လောက်ကြာပြီး အဲဒီလိုရက်တွေဆို အိုးလုပ်သူတွေ ညကောင်းကောင်းမအိပ်ရတော့။ အိုးတွေမီးအရှိန်ကြောင့် မည်းမသွားစေရန် ဂရုစိုက်ရသည်။ တုတ်တစ်ချောင်းဖြင့် လေပေါက်လေးတွေ သွားဖောက်ပေးရသည်။ အိုးဖုတ်တဲ့အချိန် ရာသီဥတုကောင်းရင်တော့ အိုးဖုတ်တဲ့လုပ်ငန်းအထမြောက်အောင်မြင်ပေသိ၊ ရုတ်တရက်မိုးလေကျလာပြီဆိုရင်ဖြင့် အိုးဖုတ်သူတွေ ဒုက္ခရောက်ကြပြီ။ အိုးတွေမှာ တဖြည်းဖြည်းအရည်ပျော်ကာ မြေသို့ပြားပြားဝပ်သွားကြသည်ဟုဆိုသည်။

“တစ်ဖိုဆိုရင် ဆယ်သိန်းကျော်တယ်။ လုပ်အားခတွေ အပြင် ထင်းဖိုးတွေ၊ ကောက်ရိုးဖိုးတွေပါ ရှုံးကုန်တာ။ တစ်နှစ်ကဆို ရွာထဲက ငါးဖိုလောက်ကို ပျက်သွားတာ”ဟု ရန္တပိုရွာမှ အိုးလုပ်ငန်းလုပ်ကိုင်သူဦးသိန်းဦးကဆိုသည်။

နာဂစ်ဖြစ်တုန်းက မိမိတို့ဒေသထွက်အိုးတွေ သုံးစွဲလေ့ရှိသည့် မြစ်ဝကျွန်းပေါ်ဒေသတွင် အပျက်အစီးများခဲ့တာမို့ အိုးတွေရောင်းအားကျခဲ့သည်ဟု ရန္တပိုရွာ အိုးလုပ်ငန်းလုပ်သူများက ပြောသည်။ အဲဒီဒေသကလူတွေက အသက်နဲ့ကိုယ်ပင် အိုးစားကွဲခဲ့ကြချိန်၊ ရေအိုးလေးတစ်လုံးတည်ဖို့တောင် မဖြစ်နိုင်ကြတော့တာမို့ ရန္တပိုရွာထိပင် နာဂစ်ဒဏ်ရိုက်ခတ်တာခံခဲ့ရသည်။

“အဲဒီတုန်းက ရေအိုးတွေ အိမ်ဝင်းထဲအပြည့်မှောက်ထားရတာ။ ရေညှိတွေတောင် တက်တယ်”ဟု မခင်မာချိုကပြောပြသည်။

ယခုလို ပူပြင်းစပြုလာသည့် နွေဦးပေါက်ကာလအချိန်အခါမျိုးဆို မြန်မာလူမျိုးဓလေ့ ရေအိုးအသစ်လဲကြပြီ။ မိုးတွင်းနဲ့ တဆောင်းလုံး ဘာသိဘာသာ ထားခဲ့ကြသည့် မိမိတို့အိမ်အတွင်းက သဲရေအိုးတွေရဲ့အခြေအနေ ဆန်းစစ်ကြပြီ။ မှုန်တေတေဖြစ်လာတာမျိုး၊ သဲကုန်ပြီး မအေးတော့တာမျိုးဆို ရေအိုးအသစ်ဝယ်ဖို့စဉ်းစားကြပြီ။ မြန်မာလူမျိုးတော်တော်များများ သဲအိုးကိုမက်ကြသည်မှာလည်း ဆန်းတော့မဆန်း။ ညဘက်တစ်ရေးနိုးသည့်အချိန်၊ နံနက်ခင်းအိပ်ရာထသည့်အချိန်၊ နေ့ခင်းနေ့လယ်ဘက်အပြင်ကပြန်လာသည့်အချိန်ဆို သဲအိုးလေးထဲက ရေအေးအေးသောက်ရသည်မှာ အရသာရှိလိုက်သည့်ဖြစ်ခြင်း။ မြန်မာလူမျိုးတော်တော်များများကတော့ အအေးဆုံးလဖြစ်တဲ့ ပြာသိုလမှာ လုပ်တဲ့ ပြာသိုအိုးကို အမက်မောဆုံးဟု အိုးလုပ်ငန်း လုပ်ကိုင်သူများကဆိုပါသည်။

အချို့သဲအိုးမက်မောသူများဆို သဲအိုးနှစ်လုံးတစ်ခါတည်းဝယ်သွားသည်။ လေးငါးရက်လောက်စမ်းသောက်ပြီး မအေးဘူးဆို အပိုဝယ်လာသည့် အိုးချက်ချင်းလဲပစ်သတဲ့။ အချို့တွေကျ ရေအိုးဆိုင်တွေမှာဝယ်ရတာအားမရဘဲ ဖိုအထိလာမှာတတ်သူတွေလည်းရှိသည်ဟု အိုးလုပ်ငန်းလုပ်ကိုင်သူများကဆိုပါသည်။ အိုးတစ်လုံးကို သဲများများဖြင့် လုပ်ခိုင်းသည်။ နောက်တစ်လုံးကို ပုံမှန်သဲအိုး တစ်လုံးဝယ်သည်။ သဲများတဲ့ အလုံးထဲရေထည့်၊ အောက်ကစဉ့်အိုးခံ၊ စဉ့်အိုးထဲကျလာတဲ့ရေကိုမှ နောက်ထပ်သဲအိုးတစ်လုံးထဲထပ်ထည့်ကာသောက်တတ်ကြသူတွေလည်းရှိသည်ဟု အိုးလုပ်ငန်းလုပ်ကိုင်သူများကပြောပါသည်။

မိမိတို့လုပ်တဲ့ အိုးတွေကို မက်မက်မောမောသုံးစွဲကြသည်မို့ အကွဲအနာများ မပါသွားစေရန် ဂရုစိုက်ရသည်ဟု ရန္တပိုရွာ အိုးလုပ်ငန်းလုပ်ကိုင်သူများက ဆိုပါသည်။

“ဒီမှာသာသုံးလေးရာတန်တာ။ သူတို့ဆီရောက်သွားရင် တစ်ထောင်လောက်ဖြစ်ကုန်တာဆိုတော့ အကွဲတွေ ဘာတွေပါသွားမှာစိုးတယ်။ ဒီမှာက တစ်လုံးလောက်ပစ်လိုက်လည်း ဘာမှမဖြစ်ဘူး”ဟု မခင်မာချိုကဆိုပါသည်။ ရေအိုးလေးကို လှအောင်ပအောင်၊ အေးမြအောင်စိတ်ထဲထားပြီးလုပ်နေရသည့်အတွက် ကုသိုလ်ရသည်ထင်ကြောင်း ရန္တပိုရွာသူများကပြောသည်။

“ပင်ပန်းပေမယ့် ကိုယ့်အလုပ်က အကုသိုလ်အတော် ကင်းတဲ့အလုပ်လို့တွေးပြီး ကြည်နူးရတယ်”ဟု ရန္တပိုရွာသူတစ်ဦးက ပြောပြသည်။

မြန်မာလူမျိုးများရေအိုးအေးအေးလေးကိုမိမိတို့တစ်အိမ်တည်းသောက်ရရုံတင်အားမရတတ်။ လမ်းပေါ်က လမ်းသွားလမ်းလာတွေပါသောက်ရအောင် ရေချမ်းစင်ထားတတ်သည့် ဓလေ့ကလည်းရှိပါသေးသည်။ မိမိတို့အိမ်ရှေ့ အရိပ်ကောင်းကောင်းသစ်ပင်တစ်ပင်ရှိပြီဆို ရေအိုးစင်လေး တည်ထားတတ်ကြသည်။ လမ်းသွားလမ်းလာတွေ အားရပါးရသောက်သွားတာမြင်ရင်ပီတိတွေ ဖြာတတ်ကြသည်။ ရေကုန်လောက်ပြီဆို အပြေးအလွှားသွားဖြည့်တတ်ကြသည်။ ယခုတော့ ထိုဓလေ့က မြို့ပေါ်မှာနည်း သွားလေပြီ။ သို့ပေသိ ကျေးလက်တောရွာမှာတော့ အတန်အသင့်ရှိ နေတုန်း။ ခေတ်ကာလပြောင်းလာတော့ အရင်လိုအုန်းမှုတ်ခွက်ကို အရိုးတပ်တာတွေ သိပ်မတွေ့ရတော့။ ပလတ်စတစ်ခွက်လေးတွေဖြစ်ကုန်သည်။ ရေအိုးစင်တွေကို ရွာအဝင်တို့၊ တစ်ရွာနဲ့ တစ်ရွာအကူး ခရီးတစ်ဝက်လောက်ကအရိပ်ကောင်းကောင်းအပင်အောက်မှာတို့တွင် တည်ထားတတ်ကြသည်။

အဲဒီ ရေအိုးစင်တွေ တည်ထားသည့်ရေအိုးစင်အလှူရှင်က ရွာကနေ ဆိုင်ကယ်တစ်စီးဖြင့် ပလတ်စတစ်ပုံးများဖြင့်ထည့်လာသည့်ရေများကို လာလာဖြည့်သွားတတ်ကြသည်။ သောက်ရေခွက်လေးတွေကို ဆေးကြောပေးသွားတတ်ကြသည်။ ထိုရေအိုးစင်လေးတွေက တောသွားတောပြန်တွေ၊ မြို့နှင့်တောကုန်ကူးနေသူတွေ၏ အိုအေစစ်လေးတွေလို့ ပြောရင်လည်း မမှားနိုင်။ “ရေအိုးစင်တည်ဖို့ လာဝယ်တယ်ဆိုရောင်းမနေဘူး။ ပေးပစ်လိုက်ကြတာပဲ”ဟု အိုးလုပ်ငန်းလုပ်သူ ဦးသိန်းဦးကပြောသည်။

ဒီနှစ် နွေဦးပေါက်မှာတော့ဖြင့် အိုးတွေ ဈေးကောင်းကာအတော်လေး လုပ်နေရသည်ဟု ရန္တပိုရွာသူများကဆိုသည်။ အရင်နှစ်တွေက အိုးတစ်လုံးနှစ်ရာ့ငါးဆယ်၊ သုံးရာလောက်သာပေးရပေမယ့် ဒီနှစ်ကတော့ လေးရာလောက်ရနေသည်ဟုဆိုသည်။

“ခတ်လိုက်ရတာ (အိုးကိုရိုက်ရတာ)လက်မောင်းကိုအောင့်လို့”ဟု ရန္တပိုရွာသူအိုးလုပ်ငန်းလုပ်သူ မခင်မာချိုကပြောသည်။ နည်းပညာတွေ မြင့်မားလာတာကြောင့် ရေအေးအေးတစ်ခွက်သောက်ရဖို့ ဘယ်လောက်ပင်လွယ်ကူနေပါစေ။ ခက်ခက်ခဲခဲနှင့်ရလာသည့် သဲအိုးထဲကရေအေးအေးလေးတွေကိုတော့ဖြင့် မက်မက်မောမော သောက်နေကြသူများကတော့ ရှိနေတုန်းပင်ဖြစ်ပါသည်။

Education

7 DAY NEWS JOURNAL

Vol.13, No.3 • MARCH 19 , 2014

# ဉာဏ်ရည်ခြားနား ကလေးငယ်များအတွက် ထည့်သွင်းစဉ်းစားရမည့် ပညာရေးစနစ်

▪နေလင်းထွန်း

“ကျွန်မ တကယ်ပဲ သားကို ကျောင်းပို့ချင်ပါတယ်။ ဒါပေမဲ့ ကျောင်းရောက်ရင် သားက တခြားကလေးတွေလို စာသင်နိုင်ပါ့မလား။ မူလတန်းကျောင်းက ဆရာမတွေက မသန်စွမ်းကလေးတွေကို ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာ မသိတဲ့ အတွက် သူတို့အခက်တွေ့မှာလည်း စိုးရိမ်တယ်။ နောက်သူတို့က ကျွန်မသားကို ကျောင်းအပ်လက်ခံဖို့ငြင်းဆိုထားပါတယ်”ဟုတောင်ဒဂုံမြို့နယ်မှ မိခင်တစ်ဦးက ဆိုသည်။

မသန်စွမ်းကလေးငယ်များ ပညာသင်ကြားခွင့်ရရှိရန် အရေးတကြီးလိုအပ်သော်လည်း စိန်ခေါ်မှုကြီးမားနေခြင်းအပေါ် သုတေသနစစ်တမ်းတစ်ခုတွင် မသန်စွမ်းကလေးမိခင်တစ်ဦးက ရင်ဖွင့်ပြောဆိုထားခြင်းဖြစ်သည်။

ဥရောပသမဂ္ဂ၏ ကူညီထောက်ပံ့မှုဖြင့် ပြည်တွင်းအဖွဲ့အစည်းဖြစ်သော ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့ (LRC)က ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၁၉ ခုတွင် ဉာဏ်ရည်ခြားနားမှုရှိသော ကလေးငယ်များ၏ ပညာရေးဆိုင်ရာ အသေးစားစစ်တမ်းတစ်ခုကို ဆောင်ရွက်ခဲ့သည်။

၎င်းစစ်တမ်းသည် ဉာဏ်ရည်ခြားနားမှုရှိသော ကလေးငယ် ၁၃၉ ဦးကို လေ့လာခဲ့ခြင်းဖြစ်ပြီး ကလေးမိဘများနှင့် တွေ့ဆုံမေးမြန်းခဲ့ကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် အခြေအနေများကို သုတေသနပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဉာဏ်ရည်ခြားနားမှုရှိသော ကလေးငယ်များတွင် ကျောင်းမနေသူ ၅၁ ဒသမ ၁ ရာခိုင်နှုန်းရှိနေပြီး ကိုယ်ခန္ဓာမသန်စွမ်းသော ကလေးငယ်များထက် ကျောင်းနေနှုန်းလျော့ကျနေကြောင်း လေ့လာတွေ့ရှိခဲ့ကြသည်။

ကျောင်းတက်ရောက်နေသော ကလေးငယ်များသည် ပုဂ္ဂလိကကျောင်းများတွင် တက်ရောက်နေကြခြင်းဖြစ်ပြီး အများစုသည် ဒေါင်းဆန်ဒရုန် (Down Su–ndrome) အပျော့စားဝေဒနာ ခံစားနေရသူများဖြစ်ကြောင်း သိရသည်။

မိဘအများစုသည် ဉာဏ်ရည်ခြားနားမှုရှိသော ကလေးငယ်များကို ကျောင်းပညာသင်ယူစေလိုသော်လည်း ငွေကြေးအခက်အခဲရှိခြင်းနှင့် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများနှင့် လက်လှမ်းမမီခြင်းတို့ကြောင့် အခက်အခဲကြုံနေရသည်။

“ကျွန်မတို့ မိသားစုဝင်ငွေက ကလေးအဖေအပေါ်မှာ မှီခိုနေရပါတယ်။ ဝင်ငွေရဖို့ ကျွန်မအနေနဲ့ ဘာမှထောက်ပံ့မှုမပေးနိုင်ဘူး။ ကျွန်မသမီးကို တစ်ယောက်တည်းထားခဲ့ပြီး အပြင်ထွက်ဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ ကျွန်မသူ့ကို စောင့်ရှောက်ရမယ်”ဟုတောင်ဒဂုံမြို့နယ်မှ မိခင်တစ်ဦးက ပြောသည်။

မသန်စွမ်းမှုနှင့် ဆင်းရဲမွဲတေမှုအကြား ချိတ်ဆက်မှုက ဉာဏ်ရည်ခြားနားသော ကလေးမိဘများတွင် ငွေကြေးကျပ်တည်းမှုကို ဖြစ်ပေါ်စေပြီး မိခင်များသည် ဝင်ငွေရရှိသော အလုပ်လုပ်ကိုင်နိုင်ခြင်းမရှိတော့ကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

အစိုးရစာသင်ကျောင်းများတွင်လည်း ယင်းကဲ့သို့ ကလေးငယ်များကို မည်သို့ကိုင်တွယ်ရမည်ကို နားလည်သော ကျွမ်းကျင်ဆရာအင်အားမရှိခြင်းကြောင့် ကျောင်းအပ်လက်မခံသော အခြေအနေနှင့် ရင်ဆိုင်နေကြရသည်။

“ကျွန်တော်တို့မှာ ခြားနားဉာဏ်ရည်ရှိကလေးငယ်တွေကို ကိုင်တွယ်နိုင်တဲ့ ကျောင်းဆရာဦးရေ အလုံအလောက်မရှိပါဘူး။ ကလေးတွေကို သင်ကြားပေးဖို့ သင်ထောက်ကူပစ္စည်းတွေလည်း လိုတယ်။ ခြားနားဉာဏ်ရည်ရှိကလေးတွေနဲ့ပတ်သက်ပြီး ဆရာတွေမှာလည်း အသိပညာဗဟုသုတတွေ အများကြီးလိုသေးတယ်” ဟု အင်းစိန်မြို့နယ်မှ ကျောင်းဆရာတစ်ဦး၏ ပြောဆိုမှုကို စစ်တမ်းတွင် ဖော်ပြထားသည်။

အစိုးရနှင့် ပညာရေးဝန်ကြီးဌာနက “လူတိုင်းအတွက် ပညာရေး” ဟု ပြောဆိုနေသော်လည်း စာသင်ကျောင်းများတွင် ဉာဏ်ရည်ခြားနားသော ကလေးငယ်များအတွက် ထည့်သွင်းစဉ်းစားထားခြင်း၊ ပြင်ဆင်ထားခြင်း မရှိကြောင်း သုံးသပ်ထားသည်။

စာသင်ကျောင်းများတွင် ကိုယ်ခန္ဓာမသန်စွမ်းသော ကလေးငယ်များကို တွေ့မြင်ရလေ့ရှိသော်လည်း ဉာဏ်ရည်ခြားနားသော ကလေးများကို မြင်တွေ့ရလေ့မရှိခြင်းက ကျောင်းတက်နှုန်းလျော့ကျနေမှုကို ထင်ရှားနေစေသည်။

လူ့အဖွဲ့အစည်းတွင် ဉာဏ်ရည်ခြားနားသော ကလေးငယ်များအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် လျစ်လျူရှုခြင်းများ တဖြည်းဖြည်းမြင့်တက်လာနေခြင်းကြောင့် ကလေးငယ်များကို လူမှုပတ်ဝန်းကျင်နှင့် ဝေးရာသို့ တွန်းပို့သလို ဖြစ်နေကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

“ခြားနားဉာဏ်ရည်ရှိတဲ့ ကလေးငယ်တွေကို ခွဲခြားဆက်ဆံတာက လူ့ပတ်ဝန်းကျင်မှာ အကျင့်တစ်ခုလိုဖြစ်နေပါပြီ” ဟု ကျောင်းဆရာတစ်ဦးက ဆိုသည်။

လူမှုရေးအရ ခွဲခြားဆက်ဆံခံရမှုသည် ဉာဏ်ရည်ခြားနားသော ကလေးငယ်များ၏ ဘဝနေထိုင်ရေးနှင့် အခွင့်အရေးများအပေါ် သက်ရောက်နေပြီး မသန်စွမ်းကလေးများနှင့် ၎င်းတို့မိသားစုသည် လူမှုဝန်းကျင်မှ ထွက်ခွာသွားနေကြသည်။

လူအများနှင့် ဆက်သွယ်ပြောဆိုမှု အားနည်းသော ဉာဏ်ရည်ခြားနားသော ကလေးငယ်များအတွက် အားကစားလှုပ်ရှားမှုသည် လူမှုရေးစွမ်းရည်များ တိုးတက်လာစေသလို လူမှုပတ်ဝန်းကျင်တွင် ပါဝင်လာနိုင်ရန် လက်တွဲခေါ်ပေးနိုင်သည့် နေရာဖြစ်ကြောင်း ထောက်ပြထားသည်။

ဒေသတွင်းအဖွဲ့အစည်းများ၊ မသန်စွမ်းသင်တန်းကျောင်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းနေခြင်းသည် ဉာဏ်ရည်ခြားနားသော ကလေးများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြီးမားသော စိန်ခေါ်မှုဖြစ်နေသည်။

စာမျက်နှာ (၁၉) သို့



*ဉာဏ်ရည်ခြားနားကလေးများအတွက် ပညာသင်ကြားခွင့်ရရေးသည်လည်း အရေးကြီးသည်* ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)



7 DAY NEWS JOURNAL
Vol.13, No.3 · MARCH 19 , 2014

# ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ မတ်လဆန်းတွင် ကျောင်းအပ်ပြန်လည်လက်ခံ

**ဇော်မျိုးလှိုင်**

**ရန်ကုန်၊ မတ်-၁၄**

၂၀၁၄–၁၅ပညာသင်နှစ်အတွက် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများသည် မတ်လဆန်းမှ စတင်၍ ပြန်လည်လက်ခံနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

“အစိုးရကျောင်းက ဆရာတွေကို နွေရာသီမှာ ကျောင်းပိတ်ထားလည်း လစာပေးတယ်။ကိုယ်ပိုင်ကျောင်းတွေမှာတော့ နွေရာသီမှာ ဆရာတွေကိုလစာပေးဖို့ကျတော့ ကျောင်းသားဆီက လစာရမှ ပြန်ပေးနိုင်တဲ့အနေအထားရှိတော့ နွေရာသီမှာပါ အ အားမထားတော့ဘူးပေါ့။ နွေရာသီအတွက် Summer Course သီးသန့်သင်ပေးတဲ့ ကျောင်းရှိသလို နွေရာသီကတည်းက တစ်ခါတည်းစာသင်ပေးတဲ့ကျောင်းတွေရှိတယ်။ အဲဒီတော့ ကလေးတွေအတွက် မကောင်းဘူးလို့ထင်တယ်။ ကလေးတွေအတွက် နားချိန်မရဘူးပေါ့။ စီးပွားရေးတွက်ချက်အရ ဒါကို ကျောင်းတွေက လုပ်ကြတာ”ဟု ကျူရှင်ဆရာဒေါက်တာဘိုင်အိုကပြောသည်။

သူငယ်တန်းမှ နဝမတန်းထိ ကျောင်းသားများမှာ ဖေဖော်ဝါရီလကုန်ပိုင်းတွင် အတန်းတင်စာမေးပွဲများဖြေဆိုပြီးစီးခဲ့၍ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်ကျောင်းသား/ကျောင်းသူများမှာ မတ်လ ၂၃ရက်တွင် ဖြေဆိုပြီးစီးမည်ဖြစ်သည်။

“ကလေးတွေက တစ်နှစ်ပတ်လုံး စာချည်းပဲဆက်တိုက်သင်ခဲ့ရတာ။ ခုသုံးလမှာတော့ အခြားသူတို့ ဝါသနာပါတာကိုတက်ဖို့ကိုပဲ စီစဉ်ပေးသင့်တယ်။ တစ်နှစ်ပတ်လုံးစာသင်နေရတာတော့ ကလေးတွေအတွက် မကောင်းဘူးလို့ထင်တယ်”ဟု ကျောင်းသားမိဘတစ်ဦးဖြစ်သည့် မဥမ္မာက ပြောသည်။

ကိုယ်ပိုင်ကျောင်းတက်ရောက်လိုလျှင်ကျောင်းအမျိုးအစားအလိုက်အလယ်တန်းကျောင်းအတွက် တစ်လလျှင် ငွေကျပ်နှစ်သောင်းခွဲမှ သုံးသောင်းခွဲဝန်းကျင်၊ နဝမတန်းအတွက် ငွေကျပ်နှစ်သောင်းခွဲမှ သုံးသောင်းခွဲဝန်းကျင်နှင့် တက္ကသိုလ်ဝင်တန်းကျောင်းလခမှာ ငွေကျပ်ငါးသောင်းမှ ငါးသောင်းခွဲဝန်းကျင်အထိ ကုန်ကျမည်ဖြစ်သည်။

“တက္ကသိုလ်ဝင်တန်းပြီးတာနဲ့ ပညာသင်နှစ်အတွက်ကျောင်းကို ပြန်ဖွင့်ဖို့ကို ပြင်ဆင်နေကြတယ်။ မတ်လအတွင်း ပြန်မဖွင့်တဲ့ ကိုယ်ပိုင်ကျောင်းတွေကတော့ မရှိသလောက်ဘဲ။ တချို့ဆို မတ် ၁၀၊ ၁၁ကတည်းက ပြန်ဖွင့်နေကြတာတောင်ရှိတယ်” ဟုမြောက်ဥက္ကလာပမြို့နယ်ရှိ ACA ပညာရိပ်ငြိမ်ကိုယ်ပိုင်ကျောင်း၏ ပညာရေးအကြံပေး ဦးဆန်းဝင်းကပြောသည်။

ပုဂ္ဂလိကအထက်တန်းကျောင်း(သို့)ကိုယ်ပိုင်အထက်တန်းကျောင်းများဥပဒေကို ပြည်ထောင်စုလွှတ်တော်တွင် ၂၀၁၁ ဒီဇင်ဘာ ၂ရက်တွင် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၂–၁၃ပညာသင်နှစ်တွင် မှတ်ပုံတင်များစတင်ချထားပေးခဲ့ပြီး စုစုပေါင်းကိုယ်ပိုင်ကျောင်း ၁၅၀ကျော်ခန့်ရှိသည်။

# မြန်မာ့ပညာရေးတွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံတကာ စိတ်ဝင်စားနေ

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၁၄**

မြန်မာနိုင်ငံ၏ပုဂ္ဂလိက ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်နှင့် ပညာရေးအဖွဲ့အစည်းများ စိတ်ဝင်စားစောင့်ကြည့်နေကြောင်း နိုင်ငံတကာပညာရေးဝန်ဆောင်မှုကျွမ်းကျင်သူ တစ်ဦးကပြောသည်။

စင်ကာပူနိုင်ငံတွင် လာမည့်မေလ၌ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဆိုင်ရာ ညီလာခံကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး မြန်မာ့အဆင့်မြင့်ပညာကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခြေအနေကို ခေါင်းစဉ်တစ်ခုဖြင့် ရှင်းလင်းတင်ပြရန် တောင်းဆိုထားကြောင်း သိရသည်။

“မြန်မာနိုင်ငံမှ ပုဂ္ဂလိကတက္ကသိုလ်၊ ကောလိပ်တွေကို ဥပဒေနဲ့အညီ ဘယ်လိုတည်ထောင်ရမလဲ။ ဘယ်လိုအချက်အလက်တွေ လိုအပ်လဲဆိုတာကို ရှင်းလင်းတင်ပြပေးဖို့ ပြောထားတယ်”ဟု ၎င်းညီလာခံတွင် မြန်မာ့ပညာရေးအကြောင်းတက်ရောက်ရှင်းလင်းပြောကြားမည့် နိုင်ငံတကာပညာရေးဝန်ဆောင်မှုကျွမ်းကျင်သူကပြောသည်။

လက်ရှိမြန်မာနိုင်ငံတွင် ပုဂ္ဂလိကပညာရေးကဏ္ဍနှင့် ပတ်သက်၍ ရှင်းလင်းတိကျသော မူဝါဒနှင့် ဥပဒေများချမှတ်ထားမှုမရှိခြင်းကြောင့် အမျိုးသားပညာရေးဥပဒေထွက်ရှိလာပါက နိုင်ငံတကာမှ ပညာရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများအတွက် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း၎င်းကပြောသည်။

ယခုနှစ်ပိုင်းတွင် ပြည်တွင်း၌ ပုဂ္ဂလိကတက္ကသိုလ်၊ ကောလိပ်များ သိသိသာသာများပြားလာခဲ့သော်လည်း ပညာရေးဝန်ကြီးဌာနက အသိအမှတ်မပြုကြောင်း ပြောဆိုထားပြီး အရည်အသွေးနှင့် ငွေကြေးဆိုင်ရာကွပ်ကဲမှုများလိုအပ်နေသလို အမျိုးသားပညာရေးမူဝါဒများနှင့် ကိုက်ညီမှုရှိ၊မရှိ အငြင်းပွားမှုများရှိနေသည်။






# အလုပ်သမားတရားရုံး လက်တွေ့အကောင်အထည်ဖော်ရေး မဖြစ်နိုင်သေးဟုဆို

**ရဲနိုင်**

**ရန်ကုန်၊ မတ်-၁၆**

အလုပ်သမားများတောင်းဆိုနေသော အလုပ်သမားတရားရုံးသည် အလုပ်ရှင်အလုပ်သမားအငြင်းပွားမှုဖြေရှင်းရေး ဥပဒေတွင် ထည့်သွင်းရေးဆွဲထားသော်လည်း လက်တွေ့တွင်အကောင်အထည်ဖော်နိုင်မည် မဟုတ်သေးကြောင်း အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

"ဥပဒေမှာကပါပြီးပြီ။ ဒါပေမဲ့ ဖွဲ့စည်းပုံတွေဖွဲ့ဖို့ ကျန်သေးတယ်။ ဘယ်တော့လဲဆိုတာက ပြောလို့မရသေးဘူး။ ဖော်ဆောင်မှာကတော့ သေချာပါတယ်" ဟု ယင်းဌာနမှ အရာရှိတစ်ဦးကပြောသည်။

အဆိုပါ အငြင်းပွားမှုဥပဒေတွင် အမြင့်ဆုံးဖြေရှင်းပေးသည့် နိုင်ငံတော်ခုံသမာဓိကောင်စီမှ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ဗဟိုတရားရုံးချုပ်သို့ အယူခံစာချွန်လွှာမတက်တော့ဘဲ အလုပ်သမားတရားရုံးတွင်သာ ဖြေရှင်းရမည်ဖြစ်သည်ဟု ဆိုသည်။

"ဗဟိုတရားရုံးကို အယူခံဝင်နေမယ့်အစား အလုပ်သမားတရားရုံးမှာ ဖြေရှင်းတာဖြစ်တယ်။ အရပ်ဘက် တရားရုံးထက်စာရင် လုပ်သားတွေရဲ့ အငြင်းပွားမှုကို အလုပ်သမားတရားရုံးမှာ ဖြေရှင်းတာကိုပြောတာ"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အလုပ်သမားတရားရုံးသည် အလုပ်သမားထုအတွက် လွန်စွာအရေးကြီးပြီး ပေါ်ပေါက်လာခဲ့ပါက အငြင်းပွားမှုများ လျော့ကျလာနိုင်ကြောင်း ယင်းတရားရုံး ပေါ်ပေါက်ရေးအတွက် ဆန္ဒပြတောင်းဆိုသူ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂဥက္ကဋ္ဌဦးအောင်လင်းက သုံးသပ်ပြောဆိုသည်။



*အထည်ချုပ်စက်ရုံလုပ်သားများကို တွေ့ရစဉ်* ဓာတ်ပုံ – နစ်ကီ

"တစ်နှစ်ကြာမလား၊ နှစ်နှစ်ကြာမလား၊ ပေါ်ပေါက်လာဖို့ အရေးကြီးတယ်။ အရင်တုန်းက ဝါဏိဇ္ဇခုံရုံးတွေရှိတယ်။ အသစ်ပြန်မလုပ်ပေးသေးဘူး။ အခုက အငြင်းပွားမှုဥပဒေ အသစ်နဲ့အစားထိုးထားတယ်" ဟု ၎င်းက ပြောသည်။

အလုပ်သမားတရားရုံးကို အကောင်အထည်ဖော်ပါက ဖွဲ့စည်းပုံရေးဆွဲခြင်းသည် အဓိကအရေးကြီးပြီး အလျင်အမြန်မဆောင်ရွက်သင့်ကြောင်း လုပ်သက်(၃၅)နှစ်ရှိအရွယ်ရှိအလုပ်သမားတစ်ဦးက အကြံပြုပြောကြားသည်။

"လုပ်သားတွေအတွက် လိုအပ်တာအမှန်ပဲ။ ဒါပေမဲ့ ဖွဲ့စည်းပုံမှ မညီမျှရင် ဘာမှထူးလာမှာမဟုတ်ဘူးလေ။ အလုပ်သမားတရားရုံးက အရင်ဝါဏိဇ္ဇခုံရုံးဖြေရှင်းရေးနဲ့ အတူတူပါပဲ" ဟု ၎င်းက ပြောသည်။

မတ်လ ၉ ရက်တွင် ရန်ကုန်မြို့တော်ခန်းမအနီးအလုပ်သမား ၂၀၀ ကျော် ဆန္ဒပြပွဲတွင် ဥပဒေမဲ့အလုပ်ထုတ်မှုရပ်တန့်ရေး၊ အလုပ်သမားတရားရုံးပေါ်ပေါက်ရေး၊ သမဂ္ဂဖြိုခွဲမှုရပ်တန့်ရေး၊ ဥပဒေဖောက်ဖျက်နေသော အလုပ်ရှင်များ ထိရောက်စွာ အရေးယူပေးရေးတို့ကို တောင်းဆိုခဲ့ကြောင်းသတင်းရရှိသည်။

**Free Classified**

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

လက်သည်း၊ ခြေသည်းပန်းချီ ကျွမ်းကျင်ဝန်ထမ်းတစ်ဦးအလိုရှိသည်။

ဖုန်း–၀၉–၅၀၆၀၂၈၀

---

**ဝန်ထမ်းအလိုရှိသည်**

ကွန်ပျူတာစာစီ/စာရိုက်ကျွမ်းကျင် ဝန်ထမ်းအလိုရှိသည်။ ကျား/မ (၁)ဦး။

**ချမ်းသာစာပေနှင့် ပုံနှိပ်လုပ်ငန်း**

ဖုန်း–၀၉–၇၃၁၁၁၂၇၀

---

Asia Plaza Hotel Yangon

| | |
|---|---|
| FO Supervisor | (2) Posts |
| HR Supervisor | (1) Posts |
| HR Assiatant | (2) Posts |
| Receptionist | (4) Posts |
| Operation Executive | (1) Posts |
| Electrical Exgineer (EP) | (2) Posts |

PH:01 391070,Ext:110

---

**ဝန်ထမ်းအလိုရှိသည်**

Agora Cafe & Restaurant အတွက် စားကိုင် (၃) ဦး၊ သန့်ရှင်းရေး (၂) ဦး

အမှတ် (၄)သစ္စာလမ်း၊ ရန်ကင်းမြို့နယ်။

ဖုန်း–၀၉ ၈၃၀၅၀၃၆

---

**ဝန်ထမ်းအလိုရှိသည်**

လက်ထောက်အရောင်းမြှင့်တင်ရေး

ကျား/မ (၄) ဦး

အမှတ် (၁၀၃၅)၊ သုံးလွှာ၊ ၆ ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (၂) ဦး (ရုံးကား)

လိုင်စင်သက်တမ်း ၃ နှစ်။

ဖုန်း–၀၁ ၅၅၃၇၀၀

---

**ဝန်ထမ်းအလိုရှိသည်**

ကွန်ပျူတာကျွမ်းကျင် ကျား/မ (၃) ဦး

ဘွဲ့ရ၊ M/S Office, E–amil, Internet ရုပ်ရည်ပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်ရမည်။ လစာ ညှိနှိုင်း။

ဖုန်း–၀၉ ၅၃၁၁၇၀၄

---

**ဝန်ထမ်းအလိုရှိသည်**

PHARMACY PROMOTION GIRL (15) Posts

၁၀ တန်းအောင်(သို့) ဘွဲ့ရ၊ ရုပ်ရည်ပြေပြစ်သန့်ပြန့်ရမည်။

ဖုန်း– ၀၁ ၂၉၈၉၄၄

---

**အလိုရှိသည်**

Language Training Centre တွင်တာဝန်ထမ်းဆောင်ရန် Part Time ဆရာ၊ ဆရာမ အလိုရှိသည်။ Eng–lish၊ 4 Skill Japanese Language ကျွမ်းကျင်စွာ သင်ကြားနိုင်သူ။

ဖုန်း–၀၉ ၂၅၀၂၇၃၆၄၃

---

**ဝန်ထမ်းအလိုရှိသည်**

တရုတ်၊ ယိုးဒယား၊ ရှမ်းအစားအစာကျွမ်းကျင် (စားဖိုမှူး)၊ ကိုင်တိုင်ဦးစီးလုပ်ပေးနိုင်သူ၊ လစာကောင်းမည်။

အမှတ် (၅၅)၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။

ဖုန်း–၀၁ ၅၃၅၃၅၀

---

**ဝန်ထမ်းအလိုရှိသည်**

ဆေးဝါးကျွမ်းကျင်ဝန်ထမ်း

ကျား/မ (၄) ဦး

| | |
|---|---|
| သူနာပြု (B.NSc) | ကျား/မ (၄) ဦး |
| သူနာပြုအကူ | ကျား/မ (၆) ဦး |

ဖုန်း– ၀၉ ၅၄၀၉၀၉၇

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| မန်နေဂျာ (ဝန်ထမ်းရေးရာ) | ကျား (၁) ဦး |
| မန်နေဂျာ (စီမံရေးရာ) | ကျား (၁) ဦး |
| ဒုမန်နေဂျာ (စီမံရေးရာ) | ကျား (၁) ဦး |
| IT Technician | ကျား (၁) ဦး |
| Asst:IT Technician | ကျား (၁) ဦး |
| Marketing Executive | ကျား/မ (၁) ဦး |

ဖုန်း–၉၅၁–၆၈၄၁၈၁

---

**ဝန်ထမ်းအလိုရှိသည်**

စင်တီမီတာစနစ်ဖြင့် ညှပ် Dress Cutting သမားအလိုရှိသည်။ နေ+စားရိတ်ငြိမ်း။

ဖုန်း–၀၉ ၄၂၅၀၂၁၄၄၇

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| ထိုင်းဘာသာစကား | 4 Skills (2) |
| ပြင်သစ်ဘာသာစကား | 4 Skills (2) |
| ကိုရီးယားဘာသာစကား | 4 Skills (2) |
| ဂျပန်ဘာသာစကား | 4 Skills (2) |
| အင်္ဂလိပ်ဘာသာစကား | 4 Skills (2) |
| အီတလီဘာသာစကား | 4 Skills (2) |

ဖုန်း–၀၁ ၅၀၄၉၁၃

---

**ဝန်ထမ်းအလိုရှိသည်**

Korean Translator M/F (1) Posts

B.A(Korea) or Dip: in Korea (U.F.L)

အခန်း (၉၀၉)၊ ၉ လွှာ၊ လပြည့်ဝန်းပလာဇာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၀၁ ၃၉၃၁၈၉

---

**ဝန်ထမ်းအလိုရှိသည်**

Operation Assistant F (1) Post

အခြေခံပညာအထက်တန်းအောင် (သို့) ဘွဲ့ရ။

Grand Fortuna Co.,Ltd

ဖုန်း–၀၉ ၅၄၀၁၅၄၆

---

**ဝန်ထမ်းအလိုရှိသည်**

အရောင်းဝန်ထမ်း မ (၁၀) ဦး

အခြေခံပညာ အထက်တန်းအဆင့်အောင်မြင်ပြီးသူ၊ ရုပ်ရည်ပြေပြစ်သူ။

အမှတ်–၃၉၀၊ အင်ကြင်းမြိုင်လမ်းသွယ် ၄ လမ်း၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်။

ဖုန်း–၀၁ ၅၇၂၁၈၆၊ ၀၉ ၇၃၁၂၈၂၆၈

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (၅) ဦး

အထွေထွေလုပ်သား (၁၅) ဦး

လစာ တစ်သိန်းဝန်းကျင်ခန့်။

ဖုန်း–၀၉ ၂၅၀၀၆၂၃၁၂

---

**ဝန်ထမ်းအလိုရှိသည်**

Assistant IT Manager M (3) Posts

Assistant Sale and Marketing Manager M/F (5) Posts

Sale and Marketing Supervisor M/F (4) Posts

Junior Coordinator M/F (5) Posts

PH: 01 559433

---

**ကန်တော်လေးအထူးကုဆေးခန်း**

| | |
|---|---|
| Medical Imaging Techonologist (Ra–diographer) | ကျား/မ (၂) ဦး |
| Pharmacist | မ (၃) ဦး |
| Pharmacy Sales | မ (၅) ဦး |
| Receptionist | မ (၃) ဦး |
| Office Staff | မ (၃) ဦး |

ဖုန်း–၀၁ ၃၈၄၀၄၂

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| ယာဉ်မောင်း (၄၀ နှစ်အောက်) | (၁) ဦး |
| မောင်း/ရောင်း (၄၀ နှစ်အောက်) | (၂) ဦး |
| Sales/ Marketing | ကျား/မ (၄) ဦး |

ဖုန်း၀၉ ၂၅၀၀၁၈၅၄၆

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| Store Keeper | ကျား/မ (၅) ဦး |
| Sale Promotor | မ (၁၀) ဦး |
| Receptionist | မ (၃) ဦး |
| Driver | ကျား (၅) ဦး |
| Internal Auditor | မ (၃) ဦး |
| Helper | ကျား (၁၀) ဦး |

ဖုန်း–၀၁ ၅၅၉၄၃၃

---

**အလိုရှိသည်**

WINNERS' ACADEMY ကိုယ်ပိုင်အထက်တန်းကျောင်းမှ

အထက်တန်းကျောင်းအုပ်

ဘာသာရပ်သင်ဆရာ၊ ဆရာမများ

PGDMA ဆရာ၊ ဆရာမ

အဆောင်မှူး ကျား/မ ဘွဲ့ရ

ယာဉ်မောင်း (30–50) နှစ်

ဖုန်း–၀၉ ၈၆၂၀၀၉၄

---

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| အထွေထွေမန်နေဂျာ | ကျား/မ (၁) ဦး |
| လက်ထောက်မန်နေဂျာ | ကျား/မ (၁) ဦး |
| ကြီးကြပ်ရေးမှူး | ကျား/မ (၂) ဦး |

No.18(A/1),Tharyarwaddy Street, Sayarsan Qtr,Bahan Tsp,Yangong.

ဖုန်း–၀၁ ၅၄၂၁၁၁

---

**အလိုရှိသည်**

United Courier Service Co.,Ltd

စာဝေ/စာသိမ်း ကျား/မ (၁၀) ဦး

အခြေခံပညာ အဆင့်မြင့်တန်းအောင်

စာပို့ဝန်ထမ်း ကျား/မ (၁၀) ဦး

အခြေခံပညာအထက်တန်းအဆင့်

ယာဉ်မောင်း ကျား (၂) ဦး

ဖုန်း–၀၉ ၇၃၀၇၃၀၉၉

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (၁) ဦး

---

Sales & Marketing ကျား(၂)ဦး၊ မ(၂)ဦး

ဖုန်း– ၀၉ ၄၄၈၀၀၁၆၅၁

---

**ဝန်ထမ်းအလိုရှိသည်**

PHARMACY PROMOTION GIRL (15) Posts

၁၀ တန်းအောင်(သို့) ဘွဲ့ရ၊ ရုပ်ရည်ပြေပြစ်သန့်ပြန့်ရမည်။

ဖုန်း– ၀၁ ၂၉၈၉၄၄

---

**အလိုရှိသည်**

Language Training Centre တွင်တာဝန်ထမ်းဆောင်ရန် Part Time ဆရာ၊ ဆရာမ အလိုရှိသည်။ Eng–lish၊ 4 Skill Japanese Language ကျွမ်းကျင်စွာ သင်ကြားနိုင်သူ။

ဖုန်း–၀၉ ၂၅၀၂၇၃၆၄၃

---

**ဝန်ထမ်းအလိုရှိသည်**

(ဂ)လိုင်စင် ကိုင်ဆောင်သူ ယာဉ်မောင်းတစ်ဦးအလိုရှိသည်။ မြို့တွင်း (၆) မြို့နယ်နှင့် နီးသူကို ဦးစားပေးမည်။

ဖုန်း– ၀၉ ၇၃၀၇၀၄၉၇

---

**ဝန်ထမ်းအလိုရှိသည်**

ဆေးဝါးကျွမ်းကျင်ဝန်ထမ်း

ကျား/မ (၄) ဦး

| | |
|---|---|
| သူနာပြု (B.NSc) | ကျား/မ (၄) ဦး |
| သူနာပြုအကူ | ကျား/မ (၆) ဦး |

ဖုန်း– ၀၉ ၅၄၀၉၀၉၇

---

**ဝန်ထမ်းအလိုရှိသည်**

ဆန်းယျဉ်အပ်ချုပ်ဆိုင်မှ

| | |
|---|---|
| စက်ချုပ်ကျွမ်းကျင် | မ (၂) ဦး |
| လက်ချုပ်ကျွမ်းကျင် | မ (၂) ဦး |

သင်တန်းသားလက်ခံပါသည်။

ဖုန်း–၀၉ ၄၂၀၀၅၉၉၇၇

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7Day News Journal
Vol.13, No.3 • MARCH 19 , 2014

# “၁၃၅ မျိုးကို မှန်တယ်လို့ ကျွန်တော်တို့ တရားသေဆုပ်ကိုင်ပြီး ပြောနေတာ မဟုတ်ပါဘူး”

## ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် တွေ့ဆုံခြင်း

**အိဖြူမွန်၊ ထွန်းခိုင်**

လာမည့် မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်အထိ မြန်မာနိုင်ငံတွင် နှစ်သုံးဆယ်အတွင်း ပထမဆုံးအကြိမ် သန်းခေါင်စာရင်း ကောက်ယူတော့မည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူမှုများ မစတင်မီနှစ်ပတ်ခန့် အလိုတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီအား 7Day News က သီးသန့်တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

ဝန်ကြီးက သန်းခေါင်စာရင်း အကြောင်း လူအများစိုးရိမ်နေကြသည့် ပိုင်ဆိုင်မှုပြဿနာများ၊ တိုင်းရင်းသား ၁၃၅ မျိုး စာရင်း သတ်မှတ်ချက်နှင့် ရိုဟင်ဂျာ၊ ဘင်္ဂါလီအငြင်းပွားနေမှုများအကြောင်း တွေ့ဆုံမေးမြန်းခန်းအတွင်း ဖြေကြားခဲ့သည်။

ယင်းတို့အနက်မှ အချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။



ဓာတ်ပုံ– ဂျေမောင်မောင်(အမရပူရ)

**သန်းခေါင်စာရင်းကို အတွေ့အကြုံမရှိတာ အစိုးရဘက်ရော ပြည်သူရော နှစ်ပေါင်း ၃၀။ တချို့ဆို ၃၀ ထက် မကဘူးပေါ့။ ဝန်ကြီးတို့အနေနဲ့ တချို့အခက်အခဲတွေကို ကြိုတင်မျှော်မှန်းထားမှာပေါ့။ ဒါပေမဲ့ မမျှော်လင့်တဲ့ အခက်အခဲတွေက ဘာတွေဖြစ်မလဲ။ အကြီးဆုံးစိန်ခေါ်မှုတွေက ဘာတွေ ရင်ဆိုင်နေရပါသလဲ။ လက်ရှိအချိန်မှာပေါ့။**

စိန်ခေါ်မှုကတော့ အမျိုးမျိုးပေါ့ဗျာ။ နံပါတ်တစ်က ဥပမာဆိုပါစို့။ လူမျိုးစု ၁၃၅ မျိုးကို မူတည်ပြီးတော့ ကောက်လိုက်တယ်ဆိုတဲ့ အခါကျတော့ ဘာဖြစ်လို့ ၁၃၅ မျိုး အပေါ်မူတည်ပြီး ကောက်လိုက်သလဲ။ ၁၃၅ မျိုးဟာ တချို့လူမျိုးတွေနဲ့ပတ်သက်ပြီးတော့ သတ်ပုံသတ်ညွှန်းတွေ မှားနေတယ်။ တချို့လူမျိုးတွေက မရှိတော့ဘူး။ တချို့လည်း လူမျိုးသစ်တွေက အရင်ကောက်တုန်းက၊ မပါသွားဘူး စသဖြင့် ဒီလိုအချက်တွေ ရှိပါတယ်။ အရင်အစဉ်အဆက် ကောက်တုန်းက ဒီအပေါ်မှာ အခြေခံခဲ့တာပေါ့။ ၁၉၃၂ ခုနှစ်လောက်က ဗြိတိသျှကိုလိုနီလက်ထက်တုန်းကလည်း ဒီလိုလူမျိုးစုတွေဆိုပြီး ဒီလိုပါခဲ့ဖူးတယ်။ ၁၉၇၃ သန်းခေါင်စာရင်းကောက်တော့လည်း ဒီအပေါ်မှာ အခြေခံတယ်။ ၁၉၈၃ သန်းခေါင်စာရင်းကောက်တော့လည်း ဒီအပေါ်မှာ အခြေခံတယ်။ အခုအချိန်ထိလည်း ၁၃၅ မျိုးဆိုတာ ပြင်ဆင်ပြောင်းလဲထားတာ မရှိသေးတဲ့အခါကျတော့ တရားဝင်ကိန်းဂဏန်းတွေ ဖြစ်နေတာပေါ့။ သို့သော် ဒါကို မှန်တယ်လို့ ကျွန်တော်တို့ တရားသေဆုပ်ကိုင်ပြီး ပြောနေတာ မဟုတ်ပါဘူး။ အခုလို အငြင်းပွားမှုတွေ ရှိနေတဲ့အတွက်ကြောင့် ပြင်ချင်လို့ ကျွန်တော်တို့က ဒါကို ကောက်လိုက်တာ။ ပြင်ဖို့ဆိုတာက လူအားလုံးရဲ့ဆန္ဒပါမှဖြစ်တယ်။ တစ်ဖွဲ့ကလာပြော၊ တစ်ယောက်က လာပြောတယ်ဆိုရုံနဲ့ ဒါလူအားလုံးရဲ့ ဆန္ဒလို့ ပြောလို့မရဘူး။ အဲဒီတော့ လူအားလုံးက ဒါဖြင့် မှားနေတယ်၊ ပြင်ဖို့အတွက် ခင်ဗျားကတော့ ဘယ်လိုဆန္ဒရှိလဲ၊ အားလုံးလိုက် မေးဖို့လိုတာပေါ့။ လူမျိုးစုအားလုံး လိုက်မေးဖို့ လိုပါတယ်။ လိုက်မေးဖို့ဆိုတဲ့ လုပ်ငန်းစဉ်က သန်းခေါင်စာရင်းပဲလေ။ အဲဒီလို လုပ်ငန်းကို လုပ်ပြီးမှ ပေါ်လာတဲ့ ကိန်းဂဏန်းတွေကို ဒုတိယအဆင့်ကျမှ သက်ဆိုင်သူအားလုံး ဝိုင်းဝန်းဆွေးနွေးအဖြေရှာကြတာ မကောင်းဘူးလား။ ဒါတွေလည်း ကျွန်တော်တို့ ရှင်းရပါတယ်။ အလားတူပဲ တချို့မေးခွန်းတွေကတော့ ကြိုတင်မျှော်လင့်ထားတာပေါ့။ ဘာဖြစ်လို့ကြိုပြီးတော့ တိုင်းရင်းသားတွေနဲ့ မတိုင်ပင်ခဲ့လဲဆိုတော့ ကျွန်တော်စောစောက ပြောသလိုလေ အတည်ပြုပြီးသား ကိန်းဂဏန်းဖြစ်နေတယ်။ ဒါကိုကျွန်တော် ဖျက်ပစ်လို့ မရဘူး။ ဒါကို ပြင်ဖို့ဆိုတာက အားလုံးရဲ့ဆန္ဒ ပြန်ယူဖို့လိုတယ်။ အားလုံးရဲ့ ဆန္ဒကို မယူသေးဘဲနဲ့ ဒီမှာသွားပြင်ဖို့ အာဏာလည်း မရှိဘူး။ ကောင်းတာကတော့ ခုနလိုအားလုံးကို မေးပြီးမှပြင်ဖို့ကပိုပြီး သင့်တော်တဲ့အတွက်ကြောင့် အားလုံးကို ကောက်ပြီးမှ ပြန်တိုင်ပင်တာ မကောင်းဘူးလား။ ကြိုတိုင်ပင်နေရင် အလုပ်က ကြန့်ကြာပြီး မဖြစ်ဘူးလေ။ အချိန်တွေကြာနေမယ်။ ဒီကာလအတွင်းလုပ်လို့ ရမှာမဟုတ်ဘူး။ ဒီလိုလုပ်တာကိုက စုစုပေါင်း လေးနှစ်နီးပါးလောက်ကြာတဲ့ စီမံကိန်းကြီးဖြစ်တာကိုး။ အားလုံးကောက်ပြီးမှ တိုင်ပင်တာ ပိုကောင်းတယ်။ တိုင်တော့ တိုင်ပင်မယ်။ အရင်နဲ့ နောက်တိုင်ပင်တာ နှစ်ခုမှာ နောက်ဟာပိုပြီး ကောင်းတယ်လို့။ ဒါကလည်း တော်တော်များများ ရှင်းရတဲ့ကိစ္စ။ နောက်တစ်ခုက မထင်မှတ်ပဲ ဖြစ်လာတဲ့ မေးခွန်းတွေက နောက်ကို တစ်လလောက် ရွှေ့ပေးပါဆိုတဲ့ မေးခွန်းမျိုး ဖြစ်တယ်။ ကျွန်တော်တို့က စဉ်းစားကြည့်တာပေါ့။ ဒီမှာ စာရင်းကောက်ဖို့သုံးတာ အများစုက ပညာရေးဝန်ထမ်းတွေ ဖြစ်တယ်။ ဒီကာလက ပညာရေးဝန်ထမ်းတွေ ကျောင်းပိတ်တဲ့ အချိန်။ နောက်ထပ် ပညာရေးနှစ်အစ မစသေးတဲ့အချိန် စာရင်းကောက်တဲ့သူတွေအတွက် အကောင်းဆုံးအချိန်တွေ ဖြစ်တယ်။ အကောက်ခံရတဲ့ သန်း ၆၀ သော ပြည်သူတွေ ကိုယ့်အိမ်ကိုယ့်ရာမှာ အရှိဆုံးအချိန်က ဒီအချိန်ပဲ။ ဒါကျွန်တော်တို့ လွန်ခဲ့တဲ့နှစ်ပေါင်း ဆယ်နှစ်စာအထိ ကျွန်တော်တို့ မှတ်တမ်းလုပ်ထားပြီးသား ဖြစ်တယ်။ အခုအချိန်က အကောင်းဆုံးအချိန်ပဲ။ ကောက်တဲ့လူလည်း အဆင်ပြေတယ်။ အကောက်ခံရတဲ့ လူလည်း အဆင်ပြေတယ်။ နောက်တစ်ချက်က တချို့နေရာတွေမှာ ဥပမာ ကချင်ပြည်နယ် ပူတာအိုလို နေရာမျိုးတွေမှာ ၁၄ ရက်၊ ၁၅ ရက်သွားရတယ်။ လချီပြီး ကုန်းကြောင်း လျှောက်ရတာ ရှိတယ်။ အဲဒီလိုနေရာတွေမှာ ဒီထက်နောက်ကျသွားမယ်ဆိုရင်နှင်းတွေ အရည်ပျော်တာ၊ မြင်ကွင်းတွေပိတ်တာ စသည်ဖြင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ဒါ့ထက်နောက်ကျသွားရင် ပစ္စည်းတွေ ပျက်တာစီးတာနဲ့ သယ်လို့မရတာတွေ ဖြစ်ကုန်မယ်။ အဲဒီတော့ ရွှေ့မယ့် ရွှေ့ရင်တော့ တစ်လတော့ ရွှေ့လို့မရဘူး။ နောက်နှစ်ဒီအချိန်ထိ ရွှေ့မှရမယ့် သဘောရှိတယ်။ ဒီလိုပြန်ရှင်းပြရတာပေါ့။ အဲဒီတော့လည်း အများစုနားလည်သွားတဲ့သဘောလည်း ရှိတာပေါ့။ အဲဒီတော့ မမျှော်လင့်တဲ့ အဲဒီလို မေးခွန်းမျိုးလည်း ရင်ဆိုင်ရတာ ရှိတာပေါ့။ တချို့ဟာလည်း မျှော်တော့ မျှော်လင့်ပြီးသားပါ။ ဒါပေမဲ့ ဒီလောက်ကြာကြာရှင်းရလိမ့်မယ် မထင်တဲ့ဟာလည်း ပါတာပေါ့။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ပြည်သူပြည်သားတွေ အများစုကတော့ ဒီအပေါ်မှာ လက်ခံယုံကြည်သွားကြတယ်လို့ ကျွန်တော်တော့ ရိုးသားစွာယုံကြည်ပါတယ်။

**ဝန်ကြီးတို့ ဒီကိစ္စနဲ့ပတ်သက်ပြီး ထိတွေ့ဆက်ဆံတော့ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ ခေါင်းဆောင်တွေလည်း ပါတာတွေ့ရပါတယ်။ သူတို့နဲ့ကော ဘယ်လိုနားလည်မှု ယူထားလဲ။ ဘယ်လောက်အတိုင်းအတာအထိ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူ ထားပါသလဲ။**

ကျွန်တော်ကိုယ်တိုင်ကလည်း ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဝင် ဖြစ်တယ်။ ပြီးတော့ ငြိမ်းချမ်းရေး ကိစ္စတိုင်းလိုလိုမှာ ကျွန်တော်ပါတာပေါ့။ ပြည်တွင်းမှာလည်း ကျွန်တော်ပါတယ်။ နယ်စပ်မှာလည်း ပါတယ်။ ပြည်ပမှာလည်း ပါတယ်။ တွေ့ကြတိုင်းမှာလည်း ကျွန်တော်က ငြိမ်းချမ်းရေးကိစ္စ ဆွေးနွေးရင်း ဒါလေးကိုလည်း လွန်ခဲ့တဲ့ ၂ နှစ်၊ ၃ နှစ်ကတည်းက ဆွေးနွေးပါတယ်။ ကျွန်တော်တို့မှာ သန်းခေါင်စာရင်းကောက်ဖို့ ရှိတယ်။ သန်းခေါင်စာရင်းရဲ့ တကယ့်ရည်မှန်းချက်တာဝန်က ဘာတွေဖြစ်တယ်။ ဒါက ပြည်သူပြည်သားတွေရဲ့ အကျိုးဖြစ်တယ်။ ဒါတွေကအားလုံး ပါဝင်ခွင့်ရှိတဲ့ လုပ်ငန်းစဉ်ဖြစ်တယ်စသည်ဖြင့် ဒီလိုပြောတော့၊ ကြိမ်ဖန်များစွာပြောတော့ တိုင်းရင်းသားညီအစ်ကိုတွေလည်း သိရှိနားလည် လက်ခံကြတဲ့ သဘောဖြစ်ပါတယ်။ နယ်စပ်တွေမှာသွားပြီး ရှင်းပြတာ ရှိတယ်။ သတင်းစာရှင်းလင်းပွဲလုပ်တာ ရှိတယ်။ နောက်သီးခြား စိတ်ဝင်စားလို့ KNU အဖွဲ့အစည်းတို့၊ ABSDF အဖွဲ့အစည်းတို့၊ PNLO အဖွဲ့အစည်းတို့၊ RCSS/SSA အဖွဲ့အစည်းတို့ စသည်ဖြင့်အဖွဲ့အစည်းတွေနဲ့ရုံးမှာ သီးခြားတွေ့ဆုံပြီးတော့ ၂ နာရီခွဲ၊ ၃ နာရီလောက်ရှင်းပြတာရှိတယ်။ သူတို့ကိုယ်တိုင်က သူတို့နယ်မြေမှာ ဆင်းပြီးတော့လိုက်ပြီးတရားဟောတာတွေရှိတယ်။ အကြမ်းဖျင်းပြောလို့ရှိရင်တော့ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးနီးပါးက ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိနေပြီး၊ ကျွန်တော်တို့လုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်နေပြီး အခုဖွင့်မယ့် စာရင်းစစ်စာရင်းကောက်သင်တန်းတွေမှာလည်း လာပြီးတော့ တက်ဖို့အတွက် လုပ်နေကြပြီ။

ဥပမာ–ကျွန်တော်ဆို ငြိမ်းချမ်းရေးမှာ ကရင်ပြည်နယ်နဲ့ပတ်သက်ပြီး တာဝန်ယူတယ်ပေါ့။ အဲဒီမှာဆိုရင် ဗဟိုကော်မတီဝင်တစ်ဦးဖြစ်တဲ့ ပဒိုအားတိုဆိုရင် သူကိုယ်တိုင် ဦးဆောင်ပြီးတော့ သူ့ရဲ့တပ်မဟာနယ်မြေတွေမှာဟောတာပြောတာ ရှင်းတာလင်းတာနဲ့ အောက်မှာရှိတဲ့ ခရိုင်မှူးတွေ တပ်မမှူးတွေကလည်း ကျွန်တော်တို့ဆီက တပ်ဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်တယ်။ ဒါတစ်ခုတည်းကို ကျွန်တော်က ဥပမာထုတ်ပြတာပါ။ အပြည့်အဝပူးပေါင်းဆောင်ရွက်မှုတွေ ရှိနေပြီပေါ့။ ၈၃ ခုနှစ်ကဆိုရင် ဒီလိုနယ်မြေတွေ မပါခဲ့ဘူး။ ကရင်ပြည်နယ်မှာဆိုရင် ကျေးရွာအုပ်စု တော်တော်များများ မပါခဲ့ဘူး။ အခုမှာကတော့ မပါတာ ကျွန်တော်ထင်တယ် မရှိဘူး။ ဘာကြောင့်လဲဆိုတော့ တိုင်းရင်းသားညီအစ်ကိုတွေက ဝင်ပြီး တော့ စာရင်းပေးပြီကိုး။ ကျွန်တော်တို့ မသိတဲ့ ရွာတောင် ပါနေပြီ။ အိုင်ဒီပီလို့ဆိုတဲ့ စခန်းတွေကို ကျေးရွာတွေအဖြစ်နဲ့ ကောက်ကွက်ထဲပါနေပြီ။ ဒါကတော့ ကရင်ပြည်နယ်ကို ဥပမာပြတာပေါ့။ တခြားနေရာမှာလည်း ဒီလိုပဲပေါ့။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကတော့ ပူးပေါင်းပါဝင်မှုတွေအပြည့်အဝ ရှိနေပါတယ်လို့ ကျွန်တော် ဒီလိုပြောချင်ပါတယ်။ ၁၉၈၃ ခုနှစ်ကထက် စာရင်းအများကြီး လွှမ်းခြုံနိုင်ပါတယ်။

**အချပ်ပို(A12) သို့**

Academic Telesis
USA Education Seminar
အမေရိကန်ပညာရေးဆွေးနွေးပွဲ
တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသည်နှင့် SAT, IELTS, TOEFL ရမှတ်မလိုပဲ အမေရိကန်ထိပ်တန်း တက္ကသိုလ် များသို့ တိုက်ရိုက်တက်ရောက်နိုင်သည့်အခွင့်အလမ်း၊ ပညာသင်ဆုအခွင့်အလမ်းများကို အမေရိကန် တက္ကသိုလ်မှ တာဝန်ရှိသူကိုယ်တိုင် လာရောက် ဟောပြောဆွေးနွေး မည်ဖြစ်ပါ၍ တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ အောင်မြင်ပြီးသူများနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို အခမဲ့တက်ရောက် ဆွေးနွေး နိုင်ပါသည်။
FIND OUT HOW YOU CAN ATTEND TOP UNIV IN USA.
RIGHT AFTER 10th GRADE for DEGREES & CAREERS
*in Science, Engineering, Technology, Medical Sciences, IT, Business, Management & More*
Meet Univ. Reps. for Admissions & Scholarships
GET DEGREE FROM ANY UNIVERSITY OF YOUR CHOICE IN US
Place: Yangon International Hotel
Corner of Alone & Pyay Road, Dagon Tsp.
March 23 , 1:30 pm
Please Call
01-527168, 09-255901718 (or)
Register at: www.academictelesis.com
Register early, seats limited
No (73), 2 nd Floor, Myaynigone Zay St: , Sanchaung Tsp, Yangon.

7 DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

# Commodity Watch

စာမျက်နှာ (၁၅) မှ

## ညာဏ်ရည်ခြားနား ကလေးငယ်များအတွက် ထည့်သွင်းစဉ်းစားရမည့် ပညာရေးစနစ်

သတင်းအချက်အလက်ရရှိမှုနှင့် အသိပညာနည်းပါးမှုသည် ညာဏ်ရည်ခြားနားသော ကလေးငယ်များ၏ ပညာသင်ယူခွင့်ကို ပိတ်ပင်တားဆီးထားသလို ဖြစ်နေပြီး အိမ်တွင်းပုန်းဘဝဖြင့် အဆုံးသတ်နေကြရသည်။

“လူတိုင်းအတွက် ပညာရေး” ဟုဆိုထားသော အစိုးရ၏ အခြေခံပညာကျောင်းများတွင် မသန်စွမ်းကလေးများအတွက် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရန် လိုအပ်နေပြီဖြစ်သည်။ သင်ရိုးညွှန်းတမ်းများပြင်ဆင်ရာတွင် မသန်စွမ်းကလေးများအတွက် ထည့်သွင်းစဉ်းစားခြင်း၊ လိုက်လျောညီထွေမှုရှိသော ကျောင်းပတ်ဝန်းကျင်တည်ဆောက်ပေးခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်သည်။

“ကျောင်းတွေနဲ့ ပတ်သက်တာကတော့ သင်ရိုးညွှန်းတမ်းပါ။ စာဖတ်တာ၊ စာရေးတာတွေကို အဓိကဦးစားပေးလွန်းနေတယ်။ ကလေးတွေအတွက် ဘဝမှာ လိုအပ်တဲ့ စွမ်းရည်တွေ သင်ပေးသင့်တယ်။ ပြီးတော့ ကလေးတွေကို ဗဟိုပြုတဲ့စနစ်က ပိုသင့်တော်ပြီး ထိရောက်မှုပိုရှိလိမ့်မယ်” ဟု လှိုင်သာယာမြို့နယ်မှ မိခင်တစ်ဦးက ပြောသည်။

ညာဏ်ရည်ခြားနားသော မသန်စွမ်းကလေးများနှင့်ပတ်သက်၍ ပညာရေးမူဝါဒ ချမှတ်သူများနှင့် ပြည်သူလူထုအနေဖြင့် အလေးထားသတိပြုမိလာစေရန် အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း စစ်တမ်းက ထောက်ပြထားသည်။

ပညာရေးမူဝါဒချမှတ်ရာတွင် ညာဏ်ရည်ခြားနားသော ကလေးငယ်များအတွက် နည်းလမ်းများထည့်သွင်းစဉ်းစားနိုင်စေရန် ရည်ရွယ်ဆောင်ရွက်သော စစ်တမ်းသည် အမျိုးသားပညာရေးဥပဒေနှစ်ခု လွှတ်တော်သို့ တစ်ပြိုင်နက် တင်သွင်းသော အချိန်နှင့် တိုက်ဆိုင်နေသည်။

စာမျက်နှာ (၉)မှ

## ကိုယ်ဝန်ဆောင်များကို ရုတ်တရက်တိုက်ခိုက်တတ်သည့် ကိုယ်ဝန်ဆိပ်တက်ခြင်း

ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုယ်ဝန်ဆိပ်တက်ခြင်းလက္ခဏာများဖြစ်သည့် သွေးတိုးခြင်း၊ ခြေလက်ဖောရောင်ခြင်းများ သေချာသိရှိပြီးလိုအပ်သောကုသမှုများခံယူနိုင်ရန်အတွက် နီးစပ်ရာဆေးရုံ၊ ဆေးခန်းများတွင်ကိုယ်ဝန်နုစဉ်အခါကတည်းက ပုံမှန်ပြသရန်လိုအပ်ကြောင်း၊ ကောင်းမွန်စွာအနားယူပေးရန်နှင့်သွေးတိုးဖြစ်စေနိုင်သည့်အငန်အစားအစာများရှောင်ရှားသင့်ကြောင်းကိုလည်း ဆရာဝန်ကြီးများက အကြံပြုပြောဆိုကြသည်။

ကမ္ဘာပေါ်တွင် ကိုယ်ဝန်ဆိပ်တက်ဖြစ်ရခြင်းအကြောင်းရင်း အတိအကျကို ပညာရှင်များက စူးစမ်းရှာဖွေနေဆဲဖြစ်ကာ ပြုလုပ်ပြီးသောသုတေသီများအရမူအာဟာရချို့တဲ့ခြင်း၊ ခန္ဓာကိုယ်အဆီများခြင်း၊ သားအိမ်ဆီသို့သွေးထောက်ပံ့မှုမကောင်းခြင်း၊ ခုခံအားစနစ်ပုံမှန်မဟုတ်ခြင်းစသည့်အချက်များနှင့် ဆက်စပ်နေကြောင်း သိရသည်။

ကိုယ်ဝန်ဆိပ်တက်ရောဂါဖြစ်နိုင်ခြေရှိသူများမှာ သားဦးကိုယ်ဝန်များ၊ ဆယ်ကျော်သက်အရွယ်ကိုယ်ဝန်ဆောင်သူများ၊ အသက် ၄၀ကျော်မှ ကိုယ်ဝန်ဆောင်သူများ၊ ကိုယ်ဝန်မဆောင်ခင်ကတည်းကသွေးတိုးရောဂါရှိပြီးသူများ၊ ရှေ့ကိုယ်ဝန်မှာ သားဆိပ်တက်ဖူးသူများ၊ မိခင်(သို့)ညီအစ်မများမှာ သားဆိပ်တက်ဖူးသူများ၊ အမွှာကိုယ်ဝန်ဆောင်များ၊ အဝလွန်သူများ၊ ဆီးချိုရောဂါ၊ သွေးတိုး၊ သွေးချို၊ ကျောက်ကပ်ရောဂါ၊ SLE ခေါ် လေးဘက်နာ၊ အဆစ်ရောင်ရောဂါအခံရှိသူများတွင် ပိုမိုဖြစ်နိုင်ကြောင်းသိရသည်။

အသက်(၄၀)အရွယ်ဒေါ်သန်းသန်းဝင်းအဖို့ ယခုလွယ်ထားရသော ဒုတိယမြောက်ကိုယ်ဝန်မှာ ငါးလရှိပြီဖြစ်သည်။ ကိုယ်ဝန်သုံးလရချိန်ကတည်းက နီးစပ်ရာ ဆေးခန်းတွင် ပြသအပ်နှံထားပြီး သားဦးကလေးကဲ့သို့ မဖြစ်ရန် ဂရုစိုက်နေသည်ဟုဆိုသည်။

“ပထမသေသွားတဲ့ သားလေးလိုထပ်ဖြစ်မှာစိုးတယ်။ ဒါကြောင့် မဖြစ်အောင်လို့ ကိုယ်ဝန်စောစောအပ်ထားတယ်။ တခြားလူတွေကိုလည်း ပြောချင်တာက သွေးတိုးတို့၊ ခြေလက်ဖောရောင်တာတွေကို မပေါ့ဆဘဲ ဆေးခန်းတွေမှာ ပုံမှန်စစ်ဆေးပြီးကြိုတင်ပြင်ဆင်မှုတွေရှိစေချင်တယ်”ဟု ၎င်းကဆိုသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 98,000 |
| Galaxy S Advance | 225,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 268,000 |
| Galaxy S3 | 360,000 |
| Galaxy S4 Mini | 363,000 |
| Galaxy S4 | 505,000 |
| Galaxy Mega 5.8 | 330,000 |
| Galaxy Note II | 430,000 |
| Galaxy Tab3 7" | 290,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများ ဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 400,000 |
| Xperia J | 165,000 |
| Xperia P | 258,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s(32GB) | 825,000 |
| iPhone 5s(16GB) | 720,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 128,000 |
| G 520 | 125,000 |
| G 610s | 134,000 |
| G 700 | 218,000 |
| Ascend P6 | 290,000 |
| C 8813 (CDMA) | 133,000 |
| G 610c (CDMA) | 150,000 |
| Y 300c (CDMA) | 99,000 |

မတ်လ (၁၅) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51–4900 | 610,000 |
| Panasonic(LED) | THL32B6X | 225,000 |
| Sony (LED) | 32W45 | 330,000 |
| LG (LED) | 32LN5120 | 260,000 |
| **DVD** | | |
| Samsung | BD–E 5500(Blu–ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G–IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 320,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 245,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | WA95W9 | 170,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS–E1067) | 245,000 |
| Mitsubishi Electric | 1.0HP(MS–F10VC) | 290,000 |
| Samsung | 1.0HP(AS09 HTFST) | 255,000 |

အထက်ပါဈေးနှုန်းများမှာ မတ်လ (၁၅) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Misubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယားဆင်တံဆိပ်) | တစ်အိတ် | ၅,၃၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၅၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၈၅၀ |
| အုတ်(ကုန်းအုတ်–ပထမတန်းစား) | တစ်လုံး | ၁၁၅ |
| အုတ်(ကုန်းအုတ်–ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ်(ဇပေါင်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၅ |
| နေပြည်တော်စက်အုတ်(၁၀ပေါက်) | တစ်လုံး | ၇၀–၈၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၉,၀၀၀ |
| ကျောက် | တစ်ကျင်း | ၁၀၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၄၇၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၆၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၈၂၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၀ |
| Posco ကြယ်စိမ်း | တစ်ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | တစ်ပေနှုန်း | ၂၆၅ |
| ထုံး(ဂပိသာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (1"–1"½ ") | တစ်ပိဿာ | ၁,၃၂၀ |
| အိမ်ရိုက်သံ (1"–1"½") | တစ်ပိဿာ | ၁,၄၂၀ |

အထက်ပါဈေးနှုန်းများမှာ မတ်လ (၁၅) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀–၁,၂၀၀ |
| ဆန် (တောင်ပျံ) | တစ်ပြည် | ၁,၀၀၀–၁,၃၀၀ |
| ဆန် (ဧည်) | တစ်ပြည် | ၇၀၀–၉၀၀ |
| ဆီ (ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ (ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၂၅၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀–၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀–၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀–၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | တစ်ပိဿာ | ၅,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | တစ်ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၂,၃၀၀–၂,၈၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၂,၅၀၀–၂,၈၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၃,၃၀၀–၃,၆၀၀ |
| ငါးဖယ် | တစ်ပိဿာ | ၂,၃၀၀–၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | တစ်ပိဿာ | ၃,၂၀၀–၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၁၂,၀၀၀–၂၆,၀၀၀ |
| တီလားဗီးယား | တစ်ပိဿာ | ၁,၆၀၀–၂,၀၀၀ |

မတ်လ (၁၅) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Mar (20) | 815 | 940 | 920 | 950 |
| Mar (21) | 815 | 940 | 920 | 950 |
| Mar (22) | 815 | 940 | 920 | 950 |
| Mar (23) | 815 | 940 | 920 | 950 |
| Mar (24) | 815 | 940 | 920 | 950 |
| Mar (25) | 815 | 940 | 920 | 950 |
| Mar (26) | 815 | 940 | 920 | 950 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## NOTE BOOK PRICE

| | |
|---|---|
| **Dell** | |
| Intel Core i3 1.8 GHz, 2 GB DDR3, 500GB HDD, 14" | 464,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 648,000 |
| Intel Core i5 2.6 GHz, 4 GB DDR3, 750 GB HDD, 15.6" | 697,000 |
| Intel Core i7 1.8 GHz, 8 GB DDR3, 1 TB HDD ,14" | 813,000 |
| **Lenovo** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500GB HDD, 14" | 484,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, HD, 13.3" | 668,000 |
| Intel Core i5 2.6 GHz, 4 GB DDR3, 500 GB HDD, 14" | 745,000 |
| Intel Core i72.1GHz,8GB DDR3,730GBHDD,2GB VGA,15.6" | 910,000 |
| **MSI** | |
| Intel Core i3 2.5 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 460,000 |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, 15.6'' | 556,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 730 GB HDD, 17.3'' | 969,000 |
| Intel Core i7 2.4 GHz, 8 GB DDR3, 750 GB HDD, 15.6" | 1,057,000 |

7 DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

# မမေ့တဲ့နိုင် (သို့မဟုတ်) မောင်စိုးနိုင်

မယ်ဇွေဥ

အတိတ်။ ထိုအတိတ်သည် မနေ့က၊ တစ်နေ့ကတော့ မဟုတ်ပါခဲ့။ (၂၆) နှစ်ကြာခဲ့ပြီ။ ၁၉၈၈ ခုနှစ်၏ မတ်လ။ ဆောင်းရာသီကုန်လွန်ပြီး နွေဦး၏အပူတွေ စတင်ချိန်။ ပေါက်လဲ၊ စိန်ပန်းတို့ နီတာရဲဖို့ တာစူနေချိန်။ လရာသီကိုကပင်တော်လှန်ရေးရာသီလေလား။ ထိုနှစ်၏ မတ်လ ၁၂ ရက်မှာ ရန်ကုန်မြို့မှ စက်မှုတက္ကသိုလ်ကျောင်းသားများနှင့် အနောက်ကြို့ကုန်းရပ်ကွက်မှ အရပ်သားလူငယ်အချို့တို့ လက်ဖက်ရည်ဆိုင်မှာ ရန်ပွဲငယ်တစ်ခုဖြစ်ရာမှ အစိုးရ၏ ရပ်တည်မှုကို ကျောင်းသားများမကျေနပ်၍ ကျောင်းဝင်းအတွင်းမှာ ကျောင်းသား အုံကြွမှု စတင်ခဲ့သည်။ ထိုအချိန်မှာ လုံထိန်းတပ်ဖွဲ့က စက်မှုတက္ကသိုလ်ကျောင်းဝင်းအတွင်းသို့ သေနတ်များဖြင့် ပစ်ခတ်ရာ မောင်ဖုန်းမော်ဆိုသူ ကျောင်းသားတစ်ဦး သေနတ်မှန်သေဆုံးခဲ့ပြီး ကျောင်းသားအများအပြားထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထိုစဉ်အချိန်က မောင်ဖုန်းမော်သေနတ်ဒဏ်ရာဖြင့် သေဆုံးခြင်းကိစ္စကို ကျွန်မအဖို့ သတင်းအဖြစ်မျှသာ ကြားသိခဲ့သည်။ ကိုယ်တိုင် မျက်မြင်မရှိခဲ့။ ထိုစဉ်က ကျွန်မှာ တက္ကသိုလ်ကျောင်းသူမဟုတ်တော့။ ရန်ကုန်ဆေးရုံကြီးမှာ ရောဂါရှာဖွေရေးကျွမ်းကျင်သူအဖြစ် အလုပ်ဝင်ရောက်နေခဲ့ပြီ။ မတ်လ ၁၃ ရက် ညပိုင်းကပင် အင်းစိန်၊ ကြို့ကုန်းရှိ စက်မှုတက္ကသိုလ်ဝင်းမှာ ကျောင်းသားအုံကြွမှု ဖြစ်သည်။ အစိုးရ၏ လုံထိန်းတပ်ဖွဲ့က သေနတ်ဖြင့်ပစ်ခတ်သဖြင့် သေဆုံးသူရှိသလို ဒဏ်ရာရရှိသူတွေ ရှိကြောင်း သတင်းများ ထွက်လာခဲ့သည်။

ကျောင်းသားတစ်ယောက် သေဆုံးသွားသည်ဟူသော သတင်းကြောင့် လွန်ခဲ့သော စက်တင်ဘာ ၅ ရက်က အစိုးရ၏ ငွေစက္ကူများ တရားမဝင်ကြေညာခဲ့သည်ကို မကျေနပ်နေခဲ့ကြသော ပြည်သူများသည် ကျောင်းသားအုံကြွမှုကို အထူးစိတ်ဝင်စားကြသလို မောင်ဖုန်းမော်သေဆုံးခြင်းအတွက်လည်း ထပ်မံ၍ဝမ်းနည်းကြေကွဲဒေါသဖြစ်ခဲ့ကြရပြန်သည်။

နောက်တစ်နေ့ မတ်လ ၁၄ ရက် နံနက်မှာတော့ ကျွန်မသည် အလုပ်တာဝန်ကျရာ ရန်ကုန်ဆေးရုံကြီးဆီသို့ ဝီရိယကောင်းစွာဖြင့် အိမ်မှခပ်စောစောလေး



ထွက်ခဲ့သည်။ ဆေးရုံသို့ရောက်သည်နှင့် ဒဏ်ရာရကျောင်းသားများ၏ သတင်းကိုနားစွင့်သည်။ ရန်ကုန်ဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများအားလုံး မည်သူတစ်ဦးတစ်ယောက်မှမျက်နှာမကောင်း။ ဆေးရုံ၏နေရာတိုင်းမှာ ကျောင်းသားများ၏ ဒဏ်ရာအနာတရသတင်းကို အချင်းချင်းစကားတီး တိုးပြောဆိုနေကြသည်။ ကျွန်မ ကျောင်းသားလူနာများကိုအား ပေးချင်သည်။ ထို့ကြောင့် ကျောင်းသားလူနာများကိုထားရှိရာ ခွဲစိတ်ဆောင်ဆီသို့သွားခဲ့သည်။ ထိုစဉ်က သေနတ်ဒဏ်ရာပြင်းထန်သဖြင့် ဆေးရုံတင်ထားရသူမှာ ကျောင်းသားနှစ်ဦး။ တစ်ဦးက မောင်မြင့်ဦး။ တစ်ဦးမှာမောင်စိုးနိုင်။

ကျွန်မခွဲစိတ်ဆောင်ကို ရောက်ရှိချိန်မှာ မြင်ရသောမြင်ကွင်းကစိတ်မသက်သာစရာ။ နွမ်းခွေဖျော့တော့နေသော ကျောင်းသားလူနာနှစ်ဦးလုံး၏ ခြေထောက်များကို ဆေးရုံခုတင်နှင့်တွဲကာ သံကြိုးကြီးများဖြင့် ချည်နှောင်ထားသည်။ စိတ်ထဲမှာ ထောင်းခနဲဒေါသထွက်မိသည်။ ထို့ကြောင့် အနီးမှအစောင့်ရဲဝန်ထမ်းကို "လူနာတွေကို ဘာကြောင့်သံကြိုးတွေနဲ့ ချည်ထားရတာလဲ။ ဒီလူနာတွေက ထွက်ပြေးနိုင်မှာမို့လို့လား"ဟု ကျွန်မခပ်တင်းတင်း ပြောမိသည်။ ရဲကြီး၏အဖြေမှာ ရှင်းပါသည်။ "အထက်အမိန့်အရပါ"တဲ့။ ကျွန်မပြောသော်လည်း ရဲက ဖြုတ်မပေး။ မည်သို့ဆိုပါစေ။ သေအံ့မူးမူး ကျောင်းသားလူမမာနှစ်ဦးကို လူဆိုးသူခိုးများကဲ့သို့ သံကြိုးဖြင့် ချည်နှောင်ထားခြင်းအတွက် ကျွန်မ၏ မကျေနပ်ချက်ကိုတော့ ဖော်ပြဖြစ်အောင် ဖော်ပြနိုင်ခဲ့သည်။

ထိုနေ့က မောင်မြင့်ဦးမှာ မသက်သာ။ အခြေနေဆိုးသည်။ မောင်စိုးနိုင်ကား ထူထူထောင်ထောင်။ နှစ်ဦးလုံးမှာ မိသားစုမှာဆိုလျှင် ကျွန်မအောက်မှ မောင်လေးနှင့် သက်တူရွယ်တူလေးတွေ။ ကျွန်မက သူတို့ကို မောင်မြင့်ဦး၊ မောင်စိုးနိုင်ဟုသာ ခေါ်ဝေါ်သုံးစွဲသည်။ မောင်မြင့်ဦးက အသည်းမှာသေနတ်ဒဏ်ရာရရှိထားသည်။ မောင်စိုးနိုင်က အူလမ်းကြောင်းမှာ။ ပထမနေ့ရက်များမှာ မောင်မြင့်ဦးက အခြေအနေပိုးဆိုးသည်။ စကားပင်မပြော နိုင်။ မောင်စိုးနိုင်ကား စကားစမြည်ပြောနိုင်သည်။ ငုတ်တုတ်ထိုင်နိုင်သည်။ စက်မှုတက္ကသိုလ်ဝင်းထဲမှာ လွန်ခဲ့သောညပိုင်းကဘာတွေဖြစ်ပျက်ခဲ့သလဲဆိုသည်ကိုကျွန်မတို့မမေးမြန်း။ မမေးချင်။မေးစရာလည်း လိုမည်မထင်။ ၁၉၆၂ ခုနှစ်က ရန်ကုန်တက္ကသိုလ်ဝင်းထဲမှ ကျောင်းသားသမဂ္ဂအဆောင်အအုံကို ဖြိုခွဲခဲ့သည့်နည်းလမ်းအတိုင်းအစိုးရ၏ညှိနှိုင်း ဆောင်ရွက်ရိုး မရှိတတ်သည့် ထုံးတမ်းစဉ်လာအတိုင်းဟုသာ နားလည်ထားသည်။

မောင်မြင့်ဦးနှင့် မောင်စိုးနိုင်တို့နှစ်ဦးဆေးရုံတက်နေစဉ်အတွင်း သူတို့ကိုထားရှိရာ ခွဲစိတ်ဆောင်အခန်းဆီသို့ ကျွန်မရော၊ ကျွန်မ၏ဂျူနီယာ ရောဂါရှာဖွေရေးသင်တန်းသူ၊ သင်တန်းသားလေးများပါ နေ့စဉ်နေ့တိုင်းလိုလိုပင်၊ မနက်တစ်ခေါက်၊ ညနေတစ်ခေါက်မှန်မှန်သွားရောက် အားပေးခဲ့ကြသည်။ မောင်မြင့်ဦးတစ်ယောက် အသည်းထဲမှာ စူးနစ်ဝင်နေသော ကျည်ဆန်ကိုခွဲထုတ်ခဲ့သည်ဟု မှတ်မိသည်။ နောက်ရက်များမှာ မောင်မြင့်ဦးတစ်ယောက် နေသာထိုင်သာရှိလာပြီး သက်သာရာရလာခဲ့သည်။ ထိုအချိန်တွင် မောင်စိုးနိုင်ခမျာမှာတော့ အဖျားတက်လာပြီး အခြေအနေက ပိုမိုဆိုးရွားလာခဲ့သည်။ အဖျားမှာ ၁၀၄–၁၀၅ ဒီဂရီအထိတက်လာပြီး စကားမပြောနိုင်တော့။ သည်အချိန်မှာ ဟင်္သာတမြို့မှ ဖခင်ဖြစ်သူလိုက်လာသည်။ မောင်စိုးနိုင်က အဖေတူသား။ သူ့ဖခင်ကလည်း ဖြူနွဲ့နွဲ့။ ယဉ်ကျေးဖွယ်ရာရှိသူ။ အလွန်အေးချမ်းပြီး စိတ်ထားသဘောထား နူးညံ့သိမ်မွေ့လှသည့် ဟန်ပန်ရှိသည်။

"ဩော်–အဖေလိုက်လာတာလား။ အမေရောမပါဘူးလား"ဟု ကျွန်မကမေးမိသည်။ မောင်စိုးနိုင်၏ ဖခင်က သူ့ဇနီးမှာ မောင်စိုးနိုင်၏အောက်မှ သားသမီးငယ်များ စာမေးပွဲနီးချိန်ဖြစ်၍ မလိုက်လာနိုင်ကြောင်း ပြောပြသည်။ ဖခင်ကြီးမှာ သိမ်မွေ့နူးညံ့လှသူဖြစ်သော်လည်း သားဖြစ်သူ၏ ဆိုးရွားလာသော ကျန်းမာရေးအခြေအနေကြောင့် စိတ်သောကရောက်နေမှန်းတော့ သိသာလှသည်။ ကျွန်မတို့အလုပ်အားလပ်သည့် အချိန်တိုင်း မောင်စိုးနိုင်၏ ဖခင်ကြီးနှင့်အတူတကွ အားပေးနှစ်သိမ့်ရင်း နေပေးခဲ့ကြသည်။

မောင်မြင့်ဦးနှင့် မောင်စိုးနိုင်တို့ ဆေးရုံသို့ရောက်ရှိပြီး ဆယ်ရက်ခန့်အကြာတွင် မောင်မြင့်ဦး၏ ဒဏ်ရာမှာ အတော်ပင်သက်သာလာခဲ့သော်လည်း တစ်ခုသောနံနက်ခင်းအချိန် ကျွန်မဆေးရုံသို့ရောက်လျှင် ရောက်ချင်း ကြားခဲ့ရသည်က မောင်စိုးနိုင်ဆုံးပါးသွားပြီဆိုသည့် သတင်းဖြစ်သည်။ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့ရသည်။ ကျွန်မထက်ငယ်ရွယ်သူ ဂျူနီယာကျောင်းသူကလေးများကတော့ ဆိုဖွယ်မရှိပြီ။ သူတို့ကလေးတွေသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်ကို အားကျခဲ့ကြလေပြီလောမသိ။ နှုတ်ဖျားမှာ မောင်စိုးနိုင်သည် (နိုင်) ဖြစ်ခဲ့ပြီကိုး။

မောင်စိုးနိုင်၏ အသုဘအခမ်းအနားကို အစိုးရ၏ သတ်မှတ်ချက်ဖြင့် နေ့ချင်းပြီးဆောင်ရွက်ခဲ့ကြသည်။ ကျွန်မတို့ လိုက်ပို့ခဲ့ကြသည်။ ထိုနေ့က ဆေးရုံကြီးဝင်းအတွင်းရှိ ဝန်ထမ်းအားလုံးဝမ်းနည်းကြေကွဲမှုဖြင့် တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်ကို ပြောစရာလိုမည်မထင်မိ။ ဆရာဝန်တွေအကြားမှာသော်လည်းကောင်း၊ သူနာပြုများအကြားမှာသော်လည်းကောင်း"မောင်စိုးနိုင်လေးဆုံးသွားပြီ"ဟု စကားတီးတိုးပြောရင်း ဝမ်းနည်းကြေကွဲစွာ တိတ်ဆိတ်ငြိမ်သက်ခဲ့ကြသည်။ အစိုးရကိုကြောက်လည်း အလွန်ကြောက်နေရသေးချိန်မို့လည်း ဝမ်းနည်းကြေကွဲရကြောင်းကိုပင် အချင်းချင်းသာ တီးတိုးပြောနေကြရချိန်လည်း ဖြစ်နေသေးသည်ကိုး။

မောင်စိုးနိုင်၏ အသုဘ အခမ်းအနားကိုပင် လိုက်လံပို့ဆောင်ရဲသူနည်းပါးလှသေးသည်။ ကျွန်မကတော့ လုပ်ဖော်ကိုင်ဘက်ညီမလေးအချို့နှင့်အတူ အသုဘလိုက်ပို့သူများအတွက် စီစဉ်ထားသည့် တစ်စီးတည်းသော ဘတ်စ်ကားပေါ်သို့ တက်ဖြစ်အောင် တက်ခဲ့မိသည်။ မော်တော်ကားထဲမှာ ဆေးကျောင်းသားဟု ယူဆရသူ လူငယ်အချို့။ ဆေးဘက် ပညာသင်ကျောင်းသားအချို့။သူနာပြုငယ်တစ်ယောက်စ၊ နှစ်ယောက်စ။ ရန်ကုန်ဆေးရုံကြီး၏ ရေခဲတိုက်နှင့် ရင်ခွဲရုံအကြားမှာ မောင်စိုးနိုင်၏ ဖခင်ကြီးနှင့် လူငယ်အချို့ရှိနေသည်။ လိုက်ပို့ကြသူအားလုံးအသုဘယာဉ်အပါအဝင်မှ မော်တော်ယာဉ်သုံးစီးမျှသာ။

မောင်စိုးနိုင်၏ နောက်ဆုံးခရီး အသုဘယာဉ်တန်းကလေး ရန်ကုန်မြို့၏ လမ်းမကြီးများကိုဖြတ်သန်း၍ အစိုးရကသင်္ဂြိုဟ်ရန်ခွင့်ပြုသော တာမွေ သင်္ချိုင်းဆီသို့ သွားနေစဉ် ရန်ကုန် မြို့ကြီးသည် အခါတိုင်းပုံမှန်အ ချိန်ထက် တိတ်ဆိတ်နေသည်ဟု ခံစားရသည်။ ကားပေါ်မှာလည်း အသုဘပို့သူအားလုံးလိုလို တိတ်ဆိတ်ငြိမ်သက်လျက်။ မည်သူမှ ငိုလည်းမငို။ စကားလည်း မပြောမိကြ။ ကိုယ့်အတွေးနှင့် ကိုယ်ရှိနေကြမည်တော့ သေချာလှသည်။

**စာမျက်နှာ(၃၂) သို့**

# Hackathon ပြိုင်ပွဲတွင် အကောင်းဆုံး ကဏ္ဍသုံးခုအတွက် Application ရေးဆွဲသူများအား ဆုချီးမြှင့်

**ဆွေမွန်၊ စောပိုင်**
**ရန်ကုန်၊ မတ်-၁၇**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ၄၈ နာရီကြာပြုလုပ်ခဲ့သည့် Hackathon ပြိုင်ပွဲတွင် ပြည်တွင်းရှိ အရေးကြီးသည့် ကဏ္ဍသုံးခုအတွက် Application ရေးဆွဲသည့် အဖွဲ့သုံးဖွဲ့ကို ရွေးချယ်၍ ဆုချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

မတ်လ ၁၅ ရက်နှင့် ၁၆ ရက် နှစ်ရက်ပြုလုပ်သည့် Hackathon ပြိုင်ပွဲတွင် သီးနှံများတွင် ရောဂါဘယနှင့် ပိုးမွှားများ ကျရောက်ခြင်းကို တောင်သူလယ်သမားထံ မိုဘိုင်းနည်းပညာသုံး၍ ကြိုတင်အကြောင်းကြားခြင်းပြဿနာဖြေရှင်းခဲ့သည့် Nilbug အဖွဲ့က ပထမ၊ ရွေးကောက်ပွဲအား ပွင့်လင်းလွတ်လပ်ပြီး မျှတစေရန် နည်းပညာအသုံးပြု၍ ဖြေရှင်းခြင်းဖြင့် Garlic အဖွဲ့က ဒုတိယ၊ အမျိုးသမီးများအတွက် ကျန်းမာရေးဆိုင်ရာများနှင့်သားဆက်ခြားခြင်းများနှင့် ပတ်သက်ပြီး ဗဟုသုတပြန့်ပွားစေရန် အိုင်တီနည်းပညာသုံး၍ ဖြေရှင်းခဲ့သည့် Mind Product အဖွဲ့က တတိယရရှိသွားခဲ့သည်။ ပြဿနာများကို နည်းပညာများဖြင့် အဓိက ဖြေရှင်းရန် Code for Change Myanmar အမည်ဖြင့် Hackathon (စုပေါင်းကုတ်ရေးပွဲ) ကို ကျင်းပခဲ့ခြင်းဖြစ်သည်။

"နောက်လည်း ပြည်သူလူထုအမှန်တကယ်လိုအပ်မယ်ထင်တဲ့ ကိစ္စရပ်၊ ပြဿနာတွေကို မိုဘိုင်းနည်းပညာသုံးပြီး ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ အခုလိုပြိုင်ပွဲတွေကို ဆက်လက်လုပ်စေချင်တယ်"ဟု ပထမဆုရရှိခဲ့သည့် Nilbug အဖွဲ့မှ ကိုကျော်မင်းထွေးက ပြောသည်။

Hackathon ပြိုင်ပွဲကို စိတ်ပါဝင်စားပြီး လာရောက်ဆက်သွယ်သည့် အိုင်တီနည်းပညာရှင်များ စိတ်ဝင်စားသည့် ပြဿနာများအလိုက် လွတ်လပ်စွာ ရွေးချယ်၍ အဖွဲ့များ ခွဲဝေပေးခဲ့ပြီး အဖွဲ့ပေါင်း ၁၇ ဖွဲ့ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့နည်းပညာနယ်ပယ်ပြောင်းလဲတိုးတက်ရေးအဖွဲ့အစည်း(MIDO)မှ စီမံခန့်ခွဲရေးဒါရိုက်တာကိုနေဘုန်းလတ်က ပြောသည်။


fb.com/CodeforChangeMyanmar

အဆိုပါပြိုင်ပွဲတွင် အဖွဲ့ ၁၇ ဖွဲ့ ပြဿနာများဖြစ်သည့် ပြည်တွင်းမှ ရှေးဟောင်း အဆောက်အအုံများထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အိုင်တီနည်းပညာသုံး၍ ဖြေရှင်းခြင်း၊ အရေးကြီးသော ပညာပေးဗီဒီယိုဖိုင်များကို နည်းပညာသုံး၍ မြန်မာနိုင်ငံတွင် အသုံးပြုနေသော ဘာသာစကားဖြင့် ဘာသာပြန်ပေးခြင်းအစရှိသည့် ပြဿနာများလည်း ၄၈ နာရီအတွင်း ဖြေရှင်းနိုင်ရန်ဆောင်ရွက်၍ ပြိုင်ပွဲဝင်ခဲ့ကြသည်။

ပြိုင်ပွဲအတွက် အခက်အခဲများကို NGO အဖွဲ့အစည်းများဖြစ်သည့် MIDO,Proximity Designs, PSI Myanmar, Marie Stopes International နှင့် Yangon Hertiage Trust တို့မှ ပြဿနာရှစ်ခုကို တင်ပြခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် ပြုလုပ်ခဲ့သည့် အဆိုပါ Hackathon ပြိုင်ပွဲကို Internews၊ ကမ္ဘာ့ဘဏ်၊ အူရီးဒူးမြန်မာကုမ္ပဏီနှင့် NGO အဖွဲ့များက ပူးပေါင်းလုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီးပြိုင်ပွဲများကို ရွေးချယ်ရာတွင် အကျိုးသက်ရောက်မှု၊ လက်တွေ့ အသုံးချနိုင်မှု၊ ဆန်းသစ်တီထွင်နိုင်မှု၊ ၄၈ နာရီအတွင်း ပြုလုပ်နိုင်ခြင်း၊ ခေါင်းစဉ်အလိုက်တင်ပြသည့်အတိုင်း ဆောင်ရွက်နိုင်မှုတို့ အပေါ်တွင်အမှတ်ပေးဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

"အူရီးဒူးအနေနဲ့ အခုဆုရရှိသွားတဲ့ အဖွဲ့တွေကို မြန်မာပြည်မှာ တကယ်လိုအပ်နေတဲ့ အချက်တွေမှာ ပါဝင်ကူညီပေးဖို့ ကိုဆောင်ရွက်ပေးမှာပါ။ Application ရေးဆွဲထားတာတွေကိုလည်း လုပ်ငန်းစတင်ချိန်မှာ အသုံးချဖို့ အစီအစဉ်ရှိပါတယ်"ဟု Hackathon ပြိုင်ပွဲစီစဉ်ရာတွင် ပါဝင်သည့် အူရီးဒူးမြန်မာကုမ္ပဏီမှ Chief Marketing Officer မစ္စလော်နာမတ်ဖာဆင်ကပြောသည်။

ပထမဆုရရှိသည့် အဖွဲ့အား ဒေါ်လာ ၁၀၀၀ နှင့် အဖွဲ့ဝင်တစ်ဦးလျှင် Singtech Tablet တစ်လုံး၊ ဒုတိယဆုရသည့်အဖွဲ့အား ဒေါ်လာ ၅၀၀ နှင့် အဖွဲ့ဝင်တစ်ဦးလျှင် Singtech Handset နှင့် တတိယဆုရသည့်အဖွဲ့ ဒေါ်လာ ၂၀၀ နှင့် အဖွဲ့ဝင်တစ်ဦးလျှင် Singtech handset တစ်လုံးချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။



# Tech

## e-yangon စီမံကိန်း ပြည်ပခရီးသွားများပါ အသုံးဝင်ရေး ပုံစံပြောင်းလဲရန် စီစဉ်




**ဆွေမွန်**

**ရန်ကုန်၊ မတ်-၁၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းများ အွန်လိုင်းမှ ဆက်သွယ်လုပ်ဆောင်နိုင်ရန် ပြုလုပ်ထားသည့် e-Yangon စီမံကိန်းကို စီးပွားရေးလုပ်ငန်းရှင်များနှင့် ကမ္ဘာလှည့်ခရီးသည်များအတွက်ပါ အသုံးဝင်နိုင်ရန် ပုံစံတိုးမြှင့်ပြောင်းလဲဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

ဂျပန်နိုင်ငံမှ Divers Institute of Research နှင့် ဂျပန်ကုမ္ပဏီနှစ်ခုတို့၏ အကူအညီဖြင့် e-Yangon ဝက်ဘ်ဆိုက်ကို စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများ၊ ခရီးသွားဧည့်သည်များပါ ပါဝင်လေ့လာ အသုံးပြုနိုင်သည့်ပုံစံပြောင်းလဲတိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် စစ်တမ်းကောက်ခြင်းများကို ဖေဖော်ဝါရီလမှ စတင်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးမင်းဦးက ပြောသည်။

"သူတို့လာလေ့လာပြီး တွေ့တဲ့ Surveyရလဒ်ပေါ်မှာ ရန်ကုန်တိုင်းထဲက ပြည်သူတွေနဲ့ တိုက်ရိုက်ရနိုင်တဲ့ Information တွေရော၊ စီးပွားရေးလုပ်နေတဲ့ ပြည်သူတွေရော နိုင်ငံခြားသားတွေအတွက်ရော ဘယ်လို Information တွေ ပေးနိုင်မလဲဆိုတာတွေ ထပ်လုပ်မှာပါ။ အခုကကျတော့ အစိုးရဌာနတွေရဲ့ Information တွေချည်းပဲ ဖြစ်နေတာ" ဟု ဦးမင်းဦးက ပြောသည်။

စစ်တမ်းကောက်ယူခြင်းကို ဖေဖော်ဝါရီလမှ စတင်၍ နှစ်ကြိမ်ပြုလုပ်ပြီးဖြစ်ရာ နောက်ထပ်တစ်ကြိမ် ထပ်မံပြုလုပ်သွားရန်ရှိပြီး စစ်တမ်းပြုလုပ်ပြီးပါက eYangon လုပ်ဆောင်နေသည့် ပြည်တွင်းမှ အဖွဲ့အစည်းများက ထိုစစ်တမ်းများအရ eYangon ကို ထပ်မံတိုးချဲ့၍ ကြည့်ရှုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လက်ရှိတွင် e-Yangon ဝက်ဘ်ဆိုက်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအစိုးရဌာနပေါင်း ၆၀ ကျော်၏ သတင်းအချက်အလက်များကို အွန်လိုင်းတွင် ကြည့်ရှုနိုင်နေပြီဖြစ်ရာ ထိုအချက်အလက်များ ကိုးကားသုံးစွဲနိုင်ရန် စတင်ဆောင်ရွက်ထားပြီး ဒုတိယအဆင့်အနေဖြင့် အစိုးရဌာနဆိုင်ရာများနှင့် အွန်လိုင်းမှပင် အပြန်အလှန်ချိတ်ဆက်အသုံးပြုနိုင်သည့်စနစ်ကိုပါ ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။

e-Yangon ဝက်ဘ်ဆိုက်ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး www.eyangon.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကာအီးမေးလ်များ ပေးပို့၍ အကြံပြုနိုင်ကြောင်း သတင်းရရှိသည်။




## အိုင်စီတီပြပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ပရောဂျက်များ စုစည်းပြသမည်

**ဆွေမွန်**

**ရန်ကုန်၊ မတ်-၁၅**

၂၀၁၃ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် အိုင်စီတီပြိုင်ပွဲသုံးခုတွင် ယှဉ်ပြိုင်ပြုလုပ်ခဲ့သည့်ပရောဂျက်များစုစည်းပြသမည့် ပြပွဲကို မတ်လ ၂၉ ရက်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၃ ခုနှစ်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် အခြေခံပညာအဆင့် National ICT Award 2013 (Educational Project Competition) ပြိုင်ပွဲ၊ IT Business Plan Contest 2013 ပြိုင်ပွဲ၊ Contest on Technopreneurship 2013 ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ဆုရထားသူများနှင့် ဆန်ခါတင်ရွေးချယ်ထားသူများ၏ ပရောဂျက်များကို စုစည်းပြသမည်ဖြစ်ကြောင်း ယင်းပြပွဲစီစဉ်သည့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

"၂၀၁၃ ခုနှစ်က IT Business Plan Contest 2013 ပြိုင်ပွဲမှာဆုရသွားတဲ့တစ်ယောက်ဆိုရင် အခုဆို မဲခေါင် Business Challenge ပြိုင်ပွဲမှာ သွားပြိုင်နေတာတွေရှိတယ်။ အရင် အဲဒီပြိုင်ပွဲတွေကဆုရထားတဲ့တချို့ Projectတွေဆိုရင် ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေ တွေ့သွားတာမျိုးတွေတောင်ရှိတယ်"ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ပြိုင်ပွဲ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ပြပွဲတွင် ဆုရထားသည့် ပရောဂျက်များနှင့်ဆန်ခါတင်စုစုပေါင်း ၂၂ ခုပြသသွားမည်ဖြစ်ပြီး ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ၌ မတ်လ ၂၉ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၄ ခုနှစ်အတွင်းပြုလုပ်ထားသည့် ပရောဂျက်များကိုလည်းပြိုင်ပွဲပြုလုပ်ရန် မေလဆန်းတွင် ခေါ်ယူသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲများကို ဂျပန်နိုင်ငံမှအဖွဲ့များနှင့်ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ပူးပေါင်းကျင်းပခြင်းဖြစ်သည်။




7DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

# အနန္တောအနန္တဂုဏ် ခြစားသွားကြသည့် ကျောင်းဆရာအချို့အကြောင်း

သင်းရီ




ဆယ်တန်းစာမေးပွဲကာလဖြစ်သည်။

အထက်တန်းကျောင်းစာမေးပွဲဌာနတွေရှေ့မှာ ကျောင်းသား၊ ကျောင်းသူလေးတွေကို စာကျက်ကြရင်းတန်းလန်းမြင်နေရတတ်သည်။ စာအုပ်နှင့်မျက်နှာမခွာတမ်းကျက်ကြရတုန်း။ သူတို့လေးတွေကိုမြင်တော့ ကိုယ်တို့ငယ်ဘဝကိုပြန်သတိရသည်။ ကိုယ်တို့ငယ်စဉ်ကလည်းထိုနည်းလည်းကောင်းဟုဆိုရမည် ထင်သည်။

ရာသီဥတုက မနက်စောစောဆိုလျှင် အတန်ငယ်အေးသလိုထင်ရပေမယ့် နေမြင့်လာသည်နှင့် အပူဓာတ်ကမြင့်လာတတ်သည်။ ထို့ကြောင့် နေ့ပူလို့ညချမ်းတပေါင်းလသရမ်းဟု ရှေးလူကြီးတွေကဆိုစမှတ်ပြုကြခြင်းဖြစ်၏။ သည်ကာလရောက်ပြီဆိုတပို့တွဲနှောင်းကတည်းက အရွက်ခြွေနှင့်ထားသည့် ကုက္ကိုပင်တွေက မြစိမ်းနုကမ္ဘလာကိုခြုံခဲ့ကြပြီးပြီမို့ ကျောင်းသို့သွားရာလမ်းမကြီးက ကုက္ကိုအရိပ်တန်းအောက်မှာနံနက်နေထန်းတစ်ဖျားမရောက်သေးခင်မို့ အေးမြနေတတ်သည်။ တစ်ခါတစ်ရံကုက္ကိုရွက်ဝါအကြွင်းအကျန်လေးတစ်ရွက်တလေများလေမှာဝဲလာလျှင် လွယ်အိတ်ကိုပခုံးမှာမြဲအောင်ချိတ်ပြီးမိအောင်ဖမ်းရသည်။ အဲသည့်ရွက်ဝါလေးကို လက်ထဲမှာ မိလိုက်ပြီဆိုသည်ကနေ့ဖြေရမည့် ဘာသာ ရှောရှောရှူရှူ ဖြေနိုင်မည်ဟုနိမိတ်ကောက်မိကြရသည်လည်းအမော။ တချို့က တော့လည်းအင်္ကျီရင်ဘတ်မှာ၊ ဆံထုံးရင်းမှာ အောင်သပြေခက်ကလေးတွေထိုးလိုက်ကြလို့ . . .။ မိဘတွေကလည်း သည်လိုစာမေးပွဲရက်ထဲမှာဆို မတတ်နိုင်တာ တတ်နိုင်တာထားစာမေးပွဲဖြေမည့်သားသမီးလေးတွေကိုကောင်းနိုးရာရာစားသောက်စရာ ဖွယ်ဖွယ်ရာရာလေးတွေ ချက်ပြုတ်ကျွေးမွေးတတ်ကြသေးသည်။ တချို့တလေအယုံအကြည်ရှိသူတွေများကျတော့လည်းဓာတ်နက္ခတ်ဗေဒင်ဆရာတွေဆီသွားကြ၊ ယတြာအဆောင်တွေဘာတွေလုပ်ကြနှင့် သည်ရက်ထဲမှာဆိုတန္တရမန္တရဆရာတွေလည်းအလုပ်ဖြစ်ကြ၏။ တချို့မိဘတွေဆို ကိုယ့်သားကိုယ့်သမီးလေးတွေအတွက် ကိုယ်တိုင်လိုက်ပြီးအသက်သတ်လွတ်စားကြရ၊ စိတ်ပုတီးနှင့် အဓိဋ္ဌာန်ဝင်ကြရအလုပ်တွေပင်ရှုပ်ကြလို့။

မိဘတွေတွင်လားဆိုတော့လည်းမဟုတ်။ ဆရာ၊ ဆရာမတွေကလည်း တပည့်တွေ အတွက် အပူအပင်မကင်းကြ။ မနက်ပိုင်းစာမေးပွဲအပြီး နေ့လယ် ပိုင်းဆို တပည့်တွေကိုအိမ်ခေါ်ပြီးအနီးကပ်မှရသည့် စပေါ့လေးတွေဘာလေးတွေကိုသင်ကြသေးသည်။ ညတိုင်ဆိုလည်း အငြိမ်မနေကြ။ ခပ်ညံ့ညံ့ရှိသည့် ဟိုတပည့် သည်တပည့်တွေအိမ်ရှေ့လျှောက်ပြီး စာကျက်သံနား စွင့်ကြရတာလည်းမမောနိုင်မပန်းနိုင်။

အဲဒါ ကျွန်တော်တို့ငယ်စဉ်ကာလ လွန်ခဲ့သည့်အနှစ် ၄၀ ကျော်က။ သည်တုန်းက ယခုလိုလည်းကျူရှင်တွေမပေါ်သေး။ လစာလိုချင်ရုံသက်သက် ကျောင်းဆရာဝင်လုပ်ကြသည့် ခေတ်မျိုးလည်း မဟုတ်သေး။ ကျောင်းမှာကောင်းကောင်းမသင်ဘဲ ကိုယ့်ကျူရှင်ကျမှ ကျူရှင်လခမြိုးမြိုးမြက်မြက်တောင်းတတ်သည့်ခေတ်မျိုးလည်းမဟုတ်သေး။ ဆရာ၊ ဆရာမတွေက ခပ်ညံ့ညံ့တပည့်တွေဆိုအိမ်ခေါ်ပြီး ထမင်းပါကျွေးသင်ပေးသည့်ခေတ်။

သို့မို့ကြောင့် ညအိပ်ရာဝင်တိုင်းဆို ငယ်ငယ်က ပညာသင်ကြားပေးခဲ့ကြသည့် ကိုယ့်ဆရာတွေကို ရှိခိုးဦးချကန်တော့ပြီးအိပ်ရမှ ကျွန်တော်ဖြင့်အိပ်လို့ပျော်သည်။

အခုတော့ အဲသည်ခေတ်က ပုံပြင်ဖြစ်သွားပြီ။ ကျောင်းဆရာအများစုကြီးကတော့ နာသုံးနာလည်းပျောက်ခြင်းမလှပျောက်ကြလျက် အာစရိယဂုဏ်ကို ဖျာပုံထည်လို လမ်းဘေးမှာပုံရောင်းလုပ်စားကြသည့်ခေတ်သို့ရောက်လာခဲ့လေပြီဟု ကျွန်တော်ဆိုချင်နေမိသည်။

ကျောင်းဆရာတိုင်းကိုတော့ဖြင့် ဝါးလုံးရှည်ဖြင့် သိမ်းမယမ်းလို့။ ဆရာတော်ဆရာကောင်းတွေရှိနေကြဦးမည်ပင်။ သို့သော်ရှိတော့ရှိတယ်။ ရှားတယ်ဆိုသလိုတော့ဖြစ်မည်ထင်၏။ တကယ်တော့ ကျောင်းဆရာတွေကိုချည်းအပြစ်တင်နေမိတာကလည်း မဟုတ်သေးပြန်။ ဖြတ်ခဲ့ရပြီးသောခေတ်ကြီးကိုက အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစားဆိုသည့်ခေတ်မျိုးပင်မဟုတ်တော့ဘဲ အမြီးနဲ့ခေါင်း ကျက်ကျက်၊ မကျက်ကျက် အလယ်သားကိုမှရွေးဝါးတတ်သော ရှေ့ဆောင်နွားလား ကောက်ကောက်သွားခဲ့သည့်ခေတ်ပျက်ကြီးဖြစ်ခဲ့ ပေသည်ကိုး။ သည်တော့လည်း ပျက်ကြပြီဟေ့ဆိုမှတော့ အဲ့သည်ခေတ်ကြီးထဲမှာ အပြိုင်အဆိုင်သူ့ထက်ငါနောက်မကျစတမ်းငါးပါးမက သံဃာစင်ပါမှောက်အောင် ပျက်လာခဲ့ကြသည်ပဲ။

မည်သို့ဆိုစေ 'ဆရာ'ဆိုသည်ကတော့ အနန္တောအနန္တငါးပါးထဲတွင်ဘုရားနှင့်တစ်ဂိုဏ်းတည်းပြထားသည်မို့ နည်းနည်းတော့ဖြင့် ကိုယ့်ဂုဏ်ကိုယ်ထောက်ထားကာ ဆင်ခြင်ကြဖို့ကောင်းသည်ထင်၏။

သင်ယူနေကြရသည့်ကလေးတွေဆိုသည်ကတော့ ဘဝတစ်ခုလုံးကိုအဆုံးအဖြတ်ပေးမည့် သည်ပညာရေးကအသက်တမျှအရေးတကြီးတန်ဖိုးထားနေကြသည်ပဲ။ သည် ၁၀ တန်းလေးမှမအောင်လျှင် လူဖြစ်နိုင်ဖို့ဆိုသည်က အတော်ကြီးကိုအလှမ်းဝေးသည်လေ။ ဆယ်တန်းအောင်သည်ဆိုရာ၌ပင်အောင်ရုံမျှအမှတ်ကလေးနှင့် လူစဉ်မီနိုင်သည်မဟုတ်လေ တော့ အမှတ်ကောင်းကောင်းရဖို့ ကလည်း သေရေးရှင်ရေးကိစ္စ ဖြစ်နေပြန်သေးသည်။ အမှတ်ကောင်းမှ လိုင်းကောင်းရမည့် ပညာရေးစနစ်မျိုးကြီးပေကိုး။

သည်တော့လည်း ကိုယ့်အတန်းပိုင်က သူ့ကျူရှင်မတက်လို့ပြုစုသည်ဆိုပြန်တော့ မိဘမှာရှိသည်မရှိသည်အပထား၊ ဘယ်လောက်ပဲကျူရှင်လခတောင်းတောင်း ပေးပြီးတက်ကြရစမြဲ။

စာမေးပွဲနီးလာပြီဆိုလျှင်တော့ အောင်စာရင်း၏ဟိုဘက်ကမ်းရေအဆန်ကို ဟန်ကျပန်ကျရောက်နိုင်ဖို့အတွက် ဆရာကိုမျှမကမြင်လေရာကောက်ရိုးမျှင်ကိုပင်ဆွဲမိကြတော့သည်ဆိုသလိုမျိုး နတ်ကိုးရ၊ ဗေဒင်မေးရ၊ ယတြာလုပ်ရ . . .။ ပျာယာပင်ခတ်ကြလို့။

သည်နှစ်စာမေးပွဲစသည့်မတ်လ ၁၂ ရက်နေ့တုန်းက 7 Day နေ့စဉ်သတင်းစာမျက်နှာဖုံးပေါ်တွင် ဓာတ်ပုံတစ်ပုံတွေ့လိုက်ရသည်။ မြင်မြင်ချင်းတော့ဖြင့် တောင်ပြုံးပွဲနတ်နန်းလားထင်မိရသည်။ ပုံစာကိုဖတ်တော့မှ ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်တွင်ရှိသော လောကပါလမယ်တော်၏ နတ်နန်းတွင် ဆယ်တန်းဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူလေးတွေ စာမေးပွဲကို အမှတ်ကောင်းကောင်းနှင့်အောင်ပါစေကြောင်း လာရောက်ဆုတောင်းကြရင်းနှင့် တင်မြှောက်ပသထားသည့် အုန်းငှက်ပျောပွဲတွေတဲ့။ နတ်နန်းတစ်ခုလုံး ကျပ်ခဲလို့။

ကျွန်တော်ဖြင့် အံ့သြမနေတော့။ လွန်ခဲ့သည့်အနှစ် ၄၀ ကျွန်တော်တို့ခေတ်တုန်းကလည်း သည်အတိုင်းပင် ဘုရားရှိခိုး နတ်ကိုးနှင့်ယတြာအောင်ပန်းအမျိုးမျိုးလည်း ထိုးခဲ့ကြရသည်ပဲ။

သည်ရက်ထဲမှာပင် ဖတ်ရသည့်နောက်စာမေးပွဲသတင်းတစ်ပုဒ်ကတော့ဖြင့် ရင်ထဲမှာအတော်မကောင်းဖြစ်လိုက်ရသည်။ စာမေးပွဲအောင်မြင်ရန်အတွက် ကျောင်းအုပ်ဆရာကြီးဦးဆောင်ကာ ကိုးနဝင်းဆရာတော်ထံတွင် သိဒ္ဓိတင်ပြီး သံလွင်မြစ်ကိုဖြတ်၍ပြန်လာသော ကရင် ပြည်နယ်လှိုင်းဘွဲမြို့အပိုင်ကိုမောင်ရွာမှ ကျောင်းသား၊ ကျောင်းသူ ၁၄ ယောက်ပါသည့်စက်လှေတစ်စင်းမြစ်ထဲတွင် နစ်မြုပ်သွားပြီး အလယ်တန်းပြဆရာမလေးတစ်ယောက် ရေနစ်ပျောက်ဆုံးနေသည်တဲ့။ ထိုဆရာမလေးကိုလိုက်ဆယ်ကြသည့် ကျောင်းသားနှစ်ဦးကိုလည်း ဆေးရုံတင်ကုသနေရသည်တဲ့။

တပည့်တွေအပေါ် စေတနာအနန္တဖြင့် အထက်လမ်းရော၊ ဘုရားကုရောဆိုသလို ကြိုးစားပေးခဲ့ရှာသည့် ဆရာမလေးအတွက် စိတ်မကောင်းဖြစ်မိရသည်။ အတူသွားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူလေးတွေအဖို့တော့ သူတို့ဆရာမလေးအတွက် အဘယ်မျှစိတ်မကောင်းဖြစ်ကြလေမည်မသိတော့။ ကျောင်းသား၊ ကျောင်းသူလေးတွေ စာမေးပွဲကိုမှစိတ်ဖြောင့်ဖြောင့်ဖြေနိုင်ကြပါလေမည်လားမသိ။ ဖြေနိုင်ကြပါစေဟုပဲဆုတောင်းပေးရသည်။ သည်စာမေးပွဲက သူတို့လေးတွေ၏ဘဝပင်မဟုတ်ပါလား။

ကလေးတွေအတွက် အသက်ပေးသွားခဲ့ရရှာသည့် ဆရာမလေးအကြောင်းကိုတွေးရင်းမှပင် စာမေးပွဲအောင်စာရင်းတွေထွက်ခါနီးတိုင်း ကိုယ့်တပည့်ရင်းကျောင်းသား၊ ကျောင်းသူလေးတွေအပေါ် မိုက်မိုက်ရိုင်းရိုင်း ရက်ရက်စက်စက်လုပ်စားနေကြသည့် အထက်တန်းပြကျောင်းဆရာအချို့အကြောင်းလွန်ခဲ့သည့်နှစ်ကတည်းက ကြားခဲ့ရသေးသည်ကို သတိရလိုက်မိရသည်။

သည်ဆရာမျိုးတွေက ဆရာဝါးလည်းဝကြပြီဆိုသည့် ဆရာမျိုးတွေဖြစ်၏။ ဆရာဝါးဝသည်ဆိုရာ၌ သင်သည့်ပြသည့်နေရာတွင်ပိုတော်လာ ပိုတတ်လာခဲ့သည်မျိုးမဟုတ်။ လုပ်စားသည့်နေရာတွင်သာ တေဒဂ်ရလာကြခြင်းဖြစ်၏။ လုပ်စားသည်ဆိုရာ၌လည်း သင်ရေးပြရေးတွင်သာလုပ်စားသည်မဟုတ်ပြန်။ ဆရာမိဘအသင်း ရန်ပုံငွေကို ဝိုက်လိုက်ရမည်လား၊ အဆောက်အအုံပရိဘောဂစသည့်ပြုပြင်ထိန်းသိမ်းခငွေထဲက ရိတ်လိုက်ရမလား အကုန်ကျွမ်းကုန်ကြပြီဆိုသည့် ကျောင်းဆရာမျိုးတွေဖြစ်သည်။

အထက်တန်းပြဆိုတော့ ၈တန်း၊ ၉တန်း၊ ၁၀ တန်း ကျူရှင်တွေကိုလည်း မိုးကြိုးပစ်လွတ်အောင်ဖွင့်ကြသည်။ သူတို့ကျူရှင်တက်မှ သူတို့ကြည်ဖြူမှုရကြမည်ဖြစ်တော့ ကျောင်းသားအများစုကလည်း မဖြစ်မနေပင် ကြိုးစားပြီးတက်ကြရသည်။ ကျူရှင်လခကလည်းသည်ခေတ်ထုံးစံအတိုင်းနည်းနည်းမဟုတ်။ မနည်းလည်းမတတ်နိုင်။ မတက်၍မှမဖြစ်တော့တက်ကြရသည်ပ။

**အချပ်ပို(A4) သို့**

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014



# မင်းဒင်ရဲ့ သက်ခိုင် (၂)

■ မင်းဒင်

(ယခင်အပတ်မှအဆက် . . . )

**အခန်း(၂၁)**

ဗမာပီပီ နဂါးနီတန်ခိုးနဲ့ မြေလျှိုးပါလို့ မိုးပျံချင်သည်။

၂၀၁၄ ခုနှစ် မတ်လ။

ဤရက်ပိုင်းများသည် ဖူးခက်ဒေသခံ ထိုင်းလူမျိုးတို့အတွက် သူတို့အရပ်၊ သူတို့တိုင်းဌာနီမို့ သာမန်နေ့ရက်များဖြစ်လင့်ကစား ကျွန်တော်နှင့် ကိုသက်ခိုင်တို့အတွက်ကား ပျင်းရိဖွယ်ခြောက်ကပ်ကပ်နိုင်လှသော ကာလများပေတည်း။ ထို့ပြင်တဝပြဿနာပေါင်းသောင်းခြောက်ထောင်သည် မဟာမိတ်တပ်ချီကာ ရောက်လာသောနေ့ရက်များဟုလည်းဆိုနိုင်သည်။ စင်စစ် ကိုသက်ခိုင်သည် အရှုပ်အထွေးများနှင့် ပျော်မွေ့ခဲ့သူဖြစ်၍ ပြဿနာတော်တော်များများမှာ ကိုသက်ခိုင်၏ စိတ်အားညစ်ညှုးအောင် မစွမ်းနိုင်သော်ငြား ဤရက်များကိုမူ ခြွင်းချက်အဖြစ် ထားသင့်သည်ဟု ကျွန်တော်ထင်မိသည်။

လွန်ခဲ့သော ငါးရက်ခန့်က ကိုသက်ခိုင်၏ မိတ်ဆွေရင်းချာတစ်ဦး ရန်ကုန်မှ ရေးကြီးသုတ်ပျာ ဖုန်းဆက်လာသည်။ သူ့ညီအစ်ကိုတော်တစ်ယောက် ဘန်ကောက်လေဆိပ်မှာ ရဲနှင့်ပြဿနာတက်နေသောကြောင့် ကူညီဖြေရှင်းပေးရန်ဖြစ်၏။ ဘေးမှာ နားထောင်ရသော ကျွန်တော့်အဖို့ ရင်ထိတ်စရာဖြစ်သော်ငြား ကိုသက်ခိုင်ကမူ လေသံခပ်အေးအေးဖြင့် သာအောက်ပါမှတ်ချက်ကို ပြုသည်။

"သူ့အလိုလို ပြီးသွားမယ့်ကိစ္စပါဗျာ။ ဗမာလူမျိုးထုံးစံပူပင်နေရမှ ကျေနပ်နေတတ်တဲ့ အကျင့်ထင်ပါရဲ့"

"ခင်ဗျားအထင်က သိပ်ပြီး စလွယ်နိုင်မနေဘူးလားဗျာ။ လေဆိပ်မှာ ပြဿနာတက်တာမို့ ပေါ့သေးသေးတော့ ဟုတ်ဟန်မတူဘူး"

"မဟုတ်ဘူး ကိုမင်းဒင်။ လေဆိပ်မှာမို့ ပြဿနာက စိုးရိမ်စရာမရှိတာ"

"အသေးစိတ်ရှင်းစမ်းပါဦးဗျာ။ ဘေးကနေ ကြားရတဲ့လူတောင် ရင်ပူတယ်။ ဘယ်လိုပြဿနာများပါလိမ့်"

"ပြဿနာအစက (MAI Air line) မှာ Check in လုပ်တုန်း အဝတ်သေတ္တာပေါင်ပိုတဲ့ ကိစ္စက အစပြုတယ်ဆိုပါတော့။ ကျွန်တော်တို့ ရွှေဗမာကထုံးစံအတိုင်း ဒေါသအလျောက်ကောင်တာပေါ်က ကတ်ကြေးကိုကောက်ကိုင်ပြီး အပြောအဆို မချေငံတဲ့ အဲဒီလေကြောင်းလိုင်းအရာရှိကို ချဲလင့်တောင်းရာက လေဆိပ်ရဲကို ခေါ်ရတဲ့အထိ ကြီးသွားတဲ့ ပြဿနာပါပဲ။ အမှန်တော့ဗျာ။ ဒီလိုကိစ္စမျိုးဟာ သုဝဏ္ဏဘူမိလို နိုင်ငံတကာလေဆိပ်မှာ တယ်ပြီး ဆန်းလှတာမဟုတ်ပေမယ့် ခရီးသည်ဟာ ဗမာဖြစ်နေတာကြောင့် ပြဿနာက ပိုကြီးသွားတယ်ထင်ပါရဲ့"

"ဗမာဖြစ်နေတာနဲ့ အပြစ်က ပိုကြီးသွားသတဲ့လား"

"အကျယ်သာချဲ့ရရင် ပြောမဆုံးပေါင် တောသုံးထောင်ပဲဗျာ။ အခု ပြဿနာဖြစ်တဲ့ မောင်နဲ့ ကျွန်တော် ရင်းရင်းနှီးနှီးသိပါတယ်။ သူ့ဘက်က မှန်တယ်လို့လည်း ကျွန်တော်ဖွတ်မပြောချင်ပါဘူး။ တစ်ခု သေချာတာက ဘယ်လောက်ယဉ်ကျေးပါတယ်၊ ပညာတတ်ပါတယ်ဆိုတဲ့ ထိုင်းအရာရှိဖြစ်ပါစေ ဗမာဆိုရင် ပန်းရန်၊ အိမ်ဖော်တွေလို့သာ အရိုးစွဲထင်မြင်နေကြတုန်းကိုး။ ရာဇဝင်ထဲက ရန်ငြွေးဟာ ထိုင်းလူမျိုးတွေရဲ့ အတွင်းစိတ်မှာ အခုထက်ထိ ပြေပျောက်ဟန်မတူသေးဘူး။ ဗမာလူမျိုးနဲ့ပတ်သက်တဲ့ ပြစ်မှုတစ်စုံတစ်ရာကို ကောက်ချက်ဆွဲရာမှာ နင်မဟုတ်ရင် နင့်အဖေဆိုတဲ့ ယုတ္တိနည်းကို သုံးနေကြတုန်းဗျ။ သက်သေအခိုင်အမာပြရရင် တော်ဝင်ထိုင်းဘုရင်ကြီး နရစွမ်အကြောင်း ရိုက်ထားတဲ့ ရုပ်ရှင်မှာ စပွန်ဆာပေးတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီအမည်စာရင်းတွေကိုသာ ကြည့်ပေတော့ဗျာ။ ပြဿနာဖြစ်ချင်တော့ အခုလေဆိပ်က ထိုင်းတွေ ပြဿနာရှာလိုက်တဲ့ ဗမာဟာ နိုင်ငံတကာအတွေ့အကြုံရှိတဲ့ ဗမာလူလည်၊ လူချမ်းသာဖြစ်နေတာကြောင့်ပဲ"

"ကိုယ့်ဆရာ ကိုယ့်အတွေးနဲ့ကိုယ်တော့ ဟုတ်ပါပြီ။ လွယ်လွယ်မပြီးရင် ဘယ့်နှယ်လုပ်ပါ့မလဲဗျာ"

"အဲဒါ ဘာခက်သတုံးဗျာ။ ဘန်ကောက်လေဆိပ် လုဝင်မှုကြီးကြပ်ရေးမှာ ကျွန်တော့်လူရင်း ထိုင်းရဲဗိုလ်ချုပ်တစ်ယောက် ရှိလေရဲ့။ ဖုန်းတစ်ချက်ဆက်လိုက်ရုံပါပဲ။ ဒီဗိုလ်ချုပ်နဲ့ကျွန်တော်ဟာ ရိုးရိုးသာမန် မျက်မှန်းတန်းမိတဲ့ အဆင့် မဟုတ်ဘူး။ ဗမာပြည်ထွက် ကျောက်မျက်တွေ လက်ဆောင်ပေးထားဖူးတဲ့အထိ ရင်းနှီးနေတာ။ ထိုင်းနိုင်ငံ ဘယ်ဒေသမှာမဆို ပြဿနာကြုံရင် အချိန်မရွေး ဖုန်းလှမ်းဆက်လှည့်ပါဆိုပြီး ကတိပေးထားဖူးတဲ့သူ။ ကျွန်တော် တစ်ခါမှ အကူအညီမတောင်းဖူးသေးဘူး။ ကြုံဖန်မပူပါလေနဲ့။ ခင်ဗျား တစ်ခု သတိပြုဖို့က ဘယ်ပြဿနာမဆို၊ အထူးသဖြင့် ထိုင်းမှာ ပြဿနာတစ်စုံတစ်ရာကြုံရင် အပူလွန်ပြီး ဗျာမများလေနဲ့။ ဗျာများလေ ငွေကုန်လေ။ ခင်ဗျား စောင့်သာကြည့် အလိုလိုပြီးသွားမှာ သေချာသလောက် ရှိတယ်။ ဘယ့်နှယ် လူကို အန္တရာယ်ပြုနိုင်တဲ့ ကတ်ကြေးက ကောင်တာပေါ်ရောက်နေရသတုံး။ ဒီသတင်းမျိုးသာ မီဒီယာပေါ်တက်သွားရင် လေကြောင်းလိုင်းပါ နာမည်ပျက်မယ့်ကိန်းပါဗျာ"

ပြဿနာတို့သည် အဖော်အပေါင်းနှင့် လာတတ်၏ဟူသော ဆိုရိုးသည် မှန်ဖွယ်ရှိသည်။ ဆက်တိုက်ကြုံရသော အခြင်းအရာမှာ ကျွန်တော့်ဈေးဆိုင်ကို ထိုင်းရဲဝင်ဖမ်းသည့် ပြဿနာပေတည်း။ ထုံးစံအတိုင်း အဆိုပါပြဿနာကို ကိုသက်ခိုင်ကပင် သူ့အသိ ထိုင်းရဲဗိုလ်မှူးတစ်ဦးနှင့် ချိတ်ဆက်ပေးလျက် ဝင်ရောက်ရှင်းလင်းပေးခဲ့သော်ငြားသူ့မျက်နှာသွင်ပြင်သည် တစ်စုံတစ်ခုကို မကျေမချမ်းဖြစ်နေမှန်း သိသာလှသောကြောင့် ကျွန်တော်ကပင် လေပြေထိုးလိုက်ရသည်။

"ထိုင်းဘတ်တစ်သောင်းခွဲလောက်ကုန်တာ ကျွန်တော့်အတွက် မထောင်းတာလှပါဘူး။ ခင်ဗျားမျက်နှာကြည့်ရတာ ကျွန်တော့်စိတ်မှာ မသက်သာလှတာတော့ အမှန်ပဲဗျာ"

"နေဦးဗျာ။ အခု ကြားဝင်ဖြေရှင်းပေးတဲ့ ထိုင်းရဲဗိုလ်မှူးကို ကျွန်တော်သိပ်မသင်္ကာလှဘူး။ ဖူးခက်မှာ ကျွန်တော့်အသိရဲတွေ မှိုလိုပေါက်နေတဲ့ကြားက ခင်ဗျားဆိုင်ကို ဝင်ဖမ်းတယ်။ ခင်ဗျားနဲ့ ကျွန်တော် မိတ်ဆွေရင်းဆိုတာ ဒီကောင်တွေ သိပြီးသား။ အခုလာဖမ်းတာ ဖူးခက်နယ်ခံရဲမဟုတ်ဘဲ ဆူရတ်ဌာနီက ရဲတဲ့။ လက်ရှိထိုင်းနိုင်ငံရေး အကျပ်အတည်းကြောင့် ဒီကောင်တွေအနေအစားကျပ်နေပုံရတယ်။ ခင်ဗျားကြားမိလား။ ဆူရတ်ဌာနီက ရဲဆိုတဲ့မောင်က ကျွန်တော့်ကို တွေ့တွေ့ချင်း "ဩော်..အစ်ကိုကြီးဂျွန်ပါလား" တဲ့။ ဒီကောင် ကျွန်တော့်ကို သိနေတယ်။ သိမှာပေါ့။ သူဟာပြဿနာကို ကြားဝင်ရှင်းပေးတဲ့ ရဲဗိုလ်မှူးရဲ့ တပည့်အရင်းပဲ။ ကျွန်တော်အမှတ်မမှားဘူးဆိုရင် ဒီလူဟာ ပါတောင်ကုန်းအတက် သေနတ်ပစ်ကွင်းမှာ လေ့ကျင့်ရေးတာဝန်ယူထားတဲ့ ရဲတပ်ကြပ်ပါပဲ။ ကျွန်တော့်လို လူလည်နဲ့ ပတ်သက်တဲ့ဆိုင်ကို ခွင်ဆင်ပြီး ငွေဖန်တာ အံ့သြလွန်းလို့ပါဗျာ။ ဗမာမှန်ရင် ငတုံးတွေချည်း ထင်နေလေရော့သလား"

"ခင်ဗျားပြောခါမှ ကျွန်တော်လည်း သံသယဝင်လာတယ်။ ဒီလူတွေ ခင်ဗျားကို ဆက်ဆံတာ ရိုကျိုးလွန်းနေတာကို သတိတော့ ပြုမိသလိုပဲဗျာ"

"ထားလိုက်ပါဗျာ။ ထိုင်းဟာ ထိုင်းပါပဲ။ ရဲဟာ ရဲပါပဲ"

တစ်ချိန်တည်းတွင် ကိုသက်ခိုင်သည် အကြံပေးအဖြစ် သူလုပ်ကိုင်နေသော ရန်ကုန်မြို့၏ ရေမစီမံကိန်းကြီးတစ်ခုအတွက်လည်း အာရုံထွေပြားနေဟန်ရှိသည်။ သူအာရုံများလာသည့်အခါ..

"လာဗျာ။ ပန်းခြံထဲမှာ ကိုယ်လက်လှုပ်ရှား၊ လမ်းလျှောက်ရင်း အာချောင်ကြတာပေါ့" ဟု အဖော်စပ်လေ့ရှိသည်။ နှစ်ဦးအခါကမူ ယခုကဲ့သို့ စိတ်လက်မအီမသာသည့်အချိန်များတွင် ချောင်ကျသော စားသောက်ဆိုင်တစ်ခုခုမှာ သူ့နောက်တော်ပါများနှင့် အရက်ဝိုင်းဖွဲ့ကာ အချိန်ကုန်လေ့ရှိသည်ဟု ဆိုပါ၏။ ယခုသော် အချိန်ကာလများနှင့် အတွေ့အကြုံ၊ အသက်အရွယ်တို့သည် သူ့ကိုပုံပြောင်လိုက်ဟန်ရှိ၏။ ဖူးခက်မြို့၏ အထင်ကရ ထိုင်းဘုရင့်တော်ဝင်ပန်းခြံအဝင်ဝသို့ ကျွန်တော်တို့ရောက်ချိန်တွင် နေအတော်စောင်းခဲ့ပြီ။ ပန်းခြံတွင်းသို့ ရောက်ရန် အတန်ငယ်ရှည်လျားသော ကွန်ကရစ်ချောင်းကူးတံတားကြီးတစ်ခုကို ဖြတ်ကျော်ကြရသည်။ ထိုတံတားကြီး၏ အလယ်သို့အရောက် ကိုသက်ခိုင်နှုတ်မှ အသံထွက်လာသည်။

"တော်တော့်ကို စိတ်ပျက်စရာကောင်းတယ်ဗျာ"

အရင်းမရှိ၊ အဖျားမရှိ ကောက်ကာငင်ကာ ညည်းညူလိုက်သော ကိုသက်ခိုင်အသံကြောင့် စူးစမ်းသောအဓိပ္ပာယ်ပါသည့် ကျွန်တော့်မျက်လုံးအစုံသည် သူ့မျက်နှာဆီသို့ ဖျတ်ခနဲရောက်သွား၏။

"ဘာဖြစ်ရပြန်တာတုံး ကိုယ့်ဆရာ။ ခင်ဗျားလို အတွေ့အကြုံစုံလှချည်ရဲ့ဆိုတဲ့လူက ညည်းနေတော့ ကျွန်တော်တို့လိုလူက ဘယ်သွားနေရမတုံး"

"ညည်းတာဆန်းသလားဗျာ။ ကျွန်တော်ကြားဖူးတဲ့ ခမ္မတေးတစ်ပုဒ်မှာဆို သုံးလောကထွတ်ထား၊ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်တောင် စိတ်ပျက်ဖူးသတဲ့"

"လာပြန်ပြီ။ ပေါက်ပေါက်ရှာရှာ။ ဘယ်သီချင်းပါလိမ့်။ လုပ်စမ်းပါဦး"

"ဩော်.. ကျွန်တော်မှတ်မိသလောက်တော့ 'ဗဟာဗောဓိပင်နဲ့ တစ်လံကွာပါသည်။ စကြဝဠာငြိမ်သက်၍ လုံ့လဥဿဟအစုံအညီ ဗောဓိပင်ရွှေပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ ခွေနေတော်မူလေသည်။ ဗောဓိပင်ရွှေပလ္လင်ကြီးကို အောင်သော် သတ္တဝါအများ ချွတ်လို့ကျွတ်နိုင်ပါ့မလားရယ်လို့ အားတော်ငယ်ရှာသော်..' တဲ့ဗျာ။ ကျွန်တော့်လို ဖွတ်ကြားစိတ်များတာ ဘာဆန်းသတုံး"

"ကဲပါဗျာ။ ခင်ဗျားကို ကျွန်တော် စကားနိုင်မလုတော့ပါဘူး။ ခင်ဗျားစိတ်ပျက်တာ ထိုင်းရဲတွေကိစ္စများလား"

"အေးဗျာ။ ထိုင်းပုလိပ်တွေကိစ္စကနေ ကျွန်တော်တို့ဗမာပြည်ဒီမိုကရေစီခေတ်မှာ ပြောင်းနေကြတဲ့ လုပ်နည်းလုပ်ဟန်ကို ချိတ်ဆက်စဉ်းစားမိလို့ဗျ။ ကျွန်တော်အခုအကြံပေးလုပ်နေတဲ့ မဟာစီမံကိန်းကြီးမှာပေါ့။ ဗမာပြည်က လုပ်ငန်းရှင်တွေကလည်း ငွေရှိရင် ဘယ်အရာမဆိုပြီးတယ်ထင်နေကြတုန်း။ ဗမာပြည်ဘဏ်တွေကလည်း အမိန့်ရအပေါင်ဆိုင်သာသာလောက်ပဲ ရှိကြသေးထင်ပါ့ဗျာ"

ဤသည်ပင် ကိုသက်ခိုင်၏ ပင်ကိုစရိုက်တည်း။ သူသည် အမြဲလိုလို ကိစ္စတစ်ခုခုအတွက် တွေးတောနေတတ်သူဖြစ်၏။ သူ့အတွေးစဉ်တစ်နေရာ အရောက်၊ ထွက်ပေါက်မရှိချိန်တွင် သူ့နှုတ်မှ ယခုကဲ့သို့ပင် အသံထွက်လာလေ့ရှိသည်။

**အချပ်ပို(A4) သို့**

7 DAY NEWS JOURNAL
Vol.13, No.3 ▪ MARCH 19 , 2014



မောင်သာချို




# တိုကျိုမြို့၌ မြို့ပတ်ရထားစီးခြင်း

(တစ်)

ဘဝသံသရာ xxရှည်လျား ထွေပြားမနေမနားတစ်သွားတည်း သွားကြတာxx။ ခရီးပန်းတိုင်xx မရောက်မချင်းတစ်ယောက်ဆင်း၊ တစ်ယောက်တက်xx ဆက်လက်ထွက်ခွာလာxx တဲ့။

ဆရာကြီးဦးသုခသီဆိုခဲ့ဖူးသည့် ဘဝသံသရာသီချင်း တစ်ပိုင်းတစ်စပင်ဖြစ်ပါသည်။ ဗုဒ္ဓဝါဒ၏အလိုအရ သံသရာတွင် လည်ပတ်ကြရကုန်သော သတ္တဝါတို့၏ အဖြစ်ကို ရထားဖြင့်ခရီးနှင်ရသည့် ခရီးသွားဧည့်သည်များသဖွယ် တင်စားကာ ရထားတွဲများပေါ်သို့ တစ်ယောက်ကတက်လာလိုက်၊ တစ်ယောက်ကဆင်းသွားလိုက်နှင့် တရစပ်မရပ်မနား ခရီးသွားကြရပုံကို ရေးဖွဲ့သီဆိုထားသည့် သီချင်းဖြစ်ရာ မီးရထားဖြင့်ခရီးသွားတိုင်း သတိရချင့်စဖွယ်ဖြစ်ပါသည်။

အလှကိုရှာ<br>
ဘယ်မှာမတွေ့၊<br>
တစ်နေ့အချိန်တန်တော့<br>
ဆူညံညံငိုသံကြားရတယ်<br>
ရထားရွေ့ရွေ့။

ဒါကတော့ ဆရာဒေါင်းနွယ်ဆွေ၏ကဗျာ။ မသာရထားပေါ်ကနေ ဘဝခရီးနှင်သွားသည့်လူသား၏ဘဝကို ကြက်သီးထစဖွယ် ရေးဖွဲ့ထားသည့် ဒွေးချိုးကဗျာ။

ရထားကို လူသားတို့၏ ဖြစ်တည်မှုနှင့်ရုပကပြုရသည်ကို လူတို့ခံတွင်းတွေ့ကြပုံရပါသည်။ သီချင်းထဲမှာလည်းရထား။ ကဗျာထဲမှာလည်းရထား။ ဝတ္ထုထဲမှာလည်းရထား။

(နှစ်)

ဂျပန်နိုင်ငံ တိုကျိုမြို့တော်ကြီး၌ ကြိုက်စရာကောင်းတာတွေထဲက တစ်ခုလောက်ပြောပြစမ်းပါဟုဆိုလျှင် မြို့ပတ်ရထားကိုလည်းကြိုက်စရာတစ်ခုအဖြစ် ထည့်သွင်းပြောကြလိမ့်မည်ထင်ပါသည်။

ဂျပန်နိုင်ငံသည် မော်တော်ကားထုတ်လုပ်သည့်နိုင်ငံဖြစ်ပါသည်။ တိုကျိုမြို့တော်၌ဘတ်စ်ကားများကို ပြေးဆွဲပေးလျက်ရှိပါ၏။ သို့သော် မြို့တော်လူထုက ဘတ်စ်ကားကိုအားမကိုး။အလေးမထား။ ရထားဆိုမှရထား။ ထို့ကြောင့် လမ်းတွေပေါ်မှာ ကားအသွားအလာက ပြောရလောက်အောင် ကျပ်ကျပ်တည်းတည်းကြီးမဖြစ်။ ထို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုကမရှိသလောက်။

တိုကျိုမြို့ကြီးကို ပတ်ပြေးနေသောမြေပေါ်မြေအောက်မြို့ပတ်ရထားလိုင်းတွေက ကြွက်တွင်းများပမာ ရှုပ်ပွ၍နေပါသည်။ ဘူတာရုံကြီးတွေက မြေပေါ်မှာရော မြေအောက်မှာပါ အထပ်ထပ်။ ခေါက်တုံ့လူးလာပျားပန်းခတ်နေသည့်မြင်ကွင်းကို တိုကျိုမြို့က ဘူတာရုံများ၌တွေ့မြင်နိုင်ပါ၏။

မြို့ပတ်ရထားကြီးတွေက သုံးမိနစ်ကိုတစ်စီးနှုန်းဖြင့် ဘူတာရုံများရှိရာဆီသို့ ဝင်ရောက်လာလျက်ရှိရာ တစ်စီးလွတ်သွားသဖြင့် နောက်တစ်စီးကိုအကြာကြီးစောင့်မျှော်နေစရာမလို။ အခုတစ်စီးဝင်လာလိုက်၊ အခုတစ်စီးထွက်သွားလိုက်။ မနက်မိုးမလင်းမီကတည်းက သုံးမိနစ်တစ်စီးနှုန်းဖြင့် ဝေါခနဲဝေါခနဲခုတ်မောင်းဝင်ထွက်နေကြသော တိုကျိုမြို့က မြို့ပတ်ရထားကြီးများသည် ညကိုးနာရီ၊ ဆယ်နာရီလောက်ကိုရောက်တော့မှ ငါးမိနစ်ကိုတစ်စီးနှုန်းလောက်ဖြစ်သွားကာ ညဉ့်သန်းခေါင်ကျော်တစ်နာရီ၊ နှစ်နာရီဝန်းကျင်မှ မြို့ကိုအစအဆုံးပတ်ခြင်းကို ရပ်နားလိုက်ကြခြင်းဖြစ်ပါသည်။

(သုံး)

မြို့ပတ်ရထား ဘူတာအစဉ်က ၂၉ ဘူတာရှိပါသည်။ ဒါကိုတစ်ပတ်ပတ်ဖို့ ၅၈ မိနစ် (သို့မဟုတ်) ၅၉ မိနစ် (သို့မဟုတ်) မိနစ် ၆၀ ကြာပါသည်။ သည့်ထက်မပို၊ သည့်ထက်မလို။ ကွက်တိ။ ပိုသော်၊ လိုသော်တောင်းပန်။ ရထားတွဲတိုင်း၌ ရထားနှင့်ပတ်သက်၍ သတင်းပေးရန် အရုပ်နှင့်အသံစနစ်ကို တပ်ဆင်ထားပြီးဖြစ်ရာ ယင်းမှတစ်ဆင့် မီးရထားတာဝန်ရှိသူများက ခရီးသွားပြည်သူလူထုကိုတောင်းပန်။ အဘယ်ကြောင့်မောင်းနှင်ချိန် တစ်မိနစ်တိတိ နောက်ကျသွားရပါကြောင်း စသည်...။

ဒါကြောင့်လားမသိ။ ရထားက ဘူတာရုံတိုင်းကို ဝင်ရောက်လာလေသောအခါကွက်တိ။ အချိန်ကလည်းကွက်တိ။ နေရာကလည်းကွက်တိ။ ဆိုကြပါစို့တွဲနံပါတ်သုံး။ ထိုတွဲနံပါတ်သုံးတွင်ပါဝင်သည်က တံခါးပေါက်သုံးပေါက်။ တံခါးတစ်၊ တံခါးနှစ်၊ တံခါးသုံး။ ဘူတာရုံကနေလာကြိုနေမည့်မိတ်ဆွေကို တွဲနံပါတ်သုံး တံခါးနံပါတ်နှစ်ကနေစောင့်နေပါဟုဆိုခဲ့လျှင် ဘူတာရုံရှိ တွဲသုံးတံခါးနှစ်နေရာကသာ စောင့်နေလိုက်။ မလွဲစေရ။ ကွက်တိ။

ဘူတာရုံ၌ ရထားရပ်လိုက်သောအခါ ပထမဦးဆုံးပွင့်သည်က ဘူတာရုံပလက်ဖောင်းပေါ်က တံခါးဖြစ်ပါသည်။ ထို့နောက်တွင်မှ ရထားပေါ်ကတံခါး။ လုံခြုံစိတ်ချစွာဖြင့် ဆင်းကြတက်ကြ။ မီးရထားခရီးစဉ်ဘူတာများကို အရုပ်အသံစနစ်ဖြင့် ပြသပေးထားရာ ကိုယ်ရောက်နေသည့် ဘူတာ၊ ရထားသွားနေသည့်ဦးတည်ဘက်၊ နောက်ရောက်မည့်ဘူတာတို့ကို အလွယ်တကူမြင်နေရသည်သာမက ဂျပန်ဘာသာအပြင် အင်္ဂလိပ်ဘာသာဖြင့် ဂျပန်သံဝဲကာ ကြေညာပေးနေပါသည်။ ထို့ပြင် ရှေ့ဘူတာသို့ရထားဝင်သောအခါ မည်သည့်ဘက်ကတံခါးကိုဖွင့်မည်ဖြစ်ကြောင်းကိုပါ စာတန်းလည်းထိုး၊ အသံလည်းထွက်၍ ကြေညာပါသည်။ ဥပမာ Doors on this side will open, Doors on left side will open ဆိုတာမျိုး။ သည်ဘက်ကတံခါးဖွင့်မယ်၊ ဘယ်ဘက်ကတံခါးဖွင့်မယ် စသည်စသည်။ အဆင်ပြေလိုက်တာ။

မသန်စွမ်းခရီးသွားတစ်ယောက်က ဘက်ထရီဖြင့်မောင်းနှင်သည့် ဘီးတပ်ကုလားထိုင်နှင့် ရထားတွဲပေါ်ရောက်လာသည်။ သူဆင်းမည့်ဘူတာရုံသို့ ဖုန်းလှမ်းဆက်ထားလိုက်ရာ ရထားရပ်သည်နှင့် မီးရထားဝန်ထမ်းနှစ်ယောက်က ရထားနှင့်ပလက်ဖောင်းကြားရှိတစ်လက်မလောက်ကွာနေသည့်အဟကို တံတားကလေးထိုးပေးထားပြီးထိုပုဂ္ဂိုလ်ခရီးလမ်းပန်းအဆင်ပြေအောင် လုပ်ပေးဖို့ အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေခဲ့ပြီး ဖြစ်ပါသည်။

ရထားတွဲတိုင်းတွဲတိုင်းမှာ လက်ကိုင်ကွင်းအဝါကလေးတွေချိတ်ဆွဲထားသည့် သီးသန့်အကန့်ကလေးများပါပါသည်။ ကိုယ်ဝန်ဆောင်သည်တွေ၊ သက်ကြီးရွယ်အိုတွေ၊ မသန်စွမ်းသူတွေအတွက်တဲ့။ ထိုသူများကြောင့် ရထားရပ်နားချိန် တစ်မိနစ်ခန့်ပို၍ကြာမည်ဆိုခဲ့သော် ထုံးစံအတိုင်းတောင်းပန်သည့်ကြေညာချက်က Song Box များဆီက ထွက်ပေါ်လာပြန်ပါလေသည်။ ဘီးတပ်ကုလားထိုင်နှင့် လူပုဂ္ဂိုလ်တစ်ယောက်ဆင်းမည်ဖြစ်ပါ၍ ရပ်နားချိန်တစ်မိနစ်ခန့်ပိုမည်ဖြစ်သောကြောင့် ခွင့်လွှတ်ကြပါရန် စသည်စသည်။

(လေး)

တိုကျိုမြို့ပတ်ရထားစီးခက တစ်ဘူတာနှင့်တစ်ဘူတာကြားတွင် ပျမ်းမျှ ယန်း ၁၃၀ ခန့်ရှိပါသည်။ မြန်မာငွေ ၁၃၀၀ ကျပ်ဆိုပါတော့။ နှစ်ဘူတာ၊ သုံးဘူတာဆိုလျှင်တော့ ယန်း ၁၅၀ ဝန်းကျင်ခန့်ဖြစ်သွားပါသည်။

တစ်စောင်ချင်းဝယ်စီးသူတွေက ဘူတာအဝင်ဝရှိစက်ထဲသို့လက်မှတ်ကိုထိုးသွင်းပြီး လူကဝင်သွားလိုက်သည်နှင့် တံခါးပွင့်သွားကာ ဝင်ရောက်သွားခဲ့သော်တစ်ဖက်သို့လည်း အရောက်လက်မှတ်က တစ်ဖက်အပေါက်ကနေ ပြန်ထွက်နှင့်နေပြီဖြစ်ပါသည်။ ထိုလက်မှတ်ကိုယူ၊ ရထားစီး၊ ဆိုက်ရောက်ရာဘူတာသို့ရောက်မှ ထိုလက်မှတ်ကို စက်ထဲပြန်ထိုးထည့်ပြီး တံခါးအပွင့်မှာ ဘူတာကနေထွက်။ လက်မှတ်ပြန်မရတော့။ စက်ကသိမ်းဆည်းထားလိုက်ပြီဖြစ်ပါ၏။ လပေး၊ နှစ်ပေးလက်မှတ်လုပ်ထားသူများကမူ လက်မှတ်ကို ဘူတာအဝင်အထွက်ရှိစက်များ၌ Scanner ဖြင့် အဖတ်ခံလိုက်ရုံနှင့် ကိစ္စပြီးပါသည်။

ဓာတ်လှေကားတွေက အပေါ်တက်အောက်ဆင်း။ စက်လှေကားတွေက အဆက်မပြတ်ဆင်း၊ အဆက်မပြတ်တက်။ ရိုးရိုးလှေကားတွေဆီမှာကလည်း တက်သူတွေ၊ ဆင်းသူတွေ။ လက်မှတ်ကိုစက်ထဲထိုးသွင်းလိုက်ကြ၊ စက်ထဲကအထွက်မှာ ဆွဲယူသွားလိုက်ကြ။ ရထားက ဝေါခနဲတစ်စီးဝင်လာ၊ဝေါခနဲတစ်စီး ထွက်သွား။ မတ်တတ်ခရီးသည်ကလည်း စာအုပ်ဖတ်၊ ထိုင်လျက်ခရီးသည်ကလည်း စာအုပ်ဖတ်။

ဘူတာရုံတိုင်းလိုလို၌ ပစ္စည်းသိမ်းသည့် Box ကလေးများကို ထားပေးပါသည်။ သွားလေရာရာသို့ သယ်ဆောင်မသွားချင်သည့် ပစ္စည်းရှိခဲ့သော် ထိုBox ထဲသို့ ပစ္စည်းထည့်၊ လျှို့ဝှက်နံပါတ်ဖြင့် သော့ခတ်။ သိမ်းဆည်းပေးထားခ တစ်နေ့ယန်း ၃၀၀ တဲ့။ မြန်မာ ငွေကျပ် ၃,၀၀၀ ပဲဆိုပါတော့။

မီးရထားစနစ်ကောင်းမွန်တိကျမှန်ကန်မြန်ဆန်ပုံကဖြင့် တိုကျိုကဲ့သို့ဘူတာကြီးများ၊ ရှင်ဂျူကုကဲ့သို့ဘူတာကြီးများတွင် မီးရထားဝန်ထမ်းများက ဘယ်အထပ်ကိုတက်ပါ၊ ဘယ်အထပ်ကိုဆင်းပါ၊ ဘယ်ပလက်ဖောင်းကိုသွားပါ၊ ဘယ်ရထားကိုစီးပါ စသည်စသည်ဖြင့် ကူညီလမ်းညွှန်နေပုံများကိုပင် တွေ့နိုင်ပါသည်။

(ငါး)

ဩော် . . . ရထား၊ ရထား။

သံသရာခရီးသွား တစ်ယောက်ပေမို့ တိုကျိုမြို့တော်က မြို့ပတ်ရထားကြီးများကို တဝစီးနင်းကာ ဘူတာရုံတိတိကျကျ၊ ပလက်ဖောင်းတိတိကျကျ၊ တံခါးပေါက်တိတိကျကျ၊ ဆိုက်ရောက်ချိန်တိတိကျကျ၊ ထွက်ခွာချိန်တိတိကျကျနဲ့ ခရီးသွားချင်လိုက်တာ။ ရှည်လျားထွေပြား မနေမနား ခရီးသွားကြရသူတွေမဟုတ်လား။ ။



ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညာဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ ချစ်ဝိုင်း၊ ဖွဲ့မာန်၊ ဇော်မျိုးလှိုင်၊ နိုင်လင်းအောင်၊ ငှုလ်ရှင်းကျင်း |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့်၊ မူမူမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒနိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး၊ ရတနာပြည့်ဖြိုး၊ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဂီ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day Newsဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# ကူးစက်မြန် ဘီဒိုအိမ်ရာရောဂါ

**မြင့်မိုရ်ဆွေ**

ဤရောဂါစတင်ပေါ်ပေါက်လာသည်မှာ မကြာသေး။ မြို့ပြရောဂါဆန်းတစ်ရပ်ပင် ဖြစ်၏။ မြို့ပြဟုဆိုရာတွင်လည်း ယခုလောလောဆယ် စီးပွားရေးမြို့တော် ရန်ကုန်မြို့၌ အလွန်အဖြစ်များ၏ ရက်ပိုင်းအတွင်း လူပေါင်းရာထောင်ချီ၍ ကူးစက်သောရောဂါဖြစ်၏။ ရောဂါကူးစက်သော နယ်ပယ်မှာမူ အကန့်အသတ်ရှိ၏။ အိမ်ရာဆောက်လုပ်ရေးနယ်ပယ်အတွင်း၌သာ အရှိန်အဟုန်ဖြင့် ကူးစက်ခြင်းဖြစ်၏။ ဘီဒိုဟုခေါ်ဆိုခြင်းမှာ ဘီအိုတီ (BOT) နှင့် ကွန်ဒို (Condo) နှစ်ခုပေါင်း၍ ဘီဒို (B.Do)ဟု အတိုကောက်ခေါ်ဆိုခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံသားများ သုံးစွဲသော အင်္ဂလိပ်စာကို Singapore နှင့် English စကားလုံးနှစ်လုံးပေါင်း Singlish ဟု ခေါ်သကဲ့သို့ ဖြစ်၏။

ဘီအိုတီ (B.O.T) ၏ အဓိပ္ပာယ်မှာ တည်ဆောက်၊ လည်ပတ်၊ လွှဲပြောင်း (Build, Operate & Transfer) ဟု အဓိပ္ပာယ်ရ၏။ နိုင်ငံတော်အစိုးရပိုင်မြေပေါ်တွင် ရင်းနှီးမြှုပ်နှံသူက သူ၏ငွေကြေးအရင်းအနှီးဖြင့် လုပ်ငန်းဆိုင်ရာအဆောက်အအုံများ တည်ဆောက်ခွင့်ရှိ၏။ တည်ဆောက်ပြီးသော အဆောက်အအုံများတွင် စီးပွားရေးလုပ်ငန်းကိုသတ်မှတ်သည့်နှစ်ကာလအတွင်းလည်ပတ်လုပ်ကိုင်၍ အကျိုးအမြတ်ရယူခံစားခွင့်ရှိ၏။ သတ်မှတ်သောနှစ်ကာလကုန်ဆုံးသောအခါ တည်ဆောက်လည်ပတ်နေသော အဆောက်အအုံများနှင့်တကွ မြေကိုမူလပိုင်ရှင်ဖြစ်သော နိုင်ငံတော်အစိုးရအား ပြန်လည် လွှဲပြောင်းပေးအပ်ရ၏။ အလွယ်ဆုံး ဥပမာပေးရလျှင် နတ်ပြည်မှ နတ်ဘုံနတ်နန်းတွင် နတ်စည်းစိမ်ခံစားသည်နှင့်တူ၏။ အချိန်စေ့၍ နတ်သက်ကြွေလျှင် သူ့လမ်းသူကြွရုံသာရှိ၏။ နတ်ဘုံနတ်နန်းကို သည်အတိုင်းထားခဲ့ရ၏။ နတ်သမီးငါးရာမှ တစ်ပါးတောင် ခေါ်သွားခွင့်မရှိ။ မိမိဝတ်သည့် နတ်ယူနီဖောင်းကိုပါ ချွတ်ထားခဲ့ရ၏။

မြို့ပြတွင် မြေသည် နတ်ဘုံနတ်နန်းပမာဖြစ်၏။ မြေကိုရင်း၍ စီးပွားရေးအကျိုးအမြတ်ခံစားနိုင်သူသည် နတ်စည်းစိမ်ခံစားနေရသော နတ်သားနှင့်တူ၏။ အဖိုးတန်မြေကိုပိုင်လျှင် အမြင့်ဆုံး ဝသဝတီဘုံ ရောက်သကဲ့သို့ရှိ၏။ (မြေမဲ့၊ ယာမဲ့ကျူးကျော်ဘဝရောက်ရလေသူတို့မှာငရဲဘုံရောက်သည်နှင့်တူ၏။) ထို့ကြောင့် နိုင်ငံတော်အစိုးရပိုင် အဖိုးတန်လှသောမြေများကို ပုဂ္ဂလိကများလက်ဝယ်သို့ အပြီးအပိုင်မရောက်ရှိစေရေးအတွက် ဘီအိုတီစနစ်ပေါ်ပေါက်လာခြင်း ဖြစ်၏။ သို့သော် "မြေမရှိလျှင် စီမံကိန်းမရှိ" "စီမံကိန်း မရှိလျှင် တိုးတက်မှုမရှိ" ဆိုသည့်အတိုင်း မြေကိုကွက်လပ်အတိုင်းပစ်ထားလျှင်လည်းလူမှုစီးပွားရေး ဖွံ့ဖြိုးရေးလုပ်ငန်းများလုံးဝအကောင်အထည်ပေါ်လာမည်မဟုတ်ပေ။ ဖွံ့ဖြိုးနိုင်ခြေရှိပါလျက် မဖွံ့ဖြိုးသော မြေ(Undeveloped Developable Land)ဧရိယာများ အလွန်များပြားလျှင် မြို့ပြသည်စည်ပင်ဝပြောမှု မရှိနိုင်တော့ပေ။ အထူးသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များသာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအမြန်ဆုံးဝင်ရောက်လာစေရန်အတွက် ဘီအိုတီနည်းလမ်းကို ကျင့်သုံးကြခြင်းလည်း ဖြစ်ပေသည်။ နိုင်ငံခြားသားကို မြေပိုင်ဆိုင်မှုမပေးဘဲ နှစ်ရှည်လုပ်ငန်း လုပ်ကိုင်ခွင့်ပေးခြင်းဖြင့် သူ့ထံမှ ခေါ်လာနှင့်နည်းပညာများကို ညှို့ယူဖမ်းစားခြင်းဟု ဆိုနိုင်၏။ သို့သော် အောက်စျေးဖြင့် ပေးမိလျှင်မူ ကိုယ့်ဆီက ရှိစုမဲ့စုပါသွားနိုင်သည်ကိုလည်း သတိပြုရပေမည်။ ဥပမာ–ကမ္ဘာအေးဘုရားလမ်းရှိ ယခင်စက်မှု(၁)ရုံးကြီးအား ဗီယက်နမ်နှင့် B.O.T ဆောင်ရွက်ရာ၌ တစ်ဧက ဒေါ်လာနှစ်သန်းပေးသွင်းရန်ဖြစ်ကြောင်း သတင်းရရှိပါသည်။ အဆိုပါ သတင်းမှန်လျှင် သတ်မှတ်နှုန်းနည်းသည်ဟု ထင်မြင်မိပါသည်။ မြန်မာငွေဖြင့် တစ်ဧကလျှင် ကျပ်သိန်းပေါင်းနှစ်သောင်းမျှသာဖြစ်ရာ တစ်စတုရန်းပေလျှင် ကျပ်၄၅,၀၀၀ ခန့်သာရှိ၍ နည်းနေသေးသည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

ဆက်လက်၍အမေရိကန်တို့က ကွန်ဒိုဟုခေါ်လေ့ရှိသော ကွန်ဒိုမီနီယံ (Condominium) အကြောင်းကို ဖော်ပြလိုပါသည်။ ကွန်(Con)ဆိုသည်မှာ "အတူတကွ" (Together) ဟု အဓိပ္ပာယ်ရပြီး ဒိုမီနီယံ (Dominium) ဟူသည်မှာ "ပိုင်ဆိုင်မှုအခွင့်အလမ်း (Right of Ownership) ဟု အဓိပ္ပာယ်ရရှိပါသည်။ ထို့ကြောင့် ကွန်ဒိုမီနီယံ (သို့မဟုတ်) ကွန်ဒိုဟုဆိုလျှင် အတူတကွနေထိုင်သူများ စုပေါင်းပိုင်ဆိုင်သော အဆောက်အအုံဟူ၍ အဓိပ္ပာယ်ရရှိပါသည်။ မြန်မာနိုင်ငံတွင် စုပေါင်းပိုင်အဆောက်အအုံဟုအကျဉ်းချုံး၍ ခေါ်ဆိုကြပါသည်။ "စုပေါင်းပိုင်"ဟုဆိုရာ၌ အဆောက်အအုံသာမက အဆောက်အအုံဆောက်လုပ်ထားသော မြေပါအကျုံးဝင်၏။ မြန်မာနိုင်ငံတွင် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေ (မူကြမ်း)ကို ပြည်သူ့လွှတ်တော်သို့ တင်ပြထားပြီးဖြစ်ကြောင်း သိရှိရ၏။ အဆိုပါ ဥပဒေထွက်ပေါ်လာသောအခါတွင် ကွန်ဒိုအဆောက်အအုံဟူသည်ကို ပြည်သူတို့ အပြည့်အဝသဘောပေါက်ကြမည် ဖြစ်ပါသည်။ အဆောက်အအုံနှင့် မြေကိုပါ စုပေါင်းပိုင်ဆိုင်သကဲ့သို့ ရေ၊ မီး၊ ဆေး၊ မိလ္လာစနစ်တို့နှင့်တကွ အများနှင့်သက်ဆိုင်သော ဥယျာဉ်မြေကွက်လပ်စသည်တို့အား စုပေါင်း၍ ထိန်းသိမ်းစောင့်ရှောက်မှုကို တရားဝင် အဖွဲ့အစည်းဖွဲ့၍ တာဝန်ယူဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ပုဂ္ဂလိကပိုင်မြေတွင်လည်းကောင်း၊ အစိုးရမြေပေါ်တွင် အကောင်အထည်ဖော်သော အကျိုးတူစီမံကိန်းအရ ပုဂ္ဂလိကအပိုင်းမှ ခွဲဝေပိုင်ဆိုင်ခွင့်ရရှိသော မြေတွင်လည်းကောင်း ကွန်ဒိုမီနီယံများကို အပြိုင်အဆိုင်တည်ဆောက်လျက်ရှိကြရာ အဆိုပါ ဥပဒေကို အမြန်ဆုံးပြဋ္ဌာန်းပေးရန် လိုအပ်လျက်ရှိပေသည်။

ဆောင်းပါးအစတွင် ဖော်ပြခဲ့သော 'ဘီဒို'(ဘီအိုတီကွန်ဒို)ဟူသည် ၂၀၁၄ ခုနှစ်မှ စတင်ပေါ်

**စာမျက်နှာ(၃၂) သို့**

Business 7 DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014


ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# ဂျပန်ကုမ္ပဏီတစ်ခု မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းလုပ်ကိုင်ရန် အကျိုးတူလုပ်မည့် ကုမ္ပဏီရှာဖွေနေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ်-၁၅**

ဂျပန်နိုင်ငံ KDDI အုပ်စုလက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သော KDDI Engineering က မြန်မာနိုင်ငံတွင် မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများ လုပ်ကိုင်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရန် မြန်မာနိုင်ငံသို့ လာရောက်ရှာဖွေနေကြောင်း KDDI Engineering မှ တာဝန်ရှိသူ မစ္စတာ မာစေးယုကိအာဆာကဝါကပြောသည်။

မြန်မာနိုင်ငံတွင် အသေးစားနှင့် အလတ်စားမိုဘိုင်းကွန်ရက်လုပ်ကိုင်သူများကို ၎င်းတို့ဘက်မှ တာဝါတိုင်လုပ်ငန်းနှင့် Network ချိတ်ဆက်ရာတွင် မြန်မာနိုင်ငံ၏ အဓိကလိုအပ်ချက်ဖြစ်သော Power Supply ကိစ္စများတွင် ပူးပေါင်းလုပ်ကိုင်လိုခြင်းဖြစ်သည်။

"မြန်မာမှာ မိုဘိုင်းသုံးစွဲသူများလာတော့ တည်ငြိမ်တဲ့ ဝန်ဆောင်မှုကို တစ်သမတ်တည်း ပေးနိုင်ဖို့ Power Supply က အဓိက ကျနေတယ်။ ဒါကြောင့် မီးစက်နဲ့ ပေးဖို့ကလည်း မဖြစ်နိုင်တဲ့အတွက် ဂျပန်မှာလိုပဲ ဘက်ထရီစနစ်နဲ့ပဲ သုံးတာပိုကောင်းနိုင်မယ်"ဟု မြန်မာနိုင်ငံ၏ မိုဘိုင်းဝန်ဆောင်မှုနှင့် ပတ်သက်သည့် လိုအပ်ချက်ကို ၎င်းကသုံးသပ်ပြောသည်။

၎င်းတို့အနေဖြင့် မိုဘိုင်းကွန်ရက်ငယ်များကို လုပ်ကိုင်ရန် လိုအပ်သည့် တာဝါတိုင်လုပ်ငန်းများနှင့် Network ချိတ်ဆက်ရာတွင် လိုအပ်သည့် ဘက်ထရီပစ္စည်းများ အဆင်သင့်ရှိနေသော်လည်း မြန်မာနိုင်ငံမှ ပူးပေါင်းလုပ်ကိုင်လိုသည့် လုပ်ငန်းရှင်မတွေ့သေးခြင်းကြောင့် ဝင် ရောက်လုပ်ကိုင်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ယင်း KDDI အုပ်စုသည် မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးလုပ်ငန်းများ လုပ်ကိုင်ရန် ယခင်က ဝင်ရောက်ယှဉ်ပြိုင်မှုများ ပြုလုပ်ခဲ့သော်လည်း လုပ်ကိုင်ခွင့် မရခဲ့ပေ။

KDDI Enginneering အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် ပူးပေါင်းလုပ်ကိုင်ရန် ယခုတစ်ကြိမ်တွင် လေးကြိမ်မြောက် လာရောက်ခြင်းဖြစ်သော်လည်း လက်ရှိအချိန်ထိ ပူးပေါင်းလုပ်ကိုင်မည့်လုပ်ငန်းရှင်မရှိသေးကြောင်း KDDI ကဆိုသည်။

လက်ရှိမိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းတွင် လုပ်ကိုင်ခွင့် ရထားသော အူရီးဒူးနှင့် တယ်လီနောကုမ္ပဏီများကလည်း ၎င်းတို့နှင့် ပူးပေါင်း၍ တာဝါတိုင်လုပ်ငန်းနှင့် လိုအပ်သော Power Supply ကိုလုပ်ကိုင်မည်ဆိုပါက ပူးပေါင်းလုပ်ကိုင်သွားမည်ဟု ၎င်းကဆိုသည်။ သို့သော် တယ်လီနောနှင့် အူရီးဒူးတို့က တာဝါတိုင်များနှင့် Power Supply အတွက် ကိုယ်ပိုင်အစီအစဉ်များဖြင့် ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၁ | ၉၇၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၅၉ | ၇၆၉ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၃၂ | ၁၃၅၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၁ | ၂၉. ၇ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၃ | ၁၅၇ | ကျပ် |

၂၀၁၄ မတ်လ ၁၆ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၆၀၀၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၇၁၈၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၁.၃၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၁၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၁.၂၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၂၆၄၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၇၀.၈၃ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃.၂၇၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂.၂၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၃၅၀.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၈၀.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄.၆၄၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၇၆၆၉ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၁၀၆၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၁၆၉၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၁၁၀၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၆.၅၆ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၇၂၇ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၈၂.၃၀ |
| ရေနံစိမ်း | စည် | ၁၀၈.၆၅ |
| ငွေ | အောင်စ | ၂၁.၃၄ |
| ကြေးနီ | ပေါင် | ၃.၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄.၄၁ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ မတ်လ ၁၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

# ကျောက်စရစ်ဈေးမကျဘဲ သဲဈေးဆက်တိုက်တက်

**အိမွန်ကျော်**

**ရန်ကုန်၊ မတ်-၁၆**

ရန်ကုန်ဆောက်လုပ်ရေးပစ္စည်းဈေးကွက်တွင် ကျောက်စရစ်မှာ တက်ဈေး၌သာ ငြိမ်နေပြီး သဲဈေးမှာ လွန်ခဲ့သော နှစ်ပတ်ခန့်မှစ၍ ဈေးတက်နေကြောင်း သတင်းရရှိသည်။

"ကျောက်ဈေးပြန်မကျသေးဘူး။ သဲဈေးကတော့ တဖြည်းဖြည်းတက်လာတာ နှစ်ပတ်လောက်ရှိပြီ" ဟု အိမ်ဆောက်ပစ္စည်းလက်လီရောင်းချသူတစ်ဦးက ပြောသည်။

ကျောက်စရစ်နှင့် သဲဈေးဆက်တိုက်ဈေးနှုန်းမြင့်နေခြင်းမှာ ဆောက်လုပ်ရေးလုပ်ငန်းများပိုများလာပြီး သုံးစွဲမှုနှင့် ထုတ်လုပ်နိုင်မှု မမျှတသဖြင့် ဈေးတက်ခြင်းဖြစ်ကြောင်း အုတ်၊ သဲကျောက်ပစ္စည်းများ လက်လီရောင်းချသော လုပ်ငန်းရှင်အချို့က ပြောသည်။


ယခုနှစ်အတွင်း ကျောက်စရစ်စုပ်သော ဒေသများတွင် ကမ်းပါးပြို၍ ရွာသူရွာသားများက ကျောက်စရစ် အစုပ်မခံသောကြောင့် ပစ္စည်းများ လိုသလောက်မရဖြစ်နေပြီး ဇန်နဝါရီလဆန်းမှစတင်၍ ဈေးဆက်တိုက်မြင့်တက်ခဲ့သည်။

"သဲရော၊ ကျောက်ရော ဒီလောက်ထိတော့ တစ်ခါမှ မတက်ဖူးဘူး။ အခုက ပစ္စည်းလည်း ရှားနေတယ်။ ဒီနှစ်က ခါတိုင်းနှစ်နဲ့ကို မတူတာ"ဟု မေတ္တာမွန် အုတ်သဲကျောက်လုပ်ငန်းမှ တာဝန်ရှိသူက ပြောသည်။

ကျောက်စရစ်မှာ တစ်လလျှင် ကျင်း ၆၀၀ ခန့်အဝင်ရှိပြီး ယခင်က တစ်ရက်လျှင် ကျင်း ၃၀၊ ၄၀ သာ ရောင်းရသော်လည်း ယခုအခါ ကျင်း ၈၀ ဝန်းကျင်အထိ ရောင်းရကြောင်း မေတ္တာမွန် အုတ်သဲကျောက်အရောင်းဆိုင်မှ တာဝန်ရှိသူက ပြောသည်။

သဲမှာလည်း ယခုနှစ်တွင် ပစ္စည်းရှားပါးလာပြီးဝယ်အားများခြင်းကြောင့် ဈေးတက်ခဲ့သည်။

"အရင်က ဒီအချိန်ဆို ဈေးမတက်ဖူးပါဘူး။ ဒီနှစ်ကတော့ သဲရော၊ ကျောက်ရောနှစ်ဆဖြစ်သွားတယ်" ဟု ရွှေလင်းလက်အုတ်သဲကျောက်လုပ်ငန်းမှ ပြောသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ကျောက်စရစ်ဈေးမှာ ဇန်နဝါရီလဆန်းကတစ်ကျင်းလျှင်ကျပ်ငါးသောင်းဝန်းကျင်ရှိခဲ့ရာမှ မတ်လ ၁၇ ရက်တွင် ကျပ်တစ်သိန်းတစ်သောင်း ဈေးပေါက်သည်။

သဲဈေးမှာလည်း မတ်လဆန်းက တစ်ကျင်းလျှင် ကျပ် ၇၀၀၀ ဝန်းကျင်ရှိခဲ့ရာမှ မတ်လ ၁၇ ရက်တွင် ကျပ်တစ်သောင်းဝန်းကျင်ဈေးပေါက်သည်။




# သတ္တုသယံဇာတနှင့် စိုက်ပျိုးရေးတွင် ဩစတြေးလျ ရင်းနှီးမြှုပ်နှံမည်

**မိုးညို**

**ရန်ကုန်၊ မတ်-၁၆**

ဩစတြေးလျနိုင်ငံက မြန်မာနိုင်ငံတွင် သတ္တုသယံဇာတနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကရင်းနှီးမြှုပ်နှံရန် သဘောတူညီမှု အချို့ရရှိခဲ့ပြီဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သတင်းရရှိသည်။

မတ်လ ၁၇ ရက်က ပြုလုပ်ခဲ့သည့် ဩစတြေးလျအစိုးရလက်အောက်တွင် ဖွဲ့စည်းထားသော ကုန်သွယ်ရေးကော်မရှင်နှင့် မြန်မာဘက်မှ ကုန်သည်စက်မှုအသင်းချုပ်တို့၏ သဘောတူလက်မှတ် ရေးထိုးပွဲတွင် အထက်ပါသဘောတူညီမှုများ ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲသို့ ဩစတြေးလျလုပ်ငန်းရှင် ၆၀ ကျော် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအချင်းချင်းလည်း တစ်ဦးချင်း သဘောတူညီမှုအချို့ရရှိခဲ့ကြောင်း သတင်းရရှိသည်။

"ဒီဘက်မှာ ကားအရောင်းပြခန်းတွေ ဖွင့်ဖို့ တချို့လုပ်ငန်းရှင်တွေ သဘောတူညီမှုတွေရတယ်။ ကားနဲ့ပတ်သက်ပြီး ဆားဗစ်စင်တာနဲ့ အရောင်းပြခန်းတွေ လုပ်ဖို့ပေါ့" ဟု မြန်မာနိုင်ငံမော်တော်ယာဉ်တင်သွင်းရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အတူ ရမည်းသင်းနှင့် မိုးကုတ်ရှမ်းပြည်နယ်တို့တွင် သတ္တုတူးဖော်ရေးလုပ်ငန်းများကို လာရောက်လေ့လာပြီးရင်းနှီးမြှုပ်နှံရန်အတွက် လေ့လာမှုများ လာရောက်ပြုလုပ်မည်ဟု သဘောတူညီမှုအချို့လည်း ရရှိခဲ့ကြောင်း သတ္တုလုပ်ငန်းရှင်များအသင်းချုပ်မှ ဦးမျိုးဟန်က ဆိုသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ပညာပေးလုပ်ငန်းများနှင့် ကျေးလက်ဒေသများရှိ လူမှုစီးပွားရေးဆိုင်ရာ သိတတ်မှု (csr) လုပ်ငန်းများတွင်ပါ တစ်ပါတည်း လုပ်ကိုင်ပေးနိုင်ရန် သဘောတူညီမှုအချို့ ရရှိခဲ့သည်။

ဆစ်ဒနီအခြေစိုက် စီးပွားရေးလုပ်ငန်းရှင်များ၏ အဆိုအရ မြန်မာနိုင်ငံတွင် တံခါးဖွင့်စီးပွားရေးစတင်လိုက်ချိန်မှစပြီး သတ္တုနှင့် စွမ်းအင်ကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံလိုကြသည်ဟု ဆိုသည်။

လက်ရှိတွင် မြန်မာအစိုးရနှင့် သဘောတူညီမှု ရယူပြီးသားဖြစ်သော Woodside ရေနံကုမ္ပဏီအပါအဝင် ANZ ငွေရေးကြေးရေးဆိုင်ရာ ဘဏ်လုပ်ငန်းများကလည်း ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်လျက်ရှိသည်။

ဩစတြေးလျသည် မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက် နံပါတ် ၁၃ နေရာတွင်သာ ရှိပြီး အစိုးရသစ်လက်ထက်တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ပြုလုပ်ရန် ပြင်ဆင်လျက်ရှိသည်။

# အမေရိကန်လယ်ယာလုပ်ငန်း နည်းဗျူဟာသစ်

**ကြည်နေဝင်းမင်း**



အမေရိကန်လယ်ယာလုပ်ငန်းတွင် အကျပ်ရိုက်နေသော ပြဿနာတစ်ရပ်ရှိပြီး ယင်းမှာ လူငယ်လူရွယ်များက လယ်ယာများတွင် အလုပ်မလုပ်လိုကြခြင်းဖြစ်သည်။

ကယ်လီဖိုးနီးယားပြည်နယ် ဘွေနာပတ်စ်ဒေသမှာ တိုက်တာအဆောက်အအုံများဖြင့် ပြည့်နှက်နေသောဒေသဖြစ်သည်။ လယ်တောနှင့် ဆင်တူသောအရာဆို၍ နော့တ်ဘယ်ရီလယ်ယာမြေတစ်ခုသာရှိသည်။ ယင်းမှာလည်း တစ်ချိန်တုန်းက လယ်ယာမြေဖြစ်ခဲ့သောနေရာကိုကလေးကစားကွင်းအဖြစ် ပြောင်းလဲထားခြင်းဖြစ်သည်။

သို့သော် ဘွေနာပတ်စ် အထက်တန်းကျောင်းဝင်း၏ နောက်ဘက်ကို သွားကြည့်လိုက်ပါက ဝက်များ၊ ကြက်များ၊ နွားများကို မြင်တွေ့နိုင်ပြီး နာသန်တာလာဗီရာကဲ့သို့ ကောလိပ်ဒုတိယနှစ်ကျောင်းသားများ လယ်ထွန်စက်များ မောင်းနှင်နေသည်ကို တွေ့မြင်နိုင်သည်။ တာလာဗီရာကို ကယ်လီဖိုးနီးယားပြည်နယ်တွင် မွေးဖွားခဲ့ပြီးမိဘများမှာမက္ကဆီကိုစီးတီးမှဖြစ်သည်။

ဘွေနာပတ်စ်အထက်တန်းကျောင်းမှ စိုက်ပျိုးရေးပညာသင်ကြားနိုင်သော အစီအစဉ်ကို သူငယ်ချင်းတစ်ဦးထံမှ ကြားသိချိန်တွင် တာလာဗီရာမှ စိုက်ပျိုးရေးလုပ်ငန်းအတွေ့အကြုံရှိသူ မဟုတ်ပေ။ ဘွေနာပတ်စ် အထက်တန်းကျောင်းတွင် စိုက်ပျိုးရေးပညာသင်ကြားခြင်း အစီအစဉ်မှ အမေရိကတိုက်၏အနာဂတ်လယ်သမားများ (FFA)ဟုခေါ်သော အဖွဲ့၏ အစီအစဉ်တစ်ရပ်ဖြစ်ပြီး လူနည်းစုနှင့် ရွှေ့ပြောင်းနေထိုင်သူ ကျောင်းသားများ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်လာရေး တိုက်တွန်းအားပေးရန် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

FFA ကို ၁၉၂၈ ခုတွင် ထူထောင်ခဲ့ပြီး ကျောင်းသားများ လယ်ယာလုပ်ငန်း၌ စိတ်ဝင်စားမှုရှိစေရန် ပညာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဌာနတို့ ပူးပေါင်းလုပ်ကိုင်ကြသည်။ ယင်းအစီအစဉ်က မိသားစုစီးပွားရေး နောက်ခံမရှိသူများနှင့် ဘွေနာပတ်စ်ကဲ့သို့ မြို့ပေါ်ဒေသမှ လူငယ်များသင်ယူနိုင်သော အစီအစဉ်များလည်း ပါဝင်သည်။

"ကျွန်တော် တိရစ္ဆာန်တွေကို သဘောကျတယ်။ ဒါနဲ့ ကျွန်တော် ဝက်တစ်ကောင် မွေးထားလိုက်တယ်။ ဒါနဲ့ပဲ ဝက်တွေကို ချစ်သွားပြီ"ဟု တာလာဗီရာကပြောပြပြီး ယခုဆိုလျှင် သူဝက်သုံးကောင် မွေးထားပြီဖြစ်သည်။ တာလာဗီရာ တစ်ယောက်သူမွေးသောဝက်များကို အောရင်းစီရင်စု လေလံပွဲတွင် သွားရောက်ရောင်းချသည်။ ကျောင်းသားများမှာ တိရစ္ဆာန်မွေးမြူရောင်းချခြင်းမှ ကန်ဒေါ်လာ ၅၀၀ အထိ ဝင်ငွေရနိုင်သည်။

စီနီယာကျောင်းသူအာဖီယာ အဗ္ဗဒူက ယုန်များ စမွေးခဲ့သည်။ အစာကျွေးသည်၊ လှောင်အိမ်များ သန့်ရှင်းရေးလုပ်သည်။ နောက်တော့ဆိတ်မွေးမြူရေးပြောင်းလုပ်လာခဲ့သည်။ အာဖီယာအဗ္ဗဒူကို ကယ်လီဖိုးနီးယားတောင်ပိုင်းတွင် မွေးဖွားခဲ့သည်။ ၎င်းတစ်နှစ်သမီးအရွယ်တွင် အိန္ဒိယနိုင်ငံသို့ပြောင်းရွှေ့သွားခဲ့သည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်ကမှ မိဘများကအမေရိကန်နိုင်ငံရှိ ဦးလေးဖြစ်သူနှင့် နေထိုင်ရန် အောရင်းစီရင်စုသို့ ပြန်ပို့လိုက်သည်။

"ပထမဆုံးစာသင်နှစ်ဝက်က အိမ်ကိုလွမ်းလွန်းလို့ ကျွန်မ နေ့တိုင်းနီးပါး ငိုခဲ့ရတယ်"ဟု ၎င်းက ပြန်ပြောင်းပြောပြသည်။ နောက်ပိုင်းတွင် ဘွေနာပတ်စ် အထက်တန်းကျောင်းစိုက်ပျိုးရေး ပညာအစီအစဉ်အကြောင်း ကြားသိပြီး မိမိအိမ်လိုနေရာဟု အာဖီယာ သတ်မှတ်လိုက်သည်။

"ကြက်ချေး၊ ငှက်ချေးတွေကို သန့်ရှင်းရေးလုပ်ရတယ်ဆိုတာ ပျော်ရွှင်စရာ နှစ်သက်စရာမဟုတ်ပါဘူး။ ဒါပေမဲ့လည်း ရှင် အဲဒီလို ကြက်ချေး၊ ငှက်ချေးတွေ သန့်ရှင်းရေးလုပ်နေချိန်မှာ အခြားသူငယ်ချင်း လေး၊ ငါးယောက်လည်း အဲဒီလို လုပ်နေကြတာပဲ။ သူတို့တွေနဲ့ စကားတွေပြောရင်းဆိုရင်းနဲ့ သူငယ်ချင်းမိတ်ဆွေဖွဲ့ကြ၊ ရင်းနှီးလာကြတယ်။ အမှတ်ရစရာတွေလည်း များလာတာပေါ့"ဟု အာရီဖာက ရယ်ရင်းပြောပြသည်။

ဘွေနာပတ်စ် အထက်တန်းကျောင်းတွင် စုစုပေါင်း ဘာသာစကား ၂၆ မျိုး ပြောကြသည်။ သို့သော် အများစုမှာ လက်တင်မျိုးနွယ်များဖြစ်သည်။

ထိုကျောင်းသားများအားလုံး အမေရိကန်လယ်ယာလုပ်ငန်းပုံစံကို ကောင်းကောင်းကြီး သိရှိကြပါသည်။ လူဖြူလယ်သမားများက မြေကိုပိုင်ဆိုင်ကြပြီး လက်တင်မျိုးနွယ်များက ပင်ပန်းခက်ခဲသော ကာယလုပ်ငန်း လုပ်ကိုင်ကြပုံပေါ်သည်။ အမေရိကန်လူဦးရေ စစ်တမ်းဌာန၏ အချက်အလက်များအရ လက်တင်မျိုးနွယ်များမှာ အမေရိကန်လယ်ယာလုပ်ငန်း၏ ၃ ရာခိုင်နှုန်းကိုသာ ပိုင်ရှင်အဖြစ်လုပ်ကိုင်နေကြသူများဖြစ်သည်။ ဘွေနာပတ်စ် အထက်တန်းကျောင်းသားအများစုမှာလည်း လုပ်ခနည်းပြီး ခက်ခဲကြမ်းတမ်းသော ဟင်းသီးဟင်းရွက်နှင့် ပန်းသီး သစ်သီးခူးခြင်းများ လုပ်ကိုင်နေသော ဆွေမျိုးများရှိကြသူများဖြစ်သည်။

ဘွေနာပတ်စ်အထက်တန်းကျောင်း စိုက်ပျိုးရေးပညာဌာနကို ဦးဆောင်နေသော ဂျက်စီကာဖာနန်ဒက်စ်ကလည်း ၎င်း၏ ကျောင်းသားများအား သစ်သီးများခူးဆွတ်နေသော လုပ်သားများအပေါ် ဂုဏ်ယူစေချင်သည်။ တစ်ချိန်တည်းမှာပင် လယ်ယာနှင့် ဥယျာဉ်ခြံများတွင် အခြားအလုပ်အကိုင်များရှိနေသည်ကိုလည်း ကျောင်းသားများကို သိစေလိုသည်။ "သီးပင်စားပင်တွေကို စတင်စိုက်ပျိုးချိန်ကနေ ကုန်စုံဆိုင်တွေကို ရောက်တဲ့အထိနဲ့ ကုန်ပစ္စည်းတွေကို စားသုံးသူတွေ ဝယ်ယူချင်အောင်လုပ်ဆောင်တဲ့နေရာမှာအဆင့်တွေအများကြီးရှိတယ်"ဟု မစ္စစ်ဖာနန်ဒက်စ်ကပြောသည်။ "စိုက်ပျိုးရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး အလုပ်အကိုင်တွေ အများကြီးရှိတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လယ်ထွန်စက်မောင်းနည်းသင်ယူခြင်းအပြင် ဘွေနာပတ်စ်အထက်တန်းကျောင်းမှ ကျောင်းသားများသည် လယ်ယာလုပ်ငန်းစီးပွားရေးအကြောင်းလည်း သင်ယူကြရသည်။ စိုက်ပျိုးရေးစီးပွားရေးပညာနှင့် စိုက်ပျိုးရေးသိပ္ပံပညာဟု ခေါ်ဝေါ်ကြသည်။ နာသန်တာလာဗီရာမှာ သက်သတ်လွတ် စားသုံးသူများအပေါ် အာရုံစိုက်လိုပြီး အာဖီယာအဗ္ဗဒူကမူ စိုက်ပျိုးရေးလုပ်ငန်းအတွင်းမှာပင် စာရင်းကိုင်တစ်ဦးဖြစ်ချင်သည်။

စာသင်ကြားခြင်းအပြင် မစ္စစ်ဖာနန်ဒက်စ်သည် အမေရိက၏ အနာဂတ်လယ်သမားများအဖွဲ့ (FFA)နှင့် ပူးပေါင်းလုပ်ကိုင်နေသည်။ ၎င်း၏လမ်းညွှန်မှုအောက်မှာပင် ဘွေနာပတ်စ်အထက်တန်းကျောင်း စိုက်ပျိုးရေးဘာသာရပ်သင်ယူမှုတွင် မူလက ကျောင်းသားဦးရေ ၆၀ မှ ကိုးနှစ်အတွင်း ကျောင်းသားပေါင်း ၅၀၀ နီးပါးရှိလာခဲ့ပြီဖြစ်၍ အောင်မြင်သည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း ၎င်းအရေအတွက်မှာ ဘွေနာပတ်စ် အထက်တန်းကျောင်း စုစုပေါင်းကျောင်းသားအရေအတွက်၏လေးပုံတစ်ပုံသာရှိပါသေးသည်။ မည်သို့ပင်ဖြစ်စေ ဘွေနာပတ်စ်အထက်တန်းကျောင်းအစီအစဉ်မှာ FFA အဖွဲ့အတွက် အောင်မြင်မှုဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။ အခြားမြို့ပေါ်တွင်ရှိသော ကျောင်းအများစုမှာ FFA အဖွဲ့အစည်းအကြောင်း ကြားပင်မကြားဖူးကြပေ။

ယင်းအတွက် အမေရိကန်လယ်ယာလုပ်ငန်းမှ ပုဂ္ဂိုလ်များ စိုးရိမ်ပူပန်နေကြသည်။ "ကျွန်တော်တို့ရဲ့ ဘိုးဘေးဘီဘင်အစဉ်အလာလုပ်ငန်းကို ဆက်လုပ်ကိုင်ဖို့ လူငယ်လူရွယ် လယ်သမားတွေ အသည်းအသန်လိုအပ်နေတယ်"ဟု အမျိုးသား FFA အဖွဲ့အစည်း၏ ဒါရိုက်တာဘုတ်အဖွဲ့ဥက္ကဋ္ဌ စတိဗ်ဘရောင်းကပြောပါသည်။

*—Ref: BBC*

# ဂျာမနီနိုင်ငံ ဘာလင်မြို့ ကိုယ်ပိုင်အင်တာနက်လိပ်စာရှိသော ကမ္ဘာ့ပထမဆုံးမြို့ဖြစ်လာမည်

**ဘာလင်၊ မတ်-၁၅**

ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ ကမ္ဘာ့ပထမဆုံး ကိုယ်ပိုင်အင်တာနက်လိပ်စာရှိသော မြို့တစ်မြို့ဖြစ်လာတော့မည်ဖြစ်သည်။

ဂျာမနီနိုင်ငံ မြို့တော်ဘာလင်ရှိ လူပုဂ္ဂိုလ်တစ်ဦးချင်း (သို့မဟုတ်) ကုမ္ပဏီများမှာ မတ်လ ၁၈ ရက်မှစ၍ ၎င်းတို့၏ ဝက်ဘ်ဆိုက်လိပ်စာအဆုံးတွင် .berlin ဟု အသုံးပြုထည့်သွင်းနိုင်တော့မည်ဖြစ်ကြောင်း dpa သတင်းဌာနက ဖော်ပြသည်။


ယင်းနောက်ဆက်စကားလုံးမှာ ယေဘုယျအသုံးပြုသော ထိပ်တန်းအဆင့် အင်တာနက်လိပ်စာ (gTLD)ဟု နည်းပညာဝေါဟာရဖြင့်ခေါ်ဝေါ်ပြီး ဘာလင်မြို့ ဒေသဆိုင်ရာအစိုးရနှင့် ကမ္ဘာ့အင်တာနက်စနစ်များကို စီစဉ်ညွှန်ကြားသည့် အမေရိကန်အခြေစိုက် ICANN အဖွဲ့ကြား သဘောတူညီမှုတစ်ခုအရ ဖန်တီးခဲ့ခြင်းဖြစ်သည်။


ဘာလင်မြို့ပြီးနောက် လန်ဒန်၊ ပါရီ၊ နယူးယောက်၊ ဂျိုဟန်နက်စ်ဘက်ဂ်မြို့နှင့် ဂျပန်နိုင်ငံ နာဂိုယာမြို့တို့အပါအဝင် မြို့များစွာတွင် ကိုယ်ပိုင်အင်တာနက်လိပ်စာများ စတင်အသုံးပြုတော့မည်ဖြစ်သည်။ .london နောက်ဆက်တွဲစကားလုံးကို ဧပြီလတွင် စတင်သုံးစွဲနိုင်မည်ဖြစ်သည်။ .wien နှင့် အဆုံးသတ်သော တစ်ခုတည်းသော ဝက်ဘ်ဆိုက်မှာ ဩစတြေးလျနိုင်ငံ မြို့တော်ဗီယင်နာကို ကိုယ်စားပြုပြီး မတ်လအစောပိုင်းကပင် တွေ့မြင်ရသော်လည်း ယင်းနောက်ဆက်တွဲစကားလုံး သုံးစွဲရန် ဇူလိုင်လအထိ မှတ်ပုံမတင်ရသေးပေ။

.berlin နောက်ဆက်တွဲအတိုကောက် အသုံးပြုရန် တစ်နှစ်လျှင် ယူရိုငွေ ၃၀ နှင့် ၆၀ ကြား ကုန်ကျမည်ဖြစ်ပြီး ယင်းဒိုမိန်းကို ရောင်းချရာမှ ပထမဆုံးနှစ်တွင် ဝင်ငွေယူရိုငါးသိန်း ရရှိမည်ဟု မျှော်လင့်ရသည်။ *—Ref: BBC*

7DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

# 7DAY BOOK REVIEW




## တိုက်ရိုက်နဲ့မပြီး ပြည်သူနဲ့ တစ်ထပ်တည်းကျမှ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်မယ်

**ဦးတင်ဦး(ကျူရှင်)**

ဦးတင်ဦး (ကျူရှင်)၏ စာဖတ်သူတစ်ဦးနှင့် ဆွေးနွေးခြင်း ဆောင်းပါးများကို ပြန်လည်စုစည်းထုတ်ဝေခြင်းဖြစ်သည်။

"သူ။ ဒါဆိုရင် တပ်မတော်အနေနဲ့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်ဖို့ဆိုရင် ငါးခုံးမအပုပ်တွေ လှေထဲမှာ ပါမလာဖို့လိုတာပေ့ါနော်။

နုပ်။ တပ်မတော်ကို လူတွေ ချစ်ခင်ကြည်ညို ဖြစ်ခဲ့တဲ့ သမိုင်းကိုပြန်ကြည့်ရင် တပ်မတော်ဟာ ပြည်သူရဲ့ အကျိုးစီးပွားနဲ့ တစ်ထပ်တည်းကျနေခဲ့စဉ်က ပြည်သူတွေက သိပ်ကြည်ညိုတာပဲဗျ။ ဘီအိုင်အေ၊ ဘီဒီအေ၊ ပီဘီအက်ဖ် အစရှိတဲ့ တပ်မတော်အဆင့်ဆင့် ပြောင်းလဲလာတဲ့ ကာလတွေ အတွင်းမှာ တပ်မတော်သားတွေဟာ ဘာအကျိုးမှ မျှော်လင့်စရာမရှိဘဲ တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်ပေးခဲ့ကြတာကိုး။ လွတ်လပ်ရေးဆိုတဲ့ ပြည်သူ့အကျိုးနဲ့ တစ်ထပ်တည်းကျတာကိုး။ လွတ်လပ်ရေးရပြီး နောက်ပိုင်းမြန်မာ့ တပ်မတော်ဖြစ်လာတဲ့ အချိန်မှာ ချစ်ခင်ကြည်ညိုခံရတာလည်း ပြည်သူလူထုကို သူပုန်သူကန်ရန်တွေက ကာကွယ်ပေးလာနိုင်ခဲ့၊ တရုတ်ဖြူလို ပြည်ပကျူးကျော်မှုကို အသက်ပေး တွန်းလှန်ခဲ့ကြလို့ ပြည်သူ့အကျိုးနဲ့ တစ်ထပ်တည်း ကျလို့ပဲ" ဟု ဆွေးနွေးခန်းတစ်နေရာတွင် ဖော်ပြထားရာ စာဖတ်သူများ နှစ်သက်သဘောကျမည့် အကြောင်း အရာများဖြစ်သည်ဟု ဆိုချင်ပါသည်။ စာအုပ်ကို ခေတ်ပြတိုက်စာပေက တန်ဖိုး ကျပ် ၃,၀၀၀ ဖြင့် ဖြန့်ချိသည်။

## အာဖဂန်နစ္စတန်တွင် ဗုဒ္ဓသာသနာ ကွယ်ပျောက်သွားခြင်းနှင့် အခြားဆောင်းပါးများ

**သရဝဏ်(ပြည်)**

သရဝဏ်(ပြည်)၏ ဆောင်းပါးများကို စုစည်းထုတ်ဝေထားသည့် စာအုပ်ဖြစ်သည်။ စာအုပ်တွင် ဆောင်းပါး ၂၃ ပုဒ်ပါဝင်ပြီး ဒေသ့လမ်းညွှန်ဘဝ အတွေ့အကြုံများအပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးအစရှိသော နယ်ပယ်စုံကို ချဉ်းကပ်သုံးသပ်ထားသည့် ဆောင်းပါးများဖြစ်သည်။

မြန်မာနှင့် အင်္ဂုံ့စိတ်ဟူသော ဆောင်းပါးတွင် "နိုင်ငံခြားသားအတွက်ဆိုလျှင် အစစ အရာရာ မျက်နှာချိုလှသော Friendly People ဟု နာမည်ကျော်လှသော ကျွန်တော်တို့နိုင်ငံသည် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးချင်းဆိုလျှင် မျက်နှာကြောတင်းလှတာ ဒေသ့လမ်းညွှန်လုပ်သက် ၁၇ နှစ်အတွင်း မကြာခဏ ကိုယ်တွေ့ကြုံရ ဖူးပါသည်။ ဤကိစ္စကို အနုလုံ ပဋိလုံ သုံးသပ်ကြည့်လိုက်သောအခါ အဓိကအားနည်းချက်ဖြစ်သော ကျွန်တော်တို့ မြန်မာလူမျိုးများ၏ အင်္ဂုံ့စိတ် (Inferior Complex) ကို စိတ်မကောင်းစွာ သွားတွေ့ရသည်။ ထိုအင်္ဂုံ့စိတ်သည် သိစိတ်တွင် တရားဝင်မရှိသော်လည်း လူတော်တော်များများ၏ မသိစိတ်တွင် လျှို့ဝှက်ကိန်းအောင်းနေသော **"နိုင်ငံခြားသားများသည် ငါတို့ထက် သာလွန်မြင့်မြတ်သည်၊ ငါတို့လူမျိုးသည် နိုင်ငံခြားသားထက် နိမ့်ကျသည်"** ဆိုသော ကိုယ့်ကိုယ်ကိုယ်တစ်ဆင့်နှိမ့်ထားသော စိတ်ဖြစ်သည်ဟု ရေးသားထားသည်။ စာအုပ်ကို ကံ့ကော်ဝတ်ရည်စာပေက ထုတ်ဝေပြီး တန်ဖိုးကျပ် ၂,၀၀၀ ဖြစ်သည်။

## Knowledge ဗဟုသုတ

### ပိုလိုရှပ် (သို့မဟုတ်) တင်းနစ်ရှပ်အင်္ကျီတွေ ဘယ်အချိန်တည်းက ပေါ်ပေါက်ခဲ့တာလဲ

ပိုလိုရှပ်ခေါ် လည်ပင်းအောက်ခြေတွင် အင်္ကျီကြယ်သီး နှစ်လုံး (သို့မဟုတ်) သုံးလုံးခန့်သာပါသော စပို့ရှပ်များကို ပြင်သစ်နိုင်ငံမှ ဂရင်းဆလမ်း တင်းနစ်ချန်ပီယံဆုခုနစ်ကြိမ်အထိ ရဖူးသည့် ရေနေလားကို့စ်က ၁၉၂၆ ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် စတင်ဝတ်ဆင်ခဲ့ခြင်းဖြစ်သည်။ လားကို့စ်သည် ၁၉၂၇ တွင် ၎င်း၏အင်္ကျီတွင် မိကျောင်းတံဆိပ်ပုံကို ရေးထိုးခဲ့ပြီး ၁၉၃၃ တွင် တင်းနစ်လောကမှ အနားယူသောအခါ သူငယ်ချင်း ဖြစ်သူ အွန်ဒရေဂျီလီယာနှင့်ပေါင်း၍ ၎င်း၏အမည်ပါသော လားကို့စ် အမှတ်တံဆိပ်များကို စတင်ရောင်းချခဲ့သည်။ ထို့နောက်ပိုင်းတွင် လားကို့စ်၏ တင်းနစ်ရှပ်များ ရေပန်းစားလာခဲ့ရာ ပိုလိုကစားသမားများပါ အားကစားအင်္ကျီအဖြစ် ဝတ်ဆင်လာခဲ့ကြပြီး ပိုလိုရှပ်များအဖြစ် လူအများ သိမှတ်ညွှန်းဆိုခဲ့ကြသည်။

—*Ref: Wikipedia/Fashion Encyclopedia*






## ARIES မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

စိတ်အနှောင့်အယှက်၊ အညံ့အဆိုးများကင်းလွတ်မည်။ အရာရာအဆင်ပြေမည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားပြီး မြင့်မားသောဘဝအခြေအနေသို့ပြောင်းလဲတိုးတက်မည်။ အတတ်ပညာကိုအသုံးချ၍ တိုးတက်မည်။ ပြဿနာဟောင်းအချို့အားဖြေရှင်းရမည်။ အရာရာအဆင်ပြေနိုင်သည်။ လမ်းသစ်ထွင်၍လုပ်သော ကိစ္စများအကျိုးပေးမည်။ ရပ်တန့်ထားသောလုပ်ငန်းများပြန်လည်စတင်နိုင်မည်။



## TAURUS ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

တစ်ပိုင်းတစ်စရပ်တန့်ထားသောကိစ္စများ အဆုံးသတ်နိုင်မည်။ ရပ်ဝေးမှ သတင်းကောင်းများ လက်ခံရမည်။ နေရာအပြောင်းအရွှေ့၊ အပြောင်းအလဲအတွက် ဆောင်ရွက်မှုများအဆင်ပြေမည်။ အရေးကြီးသော ဆုံးဖြတ်ချက်များချမှတ်နိုင်မည်။ ချစ်သူနှင့်ခွဲရတတ်သည်။ အိမ်တွင်းရေးပဋိပက္ခရှိမည်။ ခရီးသွားခြင်း အစီအစဉ်အောင်မြင်မည်။



## GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ထူးခြားသောသတင်းနှစ်ခု (သို့မဟုတ်) စာနှစ်စောင်လက်ခံရရှိမည်။ နေအိမ်အနီးအပါးတွင် ကျားမဟုတ်၊ မ မဟုတ်သောသူပြောင်းရွှေ့လာခြင်းဖြစ်စေ၊ လုပ်ငန်းလာရောက်လုပ်ကိုင်ခြင်းဖြစ်စေ ကြုံမည်။ မိတ်ဆွေအကြီးအကဲတစ်ဦးထံမှ အကူအညီရမည်။ အလုပ်တိုးတက်မည်။ အလှူအတန်းကိစ္စ၊ ဘာသာရေးကိစ္စကြုံတွေ့ရမည်။ လုပ်ငန်းတိုးတက်မှုရှိမည်။



## CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

လုပ်သမျှအံ့ချော်မည်။ ချက်ချင်းပြီးမြောက်ရမည့်ကိစ္စအား အချိန်ဆွဲပြီးလုပ်သောသူများနှင့်တွေ့မည်။ လူညစ်များနှင့်တွေ့ရတတ်သည်။ ရှေ့တိုးဆောင်ရွက်ရန်အခြေအနေကောင်းကြုံလျက် ပူးတွဲဆောင်ရွက်သောသူများ၏ ပေ့ါပေ့ါတန်တန်လုပ်ကိုင်ခြင်း၊ ငွေကြေးရရန်မှတစ်ပါး အလုပ်အပေါ်စိတ်မဝင်စားခြင်းတို့ကြောင့် ကိုယ်လုပ်သည့်အရာမှန်သမျှ မပေါ်လွင်သလိုဖြစ်နေမည်။



## LEO သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

ဆောင်ရွက်သမျှ ထွန်းထွန်းပေါက်ပေါက်နှင့် မြင့်မားသောအောင်မြင်မှုရမည်။ အခက်အခဲများဖြေရှင်းနိုင်မည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ ကြန့်ကြာနေသော အခွင့်အရေးများပြန်လည်ရရှိမည်။ ဉစ္စာတိုးပွားမည်။ လုပ်ငန်းတိုးတက်မည်။ ပိတ်နေသောလမ်းကြောင်းများပြန်ပွင့်မည်။ ငွေမြှုပ်နှံသည်များမှ ကောင်းသောအကျိုးအမြတ်ရမည်။



## VIRGO ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

မေတ္တာရေးကံကောင်းမည်။ မိတ်ဆွေကောင်းအထောက်အကူရမည်။ အလှူမင်္ဂလာကိစ္စများပါဝင်ပတ်သက်ရမည်။ ရင်းနှီးသောမိတ်ဆွေတစ်ဦး၏ နာရေးကိစ္စလိုက်လံကူညီပေးရမည်။ ကာလအတန်ကြာဖြစ်ပေါ်နေသောပဋိပက္ခများအေးချမ်းသွားမည်။ လုပ်ငန်းဟောင်းတစ်ခုအား ပြန်လည်စတင်ဆောင်ရွက်ရန်အခြေအနေကြုံမည်။ ကြန့်ကြာနေသောရပိုင်ခွင့်များပြန်ရမည်။



## LIBRA တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

စိတ်ကူးသစ်နှင့်အတွေးအခေါ်သစ်များကို လက်တွေ့ဆောင်ရွက်ရမည်။ ခရီးသွား၍အကျိုးရှိမည်။ တစ်ပါးသူနှင့်တွဲဖက်လုပ်ကိုင်သောကိစ္စများမှ ထူးခြားသောအကျိုးဆက်များရရှိမည်။ ချက်ချင်းဆုံးဖြတ်၊ လက်ငင်းလုပ်ကိုင်သောလုပ်ငန်းများမှ ကောင်းသောအကျိုးအမြတ်ရမည်။ လုပ်သမျှလူသိထင်ရှားဖြစ်မည်။ ထူးခြားသောတက်လမ်းများရရှိမည်။



## SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

စေတနာဝေဒနာဖြစ်မည်။ မနာလိုသူများ၊ အပြိုင်ပြုသူများနှင့်တွေ့မည်။ တွေဝေခြင်း၊ ဒွိဟဖြစ်ခြင်းများကြောင့် အခွင့်အရေးများလက်လွတ်ဆုံးရှုံးမည်။ လုပ်ရိုးလုပ်စဉ်ပုံမှန်လုပ်၍မရ။ လမ်းသစ်ထွင်ဆောင်ရွက်၍တိုးတက်မှုရမည်။ သီးသီးသန့်သန့်တစ်ကိုယ်တော်လုပ်လေတိုးတက်လေဖြစ်မည်။ အိမ်တွင်းရေးပဋိပက္ခရှိမည်။ လုပ်ငန်းအတွင်း အလုပ်သမားရေးရာကိစ္စများအတွက် စိတ်ပင်ပန်းမည်။




## SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

အရာရာအဆင်ပြေ၍ ဆောင်ရွက်သမျှထွန်းထွန်းပေါက်ပေါက်နှင့် အလိုရှိသလောက်ဆောင်ရွက်နိုင်သည်။ အတားအဆီးများအားကျော်လွှားနိုင်မည်။ လုပ်ငန်းအဆင်ပြေလင့်ကစား လုပ်ငန်းဖော်ဆောင်မည့် လူကောင်းမရှိ၍ စိတ်တိုင်းကျလုပ်နိုင်ခွင့်မရှိ။ မူလစိတ်ကူးထားသည့်လမ်းကြောင်းမှဖယ်ခွာ၍ ဦးတည်ချက်ကို လက်တွေ့အကောင်အထည်ဖော်ကာတိုးတက်မည်။ ကာလအတန်ကြာလက်တွဲနေသူများနှင့်လမ်းခွဲရမည်။



## CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

စိတ်ရှုပ်စရာများ၊ အနှောင့်အယှက်များရှိမည်။ မျက်ရည်ယိုစီးကိန်း၊ သွေးယိုစီးကိန်းများကြုံမည်။ တည်ငြိမ်မှုမရှိသောသူများ လှုပ်ရှားပြောင်းလဲနေသောအကြောင်းအရာများကြောင့် စနစ်တကျစီစဉ်ထားသည်များ ပျက်ယွင်းကာ ဖြစ်သလိုဆောင်ရွက်ရ၍ စိတ်သောကများဖြစ်ထွန်းမည်။ ငွေကုန်များမည်။ မသုံးမဖြစ်၍ သုံးရမည်။ အလုပ်ကိစ္စအတွက်စီစဉ်ဆောင်ရွက်မှုများ အောင်မြင်မည်။



## AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)

မိမိလုပ်လိုသောလုပ်ငန်းကတစ်မျိုး လက်တွေ့လုပ်ရသည်ကတစ်မျိုးကြုံမည်။ ဖြစ်လိုသည်ထက် ဖြစ်ပေါ်လာသောအခြေအနေကိုအသုံးချရမည်။ မူလစိတ်ကူးထားခြင်းမရှိသော လုပ်ငန်းအကြံအစည်များကို အကောင်အထည်ဖော်ရမည်။ မတော်တဆထိခိုက်မှုအန္တရာယ်ဂရုစိုက်ရမည်။ မျက်စိနှင့်ပတ်သက်သော ဝေဒနာဖြစ်တတ်သည်။ ခြံ၊ ကား၊ အခန်းကိစ္စစကားပြောဆိုရမည်။ စကားအောင်မည်။




## PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

စိတ်ချမ်းမြေ့ရမည်။ လုပ်နေသောကိစ္စများအဆင်ပြေမည်။ အခက်အခဲများဖြေရှင်းနိုင်မည်။ အလုပ်တိုးတက်ခြင်း၊ ဝင်ငွေတိုးခြင်းများရှိမည်။ သူတစ်ပါးထက်သာသောသဘာဝသို့ရောက်ရှိမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ပညာလုပ်ငန်းတွဲဖက်အောင်မြင်မည်။ လုပ်ငန်းခွင်မှသူများ အပြစ်ပေးခံရသောသူ၏နေရာသို့ ဝင်ရောက်အစားထိုးခြင်းခံရမည်။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၇၆)



## အလျားလိုက်

၅။ အမေရိကန်မျိုးဆက်သစ် လေယာဉ်တင်သင်္ဘော
၇။ အစားအသောက်မူမမှန်ဖြစ်နိုင်သူများ
၈။ အိန္ဒိယတွင် ရောင်းအားမြင့်တက်ခဲ့သော ပစ္စည်းများ
၉။ ပြည်သူလူထုအပေါ် ရုန့်ရင်းကြမ်းတမ်းသော စကားများ ပြောကြားခဲ့သူ
၁၁။ ဘိန်းဖြူသုံး၍ အလုပ်လုပ်ကြသောနေရာ
၁၂။ 'တရားဥပဒေအထက် မည်သူမျှမရှိစေရ' မကြာခဏကိုးကားသူများ

## ဒေါင်လိုက်

၁။ ရန်ကုန်တက္ကသိုလ်နှင့် တွဲနေသော အရာတစ်ခု
၂။ ပေါက်ကွဲပါက မခံမရပ်နိုင်အောင် ဆိုးရွားသော အနံ့ထွက်သောဖုံး
၃။ ပြန်ထွက်လာသောကမ္ဘာကျော်မဂ္ဂဇင်း
၄။ မြန်မာလုပ်သားများကို ခေါ်ယူရေး ကမ်းလှမ်းထားသောနိုင်ငံတစ်နိုင်ငံ
၆။ ပါဝါအပျော့
၁၀။ နွေရာသီ 'အ'သုံးလုံးသင်တန်းဖွင့်သည့်မြို့

**Smart Dictionary ကံထူးသူ**

၁။ ဆုမြတ်ရွှေရည်၊၁၂/ဗတတ(နိုင်)၁၇၆၀၈၈ ၂၀၇၊မြေညီထပ်၊လမ်း ၄၀၊မိုလ်တထောင်။

**ကျန်အဖြေမှန်သူများ**

၂။ မဖြူဖြူဖြိုး၊ ၁၄/ဘကလ(နိုင်)၀၀၁၇၄၅
၃။ သန်းထွဋ်၊ ၁၂/အစန(နိုင်)၁၈၂၉၇၀
၄။ နေသူရိန်၊ ၁၃/တကန(နိုင်)၁၆၀၁၁၈
၅။ နိုင်နိုင်၊ ၁၂/ဗဟန(နိုင်)၀၀၉၂၈၉
၆။ မမေဇင်ထွန်း၊ ၅/ငဇန(နိုင်)၀၆၅၇၅၇
၇။ ဒေါ်ခင်သန်းနွယ်၊ ၉/ပမန(နိုင်)၀၈၄၀၀၃

**ပဟေဠိ အမှတ်စဉ်(၂၇၅)အဖြေမှန်**




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................

**နေရပ်လိပ်စာ** ....................................................................................

ပဟေဠိအမှတ်စဉ် ၂၇၅ ဒေါင်လိုက်မေးခွန်း(၃)တွင် စာလုံးတစ်လုံးလိုသွားခဲ့သော်လည်း ယင်းကိုဖယ်ထုတ်၍ ကျန်မေးခွန်း (၁၁)ခု အဖြေမှန်သူ (၁၂) ဦးအနက်မှ (၇)ဦးကို ရွေးချယ်၍ SMART Electronic Dictionary ကံထူးသူကို မဲဖောက်ကာ ကျန် (၆) ဦးကို 7 Day News မှ မေတ္တာလက်ဆောင်များ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများ အပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာ လက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၁-၃-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုန်းသူ

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

**ကြိုတင်စာရင်းသွင်းနိုင်ပါသည်**

မှော်ဘီမြို့နယ်၊ ကျိုက်ဒေးဒလွန်ဘုရားကြီးအနီးရှိ ထေရီဓမ္မရိပ်သာကြီးအတွင်း၌ ၈ တန်းမှ ဘွဲ့ရအထိ သုံးရက်ပဋ္ဌိစ္စ သမုပ္ပါဒ်သင်တန်းနှင့်လူငယ်အထူးတရားစခန်းကို ၂၇ မှ ၁၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ကြိုတင်စာရင်းသွင်းနိုင်ပါသည်။
ဖုန်း-၀၉ ၅၄၀၄၃၉၄၊၄၂၂၁၉၈၈၁၇

**အမြန်ရောင်းမည်**

တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ မြေကွက်အမှတ်(၃၁၉)၊ ပေ(၂၅×၅၅)။
ရောင်းဈေး- (သိန်း၁,၇၀၀)
ဖုန်း-၀၉-၇၃၀၀၆၃၇၆

**Teaching & Guide**

Grade 1 to 9 ဘာသာစုံအိမ်လိုက် သင်သည်။ သီးသန့်ဝိုင်းသင်လိုသူများ စုံစမ်းနိုင်သည်။ International School မှ ကျောင်းသား၊ ကျောင်းသူများအားမြန်မာစာအထူးသင်ကြားပေးသည်။
ဖုန်း-၀၉ ၄၂၈၀၂၆၄၂၄

**သင်ကြားပေးသည်**

Home Special Teaching & Study Guide သင်ကြားပေးသည်။
ရန်ကုန်၊ နေပြည်တော်။
ဖုန်း-၀၉ ၄၂၁၁၁၀၄၉၄

**သင်ကြားပေးသည်**

၈၊ ၉နှင့် ၁၀ တန်း ကျောင်းသားများအတွက် အိမ်အရောက်စာသင်ပေးသည်။ (သချ်ာသီးသန့်)ဆရာဇော်။
ဖုန်း-၀၉ ၅၅၀၁၅၆၇

**တပ်ဆင်ပေးသည်**

စက်မှုဇုန် လုပ်ငန်းရှင်များအတွက် Wireless Network ချိတ်ဆက်၍ နှစ်မိုင် မှ ငါးမိုင်အထိ လှမ်းကြည့်နိုင်သော CCTV/ IPCAMERA များတပ်ဆင်ပေးပါသည်။
ဖုန်း-၀၉ ၃၁၉၄၅၅၁၈

**ဘာသာပြန်အလုပ်ရုံ**

သတင်း၊ ဆောင်းပါး၊ ဝတ္ထု၊ သုတနှင့် ရသမျိုးစုံကို အင်္ဂလိပ်မှ မြန်မာဘာသာသို့ ရှင်းလင်းပြေပြစ်စွာ ဘာသာပြန်ဆိုသည်။ ဖုန်း-၀၉ ၄၅၀၀၅၂၇၂၆

**Wed Site ရေးဆွဲသည်**

MWP,Web Development Servicesမှ ကုမ္ပဏီလုပ်ငန်း၊ သင်တန်းကျောင်း၊ ခရီးသွားလုပ်ငန်းအစရှိသော လုပ်ငန်းများအတွက် Web Siteများကို အစအဆုံး တာဝန်ယူရေးဆွဲပေးသည်။
ဖုန်း-၀၉ ၇၃၂၁၈၀၂၁

**ငှားမည်**

စာသင်ခန်းမ ငှားမည်။ (သို့မဟုတ်) အချိန်ပိုင်း ငှားမည်။
မင်္ဂလာဈေးကားမှတ်တိုင်ရှေ့။
ဖုန်း-၀၉ ၅၀၉၆၇၉၄

**ရောင်းမည်**

Samsung S3 100% new Box ပစ္စည်းစုံပါသည်။
ဖုန်း-၀၉ ၄၅၀၀၄၄၁၈၂

**ရောင်းမည်**

2011, Suzuki Swift, Grade 4.5B, bLue, Streeing Volume, TV,DvD, Back Cam, ကားအလွန်သန့်၊ 3G- Owner Book in Hand. သိန်း (၁၃၀) ညှိနိုင်း။
ဖုန်း-၀၉ ၇၃၀၆၉၅၅၈

**ဝယ်မည်**

Taxi Car Vitz သို့ AA-BB ဝယ်လိုသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
ဖုန်း-၀၉ ၅၀၁၀၈၃၀

**ရောင်းမည်**

အင်းစိန်၊ အရှေ့ကြို့ကုန်း၊ ပေ ၇၀ ပတ်လည်နီးပါး(လမ်းမထောင့်ကွက်) အိမ်နှင့်ခြံ၊ ရေမီးပါဝါမီတာ၊ အိပ်ခန်း သုံးခန်း၊ သိန်း (၁၅,၀၀၀)။
ဖုန်း-၀၉ ၄၂၀၁၄၂၁၅၆

**ရောင်းမည်**

ရွှေပြည်သာ၊ ပေ (၂၅×၈၀)၊ တောင့်တင်းသော လုံးချင်းပျဉ်ထောင် (တစ်ထပ်) ရေမီးပါ။ ဒညင်းကုန်းနှင့် နီးသည်။ သိန်း (၄၅၀)။
ဖုန်း-၀၉ ၄၂၀၁၄၂၁၅၆

**ထုတ်လုပ်ပြုပြင်ရောင်းဝယ်ရေး**

ရော်ဘာ roller များကို နိုင်ငံခြားမှ မှာယူရန် မလိုဘဲ ကျွမ်းကျင်သူ ပညာရှင်များဖြင့် ပြည်တွင်းတွင် ထုတ်လုပ်နေပါသည်။ ရော်ဘာအဟောင်းများကိုလည်း ပြန်လည်အသုံးပြုနိုင်ရန် ပြုပြင်ပေးနေပါသည်။ ဖုန်း-၀၉ ၂၅၀၆၅၆၆၆၁

**ရောင်းမည်**

အမှတ် (၄၃)၊ ဦးအေးသွယ် (၁) လမ်း၊ ပထမထပ်၊ ဘယ်ဘက်အခန်း၊ ပါရမီစိန်ဂေဟာအနီး၊ လှိုင်မြို့နယ်။ (၁၆) ရပ်ကွက်၊ ရန်ကုန်တိုင်း။
ဖုန်း-၀၉ ၂၅၀၃၈၄၃၅၇

**AUNG BROTHER Groups**

လေအေးပေးစက်များကို ဝန်ဆောင်မှုပုံစံအမျိုးမျိုးဖြင့် စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။
ဖုန်း-၀၉ ၄၂၀၀၄၈၃၅၂

**ဆောင်ရွက်ပေးသည်**

IDCS, IADCS, BIT Project များ၊ Assignment များကို စိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးနေပါပြီ။
ဖုန်း-၀၉ ၅၃၆၆၆၃၆

**ကားမောင်းသင်သည်**

မန္တလေးမြို့မှ လူကြီးမင်းတို့၏ အိမ်စီးကားဖြင့် သင်ပေးသည်။ အချိန်ပိုင်းအမျိုးသမီးယာဉ်မောင်းလိုအပ်ပါက ဆက်သွယ်နိုင်ပါသည်။
ဖုန်း- ၀၉ ၃၃၀၁၄၇၈၀

**ဝန်ထမ်းအလိုရှိသည်**

Agora Cafe & Restaurant အတွက် စားကိုင် (၃) ဦး၊ သန့်ရှင်းရေး (၂) ဦး
အမှတ် (၄)သစ္စာလမ်း၊ ရန်ကင်းမြို့နယ်။
ဖုန်း-၀၉ ၈၃၀၅၀၃၆

**ဝန်ထမ်းအလိုရှိသည်**

လက်ထောက်အရောင်းမြှင့်တင်ရေး
ကျား/မ (၄) ဦး
အမှတ် (၁၀၃၅)၊ သုံးလွှာ၊ ၆ ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**ဝန်ထမ်းအလိုရှိသည်**

ကွန်ပျူတာကျွမ်းကျင် ကျား/မ (၃) ဦး ဘွဲ့ရ၊ M/S Office, E-amil, Internet ရပ်ရည်ပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်ရမည်။ လစာ ညှိနှိုင်း။
ဖုန်း-၀၉ ၅၃၁၁၇၀၄

**SUPER TOP**

အင်္ဂလိပ်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ မလေး၊ ပြင်သစ်၊ စပိန်၊ ရုရှား၊ ဂျာမန်၊ အီတလီ။
သင်တန်းကြေး - လစဉ် ၅၀၀၀ ကျပ်။
ဖုန်း-၀၉ ၅၀၅၈၉၃၄

**အိမ်လိုက်သင်ပေးသည်**

အစိုးရ၊ Private School နှင့် International School များအတွက် ဘာသာစုံ(သို့) တစ်ဘာသာချင်း အိမ်လိုက်သင်ပေးသည်။ ဖုန်း-၀၉ ၂၅၄၂၀၇၇၃၉

**အိမ်လိုက်သင်ပေးသည်**

အလယ်တန်း၊ အထက်တန်း ဘာသာစုံ (သို့) တစ်ဘာသာချင်း အိမ်လိုက်သင်ပေးသည်။ ဖုန်း-၀၉ ၃၁၂၈၄၉၉၃

**လမ်းညွှန်မှုပေးမည်**

ဓာတ်ပုံရိုက်ပြီး ပုံကောင်းမရသူများ အတွက် ဓာတ်ပုံလမ်းညွှန်မှုပေးပါသည်။
ဖုန်း-၀၉ ၃၁၀၅၅၇၉၃

**ရွှေပညာဒါနသင်တန်း**

ကိုယ်ပိုင်ရွှေဆိုင်၊ ကိုယ်ပိုင်အပေါင်ဆိုင် ဖွင့်လှစ်လိုသူများအတွက် ရွှေအကြောင်းကို အခြေခံမှစ၍ စာတွေ့၊ လက်တွေ့ အသေးစိတ်သင်ကြားပေးပါသည်။
ဖုန်း-၀၉ ၄၂၀၂၅၂၇၇၀

**သင်ပေးသည်**

Piano/organ အိမ်လိုက်သင်သည်။ International notes ဖြင့် ဖတ်တတ်၊တီးတတ်အောင် အခြေခံကစပြီး စနစ်တကျ သင်ပေးပါသည်။ ဖုန်း-၀၉ ၇၃၁၁၀၃၃၉

**ဝယ်/ရောင်း**

Laptops များ၊ Mobile ဖုန်းများ၊ Note, Tablet PCများစသည့် ပစ္စည်းများကို (အထူးဈေးကောင်းပေး)ဝယ်လိုသည်။ ဗိုလ်ဆွန်ပက်(အပေါ်)လမ်း၊ ပထမထပ်။
ဖုန်း၀၉ ၄၃၀၂၇၅၅၃

**ရောင်းမည်**

ဆပ်ပြာ၊ အိမ်သုတ်ဆေး၊ အလှကုန် Soft drink, Concrete Superplastisizer အထက်ပါ project profile package များ MYTECH INDUSTRY CONSULTANCY. PH:09 254115163

**ရောင်းမည်**

SAMSUNG Galaxy S3 White Colour. New 100% အမြန်ရောင်းမည်။
ဖုန်း-၀၉ ၄၅၀၀၄၄၁၈၂

**ရောင်းမည်**

တောင်ဥက္ကလာ၊ ပင်းယ ၁၁လမ်း၊ ပေ (၁၉x၅၂)၊ မြေညီ၊ သိန်း-၆၅၀၊ မှန်ခန်း၊ သိန်း- ၄၅၀ (၃ လပိုင်းစတင်မည်)။
ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**ရောင်းမည်**

တောင်ဥက္ကလာ၊ ယသဝတီလမ်းမကြီးပေါ်၊ ၁၃ ရပ်ကွက်၊ ပေ (၁၈x၅၅)၊ မြေညီ - သိန်း (၅၅၀)၊ လေးလွှာ သိန်း (၃၅၀)။ ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**

ပါရမီစိန်ဂေဟာအနီး၊ အနော်ရထာလမ်း၊ မရမ်းကုန်းမြို့နယ်။
မြေညီ၊ 12 x 50၊ သိန်း (450)
ဖုန်း-၀၉ ၄၂၀၀၀၄၄၃၂

**ဆက်သွယ်နိုင်ပါသည်**

မြို့တွင်း၊ မြို့ပြင် အချိန်ပိုင်းယာဉ်မောင်း အလိုရှိပါက ဆက်သွယ်နိုင်ပါသည်။
ကိုမိုးကြီး
ဖုန်း-၀၉ ၂၅၀၄၉၉၅၁၁

စာမျက်နှာ (၂၀)

## မမေ့တဲ့နိုင် (သို့မဟုတ်) မောင်စိုးနိုင်

ယခုမရှိတော့ပြီဖြစ်သော တာမွေသင်္ချိုင်းဝင်း။ အမှန်စစ်စစ် ထိုအချိန်က အများပြည်သူတို့၏ အသုဘအခမ်းအနားများကို ယခု Junction Square ကုန်တိုက်တည်ရှိရာ ကြံတောသုသာန်မှာသာ သင်္ဂြိုဟ်လေ့ရှိကြသည်။ မောင်စိုးနိုင်၏ အသုဘအခမ်းအနားကို အစိုးရက တာမွေသုသာန်မှာ သင်္ဂြိုဟ်ရန် ခွင့်ပြုခဲ့သည်မှာ လူမသိ၊ သူမသိ ဖြစ်စေလိုသော သဘောဟုသာ နားလည်သည်။

မောင်စိုးနိုင်၏အသုဘယာဉ်တန်း တာမွေသင်္ချိုင်းအတွင်း ဝင်ရောက်သွားချိန်မှာတော့ တာမွေသင်္ချိုင်းသည်လည်း တိတ်ဆိတ်ခြင်းအတိ ဖြစ်နေသည်။ တာမွေသုသာန်သည် ကြံတောသုသာန်နှင့် နှိုင်းယှဉ်လျှင် လူသုံးနည်းနေပြီဖြစ်သော သင်္ချိုင်းဟောင်းတစ်ခု။ သစ်ပင်ချုံပုတ်များအပြည့်။ တောထနေသော မြက်ရိုင်းများအကြားက အုတ်ဂူဟောင်းတချို့။ ထိုအုတ်ဂူဟောင်း အချို့အပေါ်မှာ လူအချို့တော့ ပြုံးပြုံးပြောက်ပြောက်ရှိနှင့်နေသည်။စစ်ထောက်လှမ်းရေးများ ဖြစ်ကောင်းဖြစ်မည်။ ကျွန်မတိ ကျသေချာမသိ။ စစ်ထောက်လှမ်းရေးဆိုသည်မှာ မည်သည့်ပုံစံမျိုးရှိသနည်း။ ကျွန်မအမှန်တကယ်မသိ။ ကျွန်မသိရှိသည်မှာ ပြည်သူလူထုက အလွန်ပင်ကြောက်နေရသော လူမျိုး။ ကျွန်မကတော့ မကြောက်ပါ။ကျွန်မဘာကိုများ အမှားလုပ်ခဲ့မိလို့လဲ။

ကျောင်းသားလူငယ်လေးတစ်ယောက်။ ကိုယ့်ရပ် ကိုယ့်ရွာနှင့်ဝေးသော အရပ်ဒေသမှာ သေနတ်မှန်၍သေဆုံးသွားခဲ့သည်။ ဖခင်တစ်ဦးမှလွဲ၍ ဆွေမျိုးရင်းချာမပါရှိသော အသုဘအခမ်းအနား။ ထိုအခမ်းအနားသို့ ကျွန်မလိုက်ပါပို့ဆောင်ချင်သည်။ မည်သူကမည်သို့ပင်ဆိုနေပါစေ။ ဆေးရုံပေါ်မှာရှိနေစဉ်သေဆုံးသူကလေးသည် ကျွန်မ၏ မောင်ငယ်လေးတစ်ယောက်သဖွယ်ဖြစ်ခဲ့သည်။ သူသည်အဖျားတက်နေစဉ်ကျွန်မ၏လက်ကို အစ်မအရင်းတစ်ယောက်၏လက်ကိုဆုပ်ကိုင်သကဲ့သို့ အားကိုးတကြီးဆုပ်ကိုင်ဖူးသည်။လက်ကိုင်ပဝါစကိုရေဆွတ်၍ နဖူးပေါ်တင်ပေးစဉ် သူသည် (အစ်မ)ဟုဖျားနေလျက်ကတီးတိုးခေါ်ဖူးသည်။ ထိုလူသား၊ ကျောင်းသားလူငယ် ကလေးသေဆုံးသွားချိန်မှာ မည်သူ့ကို ကြောက်ရ၍မှ သူ၏ နောက်ဆုံးခရီးကို လိုက်ပါမပို့ဆောင်ဘဲ ကျွန်မနေနိုင်မည်မဟုတ်ပါခဲ့။

တာမွေသင်္ချိုင်း၏ ဟောင်းနွမ်းလှသော မီးသင်္ဂြိုဟ်စက်မှ မီးတောက်၊ မီးခိုးတို့ တလူလူထွက်လာချိန်။ လိုက်လံပို့ဆောင်ခဲ့သော၊ မောင်စိုးနိုင်အား(နိုင်)ဟုခေါ်ဆိုနေသော ကျောင်းသူကလေးတစ်ယောက်၏ ရှိုက်ကြီးတငင်ငိုသံ ထွက်လာခဲ့သည်။ ဖခင်ကြီးကတော့ မျက်ရည်စို့လျက်။ ယခုအချိန်မှာကဲ့သို့ ဂျာနယ် သတင်းစာလွတ်လပ်ခွင့်များအတော်အသင့်သာရှိနေပါလျှင် ထိုရုပ်ပုံလွှာများသည် ဂျာနယ်သတင်းစာများ၏ မျက်နှာဖုံးပြည့်ရုပ်ပုံလွှာများ ဖြစ်ကောင်းဖြစ်နေမည်ထင်သည်။

ကြာခဲ့ပါပြီ။ နှစ်ပေါင်း (၂၆) နှစ်တာ ကြာခဲ့ပြီ။ စက်မှုတက္ကသိုလ်မှ စတုတ္ထနှစ် ဓာတုအင်ဂျင်နီယာကျောင်းသားကလေး မောင်စိုးနိုင်တစ်ယောက် အာဏာရှင်စနစ်၏ ဆိုးမွေသေနတ်ဒဏ်ရာနှစ်ချက်ဖြင့် ကွယ်လွန်သွားခဲ့သည်မှာ နှစ်ပေါင်း(၂၆) နှစ်တိုင်တိုင်ကြာခဲ့ပါပြီ။ အကယ်၍ ယခု အချိန်မှာ သူသာအသက်ထင်ရှားရှိနေခဲ့ပါလျှင် နိုင်ငံရေးစနစ်တွေကလည်း မျှတညီညွတ်ကောင်းမွန်နေခဲ့မည်ဆိုပါလျှင် ဦးစိုးနိုင်ဟူသော ကုန်ထုတ်ဓာတုအင်ဂျင်နီယာကြီးအဖြစ်ဖြင့် တိုင်းကျိုးပြည်ကျိုး၊ လောကလူသားကောင်းကျိုးတွေ ဆောင်ရွက်နေနိုင်လောက်ပြီဟု ထင်မိသည်။

အတိတ်သည် အချိန်အတိုင်းအတာ တစ်ခုရှိခဲ့ပြီဖြစ်သော်လည်း စနစ်ဆိုး၏ သားကောင်ကလေး နိုင်(သို့)မောင်စိုးနိုင်ကို ကျွန်မ မမေ့နိုင်သေးပါ။ အာဏာရှင်စနစ်တစ်ခု၏ အငွေ့အသက်များက ကျွန်မ၏ပတ်ဝန်းကျင်မှာ ဖုံးလွှမ်းရစ်ပတ်လာတတ်သေးသည်မို့လည်း တစ်ရံတစ်ခါမှာပို၍ပို၍ပင် သတိရနေတတ်ပါသေးသည်။

မြန်မာပြည်မှာ အာဏာရှင်စနစ်ဆိုး၏ အခိုးအငွေ့တွေ လုံးဝလွင့်ပြယ်ပါစေတော့ ။ ။

စာမျက်နှာ (၂၆)

## ကူးစက်မြန် ဘီဒိုအိမ်ရာရောဂါ

ပေါက်လာသော အဆောက်အအုံအမျိုးအစားဖြစ်၏။ အစိုးရမြေ(အရပ်ဘက်ဌာနဆိုင်ရာမြေ၊ တပ်မတော်ပိုင်မြေ)ကို ဘီအိုတီစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိ၏။ အဆိုပါ လုပ်ငန်းတွင် အထပ်မြင့်အိမ်ရာများ ပါဝင်ကြောင်း တွေ့ရှိရ၏။အဆိုပါအိမ်ရာများကိုလည်း ကွန်ဒိုဟုခေါ်ပြီး အိမ်ခန်းများကို ကြိုပွဲ့ပွင့် (Pre–Sale) စနစ်ဖြင့် ရောင်းချကြ၏။ အဆောက်အအုံက Model ပုံစံငယ်မျှသာပြီးသေးသည်။ Pre–Sale စနစ်အရ ငွေကိုသိန်းပေါင်းသောင်းချီ၍ အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရ၏။ ငါးကြင်းဆီနှင့် ငါးကြင်းကြော်မည့် "ဘီဒို"များဖြစ်၏။ မြေပိုင်ရှင်အစိုးရက အငွေ့မျှသာရှူရသေးသည်။ လုပ်ကိုင်ခွင့်ရသူများက ဗီရိုအပြည့်ငွေများ သိမ်းယူရရှိနေပြီဟု ဆိုနိုင်၏။ ဗီရိုပြည့်သော ဗီရိုစီမံကိန်းများဟုပင် ခေါ်ဆိုထိုက်လှ၏။

ယခင်က နိုင်ငံပိုင်မြို့ပြမြေယာများပေါ်တွင် ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်ရာ၌ ဟိုတယ်လုပ်ငန်း၊ ရုံးခန်း၊ Serviced Apartment ဟူသော ဝန်ဆောင်မှုဆိုင်ရာအခန်းများနှင့် ဈေးဆိုင်များ ဆောက်လုပ်ငှားရမ်းခြင်း စသည်တို့ကိုသာ ခွင့်ပြုခဲ့၏။ အိမ်ရာများဆောက်လုပ်ရောင်းချခြင်းကို ခွင့်ပြုခဲ့သည့် သာဓကများမရှိခဲ့ပေ။ ယခု ဒီမိုကရေစီအစိုးရလက်ထက်မှ စတင်ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း တွေ့ရှိရ၏။ ဈေးကွက်အတွင်း အထင်အရှားရောင်းချသည့်(Marketing)လုပ်ငန်းကို ရန်ကင်းမြို့နယ်ရှိတပ်မတော်ပိုင် CMA ရုံးမြေ ၈ ဒသမ ၃ ဧကခန့်ကို စင်ကာပူကုမ္ပဏီအား ဘီအိုတီခွင့်ပြုခဲ့သည့် Golden City အိမ်ရာစီမံကိန်းမှ စတင်ခဲ့ကြောင်း တွေ့ရှိရ၏။

အမှန်အားဖြင့် ကွန်ဒိုနှင့် အထက်ပါဘီအိုတီအိမ်ရာတို့မှာ လုံးဝခြားနား၏။ ကွန်ဒိုတွင် ဝယ်ယူသူသည် အိမ်သာမက မြေကိုပါ စုပေါင်းပိုင်ဆိုင်ခွင့်ရှိ၏။ သားစဉ်မြေးဆက်အမွေဆက်ခံခွင့်ရရှိမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဆောက်လုပ်သည့်မြေမှာ ဂရန်မြေ (သို့မဟုတ်) ဘိုးဘွားပိုင်မြေဖြစ်ပြီး ဆောက်လုပ်သူမှ ဝယ်ယူထားခြင်း (သို့မဟုတ်) အကျိုးတူဆောင်ရွက်မှုအရ ခွဲဝေပိုင်ဆိုင်ခွင့်ရှိထားသော မြေအမျိုးအစားဖြစ်ခြင်းကြောင့်ဖြစ်၏။ ဘီအိုတီအိမ်ရာမှာမူ ဆောက်လုပ်သူက "မပိုင်ဝက်မွေး"ဆိုသကဲ့သို့ မိမိလုံးဝပိုင်ဆိုင်မှုမရှိသော မြေပေါ်၌ အိမ်ရာများဆောက်လုပ်ခြင်းဖြစ်၏။ အချိန်တန်လျှင် အဆောက်အအုံနှင့် မြေကို မူလမြေပိုင်ရှင်အား ပြန်လည်လွှဲပြောင်းပေးအပ်ရမည်သာဖြစ်၏။ ထို့ကြောင့် အိမ်ခန်းဝယ်ယူသူများသည် အိမ်ခန်းကို နှစ်အကန့်အသတ်နှင့်သာ ပိုင်ဆိုင်ခွင့်ရ၏။ နှစ်စေ့၍ မူလမြေပိုင်ရှင်က ခွင့်မပြုလျှင် နေထိုင်ခွင့်လည်းမရှိတော့ပေ။ "ကျားသနားမှ နွားချမ်းသာ"ရမည့် ဘဝဖြစ်၏။ မူလပိုင်ရှင်က သူ့လက်ထက်တွင် အိမ်ကိုဖျက်၍ ပုံစံသစ်ဆောက်လျှင်လည်း ဖယ်ရှားပေးရမည်သာဖြစ်၏။ ဝယ်ယူနေထိုင်သူ၌ ကွန်ဒိုမီနီယံကဲ့သို့ သားစဉ်မြေးဆက်စုပေါင်းပိုင်မှု အခွင့်အရေးလုံးဝမရှိပေ။ ဤခြားနားချက်ကို ပြည်သူတို့အား အတိအလင်းအသိပေးထားရန် လိုအပ်သည်ဟု ယူဆ၏။ ကွန်ဒိုယောင်ယောင် အထင်အမြင်မှားစေရန် ဘီအိုတီကွန်ဒို (သို့မဟုတ်) ဘီဒိုဟုရောယောင်၍ပြောလျှင် လှည့်ဖြားရာ ရောက်ရှိနိုင်ပေသည်။

အမှန်အားဖြင့် ဘီအိုတီစနစ်ဖြင့် အိမ်ရာဆောက်လုပ်ခွင့်ပေးသင့်၊ မသင့်ကိစ္စကို အလေးအနက်စဉ်းစားသင့်၏။ ထိုကဲ့သို့ စဉ်းစားပြီးနောက်မှ ခွင့်ပြုမည်ဟုဆိုလျှင်လည်း မြေပိုင်ဆိုင်မှုအခွင့်အရေး (Land Tenure right)မည်သို့ရှိမည်ကို မူတစ်ရပ်သတ်မှတ်ပြီး ဝယ်ယူမည့် ပြည်သူတို့အား အတိအလင်း အသိပေးသင့်၏။ ဘီအိုတီကာလ နှစ်(၆၀)၊ နှစ် (၇၀) ပြည့်လျှင် ဦးပေါ်ဦး၏ ဆင်ဖြူတော်လျှောက်ထုံးလို နောက်အနှစ်(၄၀)ကြာလျှင် ဘုရင်လည်းမရှိ၊ ဆင်လည်းမရှိ၊ ငါလည်းမရှိ၊ ထို့ကြောင့် ဆင်ကမဖြူဘဲ မည်းသွားလျှင်လည်း ဘာမျှကိစ္စမရှိဟု သဘောထားရန် မသင့်လျော်ပေ။ မရွှေ့ပြောင်းနိုင်သော ပစ္စည်းဖြစ်သည့် အိမ်ရာဟူသည် သားစဉ်မြေးဆက်နေရေးပြဿနာကို စိတ်ချလက်ချဖြည့်ဆည်းပေးနိုင်မှ ရတက်အေးရမည်၊ အိမ်ရာပီသမည်ဖြစ်ပေသည်။

ကွန်ဒိုနှင့် ဘီဒိုအတူတူပါပဲဟုဆိုလျှင် နောင်တွင်မည်သူမျှ ကွန်ဒိုဆောက်တော့မည် မဟုတ်ဟု ထင်မြင်မိပေသည်။ ဘီဒိုနောက်ကိုသာ အပြေးအလွှား လိုက်ကြမည် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဘီဒိုကမြေတန်ဖိုးကို တစ်လုံးတည်းဝယ်ပြီး ရင်းနှီးရန်မလိုအပ်သဖြင့် မ,တည်ငွေအရင်းအနှီးလျော့နည်း၏။ ထို့အပြင် အကျိုးတူစီမံကိန်းနှင့်မတူဘဲ ဆောက်လုပ်သမျှမိမိတစ်ဦးတည်းသာ ရရှိရုံမျှမက B.O.Tအတွက် ပေးသွင်းရန် ငွေကြေးကိုလည်း တဖြည်းဖြည်း အရစ်ကျပေးသွင်း၍ ရ၏။ ကွန်ဒိုတစ်လုံးနှင့် ဘီဒိုတစ်လုံးသည် အရွယ်တူ၊ နေရာတူဖြစ်သော်လည်း အရင်းအနှီးတွင် ကွန်ဒိုက ငါးဆမှ ဆယ်ဆအထိ ပိုနိုင်၏။ ထို့ကြောင့် ရောင်းဈေးကို ဘီဒိုက ကွန်ဒိုထက်လျှော့ပြီး ရောင်းနိုင်ကြောင်း တွေ့ရှိရ၏။

အထူးသဖြင့် 'ဘီဒို'များတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအများပြားပါဝင်နေသဖြင့် ကိုယ်တိုင်မြေဝယ်၍အိမ်မပိုင်နိုင်ကြသော်လည်း အိမ်ခန်းဆောက်လုပ်ရောင်းချခွင့်ရယူပြီး ငွေလုံးငွေရင်း အမြောက်အမြားကို နိုင်ငံခြားသို့ အချိန်တိုကာလအတွင်း လွှဲပြောင်းသယ်ယူနိုင်ခြေရှိကြောင်း တွေ့ရှိရ၏။

၂၀၁၄ ခုနှစ်မှစ၍ ဘီဒိုများတာထွက်ကောင်းပြီး ကွန်ဒိုများတဖြည်းဖြည်း ဆုတ်ယုတ်ကျဆင်းလာနိုင်ခြေရှိ၏။ ထိုအခါမှ ကွန်ဒိုမီနီယံဥပဒေကြီးပြဋ္ဌာန်းလျှင် ဖုန်တက်သွားမည့် အလားအလာလည်း တွေ့ရ၏။ မည်သို့ဆိုစေ အရေးကြီးဆုံးအချက်မှာ ဘီအိုတီစနစ်ဖြင့် ဆောက်လုပ်သော အိမ်ရာများတွင်ဝယ်ယူနေထိုင်ကြကုန်သော ပြည်သူတို့သည် မြေကိုပိုင်ဆိုင်ခွင့် ရှိပါသလော၊ တစ်နည်းအားဖြင့် အချိန်စေ့လျှင် မြေအမည်ပေါက်ပိုင်ဆိုင်သူအား ပြန်လည်လွှဲပြောင်းပေးရသည့် မြေပေါ်တွင် ဆောက်လုပ်မည့် အိမ်ရာနှင့် ဂရန်(သို့မဟုတ်) ဘိုးဘွားပိုင်မြေများပေါ်တွင် ဆောက်လုပ်သည့်အိမ်ရာတို့သည် မြေပိုင်ဆိုင်မှု အခွင့်အရေး မည်သို့ကွာခြားပါသနည်း။ ဤအချက်များကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းထားသော စုပေါင်းအဆောက်အအုံ ဥပဒေ(မူကြမ်း) အတည်ပြုပြဋ္ဌာန်းရေးကိစ္စနှင့် တစ်ပါးတည်းတာဝန်ရှိသူများက စဉ်းစားသင့်သည်ဟု ယူဆပါသည်။ သို့မှသာ ဘီဒိုနှင့် ကွန်ဒိုကို စဉ်းခြားပြီးဖြစ်မည်ဟု ယုံကြည်ပါသည်။ လောလောဆယ်တွင် ရန်ကုန်မြို့တော်ကြီး၌ ဘီဒိုရောဂါကူးစက်မှုမှာ အလွန်မြန်ဆန်လျက်ရှိကြောင်း တွေ့ရှိရ၏။

## JOKE

### သေတမ်းစာ

ဂျက်တစ်ယောက်သေလုမြောပါးဖြစ်နေချိန်တွင် ၎င်းက သူ၏ ရှေ့နေနှင့် အတူမိသားစုဝင်များကို ခေါ်ယူပြီး သေတမ်းစာအတွက် နောက်ဆုံးဆန္ဒကို ပြောကြားသည်။

"ငါရဲ့ ချစ်လှစွာသော ဇနီးမေရီအတွက် အိမ်၊ ခြံနှင့် ဒေါ်လာတစ်သန်းချန်ထားခဲ့ပါတယ်။ ငါ့သားဒယ်နီယမ်အတွက်ကတော့ ငါစီးနေတဲ့ Lexus Jaguar ကားနဲ့ဒေါ်လာငါးသိန်းချန်ထားခဲ့တယ်။ ငါ့ရဲ့ယောက်ဖ၊ ချမ်းသာကြွယ်ဝမှုထက် ကျန်းမာရေးကောင်းဖို့ ပိုပြီး အရေးကြီးတယ်လို့ အမြဲတမ်းပြောတဲ့ ငါ့ရဲ့ ယောက်ဖစတိဗ်အတွက်တော့ ငါရဲ့ကျန်းမာရေးလေ့ကျင့်ခန်းစက်တွေ ထားခဲ့ပါတယ်"ဟု ဂျက်က ပြောသွားလေသည်။

### လှည့်ထားလိုက်

ဆေးရုံတွင် သူနာပြုဆရာမက ဆရာဝန်အား "ဒေါက်တာ၊ ဒေါက်တာအခုလေးတင် ကုသပေးလိုက်တဲ့ လူနာဆေးရုံအထွက်မှာ မှောက်လျက်လဲသွားတယ်။ ကျွန်မဘာလုပ်ရမလဲ"ဟု မေးသည်။ ဆရာဝန်က ပျာပျာသလဲနှင့် "သူ့ကို ပက်လက်လှန်ပြီး ခြေထောက်ကို ဆေးရုံဘက်ထိုးထားလိုက် ဒါမှ သူဆေးရုံကိုစဝင်လာတဲ့ပုံပေါက်သွားအောင်"ဟု ပြန်ပြောလိုက်သည်။

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ ကမ္ဘာ့သမိုင်းဝင်
အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ည / ၁၅ ရက်) ခရီးစဉ် ၉ သိန်း
သံဝေဇနီယလေးဌာန နှင့် ဗုဒ္ဓဌာနများသို့ ( ၇ည / ၈ရက် ) ခရီးစဉ် ၈ သိန်း
(နယူးဒေလီတွင် ဟိုတယ် ၂– ည အိပ် တည်းခိုပြီး၊ အန္တရာယ်ရှိသော ညပက် ကားမောင်းခြင်း လုံးဝမရှိပါ။)
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ မဟာဗန္ဓုလလမ်း၊ စမ်းချောင်း။
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 73150070, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ဖုန်း - 545215, 545216, 555173
ဗုဒ္ဓဝမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို- အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်။ ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၈-B)၊၆၂ လမ်း၊၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ဖုန်း -09 402 64 8989, 09 5300305

AKZ
AUNG KYAW ZEW
အောင်ကျော်ဇော
အုန်းသီးခြစ် – ညှစ် – မုန့်လက်ဆောင်းဖက်
ရောင်းအား
ဆိုးဆေး (လုံးဝ) အသုံးမပြုပါ။ အာမခံပါသည်။ ဆိုင်ခွဲ (လုံးဝ) မရှိပါ။
အထူးအော် ဒါလက်ခံပါသည်။
(၁) ရက်ကြိုတင်မှာယူခြင်းဖြင့် အားပေးမှုကို အထူးကျေးဇူးတင်ပါသည်။
အမှတ်(၄၇/၇၃) ရေတာရှည်လမ်းဟောင်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-730 82589, 09-863 2105

# Environment

7 DAY NEWS JOURNAL

Vol.13, No.3 • MARCH 19 , 2014


**"မိုးရာသီဆိုရင် လူသုံးယောက်ဖက်စာရှိတဲ့ သစ်လုံးတစ်လုံးကို ဖြန်းခနဲ နှစ်ခြမ်းကွဲအောင် ဒီမြစ်ကြီးက လုပ်နိုင်တယ်" ဟု သံလွင်မြစ်၏ ရေစီးကြမ်းတမ်းပုံကို စက်လှေမောင်းသူ စောစေးဖိုးက ကရင်သံဝဲဝဲနှင့် ပြောပြသည်။**

စောစေးဖိုးသည် မြိုင်ကြီးငူ၊ မဲသဝေါဒေသတွင် မွေးဖွားကြီးပြင်းခဲ့ရပြီး သံလွင်မြစ်ကိုဖက်၍ မွေးဖွားလာသူလည်း ဖြစ်သည်။ ထိုဒေသတွင် ယခင်က မကြာခဏ တိုက်ပွဲများဖြစ်ပွားသောကြောင့် သံလွင်မြစ်ကို အားကိုး၍ မြစ်အတိုင်းစုန်၊ ဆန် ပြောင်းရွှေ့နေထိုင်ရင်း ဘဝကို ရှင်သန်ခဲ့ရသည်။ သံလွင်မြစ်တစ်ကြောတောတောင်တွေကို သူရောက်ဖူးသလို မြစ်ကို ဖြတ်၍လည်း သွားလာဖူးသည်။

သံလွင်မြစ်ကို နွေ၊ မိုး၊ ဆောင်းထိတွေ့ခွင့်ရခဲ့၊ ရင်းနှီးကျွမ်းဝင်ခဲ့ရသဖြင့် သံလွင်မြစ်ပေါ် တည်ဆောက်မည့် ဆည်စီမံကိန်းကို မနှစ်မြို့။ ဆည်ကြီးတည်ဆောက်ပါက သူတို့လို စက်လှေမောင်း၍အသက်မွေးဝမ်းကျောင်းပြုသူတွေ ဘယ်မှာအလုပ်လုပ်ရမည်နည်း။ နောက်ထပ်သူစိုးရိမ်ဆုံးက ဆည်အကြောင်းပြုပြီးဖြစ်လာမည့် တိုက်ပွဲများဖြစ်သည်။

"ကျွန်တော်တို့တွေ ဒုက္ခရောက်မှာဗျ။ ငြိမ်းချမ်းရေး မရခင်တော့ ဒီတော၊ ဒီတောင်၊ ဒီမြစ်ကြီးကို မှီခိုပြုပြီး နေထိုင်ရဦးမှာ။ အစိုးရက အတင်းအကျပ်ဆောက်လို့ တိုင်းရင်းသားတွေ ဘေးကျပ်နံကျပ်ဖြစ်လာရင် တိုက်ပွဲတွေထပ်ဖြစ်လာမယ်။ တိုက်ပွဲတွေဖြစ်လာရင် အများပြည်သူတွေပဲ နစ်နာမယ်"ဟု စောစေးဖိုးက မနှစ်မြို့သော အသံဖြင့် ပြောသည်။

တရုတ်နိုင်ငံက သံလွင်မြစ်ပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်း ၃၅ ခုတည်ဆောက်ရန် လျာထားပြီး မြန်မာအစိုးရက ခြောက်ခုတည်ဆောက်ရန် လျာထားသည်။ မြန်မာအစိုးရတည်ဆောက်မည့် သံလွင်ရေအားလျှပ်စစ်စီမံကိန်းများကို ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အကောင်အထည်ဖော်ရန် လျာထားသည်။

မြန်မာနိုင်ငံတွင် တည်ဆောက်ရန် လျာထားသည့် ဆည်စီမံကိန်းကြီးများတွင် တရုတ်နိုင်ငံမှ Three Gorges ကော်ပိုရေးရှင်း၊ Hanergy Holding ကုမ္ပဏီ၊ Hydrochina ကော်ပိုရေးရှင်း၊ China Datang Overseas Investment ကုမ္ပဏီလီမိတက်၊ ထိုင်းအစိုးရပိုင် အီးဂတ်ကုမ္ပဏီ၊ မြန်မာနိုင်ငံမှ IGEကုမ္ပဏီ၊ ရွှေတောင်၊ အေးရှားဝေါးလ်ကုမ္ပဏီတို့ပါဝင်သည်။

အဆိုပါရေအားလျှပ်စစ်စီမံကိန်းများအနက် ကွမ်းလုံနှင့် နောင်ဖာရေအားလျှပ်စစ်စီမံကိန်းကို မြန်မာအစိုးရခွင့်ပြုချက်ဖြင့် အကောင်အထည်ဖော်နေပြီး နယ်မြေရှင်းလင်းရေး၊ လမ်းဖောက်လုပ်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်သည်။ ကျန်စီမံကိန်းများကို စတင်ခြင်းမရှိသေးဘဲ ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်း၊ လူမှုစီးပွားထိခိုက်မှုစစ်တမ်းနှင့် စီးပွားရေးဖြစ်မြောက်စွမ်းများကို လေ့လာနေသည်ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အတည်ပြု ပြောကြားထားသည်။

သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်သော်လည်း ပြည်ပသို့ တင်ပို့ရောင်းချနေရသောကြောင့် နှစ်စဉ်မြင့်တက်လာသည့် မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေးက လွဲ၍ ဖြည့်ဆည်းစရာမရှိဟု မြန်မာနိုင်ငံ၏ စွမ်းအင်စီမံခန့်ခွဲမှု လုပ်ကိုင်နေသည့် စွမ်းအင်ဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြောကြားသည်။



*သံလွင်မြစ်တစ်နေရာ* ဓာတ်ပုံ – အိဖြူမွန်

# ရေအားလျှပ်စစ်အတွက် ထွက်ပေါက်သံလွင်

**အိဖြူမွန်**

လက်ရှိ ကျင့်သုံးနေသည့် မြန်မာနိုင်ငံ၏စွမ်းအင်ပေါ်လစီကို လူကြိုက်နည်းကြပြီး ၎င်းတို့အကောင်ထည်ဖော်မည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့် ကျောက်မီးသွေးစီမံကိန်းများကိုလည်း ဌာနေတိုင်းရင်းသားနှင့် ဒေသခံတို့က ကန့်ကွက်လျက်ရှိသည်။

လက်ရှိ ကျင့်သုံးနေသည့် အစိုးရ၏ စွမ်းအင်ပေါ်လစီအရ သံလွင်မြစ်ပေါ်တွင် လေ့လာမှုပြုလုပ်နေဆဲ စီမံကိန်း မစတင်သေးဟု အစိုးရ တာဝန်ရှိသူများကပြောင်းဆိုနေသော်လည်း အဆိုပါစီမံကိန်းများသည် အနေးနှင့်အမြန်အကောင်အထည်ဖော်လာနိုင်သည်ဟု သဘာဝပတ်ဝန်းကျင်လှုပ်ရှားသူများနှင့် လေ့လာသူများက ခန့်မှန်းထားသည်။

"ဒါဟာ ပွင့်လင်းမြင်သာမှု မရှိတာကို ပြတာ။ ဆည်ဆောက်မယ့်ကိစ္စကို ဌာနေတိုင်းရင်းသားတွေက ကြားကြပေမယ့် တရားဝင်အစိုးရက ထုတ်ဖော်ပြောကြားတာ မရှိဘူး"ဟု ကရင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ စောသာဘိုးကပြောသည်။

သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ဆည်စီမံကိန်းများအနက် ဟတ်ကြီးဆည်စီမံကိန်းနှင့် ပတ်သက်၍ ထိုင်းနိုင်ငံချူလာလောင်ကွန်းတက္ကသိုလ်က သဘာဝပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်း ပြုလုပ်ခဲ့သည်ဟု သိရှိခဲ့ရသော်လည်း အစိုးရအနေဖြင့် ယနေ့အချိန်တွေ့ရှိရမှုများကို ချပြခြင်းမရှိဟု စောသာဘိုးကဆိုသည်။

"အဲဒီ ရေကာတာ တည်ဆောက်မယ့်နေရာနဲ့ သိပ်မဝေးတဲ့ နေရာဒေသလေးခုမှာ ငလျင်လှုပ်နိုင်ခြေအများကြီးရှိတယ်။ မြန်မာပြည်ရဲ့ ပထဝီအနေအထားကို ကြည့်မယ်ဆိုရင် ဆည်ဆောက်မယ်နေရာမှာ ကျစ်လျစ်မှုမရှိဘူး။ ငလျင်လှုပ်လို့ ပြိုပျက်မှုတွေ ဖြစ်ပေါ်နိုင်တယ်"ဟု ဩစတြေးနိုင်ငံသား မြစ်ချောင်းကျွမ်းကျင်ပညာရှင် မြန်မာမြစ်ချောင်းများ အကြောင်းလေ့လာနေသူ စတိဗ်က ပြောသည်။

မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံအထိ သုံးနိုင်ငံ သံလွင်မြစ်ဝှမ်းလွင်ပြင်ဧရိယာသည် စတုရန်းကီလိုမီတာ ၂၇၀၀၀၀ ကျော်ရှိပြီး မှီတင်းနေထိုင်သူ လူဦးရေ ခြောက်သန်းကျော်သည်ဟု အမေရိကန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံအခြေစိုက် World Resources Institute က တွက်ချက်ထားသည်။ တစ်စတုရန်း ကီလိုမီတာတွင် လူဦးရေ သိပ်သည်းမှု ၂၂ ဦး ရှိသည်။

တရုတ်နိုင်ငံတွင် တည်ဆောက်မည့် ဆည်စီမံကိန်းများ ကျိုးပေါက်ခဲ့ပါက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတွင် နေထိုင်သူများသည် ကြီးကျယ်သော ရေလွှမ်းမိုးမှုများကြောင့် သဘာဝဘေးအန္တရာယ်ကို ခံစားရမည်ဖြစ်သည်။ ပညာရှင်များက မည်သည့်စီမံကိန်းဖြစ်စေ နှစ်ပေါင်း ၄၀လျှင် တစ်ကြိမ် ဆည်ကျိုးပေါက်တတ်သည်ဟု ခန့်မှန်းထားသည်။

"ဘယ်လောက်ခိုင်ခံ့တဲ့ဆည်စီမံကိန်းဖြစ်ပါစေ ဆယ်စုနှစ် လေးခုကျော်ရင် တစ်ကြိမ်ဖြစ်တတ်တယ်။ တစ်ကြိမ်ဆိုရင် ဆိုသလောက်ပါပဲ ထိခိုက်မှုလည်း အရမ်းကြီးတယ်။ ၁၉၇၅ ခုနှစ်တုန်းက သဘာဝဘေးအန္တရာယ်တွေကြောင့် တရုတ်နိုင်ငံ Zipingpu ဆည်မှာ မိုးရေကြီးမှုဖြစ်ခဲ့တယ်။ ထောင်ပေါင်းများစွာသေကြ၊ ပျက်စီးကြတယ်" ဟု မြစ်ချောင်းများပေါ်တွင် တည်ဆောက်သည့် ဆည်စီမံကိန်းကြီးများကို လေ့လာသူ စတိဗ်ကပြောသည်။

သံလွင်မြစ်သည် တစ်စက္ကန့်လျှင် ၄၈၇၆ ကုဗမီတာနှုန်းနှင့် ဖြတ်သန်းစီးဆင်းသောကြောင့် ရေစီးသန်သော မြစ်၊ ဒေါသကြီးသော မြစ်အဖြစ် ကမ္ဘာ့ပေါ်တွင် ထင်ရှားသည်။ ရေစီးသန်သောကြောင့် ဆည်ကျိုးပေါက်ပါက ပြင်းထန်သည့် ရေလှိုင်းများက ထိခိုက်မှုကို ပိုမိုဆိုးရွားစေမည်ဟု သဘာဝပတ်ဝန်းကျင်လှုပ်ရှားသူများက ခန့်မှန်းထားသည်။

သံလွင်မြစ်သည် ရေစီးသန်သော မြစ်အဖြစ် လူသိများသည့်အပြင် ၂၆ ခုမြောက် ကမ္ဘာ့အရှည်လျားဆုံးမြစ်အဖြစ်လည်းထင်ရှားသည်။ ကမ္ဘာပေါ်တွင် သဘာဝအတိုင်း စီးဆင်းနေသည့် ၆၄ ခုမြောက်မြစ်လည်း ဖြစ်သည်။

**စာမျက်နှာ(၄၁) သို့**




# Tourism

7Day News Journal

Vol.13, No.3 • MARCH 19 , 2014




သေမင်းတမန်ရထားလမ်း၏ လမ်းပိုင်းတစ်နေရာ

PORNCHAI KITTIWONGSAKUL/AFP

# သေမင်းတမန် ရထားလမ်းပြတိုက်ကို လာမည့်ဧပြီလတွင် ပြုပြင်ထိန်းသိမ်းရေး စတင်မည်

**ခန့်ထက်**

**ရန်ကုန်၊ မတ်-၁၅**

သေမင်းတမန်ရထားလမ်းပြတိုက် ပြုပြင်ထိန်းသိမ်းရေးကို လာမည့် ဧပြီလတွင် စတင်လုပ်ဆောင်မည် ဖြစ်ကြောင်း ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းရှိ သေမင်းတမန်ရထားလမ်းပြတိုက်အား ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းပြီး ဧပြီလတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း မတ်လ ၁၄ ရက်က ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနကိုယ်စား သမ္မတရုံးဝန်ကြီးဌာန ဒုဝန်ကြီး ဦးသန့်ရှင်းကပြောသည်။

သေမင်းတမန်ပြတိုက်ကို ပြုပြင်တည်ဆောက်ခြင်းအပြင် အဆင့်မြင့်ဟိုတယ်များ၊ ခရီးသည်များနားနေနိုင်ရန်အတွက် အဆောက်အအုံများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်တန်းများကိုလည်း ထည့်သွင်းတည်ဆောက်သွားရန် လျာထားပြီး ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ပြတိုက်ကိုရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် ဝင်ငွေရရှိစေမည်ဖြစ်ကြောင်း ဒုဝန်ကြီး ဦးသန့်ရှင်းကဆိုသည်။

သေမင်းတမန်ရထားလမ်းပြတိုက်ကို ၁၉၉၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး လူသူသွားရောက်မှုနည်းပါးသောကြောင့် ပျောက်ကွယ်လုနီးပါးဖြစ်နေကာ ပြတိုက်ကို ပြုပြင်ပြီး နိုင်ငံခြား ခရီးသွားဧည့်သည်များကိုလည်း တရားဝင်သွားရောက်ခွင့်ပြုမည်ဆိုပါက အလွန်တန်ဖိုးရှိသော နေရာတစ်ခုဖြစ်သည်ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းမှ အမှုဆောင်တစ်ဦးကပြောသည်။

"ဒီနေရာက တကယ့်ကိုကမ္ဘာစစ်ရဲ့ သမိုင်းဝင်နေရာတစ်ခုပဲ။ ထိုင်းဘက်မှာဆိုရင် သေမင်းတမန်ရထားလမ်းကို ၁၀ နှစ်လောက်ရှိပြီ။ ခရီးသွားနေရာတစ်ခုအဖြစ် လုပ်ထားတာ ခရီးသည်သန်းနဲ့ချီ ဝင်တယ်။ ဒါကို ဒီမှာလည်း သေသေချာချာ လုပ်ဖို့ကောင်းတယ်"ဟု Nature Dream ခရီးသွားလုပ်ငန်းမှ ဒေါ်စံပယ်အောင်ကပြောသည်။

ဒုတိယ ကမ္ဘာစစ်အတွင်း ဂျပန်တပ်များသည် စားနပ်ရိက္ခာပို့ဆောင်ရေးအတွက် မော်လမြိုင်နှင့် ထိုင်းနိုင်ငံ ကန်ချန်နာပူရီ ရထားလမ်းကြောင်းကို အမြန်ဖောက်လုပ်ရန်အတွက် မြန်မာနှင့် အရှေ့တောင်အာရှ နိုင်ငံများမှ လူတစ်သိန်းရှစ်သောင်းကို ချွေးတပ်ဆွဲခဲ့ပြီး မဟာမိတ်စစ်သုံ့ပန်း ခြောက်သောင်းအား ခိုင်းစေခဲ့သည်။ ရထားလမ်းဖောက်လုပ်ပြီးချိန်တွင် ဂျပန်တပ်များ၏နှိပ်စက်မှု၊ ရောဂါဘယနှင့် အစာရေစာ ငတ်မွတ်မှုတို့ကြောင့် အာရှသား ကိုးသောင်းကျော်နှင့် မဟာမိတ်စစ်သုံ့ပန်းတစ်သောင်းကျော်သေဆုံးခဲ့၍ သေမင်းတမန်ရထားလမ်းဟူ၍ နာမည်ဆိုးနှင့် ကျော်ကြားခဲ့သည်။

# မြန်မာနှင့် ယူအေအီးနိုင်ငံများကြား လေကြောင်းသဘောတူစာချုပ်ကြောင့် ဥရောပခရီးစဉ်များအတွက်အဆင်ပြေ

**ခန့်ထက်**

**ရန်ကုန်၊ မတ်-၁၅**

မြန်မာနိုင်ငံနှင့် ယူအေအီး နိုင်ငံအကြား နှစ်နိုင်ငံသဘောတူ စာချုပ် ချုပ်ဆိုလိုက်သောကြောင့် မြန်မာနိုင်ငံမှ ဥရောပနိုင်ငံများသို့ သွားရောက်ရာတွင် အဆင်ပြေနိုင်ကြောင်း လေကြောင်းဆိုင်ရာ ကျွမ်းကျင်သူများက ပြောသည်။

မြန်မာနိုင်ငံနှင့် အာရပ်စော်ဘွားများနိုင်ငံ ယူအေအီးတို့လေကြောင်း သဘောတူ စာချုပ်ကို မတ်လ ၁၀ ရက်က ချုပ်ဆိုခဲ့သောကြောင့် နှစ်နိုင်ငံကြား လေကြောင်းလိုင်းများအကန့်အသတ်မရှိ ပြေးဆွဲနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ဥရောပနိုင်ငံများသို့ သွားရောက်မည်ဆိုပါက ယခုအခါ ကာတာနိုင်ငံမှ တစ်ဆင့်သွားနေရပြီး ယူအေအီးနိုင်ငံနှင့်ပါ သဘောတူစာချုပ်ချုပ်ဆိုခဲ့သောကြောင့် ထိုမှတစ်ဆင့် ပျံသန်းမည်ဆိုပါက ပိုမိုအဆင်ပြေနိုင်ကြောင်း လေကြောင်းဦးစီးမှ ညွှန်ကြားရေးမှူးတစ်ဦးကဆိုသည်။

"ဥရောပကို ကာတာကသွားရင် သွား၊ မသွားရင် ထိုင်းတို့၊ စင်ကာပူတို့ကို နောက်ကြောင်းပြန်သွားပြီးမှ သွားနေရတော့ပိုကြာတာပေါ့။ ခု ယူအေအီးက လမ်းကြောင်းတိုက်ရိုက်ပဲ" ဟု ပြည်တွင်းလေကြောင်းလိုင်းတစ်လိုင်းမှ အရာရှိတစ်ဦးကသုံးသပ်သည်။

လက်ရှိတွင် ကာတာလေကြောင်းလိုင်းသည် ရန်ကုန်-ဒိုယာတိုက်ရိုက်ခရီးစဉ်ကို နေ့စဉ်ပျံသန်းလျက်ရှိပြီး ယူအေအီးနှင့် စာချုပ်ချုပ်ဆိုပြီး နောက်ပိုင်းတွင် ဥရောပအပါအဝင်နိုင်ငံပေါင်း ၇၀ ကျော်ကို ခရီးစဉ်ပေါင်း ၁၆၀ ကျော်ပြေးဆွဲနေသော Emirates လေကြောင်းမှလည်း မြန်မာနိုင်ငံသို့ ပြေးဆွဲလာနိုင်သည်ဟု လေကြောင်းဦးစီးမှ တာဝန်ရှိသူက သုံးသပ်သည်။

ယူအေအီးနိုင်ငံနှင့် စာချုပ်ချုပ်ဆိုထားသောကြောင့် မြန်မာမှ ပြည်ပသို့ပြေးဆွဲနေသော MAI လေကြောင်းလိုင်းက ၂၀၁၅ ခုနှစ်တွင် ရန်ကုန်-ဒူဘိုင်းခရီးစဉ်ကို ပြေးဆွဲရန်ရည်ရွယ်ကြောင်း ယင်းလေကြောင်းလိုင်း၏ ဈေးကွက်ရှာဖွေရေး မန်နေဂျာ ဒေါ်အေးမရသာကပြောသည်။

"ဒူဘိုင်းကို ပြေးဆွဲရတာလည်း ဥရောပဈေးကွက်ကို အဓိကထားပြီးတော့ ရည်ရွယ်တာပါ။ ဒါပေမဲ့ ဒီနှစ်မှာတော့ ဂျပန်၊ ကိုရီးယားပဲပြေးဆွဲဦးမယ်။ ဒူဘိုင်းကို နောက်နှစ်မှာ ဆွဲနိုင်ဖို့ရည်ရွယ်ထားတယ်" ဟု ဒေါ်အေးမရသာကပြောသည်။

၂၀၁၃နှစ်ကုန်တွင် မြန်မာနိုင်ငံသို့ ဥရောပခရီးသည် တစ်သိန်းခွဲကျော်ဝင်ရောက်ခဲ့ပြီး တစ်နှစ်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု၏ ၁၇ ရာခိုင်နှုန်းအထိ ဝင်ရောက်ခဲ့ကြောင်း ဟိုတယ်ခရီးဝန်ကြီးဌာန စာရင်းများအရသိရသည်။




























7 DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

# “ကျွန်တော့်ကို လွှမ်းမိုးအုပ်ချုပ်ထားတဲ့ အရာဆိုလို့ ကျွန်တော့် အသိစိတ်ရယ်၊ ဗင်နီဇွဲလားပြည်သူတွေရယ်ပဲ ရှိပါတယ်”

## ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရိုနှင့်တွေ့ဆုံခြင်း

ကျော်မျိုး

ဗင်နီဇွဲလားမှာတက္ကသိုလ်ကျောင်းသားတွေက စတင်ခဲ့တဲ့ အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုတွေဟာတစ်လခန့်ကြာမြင့်လာပြီဖြစ်ပြီး ဆန္ဒပြမှုတွေအတွင်း ရဲနဲ့ ထိပ်တိုက်တွေ့ဆုံမှုတွေကြောင့် သေဆုံးသူဦးရေဟာလည်း ၂၈ဦးထိရှိခဲ့ပြီလို့အစိုးရက တရားဝင်ထုတ်ပြန်ခဲ့ပါတယ်။ ဆန္ဒပြမှုတွေရဲ့ အကြောင်းရင်းကတော့ အခြေခံစားကုန်ရှားပါးမှု၊ နိုင်ငံတွင်းရာဇဝတ်မှုမြင့်မားလွန်းမှု စတဲ့အကြောင်းတွေဖြစ်ပါတယ်။ လက်ဝဲသမ္မတ မာဒူရိုကတော့ ဆန္ဒပြမှုတွေဟာ အမေရိကန်အပါအဝင် တောင်အမေရိက လက်ယာစွန်းအုပ်စုတွေရဲ့ ပူးပေါင်းကြံစည် အာဏာသိမ်းရန် လုပ်ဆောင်မှုလို့ ရှုတ်ချထားပါတယ်။ ဗင်နီဇွဲလားအစိုးရဟာ နိုင်ငံတွင်းဆန္ဒပြမှုတွေကို ထိန်းချုပ်ဖို့ကြိုးစားရင်း ဒီကိစ္စကို အမေရိကနိုင်ငံများအသင်းမှာ ဆွေးနွေးဖို့ အဆိုတင်တဲ့ ပနားမားနိုင်ငံကို တုံ့ပြန်တဲ့အနေနဲ့ သံတမန်တွေကို နှင်ထုတ်ခဲ့သလို အမေရိကန်သံတမန်သုံးဦးကိုလည်း ဆန္ဒပြကျောင်းသားတွေနဲ့ သွားရောက်တွေ့ဆုံပြီး သွေးထိုးလှုံ့ဆော်မှုတွေ လုပ်တယ်ဆိုတဲ့ စွဲချက်နဲ့ နှင်ထုတ်ခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ဒါ့အပြင် စီအင်န်အင်န် သတင်းထောက်တစ်ဦးကို မမှန်မကန်ဖော်ပြတယ်ဆိုတဲ့စွဲချက်နဲ့ နိုင်ငံတွင်းက နှင်ထုတ်ခဲ့တာတွေလည်း ဖြစ်ခဲ့တာကြောင့် ယခု စီအင်န်အင်န်ရုပ်သံမှ ခရစ်ကျန်းအမမ်ပူရ်နဲ့ တွေ့ဆုံမှုတွေကို တင်ပြလိုက်ရပါတယ်။ အမမ်ပူရ်ဟာ သမ္မတမာဒူရိုကို ထူးထူးခြားခြား မေးမြန်းခွင့်ရခဲ့သူဖြစ်ပြီး ဗင်နီဇွဲလားမြို့တော် ကာရာကတ်စ်ကို သွားရောက်ကာ ယခုတွေ့ဆုံမှုကို ပြုလုပ်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ယခုဖော်ပြလိုက်တာကတော့ တော်တော်ရှည်လျားတဲ့ ယင်းတွေ့ဆုံမှု အမေးအဖြေတွေထဲက ကောက်နုတ်တင်ပြလိုက်ခြင်းသာဖြစ်ပါတယ်။

**မင်္ဂလာပါသမ္မတကြီး။ ဒီကို သမ္မတကြီး ဆင့်ခေါ်လိုက်ကတည်းက အမေရိကန်မီဒီယာရဲ့ သံအမတ်တစ်ဦးအနေနဲ့ ဝမ်းသာမိကြောင်း ပြောလိုပါတယ်။ နိုင်ငံတကာမီဒီယာတွေအားလုံးကလည်း ဒီဗင်နီဇွဲလားမှာ အရေးပါတဲ့အဖြစ်အပျက်တွေကို တင်ပြနေတာဖြစ်ပါတယ်။**

ဒါ..အမြဲတမ်းအရေးကြီးပါတယ်။ အမေရိကန်ပရိသတ်ဟာ တောင်အမေရိကမှာ ကျွန်တော်တို့ရဲ့ ကာရစ်ဘီယံဒေသထဲမှာဖြစ်နေတာတွေကို သိဖို့လိုအပ်ပါတယ်။ လွတ်လပ်ရေးအသစ်ကို စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုပုံစံသစ်တွေကို ပြန်လည်အတည်ပြုနိုင်မှု၊ ပြီးတော့ ကျွန်တော်တို့ရဲ့ စိတ်ထားတွေအားလုံးကို အမေရိကန်ပရိသတ်တွေ၊ ပြည်သူတွေနားလည်မြင်တွေ့နိုင်ကြမှာပါ။ ဒီပြည်သူတွေကိုလည်း ကျွန်တော်တို့ လေးစားပါတယ်။ သူတို့ ယဉ်ကျေးမှု၊ သူတို့ရဲ့ ကွဲပြားခြားနားတဲ့ ဖော်ထုတ်မှုနည်းလမ်းတွေကို အားကျပါတယ်။

**ဟုတ်ကဲ့။ ကောင်းပါတယ်။ သမ္မတကြီး ဒီကို ကျွန်မကို ခေါ်လိုက်ကတည်းက ကျွန်မ မီဒီယာအကြောင်း စပြီးမပြောရသေးပါဘူး။ ဒါပေမဲ့ စီအင်န်အင်န်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အနည်းငယ်အတွင်း ပြဿနာတချို့ ကြုံတွေ့ခဲ့ရပြီး ဗင်နီဇွဲလားမီဒီယာနဲ့ နိုင်ငံခြားမီဒီယာသမားအများအပြား၊ တစ်နည်း ခုနစ်ဆယ်လောက်ရှိမယ့် မီဒီယာသမားတွေဟာ ဖမ်းဆီးခံခဲ့ရပြီး ဆန္ဒပြပွဲတွေအတွင်းမှာ ပစ်မှတ်ထားနှိပ်ကွပ်ခြင်း ခံခဲ့ရပါတယ်။ အခုဆိုရင် မီဒီယာတွေဟာ သူတို့အလုပ်ကို ဒီမှာ ပြန်လုပ်နိုင်ပြီလို့ သမ္မတကြီးပြောမှာလား။**

အမြဲပဲလုပ်နိုင်ပါတယ်။ နိုင်ငံခြားသတင်းထောက်တွေနဲ့ ပတ်သက်လို့အကြမ်းပတမ်းကိုင်တွယ်တယ်ဆိုတဲ့ ကျွန်တော်သိတဲ့ တစ်ခုတည်းသောဖြစ်ရပ်ကတော့ ပြီးခဲ့တဲ့နှစ်ရက်လောက်က ဒီသတင်းထောက်တွေဟာ ဗင်နီဇွဲလားမှာ လူလတ်တန်းစားအရပ်တစ်ခုမှာ အစွန်းရောက်လက်ယာစွန်းအုပ်စုတစ်စုကြောင့်ပါ။ သူတို့ကို အယ်တာမီရာလို့ခေါ်တဲ့ အဲဒီနေရာကို ခေါ်သွားခဲ့ကြတယ်။ အဲဒီနေရာဟာ လွန်ခဲ့တဲ့ ၁၁ နှစ်တုန်းက သမ္မတချာဗက်ဇ်ရဲ့ အခြေခံဥပဒေအရ အုပ်ချုပ်နေတဲ့အစိုးရကို ဖြုတ်ချဖို့ကြိုးစားခဲ့တဲ့ စစ်တပ်အရာရှိခြောက်ဆယ် လပေါင်းများစွာ နေခဲ့တဲ့နေရာပါ။ ဒီနေ့တော့ သူတို့ အဲဒီနေရာကို ပြန်သွားခဲ့ပြီး နိုင်ငံခြားသတင်းထောက်အုပ်စုဟာ ဒီနေရာမှာ အန္တရာယ်ရှိနိုင်တာကြောင့် အမျိုးသားအစောင့်တပ်က ကယ်ခဲ့ရတာပါ။ အဲဒီမှာ ကာနီဗယ်ပွဲတော်တစ်ခုကို ပြီးခဲ့တဲ့ တစ်လလောက်က ကျွန်တော်တို့ ကျင်းပနေတာကြောင့်ပါ။ ဒီသတင်းကို မီဒီယာက မထုတ်လွှင့်ခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ ဒီလှုပ်ရှားမှုမှာ ဗင်နီဇွဲလားကို အကြမ်းဖက်မှု၊ ကသောင်းကနင်းဖြစ်မှုတွေနဲ့ နိုင်ငံရယ်လို့ ပုံဖော်ဖို့ဖြစ်တာကြောင့် နိုင်ငံခြားမီဒီယာက ဝင်စွက်တဲ့နေရာဖြစ်ပါတယ်။ ဗင်နီဇွဲလားမှာ ခင်ဗျားအနေနဲ့ လွတ်လပ်စွာ သွားလာနိုင်ပါတယ်။ ကမ္ဘာကိုလည်း ပို၍ပို၍ ဗင်နီဇွဲလားရဲ့ အမှန်တရားအကြောင်း ထုတ်လွှင့်နိုင်ပါတယ်။

**ဒါဖြင့် ရှင်းအောင်ပြောရရင် သမ္မတကြီးကိုယ်တိုင်ဟာ စီအင်န်အင်န် စပိန်ဘာသာကဏ္ဍမှာ စီအင်န်အင်န်ကို ဝေဖန်ခဲ့ပါတယ်။ အခုတော့ ဒီမှာရှိတဲ့ မီဒီယာအားလုံးရဲ့ လုံခြုံရေးကို အာမခံချက်ပေးနိုင်ပါပြီလား။**

မီဒီယာလွတ်လပ်ခွင့်ကို ကျွန်တော်တို့ အမြဲပဲအာမခံချက်ပေးပါတယ်။ ကျွန်တော်တို့မှာ ဆယ့်ငါးနှစ်သက်တမ်းရှိတဲ့ ဒီမိုကရေစီနည်းကျ၊ အခြေခံဥပဒေနည်းကျ၊ ငြိမ်းချမ်းတဲ့တော်လှန်ရေးအတွေ့အကြုံရှိထားပါတယ်။ ကျွန်တော်တို့ဟာ ရွေးကောက်ပွဲ (၁၈)ကြိမ်နိုင်ထားပြီး ကျွန်တော်ကိုယ်တိုင်လည်း အခြေခံဥပဒေအရ တက်လာတဲ့ သမ္မတတစ်ဦးဖြစ်ပါတယ်။ ဒါတွေကို တစ်ကမ္ဘာလုံးက နိုင်ငံခြားသတင်းထောက်တွေ ဖော်ပြခဲ့ပါတယ်။ အခု စီအင်န်အင်န်ရဲ့ စပိန်ဘာသာအစီအစဉ်မှာ ကျွန်တော် ဝေဖန်ခဲ့တာက ပွင့်ပွင့်လင်းလင်းငြင်းခုံတဲ့ ဒီမိုကရက်တစ်ဒီဘိတ်တစ်ခုဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီသတင်းထောက်တွေဟာကျွန်တော့်အမြင်မှာ ဗင်နီဇွဲလားကို အရမ်းထိခိုက်ပျက်စီးနေပြီး အန္တရာယ်ရှိနေတယ်လို့ သူတို့ ပြောနေကြလို့ပါ။ သူတို့က ကျွန်တော်တို့ နိုင်ငံတွင်းမှာ ပြည်ပဝင်ရောက်စွက်ဖက်မှုကို ဖြစ်စေဖို့ မြှင့်တင်နေတာပါ။ ကျွန်တော်က ဒီမိုကရက်တစ်နည်းကျ ငြင်းခုံမှုအနေနဲ့ လူသိရှင်ကြား ဝေဖန်မှုပြုခဲ့တာပဲ။ သူတို့လည်း နည်းနည်းတော့ ပြောင်းလဲသွားပြီလို့ ကျွန်တော် ထင်ပါတယ်။ အမှန်ပြင်လိုက်ပြီ ထင်ပါတယ်။ ဒါကို ကျွန်တော် ကြိုဆိုပါတယ်။

**စီအင်န်အင်န်အဖွဲ့ဝင်တစ်ဦးအနေနဲ့ စီအင်န်အင်န်ဟာ လွတ်လပ်တဲ့သတင်းကွန်ရက်တစ်ခုဖြစ်ပြီး ကျွန်မတို့ သတင်းထောက်တွေဟာ အမှန်ကိုတင်ပြနေတာပါလို့ ကျွန်မ သေချာတင်ပြချင်ပါတယ်။ ဒါကြောင့် သူတို့လုံခြုံရေးကို သမ္မတကြီးဘက်က အာမခံမယ်လို့ပြောတာကိုဝမ်းသာမိပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ဆယ်နှစ်အတွင်း ဗင်နီဇွဲလားမှာ အဆိုးဆုံး အကြမ်းဖက်မှုနဲ့ နှောင့်ယှက်ဖျက်ဆီးမှုတွေ ရင်ဆိုင်နေရတယ်လို့ သမ္မတကြီး ပြောထားခဲ့တယ်နော်။ ဒီအပတ်ထဲမှာ သမ္မတချာဗက်ဇ် ကွယ်လွန်ခြင်း တစ်နှစ်ပြည့်အခမ်းအနားမှာ သမ္မတကြီးက အတိုက်အခံတွေကို ဖက်ဆစ်တွေ၊ အစွန်းရောက်ဝါဒီတွေလို့ ခေါ်ဆိုခဲ့တယ်။ သူတို့အားလုံးဟာ အစွန်းရောက်ဖက်ဆစ်တွေချည်းပဲလားလို့ ယုံကြည်ပါသလား။**

သိပ်ကောင်းတဲ့မေးခွန်းပါ။ ဘာကြောင့်လဲဆိုတော့ အမှန်တော့ အတိုက်အခံတွေဟာ ပုံစံအမျိုးမျိုးရှိနေပါတယ်။ ပထမဆုံးအနေနဲ့ အတိုက်အခံဟာ ဒီမိုကရက်တစ်အုပ်စုဟာ ရွေးကောက်ပွဲနည်းလမ်းနဲ့ အစိုးရကိုပြောင်းဖို့ ကြိုးစားခဲ့ဖူးပါတယ်။ သူတို့ ရွေးကောက်ပွဲတွေမှာ ပါဝင်ခဲ့ပြီး အတိုက်အခံဟာ ပါလီမန်မှာ ၄၀ ရာခိုင်နှုန်းလောက်ကို ပါခဲ့ပါတယ်။ သူတို့မှာ ပြည်နယ်အုပ်ချုပ်ရေးမှူးတွေရှိတယ်။ ပြီးခဲ့တဲ့နှစ် သမ္မတရွေးကောက်ပွဲကိုလည်း တစ်ဦးတည်းသော သမ္မတလောင်းကို တင်ပြီး ဝင်ပြိုင်ခဲ့ပါတယ်။ သူတို့ရဲ့ နိုင်ငံရေးလမ်းစဉ်ကို ဒီမိုကရေစီနည်းလမ်းတွေနဲ့ တင်ပြဖို့ကြိုးစားခဲ့တာပေါ့။ ဒါပေမဲ့ အတိုက်အခံဟာ ၂၀၀၂ တုန်းက သမ္မတချာဗက်ဇ်ကို အာဏာသိမ်းဖို့ ကြိုးစားတဲ့အထဲမှာလည်း ပါဝင်ခဲ့ပါတယ်။ သူတို့ဟာ ဒီနေ့လိုပုံစံတူ လုပ်ရပ်မျိုးနဲ့ အကြမ်းဖက်မှုတွေ လှုံ့ဆော်ပြီး နောက်ထပ် အာဏာသိမ်းမှုတစ်ခုကိုလည်း ၂၀၀၄ မှာ လုပ်ခဲ့ပါတယ်။ သူတို့က ဒီအတိတ်ကို ဖယ်ထုတ်ပစ်ဖို့ ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ဒီနေ့ ကျွန်တော် ပြောချင်ပါတယ်။ အမေရိကန်ပရိသတ်တွေပါ သိသင့်ပါတယ်။ ဒီအကြမ်းဖက်မှု စီမံကိန်းကို စတင်ခဲ့တာက အုပ်စုငယ်လေးပါ။ အတိုက်အခံမှာပါတဲ့အုပ်စုသေးသေးလေးပါ။ ဒါကို ကျွန်တော် လူသိရှင်ကြားဝေဖန်တာပါ။ ဒါပေမဲ့ သူတို့ဟာ ဒီအကြမ်းဖက်တိုက်ခိုက်မှုတွေမှာ သဘောတူညီချက်ယူပြီး လုပ်တာတော့မဟုတ်ပါဘူး။ ဥပမာတစ်ခုပေးပါရစေ။ အမေရိကန်မှာ နိုင်ငံရေးအုပ်စုတစ်ခုက သမ္မတအိုဘားမားကို သူတို့မှာ လမ်းပြမြေပုံတစ်ခုရှိတယ်။ ဒီနေ့မှာတော့ ကျွန်တော်တို့ အိုဘားမားကို နုတ်ထွက်ခိုင်းဖို့ အိမ်ဖြူတော်ကို သွားမယ်လို့ ပြောတယ်ဆိုပါစို့။

ဒါဆို အဲဒီအုပ်စုလေးက တော်လှန်ရေးလုပ်ပြီး အမေရိကန်ရဲ့ အခြေခံဥပဒေနဲ့ တက်ထားတဲ့ အစိုးရကို ပြောင်းလဲမှာကို ဘာလုပ်မလဲ။ ဒီလူတွေက အခြေခံဥပဒေကိုဆန့်ကျင်တဲ့သူတွေလေ။ ကျွန်တော်တို့ တိုင်းပြည်မှာ ပြီးခဲ့တဲ့အပတ်အတွင်း ဖြစ်ခဲ့တာဟာ အဲဒီလိုအတိအကျပါပဲ။

**ပြီးခဲ့တဲ့ရွေးကောက်ပွဲမှာ သမ္မတကြီးက အတိုက်အခံကို မဲအနည်းငယ်အသာနဲ့ပဲ အနိုင်ရခဲ့တာပါ။ တချို့လူတွေကတော့ ဗင်နီဇွဲလားဟာ အစိုးရနဲ့ အတိုက်အခံမညီညွတ်နိုင်ရင် စီးပွားရေးလည်း ပြိုလဲနိုင်တယ်လို့အလွန်အမင်းစိုးရိမ်နေကြပါတယ်။ လူတွေက နိုင်ငံကို တင်သွင်းနေရတဲ့ စားနပ်ရိက္ခာမရနိုင်မှာ ပူပန်နေကြတယ်။ တချို့ကလည်း ပြင်ပကနေ ကြားဝင်ညှိနှိုင်းပေးဖို့ လိုတယ်လို့ဆိုနေတယ်။ သမ္မတကြီးရော အတိုက်အခံကတ်ပရီလတ်စ်ရောက ရိုမန်ကက်သလစ်တွေဖြစ်ပြီး နှစ်ဦးလုံးလည်းပုပ်ရဟန်းမင်းကြီးဖရန်စစ်နဲ့ တွေ့ဆုံဖူးတယ်နော်။ ပုပ်က ပထမဆုံးသော လက်တင်အမေရိကတိုက်သား ရဟန်းမင်းကြီးဖြစ်ပါတယ်။ သူရော ကြားဝင်စေ့စပ်ပေးနိုင်မလား။ ပြင်ပကနေ ကြားဝင်ညှိပေးဖို့ လိုတယ်လို့ ယုံကြည်ပါသလား။ ဗင်နီဇွဲလားဟာ ဒီလိုပဲဆက်သွားနေမလား။**

ဟုတ်ကဲ့။ ပုပ်ဖရန်စစ်နဲ့ ကျွန်တော် အရမ်းကောင်းမွန်တဲ့ ဆက်ဆံရေးရှိထားပါတယ်။ သူပြောတာတွေကို ဖတ်နေသလို သူ့မိန့်ခွန်းတွေကိုလည်း လိုက်နာပါတယ်။ သူ့မှာ ဘာသာရေးလောကအတွက် အမြင်သစ်ရှိပါတယ်။ အခုလောလောဆယ်မှာ ဗင်နီဇွဲလားဟာ ကြားဝင်ဖြေရှင်းပေးဖို့ မလိုပါဘူး။

**ဒါပေမဲ့ ပြဿနာတွေကို ဒါဆိုရင် သမ္မတကြီး ဘယ်လိုဖြေရှင်းမလဲ။ ဘယ်သူကမှ သမ္မတကြီးကို အတိုက်အခံနဲ့ အတူတွဲအလုပ်လုပ်နေတာ မမြင်ရဘူး။ အခုတော့ လူတွေက ဒါစိတ်ပျက်စရာလို့ ပြောနေကြပါတယ်။ သမ္မတကြီးအနေနဲ့ ဖြေရှင်းမှုလိုတယ်လို့ မယုံကြည်ဘူးလား**

ကျွန်တော်တို့လိုအပ်နေတာ ပူးပေါင်းဆောင်ရွက်မှုလို့ ထင်ပါတယ်။ ဗင်နီဇွဲလားဟာ သမိုင်းကြောင်းအရှည်ကြီးရှိခဲ့တယ်။ ဒါကြောင့်ကျွန်တော်တို့တစ်ယောက်ကိုတစ်ယောက် နားထောင်၊ ပြောဆိုဆွေးနွေးနိုင်စွမ်း ရှိပါတယ်။ ကျွန်တော်တို့က စိတ်ဓာတ်ပိုင်းအရ ဆင်းရဲသားတွေ၊ လုပ်သားတွေ၊ အနှိမ်ခံတွေအတွက် တော်လှန်ရေးဆင်နွှဲနေတာပါ။ လူတိုင်း အခမဲ့ပညာသင်ကြားခွင့်ရရေး၊ လွတ်မြောက်ရေးတော်လှန်ရေးပါ။ ခင်ဗျားအနေနဲ့ လမ်းတွေမှာ သွားကြည့်နိုင်ပါတယ်။ ကလေးတွေ အခမဲ့ကျောင်းတွေမှာပါ။ တက္ကသိုလ်တွေမှာ လူငယ်တွေဟာ အင်ဂျင်နီယာပညာ၊ ဥပဒေစတာတွေ သင်ကြားနိုင်ဖို့အတွက် ချေးငွေရယူစရာမလိုပါဘူး။ ကျွန်တော်တို့လုပ်နေတဲ့ တော်လှန်ရေးက လူတိုင်းကို၊ ဆင်းရဲသားတွေကိုပါ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ စားနပ်ရိက္ခာဖူလုံစေရေးဖြစ်ပြီး အထူးစီမံကိန်းတွေရှိပါတယ်။ ဗင်နီဇွဲလားကို တချို့လူ

စာမျက်နှာ ၃၇ ››



## Leader's Profile

# လူမှုဆက်သွယ်ရေးဝက်ဘ်ဆိုက် အမှုဆောင်အရာရှိချုပ် ဒစ်ကော့စ်တိုလို

ရဲမင်း

မစ္စတာဒစ်ကော့စ်တိုလိုသည် လူမှုဆက်သွယ်ရေးဝက်ဘ်ဆိုက်တွစ်တာ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သည်။ ယခင်က ယင်းကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်ရေးအရာရှိချုပ်ဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလတွင် စီအီးအိုပဟောင်း အီဗန်ဝီလီယမ်စ်ထံမှ ရာထူးလွှဲပြောင်းရယူခဲ့သည်။

ဒစ်ကော့စ်တိုလိုသည် ၁၉၈၅ ခုနှစ်တွင် ကွန်ပျူတာနှင့် ဆက်သွယ်ရေးသိပ္ပံဘာသာရပ်ဖြင့် ရိုးရိုးသိပ္ပံဘွဲ့ ရရှိခဲ့သည်။ ဘွဲ့မရမီ ကော့စ်တိုလိုသည် မီချီဂန်တက္ကသိုလ်၏ သတ်မှတ်ချက်အရ ဇာတ်ပွဲတင်ဆက်ကပြမှုအနုပညာကို လေ့လာခဲ့ရသည်။ ဘွဲ့ရရှိချိန်တွင် ကော့စ်တိုလိုက နည်းပညာကုမ္ပဏီအလုပ်များကို လက်မခံဘဲ ချီကာဂိုမြို့သို့ သွားရောက်၍ လက်တန်းဟာသပညာရှင်အဖြစ် လုပ်ကိုင်ခဲ့သည်။

ယင်း နောက်ပိုင်းတွင်မှ ကော့စ်တိုလိုသည် အန်ဒါဆင်အတိုင်ပင်ခံကုမ္ပဏီ၌ ထုတ်ကုန်နှင့် နည်းပညာလုပ်ငန်းတွင် အကြီးတန်းမန်နေဂျာဖြစ်သည်အထိ ရှစ်နှစ်ကြာလုပ်ကိုင်ခဲ့သည်။ ကော့စ်တိုလိုသည် အဆိုပါကုမ္ပဏီမှထွက်ကာ ဝက်ဘ်ဒီဇိုင်းနှင့် ဆော့ဖ်ဝဲရေးသားမှုဝန်ဆောင်မှုပေးသော Burning Door Networked Media ကို ပူးတွဲတည်ထောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အဆိုပါကုမ္ပဏီကို ရောင်းချခဲ့ပြီး Spy On It ဟုခေါ်သော ဝက်ဘ်စာမျက်နှာစောင့်ကြည့်ရေးလုပ်ငန်း ထူထောင်ခဲ့သည်။

၂၀၀၄ ခုနှစ်တွင် ဒစ်ကော့စ်တိုလိုသည် အခြားပူးပေါင်းလုပ်ကိုင်သူသုံးဦးနှင့်အတူ Feed–Burner ဟုခေါ်သော ဝက်ဘ်စာမျက်နှာတင်ဆက်မှု စီမံခန့်ခွဲရေးကုမ္ပဏီကို ထူထောင်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် FeedBurner ကို ဂူးဂဲလ်က ဝယ်ယူခဲ့ပြီးနောက် ကော့စ်တိုလိုမှာ ဂူးဂဲလ်တွင် ဝန်ထမ်းဖြစ်လာသည်။ ယင်းနောက် ဂူးဂဲလ်၏ အခြားနည်းပညာနယ်ပယ်များတွင်လည်း ပါဝင်လုပ်ကိုင်ခဲ့သည်။

ဒစ်ကော့စ်တိုလိုသည် ၂၀၀၉ ခုနှစ် ဇူလိုင်တွင် ဂူးဂဲလ်မှ ထွက်ခဲ့ပြီး စက်တင်ဘာတွင် တွစ်တာသို့ ဝင်ရောက်မည်ဟု ကြေညာခဲ့သည်။ တွစ်တာလူမှုဆက်သွယ်ရေးကုမ္ပဏီတွင် လုပ်ငန်းလည်ပတ်ရေးအရာရှိချုပ်(COO) အဖြစ်လုပ်ကိုင်ပြီး မကြာမီ ၂၀၁၀ ပြည့်နှစ်တွင် ခွင့်ယူသွားသော အမှုဆောင်အရာရှိချုပ် အီဗန်ဝီလီယမ်၏နေရာတွင် ယာယီဝင်ရောက်တာဝန်ယူခဲ့ရာမှ နောက်ပိုင်းတွင် အတည်ဖြစ်လာသည်။

၂၀၁၁ ခုနှစ် မေလတွင် ကော့စ်တိုလိုသည် သမ္မတအိုဘားမား၏ ဖုန်းဆက်သွယ်ရေးလုပ်ငန်း အမျိုးသားလုံခြုံရေးအကြံပေးကော်မတီ၌ ပါဝင်ရန်ရွေးချယ်ခံခဲ့ရသည်။ ၂၀၁၃ ခုနှစ်တွင် Business Insider စာစောင်က ကော့စ်တိုလိုကို စီလီကွန်တောင်ကြားမှ စွမ်းဆောင်ရည်အမြင့်ဆုံး အမှုဆောင်အရာရှိချုပ်တစ်ဦးဟု ရည်ညွှန်းခဲ့သည်။ တိုင်းမ်မဂ္ဂဇင်းကလည်း အမေရိကန်နည်းပညာလုပ်ငန်းသြဇာအကြီးဆုံး အမှုဆောင်အရာရှိချုပ် ၁၀ ဦးထဲတွင် တစ်ဦးအဖြစ် သတ်မှတ်ခဲ့သည်။

*—Ref: Wikipedia*

စာမျက်နှာ ၃၆ မှ

တွေ သရုပ်ဖော်သလို ကျဆုံးနေတဲ့ အခြေအနေထဲ မရှိနိုင်အောင်လို့ပါ။ ကျွန်တော်တို့မှာ စီးပွားရေးပြဿနာတွေလည်း ရှိတာပေါ့။ ခင်ဗျားတို့ အမေရိကန်မှာလည်း ဘတ်ဂျက်လိုငွေပြမှု အကြီးအကျယ်ဖြစ်နေပြီး ဆင်းရဲမွဲတေမှုလည်းတိုးပွားလာနေတယ်မဟုတ်လား။ ခင်ဗျားက အရမ်းကောင်းမွန်တဲ့ဘဝရှိပြီး နေစရာအိမ်မရှိတဲ့ သူတွေလည်း ရှိနေတယ်မဟုတ်လား။ နိုင်ငံတိုင်းမှာ လူမှုရေး၊ စီးပွားရေးပြဿနာတွေရှိပါတယ်။ ဗင်နီဇွဲလားမှာလည်း ကိုယ်ပိုင်ပြဿနာတွေရှိပါတယ်။

**အွန်လိုင်းပရိသတ်တစ်ဦးက မေးတာပါ။ ဗင်နီဇွဲလားဟာ ဘာကြောင့် တွစ်တာနဲ့ ဇယ်လိုတို့လို လူမှုကွန်ရက်ဆိုက်တွေကို ပိတ်ပင်ထားပြီး ဓာတ်ပုံတွေ မီဒီယာကနေ ဖြန့်တာကို ခွင့်မပြုရတာလဲ။ ဘာကို ကြောက်ရွံ့နေတာပါလဲ။**

ကျွန်တော်တို့က လူမှုမီဒီယာကို ပိတ်ထားသတဲ့လား။ တွစ်တာနဲ့ ဖေ့စ်ဘွတ်ခ်တို့ကနေ ကျွန်တော်လည်း ဓာတ်ပုံတွေပို့နေတာပါပဲ။ ဗင်နီဇွဲလားမှာ ပုံမှန်လည်ပတ်နေပါတယ်။ နိုင်ငံမြောက်ပိုင်းမှာ ဆက်သွယ်မှုပြဿနာ တချို့ကြောင့် အင်တာနက်လိုင်းတွေ ပြတ်တောက်သွားခဲ့ရတာပါ။ အခုတော့ လုံးဝဖြေရှင်းပြီးသွားပါပြီ။ လွတ်လပ်မှုအပြည့်အဝရှိနေပါတယ်။ ခင်ဗျားတို့လည်း ဒီမှာ ဆက်သွယ်မှုစနစ်သစ်တွေ လုပ်ချင်တယ်ဆို လုံးဝကြိုဆိုပါတယ်။

**နောက်ဆုံးမေးခွန်းပါ။ သမ္မတကြီးကို ညအိပ်ရာဝင်ချိန်မှာ စိုးရိမ်စေတာ ဘာများလဲ။**

ကျွန်တော် ငြိမ်းချမ်းစွာအိပ်ပျော်ပါတယ်။ ကြီးကျယ်မြင့်မြတ်သူတစ်ဦးဖြစ်တဲ့ သမ္မတချာဗက်ဇ်ရဲ့ ဆန္ဒတွေကို သစ္စာရှိစွာဖြည့်ဆည်းပါတယ်။ ပြည်သူတွေအကျိုးအတွက် ရိုးသားမှုနဲ့ အလုပ်လုပ်ပါတယ်။ ကျွန်တော့်ကိုယ်ကျိုးအတွက် ဘာမှမလုပ်ပါဘူး။ ကျွန်တော်က ဘာနှောင်ကြိုးမှ၊ ထိန်းချုပ်ခံရမှုမှမရှိတဲ့ လွတ်လပ်တဲ့ သမ္မတတစ်ဦးပါ။ ကျွန်တော့်ကို လွှမ်းမိုးအုပ်ချုပ်ထားတဲ့အရာဆိုလို့ ကျွန်တော့်အသိစိတ်ရယ်၊ ဗင်နီဇွဲလားပြည်သူတွေရယ်ပဲ ရှိပါတယ်။

*—Ref: Christiane Amanpour: Nicolas Maduro, 7th March:CNN.*

MMDA Myanmar Diabetes Association
**မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်း**

- သင်သိပါသလား။
- (၁၀)စက္ကန့်တိုင်းတွင် ဆီးချိုသွေးချိုရောဂါကြောင့် လူ (၁)ဦး သေဆုံးနေပါသည်။
- (၁၀)စက္ကန့် တိုင်းတွင် ဆီးချိုသွေးချိုရောဂါကို လူ (၂)ဦးတွင် စတင်ဖြစ်ပွားနေပါသည်။
- စက္ကန့် (၃၀)တိုင်းတွင် ဆီးချိုသွေးချိုရောဂါကြောင့် လူတစ်ဦး မသန်မစွမ်း ဖြစ်နေပါသည်။

ဆီးချိုသွေးချို လူနာရှင်များ၊ ပြည်သူများ ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကြီးကို
**"မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်း"၏ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာတင့်ဆွေလတ်** မှ
ဟောပြောဆွေးနွေးမည် ဖြစ်ပါသည်။




၂၀၁၄ ခုနှစ်၊ မတ်လ (၂၇)ရက်၊ နေ့လည် (၂း၀၀) နာရီတွင် ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏
မင်္ဂလာခန်းမ၊ အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့တွင် ကျင်းပမည် ဖြစ်ပါသည်။ စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်ပါသည်။

ဤအစီအစဉ်ကို
Diabetasol
ဆီးချိုသွေးချိုအာဟာရမှုန့် မှ ပံ့ပိုးကူညီပါသည်။



7 DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

## အခကြေးငွေယူ၍ ရင်သွေးနှစ်ဦးအား ရောင်းစားခဲ့သည့် တရုတ်မိခင်တစ်ဦးကို ရဲတပ်ဖွဲ့ဖမ်းဆီး

**ဘေဂျင်း၊ မတ်-၁၅**

တရုတ်နိုင်ငံအရှေ့ပိုင်း စီကျန်းပြည်နယ်မှ အသက်(၂၀)အရွယ် ကလေးမိခင်တစ်ဦးသည် မွေးလာသော သမီးမိန်းကလေးနှစ်ဦးအား အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်ကာ ကလေးမှောင်ခိုရောင်းဝယ်သည့် အဖွဲ့များထံ ၁၃ လအတွင်း ရောင်းစားခဲ့ခြင်းကို ရဲတပ်ဖွဲ့က ဖမ်းဆီးရှာဖွေခဲ့သည်။

ကျန်းဟုအမည်ရသည့် ထိုမိန်းကလေးငယ်သည် ကိုယ်ဝန်ရှိနေစဉ် ၂၀၁၁ တွင် ချစ်သူဖြစ်သူ၏ မိဘများက ၎င်းကို လက်မခံဘဲ ငြင်းဆန်ခဲ့ပြီးနောက် မည်သည့်နေရာမျှ သွားစရာမရှိ၍ ကလေးကို ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် အွန်လိုင်းတွင် ကလေးမွေးစားသည့် ဝက်ဘ်ဆိုက်တစ်ခုသို့ ဆက်သွယ်ကာ ဟီနန်ပြည်နယ်မှ လင်မယားနှစ်ယောက်ထံယွမ်၇,၀၀၀ဖြင့်ရောင်းချခဲ့သည်။ ၎င်းသည် ဟီနန်ပြည်နယ်သို့ ၂၀၁၂ မေလတွင် သွားရောက်မွေးပေးခဲ့သည်။ ထို့နောက် မစ္စစ်ကျန်းသည် နောက်တစ်ကြိမ် ၂၀၁၂ နှစ်ကုန်တွင် ဖြိုစွန်းမှုတစ်ခုမှ ကိုယ်ဝန်ရှိလာခဲ့ပြီး ဤတစ်ကြိမ်တွင် ကျန်းစုပြည်နယ် ရှုကျိုးမြို့မှ စုံတွဲတစ်တွဲထံ ယွမ် ၂၁,၀၀၀ ဖြင့် ကလေးရောင်းချခဲ့ကာ ၂၀၁၃ ဇွန်လတွင် ထိုမြို့သို့ သွားရောက်ပြီး ကလေးကို မွေးပေးခဲ့သည်။

၎င်းကို ရဲတပ်ဖွဲ့က လူကုန်ကူးမှုများ တိုက်ဖျက်ရေးစစ်ဆင်ရေးပြုလုပ်စဉ် ကျာရှန်းမြို့တွင် အင်တာနက်ကဖေးဆိုင်တစ်ခု၌ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့သည် လူကုန်ကူးမှုနှင့် ကလေးငယ်များရောင်းစားမှုလုပ်ငန်းများနှင့် ပွဲစားများကိုရှာဖွေခဲ့ရာ သံသယရှိသူ ၁,၀၉၄ ဦး ဖမ်းမိခဲ့ပြီး ကလေးငယ် ၃၈၂ ဦး ကယ်ဆယ်နိုင်ခဲ့သည်။

ကယ်ဆယ်ထားသော ကလေးများကို လူမှုဖူလုံရေးဌာနများတွင် ၎င်းတို့မိဘများက ပြန်ရှာတွေ့သည်အထိ ထိန်းသိမ်းထားမည်ဖြစ်သည်။

*—Ref: China.org*




## အန်းဖရန့်ဒိုင်ယာရီမှတ်တမ်းစာအုပ်များ ဆုတ်ဖြဲခဲ့သည့် သံသယတရားခံကို ဂျပန်ရဲတပ်ဖွဲ့ဖမ်းဆီး

**တိုကျို၊ မတ်-၁၅**

ဂျပန်ရဲတပ်ဖွဲ့သည် တိုကျိုနှင့် အခြားမြို့များမှ စာကြည့်တိုက်များတွင် အန်းဖရန့်ဒိုင်ယာရီမှတ်တမ်းစာအုပ်များအား ဆုတ်ဖြဲဖျက်ဆီးခဲ့သည်ဟု သံသယရှိသူတစ်ဦးကို ဖမ်းဆီးလိုက်သည်။

ထိုမှတ်တမ်းစာအုပ်ကော်ပီပေါင်း ၃၀၀ ကျော်မှာ တိုကျိုရေိယာတစ်ဝိုက်ရှိ ပြည်သူ့စာကြည့်တိုက်များတွင် အတွင်းစာရွက်များ ဆုတ်ဖြဲခံထားရခြင်း၊ ဖတ်မရအောင် ဖျက်ဆီးခြင်းများပြုလုပ်ထားသည်ကို ထူးဆန်းစွာကြုံတွေ့ခဲ့ရပြီးနောက် ရဲက ရှာဖွေခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးထားသည့် သံသယရှိသူသည် အသက်(၃၆)နှစ်အရွယ် လူတစ်ဦးဖြစ်ပြီး အလုပ်လက်မဲ့ဖြစ်ကြောင်း၊ သို့သော် စာကြည့်တိုက်များမှ ထိုစာအုပ်များကို ဖျက်ဆီးပစ်ရသည့် ထိုလူ၏ရည်ရွယ်ချက်ကိုမူ မသိရသေးကြောင်းဆိုသည်။

ရဲတပ်ဖွဲ့၏မေးမြန်းစစ်ဆေးမှုအရ ယခုတရားခံမှာ စာအုပ်ပေါင်း ၂၃ အုပ်မှ စာမျက်နှာများကို ဆုတ်ဖြဲခဲ့ကြောင်း ဝန်ခံထားသည်။ ထိုသူကို စာအုပ်ဆိုင်တစ်ခုတွင် အန်းဖရန့်စာအုပ်များ ဆုတ်ဖြဲခံထားရသည်ကိုတွေ့ရပြီးနောက် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

တိုကျိုဧရိယာတစ်ဝိုက်ရှိ ပြည်သူ့စာကြည့်တိုက်စုစုပေါင်း ၃၈ ခုတွင် အန်းဖရန့်မှတ်တမ်းစာအုပ်များမှာ အုပ်ရေ ၃၀၀ ကျော်အထိ ဖျက်ဆီးဆုတ်ဖြဲခံခဲ့ရသည်။ အန်းဖရန့်မှတ်တမ်းစာအုပ်များမှာ ဒုတိယကမ္ဘာစစ်အတွင်း နာဇီလက်အောက်တွင် ကြုံတွေ့ရသည့် အဖြစ်အပျက်များကို အန်းဖရန့်ဆိုသည့် မိန်းကလေးငယ်က ၎င်း၏မိသားစုဘဝများအကြောင်း နေ့စဉ်မှတ်တမ်းရေးကာ တင်ပြထားခြင်းဖြစ်ပြီး ဂျပန်တွင် လူသိများသည့် စာအုပ်တစ်အုပ်ဖြစ်သည်။ ထိုစာအုပ်ကို ၁၉၅၂ တွင် ဂျပန်ဘာသာပြန်ခဲ့ပြီးနောက်ပိုင်း ၁၉၅၃ တွင် နိုင်ငံ၏ ရောင်းအကောင်းဆုံးစာအုပ်ဖြစ်ခဲ့သည်။ ဂျပန်အာဏာပိုင်များသည် နာဇီတို့၏ ရက်စက်မှုများအကြောင်း ရေးသားထားသည့် ထိုစာအုပ်ကို ဖျက်ဆီးမှုနောက်ကွယ်တွင် လက်ယာစွန်းဝါဒီများ၊ ဂျူးဆန့်ကျင်ရေးဝါဒီများ၏ ပါဝင်ပတ်သက်မှု ရှိ၊ မရှိ စုံစမ်းနေသည်။

*—Ref: BBC*

## အသုံးပြုသူများ၏ အချက်အလက်များကို အမေရိကန်ထံ မပေးအပ်ခဲ့ဟု အိုင်ဘီအမ်ကုမ္ပဏီပြောကြား

**နယူးယောက်၊ မတ်-၁၅**

နိုင်ငံတကာစီးပွားရေးသုံး ကွန်ပျူတာစက်များ ကော်ပိုရေးရှင်း (IBM)က ၎င်းတို့ဖောက်သည်များ၏ အချက်အလက်များကို အမေရိကန်အစိုးရထံ မပေးအပ်ခဲ့ကြောင်းနှင့် ယင်းသို့ပေးအပ်ရန် အမိန့်များကို စိန်ခေါ်သွားမည်ဟု အိုင်ဘီအမ်ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် မတ်လ ၁၄ ရက်က ဖော်ပြထားသည်။

ကွန်ပျူတာများသို့ချိုးဖောက်ဝင်ရောက်ရန် အစိုးရက ဝက်ဘ်ဆိုက်များအသုံးပြုသည်ဆိုသော သတင်းများ မတ်လ ၁၂ ရက်က ထွက်ပေါ်လာပြီးနောက် အမေရိကန်၏ အီလက်ထရွန်နစ်စောင့်ကြည့်ထောက်လှမ်းမှုလုပ်ရပ်များကို ဆန့်ကျင်သည့် နည်းပညာကုမ္ပဏီတစ်ခု၏ နောက်ဆုံးတန်ပြန်ထိုးနှက်ချက်အဖြစ် ကမ္ဘာ့အကြီးကျယ်ဆုံးနည်းပညာဝန်ဆောင်မှုကုမ္ပဏီ အိုင်ဘီအမ်က ယင်းသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အမေရိကန်အစိုးရက အမျိုးသားလုံခြုံရေးအမိန့်တစ်ရပ် ချမှတ်ကာ အိုင်ဘီအမ်ကုမ္ပဏီကို ဖောက်သည်များထံမှအချက်အလက်များ ရယူခိုင်းပြီး ယင်းဖောက်သည်ကိုမူ ကုမ္ပဏီအနေဖြင့် အသိပေးခြင်း မပြုရန် တားမြစ်သည့် အမိန့်ထုတ်ပြန်ခဲ့ပါက တရားရေးအရ (သို့မဟုတ်)အခြားသော နည်းလမ်းများဖြင့် ယင်းအမိန့်ကိုစိန်ခေါ်ရန် သင့်လျော်သလို ဆောင်ရွက်သွားမည်ဟု အိုင်ဘီအမ်၏ တရားရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဒုတိယဥက္ကဋ္ဌ ရောဘတ်ဝက်ဘာက အင်တာနက်စာမျက်နှာတွင် ရေးသားဖော်ပြသည်။

နယူးယောက်အခြေစိုက် အိုင်ဘီအမ်ကုမ္ပဏီအနေဖြင့် အမေရိကန်ပြည်ထောင်စုပြင်ပတွင် သိုလှောင်ထိန်းသိမ်းထားသော အချက်အလက်များကို ရယူပေးရန် အမျိုးသားလုံခြုံရေးအမိန့်များကို စိန်ခေါ်သွားမည်ဟု ၎င်းကထပ်လောင်းပြောကြားပြီး ယင်းကဲ့သို့ အချက်အလက်များကို ရယူရန်ကြိုးစားမှုများမှာ သဘောတူညီမှုစာချုပ်များကဲ့သို့ တရားဥပဒေအရ အသိအမှတ်ပြုထားသည့် လမ်းကြောင်းများအတိုင်းသာ ဆောင်ရွက်သင့်ကြောင်း ရောဘတ်ဝက်ဘာကပြောသည်။

*—Ref: Reuters*

7DAY NEWS JOURNAL

# Entertainment

Vol.13, No.3 • MARCH 19 , 2014



## အာရှအတိုင်းအတာအထိ အောင်မြင်ပြီးဆုရခဲ့သည့် အောန်ဆိုင်းအား ကချင်ရိုးရာအနုပညာရှင်အသင်းဂုဏ်ပြု

**မရန်**

**ရန်ကုန်၊ မတ်-၁၅**

ကိုရီးယားနိုင်ငံမှ ချီးမြှင့်သည့် Myanmar Model Star Award ဆု ချီးမြှင့်ခြင်းခံခဲ့ရသည့် ကချင်တိုင်းရင်းသူမော်ဒယ်၊ သရုပ်ဆောင် အောန်ဆိုင်းအားကချင်ရိုးရာအနုပညာရှင်အသင်းက မတ်လ၁၅ရက်က ဂုဏ်ပြုပွဲကျင်းပပေးခဲ့သည်။

"ကျွန်တော်တို့ ကချင်အနုပညာရှင်တွေထဲကမှ သူကအာရှအတိုင်းအတာထိ ဆုတွေရအောင် ကြိုးစားနိုင်ခဲ့တဲ့အတွက် သူ့ကို ဂုဏ်ပြုပေးတဲ့အခမ်းအနားပါ"ဟု ကချင်ရိုးရာအနုပညာရှင်အသင်း ဥက္ကဋ္ဌဦးအဘာဒီကပြောသည်။

မော်ဒယ်သရုပ်ဆောင် အောန်ဆိုင်းသည် ကချင်အနုပညာရှင်များထဲတွင် ယခုကဲ့သို့ ဆု ရရှိခဲ့သည်မှာ ပထမဆုံးဖြစ်ကြောင်းသိရသည်။

"အာရှနိုင်ငံတွေအကုန်သိပါတယ်။ အောန်ဆိုင်းကိုလည်းဒီပွဲကို ပါဝင်ပေးပါ။ ဒီဆုတက်ယူပေးပါဆိုလို့တက်ဖြစ်တာပါ။ ဘယ်လိုရွေးချယ်လဲဆိုတာတော့ အသေးစိတ်မသိပါဘူး"ဟု အောန်ဆိုင်းကပြောသည်။

ကိုရီးယားနိုင်ငံမှ အာရှတစ်လွှားအနုပညာရှင်များအား ပေးသည့် 2014 Asia Model Festival Award အစီအစဉ်တွင်ချီးမြှင့်သည့်ဆု ရရှိခဲ့ခြင်းဖြစ်သည်။

## "ဒီ ဗီစီဒီလေးထွက်ဖို့ သီချင်းတွေ ရောင်းလိုက် ရေးလိုက်၊ စုလိုက်၊ အခက်အခဲတွေအများကြီးပါ"

**အဆိုတော်ပိုပိုနှင့်တွေ့ဆုံခြင်း**

**ဇွဲဉာဏ်**



ဓာတ်ပုံ– ဂျေမောင်မောင် (အမရပူရ)

အဆိုတော်အသစ်များ၏ တေးစီးရီးများ နှစ်စဉ်ပုံမှန်ထွက်ရှိနေသော်လည်း ပရိသတ်အားပေးမှု ထူးထူးခြားခြားရရှိသူမှာ လက်ချိုးရေတွက်၍ ရသည်။ အဆိုပါအဆိုတော်များတွင် ကိုယ်ပိုင်သံစဉ်သီချင်းများကို ကိုယ်တိုင်ရေးဆိုထားသည့် ပိုပို၏ သီချင်းများသည် ပရိသတ်များ အကြိုက်တွေ့သည့် သီချင်းများဖြစ်ခဲ့သည်။ ကိုယ်ပိုင်ခံစားချက်များဖြစ်သောကြောင့် ဗီစီဒီတွင်လည်း ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ထားသလို သီချင်းအများစုကို ကိုယ်တိုင်ဒါရိုက်တာလုပ်၍ ရိုက်ကူးခဲ့သည်။ လသားအရွယ်ကတည်းက မိဘနှစ်ဦး၏ ပဋိပက္ခကြားတွင် မြေစာပင်ဖြစ်ကာ မိဘမဲ့အဖြစ်အဘွားဖြစ်သူနှင့် နေထိုင်ခဲ့ရသည့် ပိုပိုကို ၎င်း၏ ဘဝဖြတ်သန်းမှု၊ ဂီတလှုပ်ရှားမှုများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**အရင်ဆုံးအဆိုတော်တစ်ယောက်အဖြစ် လျှောက်လှမ်းခဲ့တဲ့ပိုပိုရဲ့ ဘဝအကြောင်းလေးကို ပြောပြပေးပါလား။**

ငယ်ငယ်လေးကတည်းက သီချင်းတွေဆိုဖြစ်တယ်။ ၁၀တန်းလောက်ရောက်တော့ငါအဆိုတော်ဖြစ်ရမယ်၊ အခွေထွက်ရမယ်ပေါ့။အဲဒီအချိန်ကတော့ အခွေထွက်ဖို့ကို လွယ်လွယ်လေးထင်ပြီး သူများတွေကို လျှောက်ပြောတာ။ ၁၇ နှစ်လောက်ကျမှ ဂစ်တာတီးစသင်တယ်။ ၂၀၀၇ ကနေ ၂၀၀၉ လောက်အထိ ပြိုင်ပွဲတွေမှာ ဝင်ပြိုင်တယ်။ ဒါပေမဲ့ တစ်ခါမှလည်း ဆုမရဘူးဆိုတော့ တစ်ခါတလေကျအဆိုတော်မလုပ်တော့ဘူးဆိုပြီး တွေးဖြစ်တယ်။လုပ်ချင်စိတ်ကတော့ဘယ်တော့မှ ပျောက်မသွားဘူး။ အဲဒါနဲ့ ဆရာ ဦးစောနုဆီမှာ တက်တဲ့အချိန်မှာ နည်းလမ်းတစ်ခုတွေ့တယ်။သီချင်းတွေရေး၊ ရောင်းမယ်ဆိုပြီးစလုပ်ဖြစ်တယ်။အဲဒီနောက်မှာ First Love ဆိုတဲ့သီချင်းနဲ့ Underground မှာ ဆိုဖြစ်တယ်။ ပါတီပွဲတွေ၊ ရန်ပုံငွေပွဲ၊ နယ်ပွဲတွေဆိုဖြစ်တယ်။ အဲဒီလိုဆိုရင်းနဲ့ကိုယ့်ကို နှိမ်တဲ့ လူတွေလည်းရှိတယ်။အခွေမထွက်လို့ Professional တစ်ယောက်မဟုတ်ဘူးဆိုပြီး ပြောတာတွေ ခံခဲ့ရတယ်။ အခက်အခဲတွေ အများကြီးကြုံခဲ့ရတယ်။ အဲဒီ အခက်အခဲတွေကြောင့်ပဲ စီဒီထွက်နိုင်အောင်လုပ်မယ်ဆိုပြီး ကြိုးစားခဲ့တယ်။ ၂၀၁၂ မှာ တစ်ကိုယ်တော်ခွေစလုပ်တယ်။ ဒါပေမဲ့ အဘွားဆုံးသွားတော့ ခြောက်လလောက် စိတ်ဓာတ်တွေကျပြီး နေခဲ့တယ်။ အောက်တိုဘာ ၅ရက်မှာတော့ စီဒီထွက်နိုင်ခဲ့တယ်။ အဲဒီနောက်မှာတော့ အတွဲခွေမှာလည်းဆို ဖြစ်တယ်။ဖြည်းဖြည်းချင်းလုပ်ခဲ့တယ်။ ပိုပိုကိုနောက်ကနေ ပံ့ပိုးပေးမယ့်လူလည်းမရှိဘူး။ ကိုယ့်အားကိုယ်ကိုးပြီး လုပ်ခဲ့ရတာဆိုတော့ အရမ်းကို ပင်ပန်းခဲ့တယ်။ မိန်းကလေးတန်မယ့်သီချင်းတွေ ရောင်းလိုက်၊ ရေးလိုက်၊ စုလိုက်နဲ့ အခက်အခဲတွေကတော့ အများကြီးပါပဲ။ အဲဒီလိုနဲ့ ဗီစီဒီထွက်နိုင်အောင် ကြိုးစားခဲ့တယ်။

**စာမျက်နှာ ၄၁ »**



7DAY NEWS JOURNAL
Vol.13, No.3 · MARCH 19 , 2014



## လီဆောင်းဟွမ်ရဲ့ အယ်လ်ဘမ်သစ်မှာ ပါဝင်သီဆိုထားတဲ့ ကိုရီးယားမင်းသမီးလီဘိုယန်း

**ဆိုးလ်၊ မတ်-၁၅**

တောင်ကိုရီးယားနာမည်ကျော် သရုပ်ဆောင်မင်းသမီး လီဘိုယန်းသည် အဆိုတော် လီဆောင်းဟွမ်၏ (၁၁) ကြိမ်မြောက် အယ်လ်ဘမ် Fall To Fly တွင် ပါဝင်သီဆိုထားသည်ဟု လီဆောင်းဟွမ်၏ အေဂျင်စီက ပြောကြားသည်။

"လီဆောင်းဟွမ်က သူ့အယ်လ်ဘမ်အတွက် ထူးခြားတဲ့ အသံပိုင်ရှင် အမျိုးသမီးကို ရှာနေချိန်မှာ လီဘိုယန်းကိုတွေ့ပြီးတော့ သူ့အယ်လ်ဘမ်ထဲမှာ ပါဝင်သီဆိုပေးပါလို့ အကူအညီတောင်းခဲ့တယ်။ ကံကောင်းချင်တော့ လီဘိုယန်းကလည်း လီဆောင်းဟွမ်ရဲ့ အမာခံပရိသတ်ဖြစ်ပါတယ်ဆိုပြီး အဲဒီကမ်းလှမ်းချက်ကို လက်ခံလိုက်တယ်" ဟု လီဆောင်းဟွမ်၏ အေဂျင်စီ Dream Factory က ပြောကြားသည်။

ကေဒရာမာစတား လီဘိုယန်းသည် ယင်းအယ်လ်ဘမ်၏ Sorry အမည်ရ သီချင်းတွင် ပါဝင်သီဆိုထားကြောင်းနှင့် ယင်းအယ်လ်ဘမ်တွင် လီဘိုယန်း၊ ဝူတာဟမ်မယ်၊ MC မီတာ၊ ယိုဆန်အန်းနှင့် RUSH အဖွဲ့တို့လည်း ပါဝင်ကြောင်း Dream Factory က ပြောကြားသည်။

ကိုရီးယားနာမည်ကျော် တေးရေးတေးဆို လီဆောင်းဟွမ်၏ Fall to Fly အယ်လ်ဘမ်သည် မတ်လ ၂၆ ရက်တွင် တရားဝင်ထွက်ရှိမည်ဖြစ်သည်။ လီဆောင်းဟွမ်သည် မတ်လ ၂၈ နှင့် ၂၉ ရက်တို့တွင် ဆိုးလ်မြို့၌ တစ်ကိုယ်တော် ဖျော်ဖြေပွဲများ ကျင်းပသွားမည် ဖြစ်သည်။ *—Ref: AllKpop*

## အဒဲလ်နဲ့ စုံတွဲသီချင်းဆိုချင်တဲ့ ဂျွန်လက်ဂျန့်ဒ်



**လော့စ်အန်ဂျလိစ်၊ မတ်-၁၆**

အမေရိကန် တေးရေးတေးဆို ဂျွန်လက်ဂျန့်ဒ်က ၎င်းသည် ဗြိတိန်အဆိုတော် အဒဲလ်နှင့် စုံတွဲသီဆိုနိုင်ရန် ကြိုးပမ်းလျက်ရှိသည်ဟု ထုတ်ဖော်ပြောကြားသည်။

ဂရမ်မီဆု ကိုးဆုရ ဂျွန်လက်ဂျန့်ဒ်က ‌အော်စကာဆုရှင် အဆိုတော် အဒဲလ်သည် ၎င်း၏ စုံတွဲသီဆိုလိုသူများစာရင်းတွင် ထိပ်ဆုံးဖြစ်နေသည်ဟု ဝန်ခံပြောကြားသည်။

"ကျွန်တော် အလုပ်အတူတူတွဲလုပ်လိုတဲ့အကြောင်းကိုအဒဲလ်ဆီ အကြောင်းကြားထားတယ်။ တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ သူနဲ့ အတူတူ လုပ်ဖြစ်မှာပါ" ဟု ဂျွန်လက်ဂျန့်ဒ်က ဗြိတိန် Daily Star သတင်းစာအား ပြောကြားသည်။

ဂျွန်လက်ဂျန့်ဒ်က ၎င်းသည် ဗြိတိန် Mumford & Sons ရော့ခ်အဆိုရှင်များအဖွဲ့နှင့်လည်း အလုပ်အတူတူ လုပ်လိုကြောင်း ထုတ်ဖော်ပြောကြားသွားသည်။

*—Ref: AAP*









စာ(၃၉)မှ

# ပိုပိုနှင့်တွေ့ဆုံခြင်း

ဗီစီဒီ ထွက်ပြီးတဲ့အချိန်မှာတော့ ပရိသတ်ကပေးတဲ့ နေရာလေးတစ်နေရာတော့ ရောက်လာခဲ့ပါတယ်။

**ပိုပိုက ကိုယ်ပိုင်သံစဉ်တွေကိုပဲ လုပ်ဖြစ်ခဲ့တာဆိုတော့ သီချင်းတွေကို ဘယ်လိုစိတ်ကူးတွေနဲ့ဖန်တီးဖြစ် လဲ။**

သူများတွေရဲ့ကော်ပီသီချင်းတွေကို အရမ်းကြိုက်ပါတယ်။ အဲဒီသီချင်းတွေကို Reference အနေနဲ့တော့ နားထောင်တယ်။ ဒီစတိုင်မျိုးရေးမယ်ပေါ့။ အဲဒီလိုတော့ စဉ်းစားပြီးရေးဖြစ်တယ်။ ကော်ပီအနေနဲ့တော့ မရေးဖြစ်ဘူး။ သီချင်းတစ်ပုဒ်ကို နားထောင်ပြီးရင် ဘာကော့ဒ်တွေနဲ့ တီးထားတာလဲ ဆိုတာကို အရင်ဆုံးရအောင်လုပ်တယ်။ ဂစ်တာနဲ့ တီးကြည့်တယ်။ အင်တာနက်ကနေလည်း ကော့ဒ်တွေရှာတီးတယ်။ သီချင်းတွေ တော်တော်များများကို နားထောင်တယ်။ ပြီးမှ ဒီစတိုင်လေးရေးမယ်ဆိုပြီး ဂစ်တာလက်ကွက်တွေ ရအောင်လုပ်တယ်။ နောက်မှစာသားတွေရေးထည့်တယ်။ စာသားအတွက်ကတော့ စာလဲဖတ်ဖြစ်သလို ကိုယ့်ရဲ့ခံစားချက်တွေကိုလည်း ရေးဖြစ်တယ်။ ကိုယ်က အသက်လည်းမငယ်တော့ဘူး။ နောက်ပြီး သီချင်းရေးတဲ့ လူတစ်ယောက်အဖြစ်လည်း သတ်မှတ်ထားတာဆိုတော့ တာဝန်လည်း ကြီးလာပါတယ်။ စာတွေတော့ ပိုဖတ်ဖြစ်တယ်။

**ချစ်ဖူးခဲ့သမျှမှာပါတဲ့ သီချင်းတော်တော်များများက ပိုပိုရဲ့ ဘဝဖြတ်သန်းမှုတွေလို့ ပြောလို့ရလား။**

ဒီ "ချစ်ဖူးခဲ့သမျှ" စီးရီးမှာ တစ်ဝက်လောက်ကတော့ ပိုပို့ဘဝတွေပါ။ မိဘမဲ့ဆိုတဲ့ သီချင်းဆိုရင် ငယ်ငယ်ကတည်းက အဖေနှင့် အမေကွဲသွားတယ်၊ ပိုပိုက လသားလေးပဲရှိပါသေးတယ်။ အဘွားနဲ့ နေခဲ့ရတယ်။ အဲဒီအချိန်က ကိုယ်နဲ့အတူနေတဲ့ ဝမ်းကွဲမောင်နှမတွေကို သူတို့မိဘတွေက ဂရုစိုက်ကြတယ်။ ကိုယ့်ကို ဘယ်သူမှ ဂရုမစိုက်ကြဘူးဆိုတော့ တိတ်တိတ်လေးငိုခဲ့ရတဲ့ ဘဝတွေရှိတယ်။ အဘွားကလည်း အသက်ကြီးပြီးဆိုတော့ အရမ်းကြီး ဂရုမစိုက်နိုင်ဘူး။ ကျောင်းသွား၊ ကျောင်းပြန်လိုက်ပို့ပေးမယ့် လူမရှိပေမယ့် မှတ်မှတ်ရရ သုံးတန်းနှစ် မိုးရွာကြီးထဲမှာ အဖေကိုယ်တိုင်ကျောင်းကို လာပြီး ထမင်းဘူးလိုက်ပို့ပေးဖူးတယ်။ အဲဒီတစ်ကြိမ်ပါပဲ။ ရှစ်တန်းနှစ်မှာ အဖေဆုံးသွားတယ်။ အမေဆိုရင်လည်း ပိုပိုသူ့ဆီကို ဖုန်းဆက်လိုက်တော့ ဗီစီဒီမှာ ရိုက်ကူးတဲ့ အတိုင်းပဲ ရောက်လာပြီး ပြောသွားတယ်။ သူပြောချင်တာတွေပြောသွားတယ်။ မိဘကို မျှော်နေတဲ့ ကလေးတစ်ယောက်အနေနဲ့ ဘယ်လိုခံစားရမလဲ သူမသိဘူး။ ပိုပို့အနေနဲ့ သူနဲ့တွေ့တဲ့ အချိန်မှာ သူကိုဖက်ပြီး စိတ်ညစ်ခဲ့ရတာတွေ ပြောပြချင်ပေမယ့် ဘာမှ မပြောလိုက်ရဘူး။ သူလဲ သူ့မိသားစုကို အကောင်းဆုံး တည်ဆောက်ထားတယ်။ကိုယ်လဲ ဘယ်မှလုပ်မပေးနိုင်ဘူးဆိုတော့ သမီးကောင်းတစ်ယောက်မဟုတ်ပေမယ့် သမီးဆိုးတစ်ယောက်မဖြစ်အောင် သူ့ကို နားလည်ပေးလိုက်ပါတယ်။ တစ်ခါတလေကျရင်တော့ သူ့ကိုငယ်ငယ်ကတည်းက ဘယ်လောက်မျှော်လင့်ခဲ့တယ်။ တိုက်ခိုက်မှုတွေ ခံရတိုင်း သူ့ကိုမျှော်လင့်ခဲ့တာတွေကို သိစေချင်တယ်။

**မိဘမဲ့တစ်ယောက်လို နေခဲ့ရတယ်ဆိုတော့ ကိုယ်အားငယ်တဲ့အချိန်မှာ ဘယ်သူကို ရင်ဖွင့်တိုင်ပင်ဖြစ်လဲ။**

ငယ်ငယ်ကတည်းက သူငယ်ချင်းတွေတော့ အများကြီးရှိတယ်။ ဒါပေမဲ့ သူများရှေ့မှာ ပြောရမှာ အရမ်းရှက်တယ်။ တစ်ခုခုဆို အိမ်မှာ ကျိတ်ငိုရင် ငိုတယ်။ အကျင့်ရှိတာက ခြောက်လ တစ်ကြိမ်လောက်ကို အိမ်မှာအရမ်းငိုလေ့ရှိတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ လူတွေက သူများဘဝ သူများရဲ့အခြေအနေကို မသိဘဲ တိုက်ခိုက်တဲ့လူတွေရှိပါတယ်။ ပိုပိုကတော့ အတတ်နိုင်ဆုံးလူတွေချစ်အောင်နေတယ်။ ဒါပေမဲ့ တစ်ချို့လူတွေကျတော့ ကိုယ်နဲ့လည်း မသိဘဲနဲ့ ကိုယ့်မကောင်းကြောင်းတွေ ပြောကြတာတွေရှိတယ်။ အဲဒီလိုကြောင့် ခံစားရတာတွေရှိတယ်။ သူများထက်ကို ကိုယ်က ပိုပြီးအားငယ်တတ်တယ်။ မသိရင် အကောင်းကြီးက ကြီးပြီး ဖိုက်တာကြီးလို့ ထင်ရပေမယ့် အားငယ်တတ်တယ်။ ဘယ်သူ့ကိုမှတော့ ရင်ဖွင့်လေ့မရှိဘူး။ စိတ်ညစ်တာဖြစ်ဖြစ်၊ ပျော်တာဖြစ်ဖြစ် ဖေ့စ်ဘွတ်ခ်မှာ Status တင်တယ်။ အဓိက ရင်ဖွင့်စရာကတော့ ပရိသတ်ကြီးပဲဖြစ်လိမ့်မယ်။

**မြန်မာနိုင်ငံမှာ မိန်းကလေးတွေ တက်တူးကို သိပ်လက်မခံချင်ကြဘူး။ ပိုပိုက ကိုယ်တိုင်လည်းတက်တူးထိုးထားတာဆို တော့ အဲဒီအပေါ်မှာ ဘယ်လိုခံယူထားလဲ။**

တက်တူးထိုးထားတယ်ဆိုတော့ တချို့က ဂေါ်တယ်လို့ထင်ကြတယ်။ တကယ်တမ်းကျတော့ တက်တူးထိုးတယ်ဆိုတာ နာကျင်မှုတစ်ခုပေ့ါ။ အဲဒီခံစားမှုကို ပိုပိုက ကြိုက်တာ။ ခန္ဓာကိုယ်ပေါ်မှာ အနုပညာတစ်ခုတင်လိုက်တယ်။ ပန်းချီတစ်ချပ်ကို တင်လိုက်တယ်လို့သတ်မှတ်ပါတယ်။ ရှေးခေတ်က တောင် ဆေးမင်ကြောင်တွေ ထိုးကြသေးတာပဲ။ ဒါနဲ့ပတ်သက်ပြီး ပိုပိုက ကောင်းတယ်ထင်ပေမယ့် သူများက မကောင်းဘူးမြင်ရင်မြင်မှာလေ။ တက်တူးထိုးတိုင်း ဆိုးသွမ်းတဲ့ လူ၊ မကောင်းတဲ့လူတော့ မဟုတ်ပါဘူး။ တက်တူးမထိုးဘဲနဲ့ မကောင်းတဲ့ သူတွေလည်း အများကြီးရှိပါတယ်။ အဲဒါကြောင့် တက်တူးကို မကြည့်ဘဲ စိတ်ရင်းအမှန်တွေကိုပဲ ကြည့်တာ ပိုကောင်းမယ်ထင်တယ်။

**ဗီစီဒီမှာဆိုရင် အဆိုတော်တစ်ယောက်အနေနဲ့တင်မဟုတ်ဘဲ သီချင်းတော်တော်များများမှာ သရုပ်ဆောင်ထားသလို ကိုယ်တိုင် ဒါရိုက်တာအနေနဲ့ သီချင်းတွေ ရိုက်ခဲ့တာဆိုတော့ အဲဒီအတွေ့အကြုံလေးတွေ ပြောပြပါဦး။**

မင်းသမီးဖြစ်ချင်တယ်ဆိုတဲ့ စိတ်တော့ မရှိပါဘူး။ ငယ်ငယ်ကတည်းက သီချင်းဆိုတာတော့ နိုင်ငံခြားအမ်တီဗီတော်တော်များများကြည့်ဖြစ်တယ်။ နိုင်ငံခြားအမ်တီဗီတွေမှာဆိုရင် အဆိုတော်တွေက တကယ့်မင်းသမီးလို သရုပ်ဆောင်ကြတယ်။ ကိုယ်လည်း သီချင်းနားထောင်ရင်း အိုက်တင်ကျင့်တာတွေရှိတယ်ဆိုတော့ သူတို့ရဲ့ ပုံစံတွေလို မျိုးလေ့ကျင့်ပြီးသားဖြစ်နေတယ်။ အဲဒါကြောင့် အခက်အခဲတော့မရှိပါဘူး။ ဒါရိုက်တာလုပ်ခဲ့တာကလည်းတချို့သီချင်းတွေ "ချစ်ဖူးခဲ့သမျှ"လို သီချင်းမျိုးဆိုရင် ပိုပိုရဲ့ ဘဝနဲ့ အရမ်းကိုဆိုင်တယ်။ ပိုပိုချစ်သူတစ်ယောက်ရှိခဲ့တယ်။ ဒါပေမဲ့ သူ့မိဘတွေက သဘောမတူဘူး။ ဘာကြောင့်မှန်းလဲ မသိဘူး။ အဲဒီသီချင်းဆိုရင် ဒီအကြောင်းအရာလေးကို ရိုက်ထားတာပါ။ တခြားသီချင်းတွေဆိုရင်လည်း အပြင်မှာ ကိုယ်လုပ်ချင်တာတွေကို ထည့်ရိုက်ဖြစ်တယ်။ ဗီစီဒီမှာ သူငယ်ချင်းတွေကလည်း ကူညီကြတော့ ပိုပို့အတွက် အားတစ်ခု ပါပဲ။

**ပထမတစ်ကိုယ်တော်ခွေကို ပရိသတ်တွေ အသိအမှတ်ပြုခဲ့တာဆိုတော့ ဒုတိယတစ်ကိုယ်တော်ခွေကိုကော ပြင်ဆင်နေပြီလား။**

ဒုတိယခွေက အရမ်းမျှော်လင့်ထားတယ်။ ကြိုးစားထားတယ်။ သီချင်းတွေဆိုရင်လည်း ပထမခွေတုန်းကလို ပိုပိုတစ်ယောက်တည်းရေးတာ မဟုတ်ဘဲနဲ့ အသစ်တွေကိုလည်း ကမ်းလှမ်းထားတယ်။ တော်တဲ့ အစ်ကိုတွေကို လည်းအကူအညီတောင်းတယ်။ ကိုယ်ကြိုက်တာတွေရွေးပြီး သီချင်းတွေစစုနေပြီ။ ဒုတိယစီးရီးကိုအရမ်းကြိုးစားရမယ်။ ဒီအခွေထက် ပိုပြီးကောင်းရမယ်။ ခွေကို ဝယ်လိုက်တာနဲ့ တန်အောင် သီချင်းတွေက အရမ်းမိုက်နေပါလားဆိုပြီး ဖြစ်နေအောင် ကြိုးစားမယ်။ အခုစာတွေလည်း ပိုဖတ်နေတယ်။ သီချင်းတွေ အများကြီးနားထောင်နေတယ်။ ပရိသတ်ကို ဘယ်လိုပုံစံလေးတွေပြရမလဲဆိုပြီး ခေါင်းထဲမှာ အမြဲတွေးနေပါတယ်။ နောက်ပြီး ပိုပိုက ငယ်ငယ်ကတည်းက ယောကျ်ားလေးလည်း ဆန်တော့ အရက်သမားသီချင်းတွေ ကြိုက်တယ်။ အဲဒါကြောင့် မိန်းကလေးတန်မယ့်အရက်သမားသီချင်းဆိုမယ်၊ ယောကျ်ားလေးပရိသတ်အတွက် လည်းဖြစ်ရင်ဖြစ်မှာပေ့ါ။ နောက်ထပ်သူမအတွက်ဆိုတဲ့ ယောကျ်ားလေးတွေ ခံစားလို့ရမယ့် သီချင်းတစ်ပုဒ်လည်းဆိုဖို့ရှိတယ်။ ကိုယ့်ဟာကိုယ်ရေးထားပြီး အရမ်းကြိုက်လို့ ဆိုမှာပါ။

Unilever
## Challenging job opportunities!
Eager to enjoy a better future every day?

A leading multinational FMCG company with operations in **over 190 countries worldwide** with the key vision of adding vitality to everyday life of people, is looking for suitable candidates for the following positions as part of its expansion plan in Myanmar.

**Brand Executives**
- Plan, develop and support the visibility of products as well as launching activities, including updated analysis of competitors' movements in the market
- Effectively deal, coordinate and control the 3rd parties (agencies & suppliers) to achieve objectives of each project

**Trade Marketing Executives** ( Yangon & Mandalay )
- Cooperate and manage corporate trade promotion scheme
- Manage and lead merchandising team to effectively execute in-store brand visibility

**Sales Executives / Supervisors** ( Upper & Lower Myanmar )
- Manage distributors' operations in the assigned area - sales and distribution, ROI, stock control
- Supervise and coach market execution of distributor's sales team
- Be able to relocate

**Qualifications Required**
- Bachelor degree or higher in Marketing, Management or relevant field
- Relevant experience in consumer products industry or multinational company is preferable
- Strong time management, systematic thinking, analytical thinking skill and accurate working
- Good command of English and Computer literacy
- Pro-active personality, be able to work under pressure and dynamic environment

Interested candidates, please send your full CV in English with copy of degree certificate and a recent photo to :

No. (150), Kabar Aye Pagoda Road, Bahan Township, Yangon. Phone: (+951) 545 167, 556 544
E-Mail: recruitment.myanmar@unilever.com

Closing Date : 2nd April' 2014

Only Short-listed candidates will be notified.
Like us on Facebook "Unilever Careers"

Knorr Signal OMO POND'S CLEAR sunsilk LUX closeup Lifebuoy Fair & Lovely Sunlight

GREAT DREAMS CAN HAPPEN
MADE BY YOU

စာမျက်နှာ(၃၃) မှ

# ရေအားလျှပ်စစ်အတွက် ထွက်ပေါက်သံလွင်

သံလွင်မြစ်ဝှမ်းသည် ဇီဝမျိုးကွဲစုံလင်ကြွယ်ဝသော ဒေသလဲဖြစ်ပြီး တွားသွားသတ္တဝါ ၉၁၂ မျိုး၊ ငါးမျိုးစိတ် ၁၄၃ မျိုးတို့ကျက်စားကြပြီး ရေခဲငါးမျိုးစိတ် ၄၇ မျိုးသည် ကမ္ဘာ့တွင် သံလွင်မြစ်မှအပ အခြားနေရာတွင် မတွေ့ရှိသည့် ငါးမျိုးစိတ်များဖြစ်ရှိကြောင်း ကမ္ဘာ့ တောရိုင်းတိရိစ္ဆာန်ရန်ပုံငွေအဖွဲ့ (WWF)က ထုတ်ပြန်ထားသည်။ အမျိုးအမည်ခွဲခြားရမည့် ကုန်းနေ၊ ရေနေလိပ်မျိုးစိတ်စုံလင်သည့်အပြင် ကြောင်များ၊ ဖျံများ၊ မိချောင်း၊ ရွှေရောင်မျက်လုံးနှင့် မျောက်၊ ပန်ဒါဝက်ဝံနှင့် လားရိုင်းများ၊ နွားရိုင်းများရှိသည်ဟု WWF ကထုတ်ပြန်ထားသည်။

သုံးနိုင်ငံဖြတ်သန်းစီးဆင်းသည် သံလွင်မြစ်ဝှမ်းလွင်ပြင်တွင် ထင်ရှူးတော၊ အမြဲစိမ်းတော၊ အပူလျှော့ပိုင်းသစ်တော၊ မိုးသစ်တော၊ ရွက်ကြွေသစ်တောများကို ပေါက်ရောက်သည်ဟု WWF ကထုတ်ပြန်ထားသည်။

WWF ကထုတ်ပြန်ထားသည့်အတိုင်း တိုင်းရင်းသားလက်နက်ကိုင်နယ်မြေဖြစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကြောင့် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ထိစပ်နေသော သံလွင်မြစ်ကမ်းတစ်လျှောက်တွင် သစ်တောကြီးများ ထူထပ်စွာ ပေါက်နေသည်။ ရောဝတီမြစ်ကမ်းနံဘေးက သစ်တောများ ကျန်ရှိမှုနှင့် နှိုင်းယှဉ်ပါက သံလွင်သည် သစ်တောများ မပျက်မယွင်းရှိနေသေးသည်။

ထိုင်း–မြန်မာ နယ်စပ်မျဉ်း သံလွင်မြစ်ကမ်းနံဘေး၏တစ်ဖက်တစ်ချက်သစ်တောများတွင် အနီရောင်၊ အဝါရောင်၊ ပန်းရောင်နှင့် အစိမ်းရောင်ရင့်ရင့် သစ်ပင်များ ကလှပနေသည်။ရုန်းအားကောင်းသည့် ကားအင်ဂျင်တပ် စက်လှေများကလည်း တစ်ဗျင်းဗျင်းနှင့် သံလွင်မြစ်ပေါ်တွင် စုန်ဆန်နေဦးမည်။ သက်မဲ့ သံလွင်မြစ်က သူ့ပေါ်တွင် တည်ဆောက်မည့် ဆည်စီမံကိန်းများကြောင့် လူတွေ ငြင်းခုံနေသည့်ကို မသိရှိရှာ။

"ဒီမြစ်ကြီးရဲ့ ရေစီးသံကို နားထောင်ကြည့်။ တစ်ရာသီနဲ့ တစ်ရာသီ မတူဘူး။ တစ်ခါတစ်လေ တီးလုံးသံစဉ်တွေနဲ့ တူတယ်။ စားဝတ်နေရေးနဲ့ ဒီလိုလှပမှုတွေကြောင့် သံလွင်မြစ်ကို ကျွန်တော်အရမ်းချစ်တယ်"ဟု စောစေးဖိုးကပြောသည်။

# Sports

7DAY NEWS JOURNAL

Vol.13, No.3 • MARCH 19 , 2014


## မြန်မာလိဂ်ဂိုးသွင်းအများဆုံးစာရင်းတွင် ရတနာပုံအသင်းတိုက်စစ်မှူးဖွန်ဆီကာ ဆက်လက်ဦးဆောင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်-၁၇**

၂၀၁၄ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၇) ပြီးသည်အထိ ဂိုးသွင်းအများဆုံးစာရင်းတွင် ရတနာပုံအသင်းတိုက်စစ်မှူးဖွန်ဆီကာက သွင်းဂိုး ၁၀ ဂိုးဖြင့် ဆက်လက်ဦးဆောင်နေသည်။

ယခုနှစ်ဘောလုံးရာသီပွဲစဉ် (၇) အထိ ရတနာပုံအသင်းရရှိသည့် သွင်းဂိုး ၁၃ ဂိုးအနက် ၁၀ ဂိုးကို တိုက်စစ်မှူးဖွန်ဆီကာတစ်ဦးတည်းက သွင်းယူပေးထားခြင်းဖြစ်သည်။ ဖွန်ဆီကာသည် ယခုနှစ် မြန်မာလိဂ်ပွဲစဉ် ခုနစ်ပွဲဆက်တိုက် ဂိုးသွင်းယူထားခြင်းလည်းဖြစ်သည်။ ရတနာပုံအသင်းမှ ကိုလံဘီယာတိုက်စစ်မှူး ဖွန်ဆီကာ၏ သွင်းဂိုး ၁၀ ဂိုးတွင် သုံးဂိုးမှာ ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၆)အထိ ရတနာပုံအသင်းရရှိသည့် သွင်းဂိုး(၇)ဂိုးကို တိုက်စစ်မှူးဖွန်ဆီကာတစ်ဦးတည်းကသာ သွင်းယူခဲ့ခြင်းဖြစ်သည်။ မတ်လ ၁၅ ရက်က ဗထူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ် (၇)တွင် ရတနာပုံအသင်းသည် ဆောက်သမ်းမြန်မာအသင်းကို (၆-၀)ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

၎င်းပွဲစဉ်တွင် ဖွန်ဆီကာ၏ ဟက်ထရစ်ဂိုးအပါအဝင် ဒွေးကိုကိုချစ်၊ ဇင်မင်းထွန်းနှင့် သက်နိုင်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ အဆိုပါပွဲစဉ်သည် ယခုနှစ်ဘောလုံးရာသီတွင် ပြည်တွင်းဘောလုံးသမားများက ရတနာပုံအသင်းအတွက် အနိုင်ဂိုးစတင်သွင်းယူခဲ့သည့် ပွဲစဉ်လည်းဖြစ်သည်။

မြန်မာလိဂ်ပွဲစဉ် (၇) အထိ ချင်းယူနိုက်တက်မှ ကိတ်မာတူနာက သွင်းဂိုးခြောက်ဂိုးဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။ ရန်ကုန်မှ ဆီဇာ၊ နေပြည်တော်မှ ဒီဗီဒီ၊ ဧရာဝတီမှ ချူကွာဂူတို့က သွင်းဂိုးငါးဂိုးစီသွင်းယူထားသည်။ ဇွဲကပင်မှ ကင်တာရိုနှင့် အမီအိုဘီ၊ မနောမြေအသင်းမှ အက်စလေတို့က သွင်းဂိုးလေးဂိုးစီသွင်းယူထားပြီး ဇွဲကပင်မှ ညီညီမင်း၊ နေပြည်တော်မှ အောင်ကျော်နိုင်၊ ရန်ကုန်မှ အီမာဆင်၊ ကမ္ဘောဇအသင်းမှ ဇီကိုဗစ်နှင့်စိုးမင်းဦး၊ မကွေးမှ မာဒမ်ဂူနှင့် မန်ဆာ၊ ရေဝတီမှ ဆာဆာနှင့် နန္ဒလင်းကျော်ချစ်တို့က သွင်းဂိုးသုံးဂိုးစီသွင်းယူထားသည်။



*ပွဲစဉ်(၇)အထိ မြန်မာလိဂ်ဂိုးသွင်းအများဆုံးစာရင်းတွင် ဦးဆောင်နေသည့် ရတနာပုံအသင်းမှ ကိုလံဘီယာတိုက်စစ်မှူးဖွန်ဆီကာ* ဓာတ်ပုံ – YADANARBON FC

ပွဲစဉ် (၇)ပြီးသည်အထိ မြန်မာလိဂ်ဂိုးအများဆုံးရှစ်ဦးစာရင်းတွင် နိုင်ငံခြားသားကစားသမားများသာ လွှမ်းမိုးထားပြီး ပြည်တွင်းကစားသမားများအနေဖြင့် သွင်းဂိုးသုံးဂိုးအထိသာ အများဆုံးသွင်းယူထားသေးသည်။

ယခုတစ်ပတ်ကျင်းပပြီးစီးခဲ့သည့် မြန်မာလိဂ် ပွဲစဉ် (၇)တွင် သွင်းဂိုးအရေတွက် ၂၂ ဂိုးရှိခဲ့ပြီး နိုင်ငံခြားသားကစားသမားများက ၁၁ ဂိုးနှင့် ပြည်တွင်းကစားသမားများက (ကိုယ့်ဂိုးကိုယ်သွင်းယူသည့် တစ်ဂိုးအပါအဝင်) ၁၁ ဂိုး သွင်းယူခဲ့သည်။ မြန်မာလိဂ် (၇) ပြီးသည်အထိ ရတနာပုံအသင်းက ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရမှတ် ၁၉ မှတ်ဖြင့် ရှုံးပွဲမရှိသေးဘဲ အမှတ်ပေးဇယားကို ဦးဆောင်လျက်ရှိသည်။

## ပြည်တွင်းပတ်လည်ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စိုးကျော်နိုင်ဗိုလ်စွဲ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်-၁၇**

နေပြည်တော်တွင် ကျင်းပခဲ့သည့် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပရော်ဖက်ရှင်နယ်အဆင့်ပြိုင်ပွဲ၌ စိုးကျော်နိုင်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ကာ ဗိုလ်စွဲခဲ့သည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ပူးပေါင်းကျင်းပသည့် ၂၀၁၄ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမဆုံးပြိုင်ပွဲကို မတ်လ ၁၃ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ ရွှေရှိုင်ရယ်မြန်မာဂေါက်ကလပ်၌ ကျင်းပခဲ့သည်။

ယင်းပြိုင်ပွဲ၏ ပရော်ဖက်ရှင်နယ်အဆင့်တွင် စိုးကျော်နိုင်က လေးရက်ပေါင်း စုစုပေါင်းရိုက်ချက် ၂၈၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ကာ ဗိုလ်စွဲခဲ့ပြီး ဇော်ဇော်လတ်က ဒုတိယနှင့် စိုးမိုးဝင်းက တတိယရရှိခဲ့ကြသည်။

အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် မျိုးဝင်းအောင်က စုစုပေါင်းရိုက်ချက် ၂၇၇ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျှော့ရိုက်ကာ ပထမ၊ အောင်ကျော်သူက ဒုတိယ၊ မောင်မောင်ဦးက တတိယရရှိခဲ့ကြသည်။ အမျိုးသမီး(အပျော်တမ်း)ပြိုင်ပွဲတွင် ယဉ်မေမျိုးက စုစုပေါင်းရိုက်ချက် ၂၂၂ ချက်ဖြင့် ပထမ၊ ခင်မာနွယ်က ဒုတိယနှင့် ဖူးပွင့်ရတီခိုင်က တတိယရရှိခဲ့ကြသည်။

နေပြည်တော်တွင် ပြုလုပ်ခဲ့သည့် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပရော်ဖက်ရှင်နယ်အဆင့်ပြိုင်ပွဲ၌ ကစားသမား ၂၃ ဦး၊ အပျော်တမ်းအဆင့် (အမျိုးသား)ပြိုင်ပွဲ၌ ကစားသမား ၆၇ ဦးနှင့် အမျိုးသမီးပြိုင်ပွဲတွင် ကစားသမားခုနစ်ဦးပါဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

၂၀၁၄ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲကို မေလ ၆ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (ဒညင်းကုန်း)၌ ဆက်လက်ကျင်းပမည်ဖြစ် သည်။

ယင်းပြိုင်ပွဲ၏ ပရော်ဖက်ရှင်နယ်အဆင့် ပြိုင်ပွဲတစ်ခုစီတွင် ဗိုလ်စွဲသူအား ဆုကြေးအဖြစ်ငွေကျပ် ၂၅ သိန်းချီးမြှင့်ပြီး ပြိုင်ပွဲတစ်ခုစီအတွက် ချီးမြှင့်မည့်ဆုကြေးငွေမှာ စုစုပေါင်းကျပ်သိန်းနှစ်ရာကျော်ရှိကြောင်းသတင်းရရှိသည်။







CAMRY
A Brand New Toyota for Every Lifestyle
LAND CRUISER
HILUX
Toyota အရောင်းပြခန်းအသစ်ကိုဖွင့်လှစ်လိုက်ပြီဖြစ်ပါ၍ ကြွရောက်အားပေးရန် ဂုဏ်ယူစွာဖြင့်ဖိတ်ခေါ်အပ်ပါသည်။
လူကြီးမင်းတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ခေတ်မီ၍အကြမ်းခံနိုင်သောပုံစံအသစ် Toyota ကားအသစ်များကိုလာရောက်ကြည့်ရှုအားပေးနိုင်ပါပြီ။
Toyota နှင့်အတူမြန်မာနိုင်ငံ၏တောက်ပလာမည့် အနာဂတ်ကိုဆက်လက်ချီတက်လျှောက်လှမ်းကြပါစို့။
Brand New Toyota Showroom Now Open!
To Kaba Aye Pagoda
To Down Town
Kaba Aye Pagoda Road
TTAS CO., LTD
Head Office
Showroom
Kan Baw Za Road
TTAS CO., LTD.
Head Office & Aye & Sons Services Ltd.
Brand New Car Showroom
အမှတ်(၈၇-က)၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
စာတိုက်သေတ္တာအမှတ် ၁၁၂၀၁၊
ဖုန်းနံပါတ် – (၉၅၁)၅၄၀၇၄၀၊ ဖက်(စ်) – (၉၅၁)၅၄၅၄၂၄
အီးမေးလ် – ayensons@ttasmyanmar.com.mm
ရုံးချိန် – တနင်္လာ – စနေနေ့အထိ နံနက်(၉)နာရီ မှ ညနေ(၆)နာရီအထိ
ပိတ်ရက် – တနင်္ဂနွေ နှင့် အများပြည်သူရုံးပိတ်ရက်
Min Aye Yar Road
Than Lwin Road
TTAS BODY & PAINT CENTER
No.5 Yangon-pathane Road
To Yangon
To Pathane
TTAS CO., LTD.
Body Repair & Paint Center
ttasbp@gmail.com
MYANMAR NATIONAL LEAGUE
TOYOTA
Official Co-Sponsor of Myanmar National League
MYANMAR
TOYOTA
Supporting Partner of Myanmar Women's National Football Team
Together with Myanmar, Toyota supports football to bring joy and excitement to local communities by partnering with the Myanmar National League and Myanmar Football Federation.
www.toyota-myanmar.com
Together, Tomorrow, Toyota
TOYOTA

7 DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

# ချယ်လ်ဆီး-အာဆင်နယ် လန်ဒန်ဒါဘီနဲ့ ရီးရဲလ်-ဘာကာ အယ်လ်ကလက်စီကိုဒါဘီပွဲကြီးနဲ့ ဒီတစ်ပတ်ဥရောပလိဂ်ပွဲစဉ်များ


REUTERS

**ကိုအေးမြတ်**

ဒီတစ်ပတ်ကစားမယ့် ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲမှာ ချယ်လ်ဆီး–အာဆင်နယ် လန်ဒန်ဒါဘီကို ထပ်ကြည့်ရဖို့ရှိနေပါတယ်။ စီးရီးအေပွဲစဉ်တွေထဲမှာတော့ နာပိုလီ– ဖီအိုရင်တီးနား၊ လာဇီယို–မီလန်ပွဲတွေက အကြိတ်အနယ်ဖြစ်လာမှာဖြစ်သလို လာလီဂါမှာ ဘက်တစ်နဲ့ အဝေးကွင်းကစားပြီး မဖြစ်မနေနိုင်ပွဲရှာရမယ့် အယ်လ်ကလက်စီကိုဒါဘီဖြစ်တဲ့ ဘာစီလိုနာ–ရီးရဲလ်ပွဲ စောင့်ကြည့်ပြီး ချန်ပီယံအသင်းကို မျှော်မှန်းရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်လည်း ပွဲကောင်းတွေစောင့်နေတဲ့ သီတင်းပတ်ဖြစ်လာပါမယ်။

**ပရီးမီးယားလိဂ်**

**၂၂၊ မတ်၊ စနေ**

**ချယ်လ်ဆီး-အာဆင်နယ်**

**ပကျော့ရလဒ် ၀-၀**

ချယ်လ်ဆီးဟာ အိမ်ကွင်းရလဒ်အကောင်းဆုံး အသင်းတစ်သင်းဖြစ်ပါတယ်။ အသင်းလိုက်ခံစစ်ပိုင်းမှာ ချယ်လ်ဆီးပိုမာကျောမှုရှိပြီး တိုက်စစ်ပိုင်းမှာတော့ သိပ်မကွာနိုင်ဘူး။ လက်ရှိအနေအထားအရ ချယ်လ်ဆီးကို ဂိုးအနည်းနဲ့ပဲ ရွေးရမှာဖြစ်ပါတယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ သရေလည်းဖြစ်သွားနိုင်တယ်။

**ကာဒစ်-လီဗာပူး**

**ပကျော့ရလဒ် ၁-၃**

မန်ယူနဲ့ပွဲအပြီး လီဗာပူး နိုင်ပွဲရှာရမယ့်ပွဲဖြစ်ပါတယ်။ လာမယ့်နှစ် ဥရောပဝင်ခွင့်အတွက် ခြေစွမ်းပြနေတဲ့ လီဗာပူးကပဲ အဝေးကွင်းနိုင်ပွဲရှာသွားမှာပါ။ ကာဒစ် သရေရဖို့ မျှော်လင့်ချက်နည်းပြီး လီဗာပူးဂိုးအရင်သွင်းနိုင်ရင် ပွဲအပြီးမှာ နှစ်ဂိုးပြတ်လောက်ရနိုင်ပါတယ်။

**မန်စီးတီး-ဖူလ်ဟမ်**

**ပကျော့ရလဒ် ၄-၂**

မန်စီးတီးအကောင်းဆုံးအနေအထားနဲ့ ပွဲထွက်လာနိုင်ပါတယ်။ ဒါပေမဲ့ ပထမအကျော့တုန်းကလို ဂိုးမများနိုင်ဘူး။ နှစ်ဂိုးပြတ် (သို့မဟုတ်) အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်တာမျိုးဖြစ်နိုင်တယ်။ သရေဖြစ်နိုင်ခြေနည်းပါတယ်။

**၂၃၊ မတ်၊ တနင်္ဂနွေ**

**စပါး-ဆောက်သမ်တန်**

**ပကျော့ရလဒ် ၃-၂**

စပါးအိမ်ကွင်းမှာ ဂိုးအများကြီး သွင်းနိုင်ဖို့မရှိပါဘူး။ ဆောက်သမ်တန်ရဲ့ တန်ပြန်တိုက်စစ် အလုပ်ဖြစ်ရင် စပါးတို့ တစ်ဂိုးအသာလောက်နဲ့ ကပ်နိုင်ဖို့များတယ်။ ဂိုးနည်းမယ့်ပွဲပါ။

**၂၃၊ မတ်၊ တနင်္ဂနွေ**

**ချီယေဗို-ရိုးမား**

**ပကျော့ရလဒ် ၀-၁**

အကောင်းဆုံးခြေစွမ်းကို ရိုးမားပြန်ရဖို့ ဒီပွဲမှာ ကြိုးစားမှာပါ။ လက်ရှိခြေစွမ်းအရရော ယခင်ထိပ်တိုက်တွေ့ထားမှု မှတ်တမ်းတွေအရပါ ချီယေဗိုကို ရိုးမား အပြတ်အသတ်နိုင်တာမရှိပါဘူး။ ရိုးမား ကပ်အနိုင် (သို့မဟုတ်) သရေပွဲဆီ မထင်မှတ်ဘဲ ဦးတည်နိုင်တယ်။

**၂၄၊ မတ်၊ တနင်္လာ**

**နာပိုလီ-ဖီအိုရင်တီးနား**

**ပကျော့ရလဒ် ၂-၁**

နာပိုလီ ဇယားမှာဦးဆောင်နိုင်ဖို့ မရှိတော့ပေမယ့် အိမ်ကွင်းနိုင်ပွဲရှာသွားမှာပါ။ နောက်ဆုံးတွေ့ဆုံမှုလေးကြိမ်မှာ နာပိုလီ တစ်ကြိမ်သရေကျပြီး သုံးပွဲနိုင်ထားတယ်။ လက်ရှိခြေစွမ်းအရလည်း နာပိုလီကို ရွေးရမှာပါ။ ဂိုးများသွားနိုင်တယ်။

**လာဇီယို-မီလန်**

**ပကျော့ရလဒ် ၁-၁**

မီလန်တို့ အဝေးကွင်းခြေစွမ်း အကောင်းဆုံးမှာမရှိပေမယ့် ချန်ပီယံလိဂ်က ထွက်ရပြီးတဲ့နောက် ဥရောပဝင်ခွင့်တစ်နေရာကို ဆက်ရှာသွားရဦးမှာပါ။ ဒါပေမဲ့ လာဇီယိုကပ်နိုင်ခြေရှိနေပြီး သရေလည်းဖြစ်နိုင်ခြေ ရှိနေပါတယ်။

**လာလီဂါ**

**၂၃၊ မတ်၊ တနင်္ဂနွေ**

**ဘက်တစ် - အက်သလက်တီကို**

**ပကျော့ရလဒ် ၀-၅**

အက်သလက်တီကို လာလီဂါချန်ပီယံဆုကို မျှော်လင့်လို့ရနေဆဲပါ။ ခြေစွမ်းပိုင်းအမြင့်ဆုံးရှိတာကို နှစ်ဂိုးနဲ့အထက်သွင်းပြီး သူတို့ သက်သေပြသွားပါလိမ့်မယ်။ ဘက်တစ် ဂိုးနည်းနည်းနဲ့ ရှုံးဖို့ပဲ ခံကစားရမှာပါ။

**၂၄၊ မတ်၊ တနင်္လာ**

**ဗလင်စီယာ-ဗီလာရီးရဲလ်**

**ပကျော့ရလဒ် ၁-၄**

ဗလင်စီယာ ခြေစွမ်းပိုင်းအကောင်းကြီးရှိမနေတာကြောင့် တိုက်စစ်ပိုင်းပိုကောင်းတဲ့ ဗီလာရီးရဲလ်တို့ ဂိုးများနိုင်တယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ညှိသည်ဗီလာရီးရဲလ် နိုင်မယ်။

**ရီးရဲလ်မက်ဒရစ်-ဘာစီလိုနာ**

**ပကျော့ရလဒ် ၁-၂**

ရီးရဲလ်တို့ အိမ်ကွင်းမှာ ဘာကာကို ဖိကစားနိုင်တယ်။ လက်ရှိခြေစွမ်းပိုင်းနဲ့ စုဖွဲ့မှုပိုင်းမှာ ကွင်းလယ်တိုက်စစ်ပိုင်း ပိုကောင်းတဲ့ ရီးရဲလ်က ဦးဆောင်ဂိုးရဖို့ကြိုးစားမှာပါ။ ဘာကာဟာ အမှတ်ကွာဟချက်ကြောင့် မဖြစ်မနေအနိုင်ရဖို့လိုနေပြီး လာလီဂါချန်ပီယံဆုကို ဒီပွဲက အဆုံးအဖြတ်ပေးသွားနိုင်ပါတယ်။ ရီးရဲလ်ကို ပိုကြိုက်မိပြီး ဂိုးအနည်းနဲ့နေသင့်ပါတယ်။



# နိုင်ဂျီးရီးယားတွင် စစ်သွေးကြွရာပေါင်းများစွာက မိုင်ဒူဂူရီမြို့ရှိ စစ်တန်းလျားများကိုတိုက်ခိုက်

**မိုင်ဒူဂူရီ၊ မတ်-၁၅**

ဘိုကိုဟာရမ်အစ္စလာမ်မစ် စစ်သွေးကြွများဟု သံသယရှိသူများက မိုင်ဒူဂူရီမြို့ရှိ အစိုးရစစ်တန်းလျားများကို တိုက်ခိုက်ခဲ့သည်။

ယင်းတိုက်ခိုက်မှုကို ပြန်လည်ချေမှုန်းခဲ့ဟု နိုင်ဂျီးရီးယားစစ်တပ်က ပြောကြားပြီး အသေအပျောက်များကြောင်းသိရသည်။ နှစ်ဖက်သေဆုံးသူ အများအပြားရှိသည်ဟု မျက်မြင်သက်သေများကပြောသည်။

ယခုနှစ်အတွင်း ဘိုကိုဟာရမ်စစ်သွေးကြွများဟု သံသယရှိသူများ၏ တိုက်ခိုက်မှုကြောင့် လူ ၅၀၀ သေဆုံးခဲ့ပြီးဖြစ်သည်။အစိုးရစစ်တပ်နှင့် သူပုန်များ တိုက်ခိုက်နေစဉ် ဂိဝါစစ်တန်းလျားအနီးပေါက်ကွဲမှုများရှိကာ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်ဟု ဒေသခံများကပြောသည်။

စစ်သွေးကြွများဟု သံသယရှိသူ ဒါဇင်ပေါင်းများစွာ ထွက်ပြေးသွားကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်တစ်ခုကပြောသည်။



STRINGER/AFP

*မတ်လ ၁၄ ရက်က နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း မိုင်ဒူဂူရီမြို့၌ ဘိုကိုဟာရမ်အစ္စလာမ်မစ်များက စစ်အခြေစိုက်စခန်းတစ်ခုကို တိုက်ခိုက်ပြီးနောက် မီးခိုးလုံးများတက်နေသည်ကို တွေ့ရစဉ်*

ယင်းသတင်းကို ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိ ပုဂ္ဂိုလ် ခရစ်အိုလူကိုလာဒီက အတည်ပြုခြင်းမရှိသလို ငြင်းဆိုခြင်းလည်းမရှိပေ။

အပေါင်းအပါစစ်သွေးကြွများ လွတ်မြောက်အောင်ပြုလုပ်ပြီး အင်အားလျော့နေသော တိုက်ခိုက်ရေးသမားအင်အားကို ဖြည့်တင်းရန် သူပုန်များကြိုးစားနေသည်ဟု ယုံကြည်ရကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

"သူတို့ အိမ်တွေအများကြီး မီးရှို့ပြီး အပြစ်မရှိတဲ့လူတွေကို သတ်သွားတယ်"ဟု ဒေသခံတစ်ဦးဖြစ်သူ ဂျာမီလာယူဆွတ်က ပြောသည်။ ယင်းနေရာသို့ လေတပ်ပို့လွှတ်လိုက်ပြီး ဘိုကိုဟာရမ်တိုက်ခိုက်ရေးသမားများဟု သံသယရှိသူအချို့မှာ စစ်တန်းလျားများနောက်ရှိခြောက်သွေ့နေသောမြစ်ကြမ်းပြင်ကို ဖြတ်ပြေးစဉ် သေဆုံးခဲ့ကြောင်း ဒေသခံများက ပြောသည်။

—*Ref: BBC*

# ကိုင်ရိုမြို့ စစ်ဆေးရေးဂိတ်တွင် အီဂျစ်စစ်သားခြောက်ဦး ပစ်သတ်ခံရ

**ကိုင်ရို၊ မတ်-၁၅**

အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့မြောက်ပိုင်း ဆင်ခြေဖုံးရှိစစ်ဆေးရေးဂိတ်တစ်ခုတွင် သေနတ်သမားများက စစ်သားခြောက်ဦးကိုပစ်သတ်ခဲ့သည်ဟု နိုင်ငံပိုင်သတင်းဌာနက ဖော်ပြသည်။

တိုက်ခိုက်သူများချန်ခဲ့သော ဗုံးနှစ်လုံးကိုလည်း စနက်တံဖြုတ်ပြီးဖြစ်သည်ဟု လုံခြုံရေးအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ကိုင်ရိုမြို့အရှေ့ပိုင်းရှိ စစ်တပ်ဘတ်စ်ကားတစ်စီးပေါ်တွင် စစ်သားတစ်ဦး ပစ်သတ်ခံရပြီးနောက် နှစ်ရက်အကြာတွင် ယင်း စစ်သားခြောက်ဦး ပစ်သတ်ခံရခြင်းဖြစ်သည်။

အစ္စလာမ်မစ်သမ္မတ မိုဟာမက်မော်စီဖြုတ်ချခံရပြီးနောက် အီဂျစ်နိုင်ငံ၌ အကြမ်းဖက်မှုများ



တစ်ဟုန်ထိုးဖြစ်ပွားလာခဲ့သည်။ မော်စီ၏ မွတ်စလင်ဘရားသားဟုဒ်အဖွဲ့က ယင်းအကြမ်းဖက်မှုများကို လုပ်ဆောင်ခဲ့သည်ဟု အီဂျစ်စစ်တပ်က စွပ်စွဲခဲ့သည်။ မွတ်စလင်ဘရားသားဟုဒ်အဖွဲ့ကမူ ယင်းအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်မှုမရှိဟု ငြင်းပယ်ခဲ့သည်။

ကိုင်ရိုမြို့နှင့် ဆိုင်းနိုင်းကျွန်းဆွယ်ဒေသ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် တိုက်ခိုက်မှုများစွာမှာ ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု Ansar Beit al-Maqdis အဖွဲ့ကဝန်ခံထားသည်။မော်စီထောက်ခံသူများအပေါ် အစိုးရ၏ဖိနှိပ်ခြင်းကို လက်တုံ့ပြန်ခြင်းဖြစ်သည်ဟု ယင်းအဖွဲ့က ပြောကြားခဲ့သည်။ မူဘာရက် ရာထူးမှဖြုတ်ချခံရပြီးနောက် ၂၀၁၂ ခုနှစ်တွင် ရွေးကောက်တင်မြှောက်ခံရသောမော်စီသည် ၎င်းအပေါ် ဆန့်ကျင်ဆန္ဒပြမှုများနှင့်ရင်ဆိုင်ရပြီး စစ်တပ်အာဏာသိမ်းခြင်းကိုခံခဲ့ရသည်။

—*Ref: BBC*



7 DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

## ကမ္ဘာကြီးပူနွေးလာမှုကြောင့် တည်ငြိမ်နေသော ဂရင်းလန်းရေခဲပြင် အစွန်းတစ်နေရာ အရည်ပျော်ကျ

**ပါရီ၊ မတ်-၁၇**

ကမ္ဘာကြီးပူနွေးလာမှုကို အန်တုကာ ဆက်လက်တည်တံ့ခဲ့သော ဂရင်းလန်းဒေသ ရေခဲပြင်၏ နောက်ဆုံးအစွန်းတစ်ဖက်မှာ ယခုအခါ မငြိမ်မသက်ဖြစ်လာပြီး အရည်ပျော်ကျနေသဖြင့် ပင်လယ်တွင်းသို့ ရေတန်ချိန် ဘီလီယံများစွာစီးဝင်ပြီး ရေမျက်နှာပြင်မြင့်တက်လာစေခဲ့သည်ဟု သိပ္ပံပညာရှင်များက မတ်လ ၁၆ ရက်တွင် ပြောသည်။



REUTERS

ရာသီဥတု ပြောင်းလဲမှုဂျာနယ်တွင် ရေးသားဖော်ပြသည့် လေ့လာမှုတစ်ခု၌ ၂၀၀၃ ခုနှစ်က အပူချိန်မြင့်တက်မှုကြောင့် ရှည်လျားသော ရေခဲမြစ်တစ်ခု ဖြစ်ပေါ်ပြီး ဂရင်းလန်းအရှေ့မြောက်ဘက် ကမ်းရိုးတန်းသို့ စီးဆင်းကြောင်း ဖော်ပြထားသည်။

ရေခဲစမ်းချောင်းအဖြစ် သိရသော ယင်းမြစ်မှာ ကျယ်ပြန့်သော ချိုင့်ဝှမ်းတစ်ခုမှ ရေခဲများကို သယ်ယူကာ ပင်လယ်ထဲသို့ နှေးကွေးစွာ စီးဆင်းသွားကြသည်။ အမေဇုန်မြစ်တွင် မြစ်ရေများ စီးဆင်းပုံအတိုင်းဖြစ်သည်။ ယခင်က ယင်းရေခဲစမ်းချောင်းစီးဆင်းမှုမှာ ရေခဲအပိုင်းအစ အများအပြားဖြစ်ပေါ်မှုကြောင့် အတားအဆီးများ ဖြစ်ပေါ်ကာ အကန့်အသတ်ဖြင့်သာ စီးဆင်းမှုရှိခဲ့သည်။

သို့သော် သုံးနှစ်တာ ကာလအတွင်း အပူချိန်အလွန်အမင်းမြင့်တက်မှုက ယင်းအတားအဆီးများကို ဖယ်ရှားလိုက်သည်။ ပုလင်းတစ်လုံး၏အဆို့ကို ဖွင့်လိုက်သကဲ့သို့ မြစ်ရေများကို အရှိန်မြှင့်စီးဆင်းစေသည်ဟု ယင်းလေ့လာမှုက ဖော်ပြသည်။

ဂရင်းလန်းရေခဲပြင်၏ ၁၆ ရာခိုင်နှုန်းခန့် လွှမ်းခြုံထားသော ရေခဲချိုင့်ဝှမ်းမှ အကြီးကျယ်ဆုံး ရေခဲရေများ စီးဆင်းမှုကို ရေခဲစမ်းချောင်း ဇာချာရီဟုခေါ်သည်။

၂၀၀၃ မှ ၂၀၁၂ ခုနှစ်အထိ ဂရင်းလန်းအရှေ့မြောက်ဘက်မှ ရေခဲများ အရည်ပျော်မှုကြောင့် နှစ်စဉ်ရေတန်ပေါင်း ၁၀ ဘီလီယံ သမုဒ္ဒရာထဲသို့ စီးဝင်ကြောင်း ယင်းလေ့လာမှုကဖော်ပြသည်။

ဂရင်းလန်းအရှေ့မြောက်ပိုင်းမှာ အလွန်အေးပြီး ဂရင်းလန်းရေခဲပြင်၏ နောက်ဆုံးကျန်ရှိသည့် တည်ငြိမ်သော အစိတ်အပိုင်းဟု မှတ်ယူခံထားရကြောင်း ယင်းလေ့လာမှုကို ဦးဆောင်သည့် အိုဟိုင်းယိုးတက္ကသိုလ်မှ ကမ္ဘာ့သိပ္ပံပါမောက္ခ မိုက်ကယ်ဘီဗစ်က ပြောသည်။ ယင်းလေ့လာမှုအရ ဂရင်းလန်းအရှေ့မြောက်ပိုင်း ရေခဲပြင်ဆုံးရှုံးမှု အရှိန်မြင့်လာသည်ဟု ၎င်းကပြောသည်။

*—Ref: AFP*

## လှုပ်ရှားသွက်လက်သော ကိုယ်လက်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့ကျစေနိုင်

**လန်ဒန်၊ မတ်-၁၇**

တက်ကြွသွက်လက်သော လေ့ကျင့်ခန်းများကို အနည်းဆုံး နှစ်နာရီခွဲကြာ အပတ်စဉ်ပြုလုပ်ခြင်းဖြင့် တုပ်ကွေးရောဂါအန္တရာယ် လျော့ကျစေသည်ဟု ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

လန်ဒန်မြို့ရှိ LSHTM ပြည်သူ့သုတေသနတက္ကသိုလ်က ပြုလုပ်သော ၂၀၁၄ ခုနှစ် တုပ်ကွေးအွန်လိုင်းစစ်တမ်းတွင် လူပေါင်း ၄,၈၀၀ ခန့် ပါဝင်ခဲ့သည်။ အတော်အသင့် လေ့ကျင့်ခန်းသည် တုပ်ကွေးရောဂါကို မကာကွယ်နိုင်ဟု သုတေသနပညာရှင်များက ပြောကြားသည်။ ယခုနှစ် ဆောင်းရာသီတွင် တုပ်ကွေးရောဂါဖြစ်ပွားမှု သိသိသာသာ လျော့ကျခဲ့သည်ဟု သိရသည်။

ပဉ္စမအကြိမ်မြောက် တုပ်ကွေးစစ်တမ်းသည် တုပ်ကွေးဖြစ်ပွားသူနှင့် တုပ်ကွေးရောဂါမဖြစ်ပွားသူတို့၏ အခြေအနေများကို တတ်နိုင်သမျှ အသေးစိတ်ခြေရာခံနိုင်ရန် ကြိုးပမ်းခဲ့သည်။ အွန်လိုင်းစစ်တမ်းတွင် ပါဝင်သူများသည် အသက်၊ ကာကွယ်ဆေးထိုးခြင်း၊ မထိုးခြင်း၊ တက်ကြွသွက်လက်သော လေ့ကျင့်ခန်းများ ပြုလုပ်ချိန်တို့ကို ဖြေကြားရသည်။ ၎င်းတို့သည် မည်သို့မည်ပုံ ခံစားနေရကြောင်းနှင့် တုပ်ကွေးရောဂါလက္ခဏာရှိ၊ မရှိအပတ်စဉ် ဖြေကြားခဲ့ရသည်။

ပြေးခြင်း၊ စက်ဘီးအမြန်နင်းခြင်း (သို့မဟုတ်) အကြိတ်အနယ်ယှဉ်ပြိုင်ရသောအားကစားများကို ပြုလုပ်ခြင်းကဲ့သို့သော တက်ကြွသွက်လက်သည့် လေ့ကျင့်ခန်းများ ပြုလုပ်သူများတွင် တုပ်ကွေးရောဂါဖြစ်ပွားမှု နည်းပါးသည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။ ထို့အပြင် အွန်လိုင်းစစ်တမ်းအရယခုနှစ်ဆောင်းရာသီတွင် တုပ်ကွေးကဲ့သို့ ရောဂါများ ဖြစ်ပွားမှု အနည်းဆုံးဖြစ်သည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

*—Ref: BBC*




Oramin-F
New Year Promotion
အော်ရာမင် – အက်(ဖ်) အဆင့်မြင့်အားဆေးကို
အားပေးချစ်ခင်ကြသော အမျိုးသမီးများအတွက်
မြန်မာနှစ်သစ်ကူးလက်ဆောင် အနေဖြင့်
အော်ရာမင် – အက်(ဖ်)ဆေးကတ်ခွံများ နှင့်
လက်ဆောင်ပစ္စည်းများ လဲလှယ်ပေးနေပါပြီ…။
စတီးလ်ရေနွေးအိုး (၁)လုံး
အော်ရာမင် - အက်(ဖ်) ဆေးကဒ်ခွံ (၁၈)ခု
Promotion ကာလ
March 2014 to May 2014
AA MEDICAL PRODUCTS LTD.
နပျိုလင်းလက်စွမ်းအင်ထက် အမျိုးသမီးတိုင်းအတွက် Oramin-F
DAEWON PHARM. CO., LTD.


Golden Hawks International Ltd.
မှ
Customer များနှင့်အတူ ပျော်ရွှင်စရာ အခမ်းအနား ဆင်နွှဲခြင်း
Golden Hawks International Ltd. မှ နှစ်စဉ် သတ်မှတ်ထားသည့်အတိုင်း ဝယ်ယူဖြန့်ဖြူး အားပေးသော Whole Sales Customer များအား ကျေးဇူး တုံ့ပြန်သောအားဖြင့် (၂၀၁၃) ခုနှစ်အတွက် ရောင်းအားအကောင်းဆုံး ဆေးဆိုင် (၁၀) ဆိုင် ကို ဆုချီးမြှင့် ပေးအပ်ခြင်း အခမ်းအနားနှင့် အတူ ပုံမှန် ကျင်းပနေကျဖြစ်သော Lucky Draw Ceremony ပွဲကို ၂၈.၂.၂၀၁၄၊ နေ့လည် (၁)နာရီမှ (၃)နာရီ အထိ၊ ကန်တော်ကြီး ဥယျာဉ်ရှိ Western Park Royal - ရန်ကုန်မြို့တွင် စည်ကား သိုက်မြိုက်စွာကျင်းပခဲ့ပါသည်။ အခမ်းအနားတွင် မောင်မောင်အေး (Dream Boat) မှ အခမ်း အနားမှူး အဖြစ် ဆောင်ရွက်ကာ သက်ဆိုင်ရာဆုများကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ပြီး ပျော်ရွှင်စရာ Game ကစားနည်းများနှင့် ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဆင်နွှဲခဲ့ကြပါသည်။
Enzoxid
ကံစမ်းမဲ လှုပ်နှိုက်ပေးခြင်း
ပျော်ရွှင်စရာ ဂိမ်းများ ကစားခြင်း
ပျော်ရွှင်စရာဂိမ်းများကစားပြီး ဆုများချီးမြှင့်ခြင်း
ရောင်းအားအကောင်းဆုံးဆေးဆိုင်များအား ဆုများချီးမြှင့်ခြင်း
Golden Hawks International Ltd. - အမှတ်-၁၅၈၊ ဗိုလ်ချုပ်လမ်း၊ ၄၅လမ်း နှင့် ၄၆လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ 01-9000542, 294635, 294317

Vol.13, No.3 • MARCH 19 , 2014

# လေထုညစ်ညမ်းနေသော ပါရီမြို့လမ်းမများတွင် ကားစီးရေ ထက်ဝက်လျှော့သွားလာ

**ပါရီ၊ မတ်-၁၇**

လေထုညစ်ညမ်းမှုပြဿနာ ဖြေရှင်းရန် ပြင်သစ်အစိုးရ၏ ဥပဒေသစ်အရ ပါရီမြို့တွင် မတ်လ ၁၇ ရက်က စုံဂဏန်းဖြင့်ဆုံးသော နံပါတ်ပြား တပ်ဆင်ထားသည့် မော်တော်ကားများအားလုံးအသုံးပြုခွင့်မရခဲ့ပေ။

မတ်လ ၁၇ ရက်တွင် ပါရီမြို့လမ်းမများပေါ်၌ မဂဏန်းဖြင့်ဆုံးသော နံပါတ်ပြားတပ်ဆင်ထားသည့် မော်တော်ယာဉ်များသာ မောင်းနှင်နိုင်ကြောင်း စစ်ဆေးရန် စစ်ဆေးရေးဂိတ် ၆၀ ၌ ရဲတပ်ဖွဲ့ဝင် ၇၀၀ ကျော် ချထားခဲ့သည်။

ပါရီမြို့သားများ ၎င်းတို့၏ မော်တော်ယာဉ်များကို နေအိမ်များတွင်သာ ထားရစ်ခဲ့စေရန် စနေ၊ တနင်္ဂနွေနေ့များမှစ၍အများပြည်သူ သယ်ယူပို့ဆောင်ရေး အခမဲ့ဝန်ဆောင်မှု ပေးထားပြီးဖြစ်သည်။

ယင်းကဲ့သို့တားမြစ်ချက်များမှာ ပါရီမြို့နှင့်အနီးတစ်ဝိုက် ဒေသ ၂၂ ခုတွင် မတ်လ ၁၇ ရက် နံနက် ၅ နာရီခွဲမှ စတင်အသက်ဝင်လာခဲ့သည်။ အကယ်၍ ယင်းတားမြစ်ချက်ကို သက်တမ်းတိုးရန် လိုအပ်သည်ဟု ယူဆပါက မဂဏန်းဖြင့် အဆုံးသတ်သော နံပါတ်ပြားများ တပ်ဆင်ထားသည့် မော်တော်ယာဉ်များကို မတ်လ ၁၈ ရက်တွင် မောင်းနှင်ခွင့် ပိတ်ပင်ဖွယ်ရှိပြီး နေ့စဉ် အခြေခံအချက်အလက်များပေါ် မူတည်၍ ယင်းဥပဒေကို ပြန်လည်သုံးသပ်သွားမည်ဖြစ်သည်။




*ပါရီမြို့တော်တွင် မော်တော်ယာဉ်များအား ထိန်းချုပ်လမ်းညွှန်နေသော ရဲတစ်ဦးကို တွေ့ရစဉ်* YOAN VALAT/EPA

ခရီးသွားအစီအစဉ်များ အဆင်ပြေစေရန် ကားအတူမျှစီးရန် (သို့မဟုတ်) စုပေါင်းကားငှားစီးရန် ဒေသခံများအား ပါရီမြို့တော် တာဝန်ရှိသူများကတိုက်တွန်းထားပြီး ယင်းနေ့အတွက် စုံဂဏန်းဖြင့်ဆုံးသော မော်တော်ယာဉ်များ ကားပါကင်နေရာ အခမဲ့ရရှိနိုင်မည်ဖြစ်သည်။

အကယ်၍ တားမြစ်ချက်ကို ချိုးဖောက်သူမှာ ဒဏ်ငွေ ချက်ချင်းပေးဆောင်မည်ဆိုပါက ယူရို ၂၂ ပေးဆောင်ရမည်ဖြစ်ကာ သုံးရက်အတွင်း ပေးဆောင်မည်ဆိုပါက ယူရိုငွေ ၃၅ ပေးဆောင်ရမည်ဖြစ်သည်။

လျှပ်စစ်ကားများ၊ စွမ်းအင်နှစ်မျိုးသုံး ကားများနှင့် လူသုံးဦး (သို့မဟုတ်) ယင်းထက် ပို၍တင်လာသော ကားများကို ခြွင်းချက်အဖြစ် အသုံးပြုခွင့်ပေးထားသည်။

—*Ref: AFP*

# ခေတ်မီဒုံးကျည်နှင့် စစ်လက်နက်ပစ္စည်းများ အီရတ်နိုင်ငံသို့ အမေရိကန်ပေးပို့

**ဘဂ္ဂဒက်၊ မတ်-၁၇**

အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး အကူအညီပေးမှုအဖြစ် အမေရိကန်နိုင်ငံက အီရတ်နိုင်ငံသို့ ဝေဟင်မှ မြေပြင်ပစ် Hellfire ဒုံးကျည်များ၊ မောင်းပြန်ရိုင်ဖယ်များနှင့် အခြားစစ်လက်နက်ပစ္စည်းများ ပေးပို့လိုက်သည်ဟု အီရတ်နိုင်ငံရှိ အမေရိကန်သံရုံးက ပြောကြားသည်။

အီရတ်နှင့် လီးဗင့်ဒေသ အစ္စလာမ်မစ်နိုင်ငံတော် (ISIL)ဟုခေါ်သော အယ်လ်ကိုင်ဒါအဖွဲ့ခွဲတစ်ခုကို အီရတ်တပ်ဖွဲ့များက တိုက်ခိုက်ရာတွင် အင်အားဖြည့်တင်းပေးရန် ယင်းစစ်လက်နက်ပစ္စည်းများကို ယခုလအစောပိုင်းက ပေးပို့ခဲ့သည်ဟု ကန်သံရုံး ကြေညာချက်တွင် ဖော်ပြသည်။

"ISIL အဖွဲ့က အီရတ်နဲ့ ဒေသတွင်းမှာ လေးနက်တဲ့ ခြိမ်းခြောက်မှုရှိနေတဲ့အတွက် အီရတ်လုံခြုံရေးတပ်ဖွဲ့တွေမှာ ခေတ်မီပြီး ထိရောက်တဲ့ လက်နက်ကိရိယာတွေ တပ်ဆင်ထားဖို့ အရေးကြီးပါတယ်" ဟု ကန်သံရုံး ကြေညာချက်တွင် ဖော်ပြပြီး ရှေ့လာမည့် သီတင်းပတ်များအတွင်း အီရတ်သို့ လက်နက်များ ပိုမိုထောက်ပံ့ပေးရန်လည်း ကတိပြုထားသည်။

အီရတ်စစ်လေယာဉ်များသည် နိုင်ငံအနောက်ပိုင်းအန်ဘားခရိုင် မငြိမ်မသက်မှုများတွင် စစ်သွေးကြွများ၏ စခန်းများကို နှိမ်နင်းရန် Hellfire ဒုံးကျည်များဖြင့် မကြာခဏ ပစ်ခတ်နှိမ်နင်းလေ့ရှိသည်။

ဇန်နဝါရီ လလယ်မှစ၍ အီရတ် တပ်ဖွဲ့ဝင်များသည် သေနတ်ကျည်ဆန် ၁၁ သန်းနှင့် အခြားထောင်နှင့်ချီသော စက်သေနတ်များ၊ မောင်းပြန်ရိုင်ဖယ်များ၊ အသံတိတ်သေနတ်များ လက်ပစ်ဗုံးများ လက်ခံရရှိခဲ့သည်ဟု ကန်သံရုံးကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

—*Ref: BBC*

# ငွေကြေးပေးချေရန်ရှိသော လေကြောင်းလိုင်းများကို ဗင်နီဇွဲလားသမ္မတ မာဒူရို ခြိမ်းခြောက်

**ကာရာကတ်စ်၊ မတ်-၁၅**

ဒေါ်လာဘီလီယံပေါင်းများစွာရရန် ကျန်ရှိနေခြင်းအတွက် ဗင်နီဇွဲလားနိုင်ငံသို့ ခရီးစဉ်ပြေးဆွဲပေးမှုများကို လျှော့ချမှုမပြုရန် ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုက လေကြောင်းလိုင်းများအား သတိပေးပြောကြားလိုက်ပြီး ယင်းသို့ပြုလုပ်ပါက ထာဝရနှင်ထုတ်သွားမည်ဟုလည်း ခြိမ်းခြောက်လိုက်သည်။

ဗင်နီဇွဲလားနိုင်ငံသို့ ပြေးဆွဲနေသော လေကြောင်းလိုင်းများမှာ အစိုးရက တားဆီးပိတ်ဆို့ထားသော ကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံ ပြန်လည်ရရှိရန် အခက်အခဲတွေ့နေကြသည်။

ယင်းအတွက် ဗင်နီဇွဲလား အစိုးရသည် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်နေသည်ဟု ယခုသီတင်းပတ်အတွင်း ယင်းလေကြောင်းလိုင်းများက စွပ်စွဲပြောကြားခဲ့သည်။

လက်တင်အမေရိက လေကြောင်းလိုင်းဖြစ်သော Avianca–Taca က အမေရိကန်နိုင်ငံ ဆန်ဖြို့စ်မြို့မှ ကာရာကတ်စ်မြို့ ခရီးစဉ်များမှာ အမြတ်မပေါ်၍ ဧပြီ ၇ ရက်မှစတင်၍ ဆိုင်းငံ့ထားမည်ဟု ပြောကြားသည်။

အခြားနိုင်ငံခြားလေကြောင်းများဖြစ်သော အီကွေဒေါနိုင်ငံမှ Tame၊ Air Canada၊ ပေါ်တူဂီနိုင်ငံမှ TAP နှင့် ပနားမားနိုင်ငံမှ Copa Airlines တို့က ဗင်နီဇွဲလားနိုင်ငံတွင် လုပ်ငန်းများ လျှော့ချထားပြီဖြစ်သည်။

"လုပ်ငန်းလျှော့ချတဲ့ လေကြောင်းလိုင်းတွေကို ပြင်းပြင်းထန်ထန် အရေးယူမယ်။ နိုင်ငံကထွက်သွားတဲ့ကုမ္ပဏီတွေကို ကျွန်တော်တို့ အာဏာရနေသရွေ့ ပြန်လာခွင့်ပြုမှာမဟုတ်ဘူး"ဟု မာဒူရိုက ကာရာကတ်စ်မြို့သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

—*Ref: AFP*




LG
Life's Good
BIGGEST SALE
2014 | 28th Feb ~ 11th April
(၂)သိန်းဖိုးနှင့်အထက်ဝယ်ပြီး Warranty Card ဖြင့်ကံစမ်းလိုက်ပါ။
ပထမဆု
1
50LN5400 (50" LED TV)
ဒုတိယဆု
2
optimus G Pro
တတိယဆု
3
BSQ126B4A3
(1.5 HP Inverter AC)
နှစ်သိမ့်ဆု
(5)pcs
CONSOLATION PRIZE
Optimus L5
3D LED
32" | 42" FREE GIFT
3D MOVIE (2)PCS + 3D GLASSES (2)PCS
47" | 55" | 60" FREE GIFT
BP 430(129,000KS) + 3D GLASSES (2)PCS
55" | 65" ULTRA HD FREE GIFT
BH7530 (645,000KS) + 3D GLASSES (2)PCS
72" | 84" FREE GIFT
BH9530 (969,000KS) + 3D GLASSES (2)PCS
LED
19" FREE GIFT
CAP
24" | 28" | 32" | 39 | 42" FREE GIFT
POLO SHIRT
32" | 42" | 47" | 50" (Premium) FREE GIFT
HDMI DVD PLAYER (41,900KS)
PLASMA
50" FREE GIFT
POLO SHIRT
60" FREE GIFT
BP 125 (99,000KS) + POLO SHIRT
PLAYER & HOME THEATER
HOME THEATER SPEAKER FREE GIFT
10% OFF + CAP
DVD/Blu-ray PLAYER FREE GIFT
CAP
3D Blu-ray PLAYER FREE GIFT
3D MOVIE (1)PC
REFRIGERATOR
212 | 232 | 292 | 352 | 392 FREE GIFT
Lock & Lock
492 | 602 FREE GIFT
Lumamic Drink Set
SIDE BY SIDE
B Series FREE GIFT
MS 2022 C (65,000KS)
L | P | J Series FREE GIFT
MS 2042 D (89,000KS)
VACUUM CLEANER & MICROWAVE
FREE GIFT
CAP
AIR-CONDITIONER
Normal, Ice Plasma, Artcool, Inverter, Anti Mosquito FREE GIFT
Safe Guard
AVS (1HP, 1.5 HP) FREE GIFT
TOWEL
Normal Inverter (1HP & 1.5HP) FREE GIFT
5% Off + Safe Guard
WASHING MACHINE
Top Load (Standard) Semi Auto FREE GIFT
TOWEL
Top Load(Premium) Front Load FREE GIFT
PHILLIP IRON + TOWEL
Front Load WD13060 FREE GIFT
TOWEL + VB 2716 (69,000KS)
TMW Enterprise Limited
အမြို့မြို့အနယ်နယ်ရှိ LG BRAND SHOP များနှင့် WAI YAN ELECTRONICS ဆိုင်ကြီးများတွင် ဝယ်ယူကံစမ်းနိုင်ပါသည်။
ရန်ကုန် အရောင်းပြခန်း (ဆူးလေ) - ဖုန်း - ၀၁ - ၃၇၉၉၅၅၊ ရန်ကုန် အရောင်းပြခန်း (ပန်းဆိုးတန်း) - ဖုန်း - ၀၁ - ၂၅၄၅၆၁၊ ရန်ကုန် အရောင်းပြခန်း (ကမ္ဘာအေး) - ဖုန်း - ၀၁ - ၅၄၄၆၆၉၊ ဝေယံ အရောင်းပြခန်း (ပန်းဆိုးတန်း) - ဖုန်း - ၀၁ - ၂၅၀၅၉၆~၇၊
ဝေယံ အရောင်းပြခန်း (ကမ္ဘာအေး) - ဖုန်း - ၀၁ - ၄၀၁၄၁၆၊ ဝေယံ အရောင်းပြခန်း (တောင်ဒဂုံ) - ဖုန်း - ၀၁ - ၈၀၀၀၃၄၃~၄၊ ဝေယံ အရောင်းပြခန်း (ဗိုလ်အောင်ကျော်) - ဖုန်း - ၀၁ - ၃၉၈၅၆၉၊ မန္တလေး အရောင်းပြခန်း - TMW Tower ဖုန်း - ၀၂ - ၇၂၅၈၀၊
Yadanarpon Diamond Plaza ဖုန်း - ၀၉ - ၉၁၀၀၈၄၁၇၊ New Brand Shop (27 x 82 St.) ဖုန်း - ၀၂ - ၆၄၀၂၉၊ ၃၉၅၄၇၊ နေပြည်တော် အရောင်းပြခန်း - ဖုန်း - ၀၆၇ - ၄၂၁၉၃၊ ဝေယံ အရောင်းပြခန်း (နေပြည်တော်) ဖုန်း ၀၆၇ - ၈၁၁၈၀၉၊
ဝေယံ အရောင်းပြခန်း (တောင်ကြီး) - ဖုန်း - ၀၈၁ - ၂၁၀၅၇၊ ဝေယံ အရောင်းပြခန်း (ပြည်) - ဖုန်း - ၀၅၃ - ၂၄၀၄၀၊ ၀၉ - ၄၉၅၀၁၅၈၀၊ LG Service Call Center - ဖုန်း - ၀၁ - ၈၆၀၃၄၄၉

telenor

Telenor Myanmar Limited is seeking to recruit ambitious & highly competent professionals for the following positions.

**1. Radio Assess Network (RAN) & Core Expert (1) Post**

Responsible for Supplier management of Turn-key Network contract. Ensure optimal ordering, delivery follow up. Drive sourcing strategy. Run/participate relevant RFQ, do TCO analysis, do Supplier negotiation. LSGM (Local Sourcing Group Manager) for RAN/Core community.

**Requirement:** University graduate (preferably from Technical background or MBA). Preferable 2-3 years sourcing experience of technology sourcing. High level understanding of RADIO/Core Equipment/technology. Sourcing Experience of Huawei, Ericsson Equipment is an advantage. Good understanding of Hardware/Software, Service based TCO analysis. Good presentation skill and fluency in English is essential

**2. Transmission Expert (1) Post**

Responsible for Supplier management of Turn-key Network contract/Global Frame Agreement (GFA) and Local Supply Contract (LSC). Ensure optimal ordering, delivery follow up. Drive sourcing strategy. Run/participate relevant RFQ, do TCO analysis, do Supplier negotiation. LSGM (Local Sourcing Group Manager) for Transport community.

**Requirement:** University graduate (preferably from Technical background or MBA). Preferable 2-3 years sourcing experience of technology sourcing. . High level understanding of Transport/Transmission Equipment/Fiber technology/leased line/international connectivity. Sourcing Experience of Huawei, Ericsson, NEC, SIAE Equipment is advantage. Good understanding of Hardware/Software, Service based TCO analysis. Good presentation skill and fluency in English is essential

**3. Managed Services Expert (1) Post**

Responsible for Managed Service Supplier management. TCO analysis. Supplier negotiation. Execute Sourcing strategy. Strong monitoring of Supplier performance. Ensure optimal ordering, Support Finance in invoice verification

**Requirement:** University graduate. Preferable 2-3 years sourcing experience of technology sourcing – good understanding of NOC; Operation services. Good presentation skill and fluency in English is essential

**4. Tower Senior Expert (1) Post**

Responsible for existing Tower contract management. Contract troubleshooting. Ensuring Suppliers are delivering according to contract. Support Finance in verification for Tower Company invoices. Lead in the RFQ to acquire new TowerCo within the budget approved in Business plan. Develop TowerCo strategy. Assist technology in building optimal power solution for Tower sites.

**Requirement:** University graduate (preferably from Technical background or MBA). Preferable 3-5 years direct sourcing experience of TowerCo and passive supplier. Strong analytical ability. Excellent presentation skill and fluency in English is essential. The position will require constant direct communication to Company CXOs.

**5. Tower Expert (1) Post**

Responsible for existing Tower contract management. Contract troubleshooting. Ensuring Suppliers are delivering according to contract. Support Finance in verification for Tower Company invoices. Support in the RFQ to acquire new Tower Co within the budget approved in Business plan. Support in developing TowerCo strategy. Assist technology in building optimal power solution for Tower sites.

**Requirement:** University graduate (preferably from Technical background or MBA). Preferable 1-2 years direct sourcing experience of TowerCo and passive supplier. Strong analytical ability. Excellent presentation skill and fluency in English is essential.

**6. IS / IT Expert (1) Post**

Responsible for Supplier management of Turn-key IS / IT contract. Ensure optimal ordering, delivery follow up. Drive sourcing strategy. Run/participate relevant RFQ, do TCO analysis, do Supplier negotiation. LSGM (Local Sourcing Group Manager) for IS/IT community.

**Requirement:** University graduate (preferably from Technical background or MBA). Preferable 2-3 years sourcing experience of technology sourcing. High level understanding of IS / IT equipment/technology. Sourcing Experience of Wipro, Oracle, Cisco, Equipment is an advantage. Good understanding of Hardware/Software, Service based TCO analysis. Good presentation skill and fluency in English is essential

**7. Intelligent Network (IN)/ Billing Expert (1) Post**

Responsible for Supplier management of IN / Billing contract. Ensure optimal ordering, delivery follow up. Drive sourcing strategy. Run/participate relevant RFQ, do TCO analysis, do Supplier negotiation. LSGM (Local Sourcing Group Manager) for IN / Billing community.

**Requirement:** University graduate (preferably from Technical background or MBA). Preferable 2-3 years sourcing experience of technology sourcing. High level understanding of Intelligent Networks technology and Billing solutions and technology. Sourcing Experience of Huawei Equipment is an advantage. Good understanding of Hardware/Software, Service based TCO analysis. Good presentation skill and fluency in English is essential

**8. Head of Network Sourcing (1) Post**

Responsible for leading a team of 5+ people. Management of contract worth several hundred million dollars. Ensure strict compliance to Telenor Sourcing policy. Ensure a balance between roll out plan and investment budget. Drive sourcing strategy in Network sourcing area. Run/participate relevant RFQ, support TCO analysis, do Supplier negotiation.

**Requirement:** University graduate, preferably with technical background. Minimum 5+ years sourcing experience of technology sourcing and managing high value complex contract. High level understanding of Mobile Telecommunication Technology (RADIO/Core Equipment/Transport/Transmission etc.). Sourcing Experience of Huawei, Ericsson Equipment is an advantage. Experience of leading/being part Network roll out/SWAP RFQ. Good understanding of Hardware/Software, Service based TCO analysis. Good presentation skill and fluency in English is essential. A forward leaning, solution oriented leader.

**9. Head of IS / IT Sourcing (1) Post**

Responsible for leading a team of 2+ people. Management of large multi-million dollar contract . Ensure strict compliance to Telenor Sourcing policy. Ensure a balance between roll out plan and investment budget. Drive sourcing strategy in IS / IT sourcing area. Run/participate relevant RFQ, support TCO analysis, do Supplier negotiation.

**Requirement:** University graduate, preferably with technical background. Minimum 5+ years sourcing experience of technology sourcing and managing high value complex contract. High level understanding of IS / IT and IN / Billing Technology. Sourcing Experience of major vendors such as Wipro, Oracle, Cisco, and Huawei is an advantage. Good understanding of Hardware/Software, Service based TCO

analysis. Good presentation skill and fluency in English is essential. A forward leaning, solution oriented leader.

**10. Head of Markets, Real Estate & Indirect Sourcing (1) Post**

Responsible for leading a team of 5+ people. Management of both small as well as large multi-million dollar contract. Ensure strict compliance to Telenor Sourcing policy. Ensure a balance between roll out plan and investment budget. Drive sourcing strategy in Markets, Real Estate & Indirect sourcing area. Run/participate relevant RFQ, support TCO analysis, do Supplier negotiation.

**Requirement:** University graduate. Minimum 5+ years sourcing experience of FMCG, handsets, real estate, and or indirect sourcing and managing high value complex contract. High level understanding of handsets, SIM-cards, real estate, and or indirect areas. Sourcing Experience of major handset vendors such as Apple, Samsung and Huawei is not a must but and advantage. Good understanding of Hardware/Software, Service based TCO analysis. Good presentation skill and fluency in English is essential. A forward leaning, solution oriented leader.

**11. Head of Supply Chain Management (SCM) (1) Post**

Responsible for leading a team of 6+ people. Management of import and customs clearance processes, warehouse and distribution management, and logistics and inventory planning. Ensure strict compliance to Telenor Sourcing policy. Ensure a balance between roll out plan and investment budget. Drive and execute forward planning in all parts of the SCM process flow and value-chain, ad interact with and deliver according to internal user departments based on set SCM related requirements.

**Requirement:** University graduate. Minimum 5+ years SCM and logistics, managing and implementing highly advanced SCM process and operations. SCM and sourcing Experience of technology and FMCG related goods and equipment is a plus. Solid understanding of Myanmar import process requirement, also from a vendor perspective is an advantage. Good presentation skill and fluency in English is essential. A forward leaning, solution oriented leader.

**12. Head of Sourcing Governance, Processes and Development (1) Post**

Responsible for leading a team of 5+ people. Establishing and managing Telenor standard governing policies and manuals, sourcing processes and principles, systems and tools, planning and reporting processes, contract administration processes, etc. Ensure strict compliance to Telenor Sourcing policy.

**Requirement:** University graduate. Minimum 5+ years of experience from managing sourcing processes within sourcing in general and governance in particular. Well experienced with sourcing support systems, including ERP. Excellent team player and strong management skills. Experienced from leading large and complex sourcing initiatives will be considered positive.

All position require good command of English, Good Communication Skill, Good Coordination Skill and strong negotiation skills.

Interested candidates are welcome to apply with application letter and resume mentioning applied position and region by email to **hr.myanmar@telenor.com** not later than 27th **March 2014**.

စာမျက်နှာ ၃ မှ

## ဒုတိယမြောက်ကြားဖြတ် လာဦးမည်လား

အောင် ရေးဆွဲထားသည့်ကြားမှ အခြေခံဥပဒေပြင်ဆင်ရေးအတွက် ပြဋ္ဌာန်းပေးထားသည့် ပုဒ်မ ၏ အဓိပ္ပာယ်ကိုပင် ရှင်းလင်းအောင် ပြဋ္ဌာန်းထားခြင်းမရှိခြင်းကလည်း မလိုလားအပ်သည့် အငြင်းပွားမှုများကို ဖြစ်လာနိုင်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီဝင် လွှတ်တော်ကိုယ်စားလှယ်အချို့က သုံးသပ်သည်။

ဥပဒေတစ်ခုကို ပြဋ္ဌာန်းမည်ဆိုပါက တိတိကျကျ ပြဋ္ဌာန်းပေးရန်လိုအပ်ပြီး တိကျမှုမရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များကြား၌ပင် ပုဒ်မ ၄၃၆ တွင်ပါဝင်သော ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်ကထောက်ခံရမည်ဟု ဖော်ပြထားမှုအပေါ် အဓိပ္ပာယ်ကောက်ယူမှု လွဲနိုင်သည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူက ပြောသည်။

“ကျွန်မကတော့ လက်ရှိလွှတ်တော်အစည်းအဝေးမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ၇၅ ရာခိုင်နှုန်းကျော်လို့ပဲ ယူဆတယ်။ ဒါပေမဲ့ တိကျတဲ့ ပြဋ္ဌာန်းချက်မရှိတော့ အခြားသူတွေက တစ်မျိုးမြင်နိုင်တယ်” ဟု ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့သည့် အမျိုးသားညီလာခံတွင် ပါဝင်ခဲ့သူတစ်ဦးလည်းဖြစ်သူ ဒေါ်ဒွဲဘူက ဆိုသည်။

ပုဒ်မ ၄၃၆ ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ပြည်ထောင်စုလွှတ်တော်တွင် စာရင်းအရ ရှိရမည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၆၆၄ ဦးအပေါ်မူတည်ကာ ရာခိုင်နှုန်းတွက်ချက်ခြင်း၊ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ဦးရေ ၆၄၀ ကျော်ကို မူတည်ကာ ရာခိုင်နှုန်းတွက်ချက်ခြင်းနှင့် မဲဆန္ဒပေးသည့် နေ့တွင်မှ တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ရာခိုင်နှုန်းအပေါ် တွက်ချက်ခြင်းဆိုသော ယူဆချက်များ ပေါ်လာ သည်ဟု လွှတ်တော်ကိုယ်စားလှယ်အချို့က သုံးသပ်သည်။

“အငြင်းပွားစရာဖြစ်လာနိုင်တဲ့ သဘောဖြစ်လာနိုင်တာပေါ့။ နောက်ဆုံးအငြင်းပွားစရာ တကယ်ဖြစ်လာရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးရဲ့ အဆုံးအဖြတ်ကို ယူရမယ့်အထိ ဖြစ်လာတာပေါ့” ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်က ဆိုသည်။

“ဖတ်လိုက်ရင်ရှင်းပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ ၇၅ ရာခိုင်နှုန်းကျော်လို့ ရေးထားတာပဲ။ တက်ရောက်တဲ့သူရဲ့ ၇၅ ရာခိုင်နှုန်းကျော်လို့ ရေးတားထာမှ မဟုတ်တာ တကယ်ရှင်းပါတယ်” ဟု ပြည်ထောင်စုလွှတ်တော်ရှိ ကိုယ်စားလှယ်များ၏ ၆၆၄ ဦး ပေါ်တွင်သာ ဆိုလိုခြင်းဖြစ်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးကိုနီက ပြောသည်။

ဦးကိုနီ၏ပြောကြားချက်အရဆိုပါက ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်း၊ မကျင်းပခြင်းသည် အခြေခံဥပဒေပြင်ဆင်ရေးနှင့် မဆိုင်ဟု ယူဆ၍ရသော်လည်း အချို့သော နိုင်ငံရေးလေ့လာသူများက အခြေခံဥပဒေပြင်ဆင်ရေးတွင် တရားမျှတမှုရှိလိုပါက ကြားဖြတ်ရွေးကောက်ပွဲ မဖြစ်မနေ ကျင်းပရန်လိုသည်ဟု မှတ်ချက်ပြုကြသည်။

ရွေးကောက်ပွဲကော်မရှင်က ယခင်က ကြားဖြတ်ရွေးကောက်ပွဲမကျင်းပဟု ဆိုခဲ့သော်လည်း လွှတ်တော်အစည်းအဝေးတွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်၊ မကျင်းပမည်နှင့်ပတ်သက်၍ မကြာမီ ပြန်လည်ဖြေကြားသွားမည်ဟု ဆိုသည်။

ထို့ကြောင့်လည်း ယခုနှစ်ကုန် စက်တင်ဘာလဝန်းကျင်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်မည်ဟု ပြောကြားနေကြခြင်းဖြစ်သည်။

“သူတို့က မရှင်းလေကောင်းလေပဲထင်ပုံရတယ်” ဟု ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၄ နှစ်ကြာ စစ်တပ်မှအချိန်ယူရေးဆွဲခဲ့ခြင်းနှင့်ပတ်သက်ပြီး နိုင်ငံရေးဆောင်းပါးများရေးသားသူတစ်ဦးဖြစ်သည့် ဒေါက်တာရန်မျိုးသိမ်းက ပြောသည်။

ယခုနှစ်အတွင်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးမည်ဆိုပါက ပြည်သူ့လွှတ်တော်အတွက် ပန်းဘဲတန်း၊ လသာ၊ တောင်ဒဂုံ၊ ဖားကန့် အစရှိသည့်မဲဆန္ဒနယ်များနှင့် အမျိုးသားလွှတ်တော်အတွက် ရောဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစရှိသည့်မဲဆန္ဒနယ်တို့သည် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များဖြစ်ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်အရ ပြည်သူ့လွှတ်တော်တွင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် ၃၃၀ ဦးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၁၀ ဦး၊ အမျိုးသားလွှတ်တော်တွင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦးတို့ ရှိရမည်ဟု ပါရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၆၆၄ ဦးရှိသည်။



7DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

စာမျက်နှာ(၂၄) မှ

## မင်းဒင်ရဲ့ သက်ခိုင် (၂)

“ခင်ဗျားဘာတွေတွေးနေမှန်းမှမသိတာ။ ကျွန်တော်က ဘာပြန်ပြောရမှာတုံးဗျာ”

“ဘာမှပြန်မပြောနဲ့ဗျာ။ အသာငြိမ်ပြီးသာ နားထောင်ပေတော့။ တကယ်တော့ အခုလိုခေတ်ပြောင်းနေချိန်မှာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ခေါ်ကြ၊ ခေတ်မီအဆောက်အအုံတွေ ဆောက်ကြ။ စီမံကိန်းတွေ လုပ်နေကြတာတော့ မှန်ပါရဲ့။ ဗမာလုပ်ငန်းရှင် သူဌေးတွေဟာ သူတို့ပိုင်တဲ့ ဥစ္စာနေကို ဗမာဘဏ်တွေမှာ အပေါင်ထားပြီး ချေးလို့ရတဲ့ ငွေနဲ့ ဧရာမ စီမံကိန်းတွေကို လုပ်ကြသတဲ့။ ဗမာဘဏ်တွေကလည်း သူတို့ငွေ မဆုံးရေးလောက်သာ အာရုံစိုက်ကြတယ်ထင်ပါရဲ့။ ဒီပုံဒီနည်းနဲ့ဖြင့် ပြာပုံထဲက ထွက်နိုင်ဖို့လမ်းမမြင်ဘူး။ အပေါင်ခံပစ္စည်းမလိုဘဲ ဗမာပြည်ထဲကိုလာပြီး ရင်းနှီးမြှုပ်နှံနေတဲ့ ပြည်ပရင်းနှီးမြှုပ်နှံသူတွေအတွက်တော့ ရတနာပုံဆိုက်ကိန်းပေါ့ဗျာ။ လေယာဉ်ပျံနဲ့သွားနေတာကို ကုန်းကြောင်းလမ်းလျှောက်ပြီး အမီလိုက်နေတာ မြင်၊မြင်ယောင်သေးတော့တယ်”

“အနည်းအကျဉ်းတော့ ရိပ်မိသလိုပဲဗျာ။ခင်ဗျားစကားကိုဆက်ပါဦး”

“လူတစ်ယောက် လူတစ်စုပိုင်တဲ့ ဥစ္စာနေကို အာမခံထားနိုင်ရုံနဲ့ တိုင်းပြည်ကြီးကို အချိန်တိုအတွင်း ပြောင်းလဲအောင် ဘယ်မှာလာဖြစ်နိုင်ပါ့မတုံး။ ခင်ဗျားမြင်သာတဲ့ ဥပမာတစ်ခု ကျွန်တော်ပေးမယ်။ အခု ထိုင်းနိုင်ငံမှာ လူတစ်ယောက်ဟာကားဝယ်ချင်တယ်ဆိုပါစို့။ ကားဝယ်မယ့်သူရဲ့ အခြေအနေနဲ့ ဒီကားကို သူဘယ်လိုဘယ်ပုံ အသုံးပြုမယ်ဆိုတာ သိရင် ဘဏ်က ငွေထုတ်ချေးတယ်။ ဆိုလိုတာက ဒီကားဝယ်ဖို့ ကားဝယ်တဲ့သူက သူ့အိမ်ကို အပေါင်ပစ္စည်းအဖြစ် ထားစရာမလိုဘူး။ အခု ဗမာပြည်ရဲ့ မြောက်မြားလှစွာသော စီမံကိန်းတွေမှာ ဒီစီမံကိန်းရဲ့ အနာဂတ်ကို ဘဏ်တွေက အမြော်အမြင်ရှိရှိ သုံးသပ်ပြီး ပူးပေါင်းဆောင်ရွက်သင့်တာပေါ့။ နိုင်ငံတကာကလာပြီး ရင်းနှီးမြှုပ်နှံသူတွေက သူတို့နိုင်ငံတွေရဲ့ ကျောထောက်နောက်ခံဘဏ်တွေနဲ့ ဗမာပြည်ထဲလာပြီး လူတွင်ကျယ်လုပ်နေကြတာ။ ငွေထုပ်ကြီးပိုက်လာပြီး လုပ်ကြတာမှမဟုတ်တာ။ အဲဒီခြားနားချက်ကြောင့် ဗမာလုပ်ငန်းရှင်တွေဟာ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကို တန်းတူယှဉ်မလိုက်နိုင်တော့ဘဲ နောက်ကောက်ကျကျန်ကုန်တော့တာပါပဲ။ ကျောထောက်နောက်ခံဘဏ်တွေရဲ့ အားကိုးနဲ့ ဗမာပြည် စီမံကိန်းတစ်ခုခုအတွက် တိကျရေရာတဲ့ အကျိုးအမြတ်ကို ခန့်မှန်းတွက်ချက်နိုင်တာကြောင့် သူတို့ အသာစီးရတယ်။ ဗမာဘဏ်တွေကတော့ အကဲဖြတ်နိုင်ပုံ မရဘူး။ အစိုးရကိုယ်တိုင်ကလည်း ဒီအချက်ကို ပံ့ပိုးနိုင်ပုံမရဘူး။ ဒီတော့ ဗမာလုပ်ငန်းရှင်တွေဟာ ဗမာအစိုးရဆီက စီမံကိန်းတွေကို နာမည်ခံလျှောက်ပြီး လုပ်ပိုင်ခွင့်ရတဲ့အခါ နိုင်ငံခြားသားတွေလက်ထဲ ဝကွက်အပ်လိုက်ကြ၊ ရောင်းစားလိုက်ကြတဲ့ အခြေဆိုက်ကုန်ကြရောပေါ့ဗျာ။ ဒီတော့ချမ်းသာတဲ့သူက ပိုချမ်းသာ၊ ဆင်းရဲတဲ့သူက ဒုံရင်း ဘယ်မှာလာဒုက္ခတွင်းထဲက လွတ်နိုင်ကြပါ့မတုံး။

ထိုင်းလိုနိုင်ငံမှာတောင် အသေးစားအိမ်တွင်းမှုလုပ်ငန်းတွေအတွက် ဘဏ်တွေဟာ လုပ်ငန်းအလားအလာကိုကြည့်ပြီး လွယ်လွယ်ငွေချေးလိုက်ကြတာပဲ။ ချေးငွေယူထားတဲ့ သူတွေ လုပ်ငန်းကောင်းကောင်း လည်ပတ်နိုင်အောင် လိုအပ်ချက်တွေကို အစိုးရက ဖြည့်ဆည်းပေးတာလည်း နည်းယူစရာပါပဲ။ ယုတ်စွအဆုံး ထိုင်းလူမျိုးတစ်ယောက် ဗမာပစ္စည်းဆိုင်ဖွင့်ရင် အခွန်မဆောင်တဲ့ ပစ္စည်းတွေဖြစ်ဦးတော့။ တစ်နိုင်တစ်ပိုင်လုပ်ငန်းဆိုရင် နားလည်မှုပေးထားတယ်။ ထိုင်းလူမျိုးကောင်းစားဖို့ ထိုင်းရဲတွေ၊ ထိုင်းအာဏာပိုင်တွေ နားလည်မှုရှိပုံကတော့ အတုယူလောက်ပါပေရဲ့။ ထိုင်းဘဏ်တွေမှာ အလုပ်လုပ်ချင်တဲ့သူတွေအတွက် ချိတ်ဆက်ပြင်ဆင်ထားတာတွေ အများကြီးဗျ။ ကြက်ကြော်ရောင်းချင်သလား။ လမ်းဘေးကော်ဖီဆိုင်ဖွင့်ချင်သလား။ ကြက်မွေးတဲ့ စီပီကုမ္ပဏီ၊ ကော်ဖီတံဆိပ်အမျိုးမျိုးရဲ့ မူရင်း ကုမ္ပဏီတွေနဲ့ ချက်ချင်းချိတ်ဆက်ပေးနိုင်တယ်ဗျ”

“ခင်ဗျားပြောနေတဲ့စကားနဲ့ဆိုင်၊ မဆိုင်တော့ မသိဘူးဗျာ။ ကျွန်တော့်အိမ်ရှေ့မှာ စွန့်ပစ်စရာအမှိုက်ရှိ၊ မရှိ ဟွန်းသံလေးပေးပြီး အမှိုက်ကောက်တဲ့သူတောင် စံပလောလို့ခေါ်တဲ့ ဆိုင်ကယ်ဘေးတွဲနဲ့ဗျာ”

အေးဗျာ။ ထိုင်းတွေ ဆိုင်ကယ်တစ်စီးဝယ်ချင်ရင် တစ်လ ထိုင်းဘတ်တစ်ထောင်၊ ဗမာငွေ သုံးထောင်လောက်သွင်းနိုင်ရင် ရနေတာမို့ လူတိုင်းဆိုင်ကယ်စီးနိုင်ကြတာ အဆန်းတော့မဟုတ်ပြန်ဘူး။ ခင်ဗျားသေချာစဉ်းစားကြည့်။ ကော့သောင်းလိုမြို့မျိုးမှာ ဆိုင်ကယ်တစ်စီး တစ်လငှားစီးရင် ငါးသောင်းပေးရသတဲ့ဗျာ။ ဒီငွေနဲ့ ထိုင်းမှာ ဆိုင်ကယ်အပိုင်ဝယ်စီးနိုင်တယ်ဗျာ။ ထိုင်းမှာကုန်စိမ်းရောင်းတဲ့ လူတိုင်းလိုလို တိုယိုတာ ဟိုင်းလတ်ကား တစ်စီးတော့ပိုင်ကြလေရဲ့။ ပိုင်မှာပေါ့ဗျ။ နှစ်ကုန်တိုင်း (Discount) ဒစ်စကောင့်ချပေးတဲ့ကာလမျိုးမှာ ထိုင်းဘတ်ငါးသောင်း (ဗမာငွေဆယ့်ငါးသိန်း) လောက်သွင်းနိုင်ရင် ကားကို အရစ်ကျစနစ်နဲ့ အပိုင်ဝယ်စီးနိုင်ကြတာပဲ။ ခင်ဗျားအနေနဲ့ တစ်ခုစောဒက တက်စရာ ရှိမယ်။ ငွေလွယ်လွယ်ချေးပြီ ပြန်မဆပ်ကြတော့ ဘယ့်နှယ်လုပ်မတုံးလို့။ ကျွန်တော့်အယူအဆကတော့တိုတိုပြတ်ပြတ်ပဲဗျာ။လိမ်စားမယ့်သူတစ်စုကို စိုးရိမ်ကြောက်လန့်ပြီး သမ္မာအာဇီဝ တိုးတက်ကြီးပွားချင်တဲ့ လူအများစုကို မနစ်နာစေသင့်ဘူး”

“ခင်ဗျားက ထိုင်းနိုင်ငံကြီးဟာ သိပ်တိုးတက်အောင်မြင်နေပြီလို့ ဆိုချင်ရော့သလား”

“တော်စမ်းပါဗျာ။ကျွန်တော့်အနေနဲ့တော့ ထိုင်းလူမျိုးတွေဟာ ဘာမှ အထင်ကြီးစရာမဟုတ်ဘူး။ ဗမာလူမျိုးတွေနဲ့ တစ်ဦးချင်း စွမ်းရည်ယှဉ်လိုက်ရင် ထိုင်းတွေ မယှဉ်နိုင်တာ သေချာတယ်။ ထိုင်းလူမျိုးတွေမှာ ကြီးကျယ်ပြောင်မြောက်တဲ့ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲမရှိဘူး။ ဘယ်လူမျိုးက ကျူးကျော်လာလာ စေ့စပ်ညှိနှိုင်းတဲ့နည်းနဲ့ လမ်းဆုံးခဲ့ကြတာချည်းပဲ။ လွတ်မြောက်ရေးတိုက်ပွဲအတွေ့အကြုံ ရှားလွန်းလို့ ခေတ်သစ်ထိုင်း ရုပ်ရှင်တော်တော်များများမှာ ဂျပန်ကို ခုခံတဲ့ တိုနန့်နန့်အခန်းတွေချည်း များနေလေရဲ့။ အဓိကအချက်ကတော့ တိုင်းပြည်တစ်ခု ကြီးပွားရာကြီးပွားကြောင်းဟာ အဲဒီနိုင်ငံကျင့်သုံးနေတဲ့ စနစ်ပါပဲ။ အစိုးရရဲ့ စီမံခန့်ခွဲမှုဟာ အခရာပါပဲ။ ကိုယ့်လူမျိုးရဲ့ လူနေမှုဘဝ၊ စားဝတ်နေ မှုဘဝ၊ ပြည့်စုံချောင်လည်ရေးကို ဦးတည်ဖို့ပါပဲ။ ဗမာပြည်မှာ အနိမ့်ဆုံးအဆင့် အတုခံစားတာတောင် ရဲရန်က မလွတ်ဘူး။ ခင်ဗျားမြင်အောင် ကြည့်စမ်းပါဗျာ။ ဖူးခက်တစ်မြို့လုံးမှာ ဇိမ်ခန်းတွေ မှိုလိုပေါက်နေပါလျက် ဘယ်ဇိမ်ခန်းကိုမှ ထိုင်းရဲဝင်စီးတယ်ဆိုတဲ့ သတင်းမကြားမိသလောက်ပဲ။ အမယ်။ ထိုင်းဥပဒေမှာ လွတ်လပ်စွာ ပြည့်တန်ဆာလုပ်ကြလို့တော့ ပြဋ္ဌာန်းမထားပေမယ့် “ခန္ဓာကိုယ်ဖြင့် ရင်းနှီးရှာဖွေလျက် အမိအဘကို ကျွေးမွေးစောင့်ရှောက်ခြင်းကား အမြတ်ဆုံးကုသိုလ်ပေတည်း” ဆိုတဲ့ ဓလေ့ထုံးစံအကြောင်းပြချက်တောင် ရှိသေးဗျာ”

“ခင်ဗျားက ဒီအကြောင်းတွေလည်း သိနေသကိုး”

“ခင်ဗျားပြောတဲ့ လေသံက ကျွန်တော်ဟာ ဇိမ်ခန်းတွေဘက် ခြေစကြာလှည့်နေတယ်လို့ ဆိုလိုရာရောက်နေတယ်။ ခက် ခက်ရချည်ရဲ့။ ဒါမျိုးက မျက်စိဖွင့် နားစွင့်နေရင် မြင်နိုင်သိနိုင်နေတာပဲ။ ဘန်ကောက်မှာ ရေချိုးခန်းနာမည်ခံပြီး ဖွင့်ထားတဲ့ သလ္လာဝတီ၊ ပိုစီတန် (Posidone) အမ်စတာဒမ် ပလာဇာဆိုတဲ့ နာမည်ကြီး ဇိမ်ခန်းတွေရှိသလို ဖူးခက်မှာလည်း ဆွိုင်ဆစ်ပ်အက်၊ ဆွိုင်ဘင်္ဂလာလမ်းတွေထဲမှာ ဇိမ်ခန်းတွေ ပြည့်နေလေရဲ့။ ပါတောင်ဂျေဂျေပလာဇာမှာ ထိုင်းလူမျိုးမဝင်ရတဲ့ Sexy Show တောင် ရှိသေးဗျာ။ ခင်ဗျားသွားချင်ရင် ကျွန်တော်လိုက်ပို့ပါ့မယ်။ ဝင်ကြေးထိုင်းဘတ်နှစ်ထောင်လောက်တော့ ရှိလေရဲ့။ ဖူးခက်ဆိပ်ကမ်းမှာ အမေရိကန်ရေတပ်သင်္ဘောတွေ ဆိုက်ချိန်ဆိုဖူးခက်က ဇိမ်မယ်တွေနဲ့ မလုံလောက်လို့ ဆူရတ်တို့၊ ကရာဗီတို့လို အနီးအနား မြို့တွေကနေ ပြည့် တန်ဆာအင်အား အလုံးအရင်း ဖြည့်ရတာတွေတောင် ရှိသတဲ့ဗျ”

“နေပါဦးဗျ။ အခု ဗမာအစိုးရက ပြည်တွင်းအသေးစားလုပ်ငန်းတွေကို အားမပေးလို့လား”

“ပေးတော့ ပေးဖူးပါရဲ့။ ခါးတောင်းကျိုက်တခြား ဖင်တခြားဗျ။ ဘဏ်ချေးငွေကို အသုံးပြုပြီး ကြီးပွားရာကြီးပွားကြောင်း အစိုးရမင်းများရဲ့ အစီအမံတွေက ပံ့ပိုးနိုင်မှ လမ်းဆုံးရောက်တော့မပေါ့။ တလွဲဆံပင်ကောင်းဆိုတဲ့ စကားပုံခပ်ရိုင်းရိုင်း သုံးရမယ်ထင်ပါရဲ့”

“တလွဲဆံပင်ကောင်းဆိုတဲ့ စကားပုံက ဗိုလ်ချုပ်အောင်ဆန်းတောင် သုံးခဲ့သေးတာ။ တော်တော်ရိုင်းသတဲ့လား”

“ဗိုလ်ချုပ်က စေတနာအရင်းခံနဲ့ သုံးခဲ့တာမို့ စကားက ရိုင်းပေမယ့် အတော့်ကို အံကျတဲ့ စကားဗျ။ ဆံပင်လိုအမွေးက ရှည်ရမယ့်နေရာ မရှည်ဘဲ မရှည်သင့်တဲ့နေရာမှာ ရှည်နေတာကို ရည်ညွှန်းတာ။ ကျွန်တော့်မိတ်ဆွေတစ်ယောက်ပြောဖူးတဲ့ ဗမာဘဏ်တွေအကြောင်း ပြေးသတိရမိသေးတော့တယ်။ ဗမာပြည်မှာ တစ်နိုင်တစ်ပိုင် စက်မှုလုပ်ငန်းလေးတွေ အထွန်းကားဆုံးနေရာဟာ ပုဆိုးတွေ ရက်နေတဲ့ ဝမ်းတွင်းမြို့လေးတဲ့ဗျ။ စစ်ကြိုခေတ်ကတည်းက မလှိုင်၊ သာစည်၊ ကျောက်ဆည်၊ ကူမဲပတ်ဝန်းကျင်က ဝါထွက်တာ အကြောင်းပြုပြီး ပေါ်လာတဲ့ အင်္ဂလန်ချည်စက်ကလေးတွေပေါ့ဗျာ။ အရည်အသွေးကောင်းမှကောင်း၊ အခုနောက်ပိုင်းတော့ မြင်းခြံကနေပြီး အဲဒီရက်ကန်းစက်ပုံတူမိုလေးတွေနဲ့ ဆက်ပြီးသွန်းလောင်းနေတာပေါ့။ သူ့ဟာနဲ့သူ သုံးပျော်ပါတယ်။ ဝမ်းတွင်းချည်မျှင်နဲ့ အထည်စက်ကလေးတွေ လုပ်ငန်းထိုးဆင်းသွားတာကတော့ ပြည်သူပိုင် သိမ်းပြီးနောက်ပိုင်းပေါ့ဗျာ။ ကမ္ဘာ့စက်မှုလုပ်ငန်းမပြောနဲ့ ဒေသတွင်းအဆင့်နဲ့တောင် ပြတ်ကျန်နေရစ်ခဲ့တဲ့ ဒီစစ်ကြိုခေတ် မိုဒယ်လေးတွေနဲ့ ရက်ကန်းခတ်စားဖို့ရာလည်း ခမျာများမှာ ပိုက်ဆံမရှိရှာကြပါဘူး။ သူဌေးကြီးတချို့တလေပဲ ရက်ကန်းစင်တွေ တစ်စင်ပြီးတစ်စင်ထောင်ရင်း ကြီးပွားကြတာပါ။ အစိုးရတို့၊ ဘဏ်တို့ ဆိုတာလည်း ဒီလို macro industries လေးတွေကို အားမပေးထိုက်ပေဘူးလားဗျာ။ ဒါပေမဲ့ အားမပေးတဲ့အပြင် နှိပ်ကွပ်ထားသလိုပဲဗျို့။ ၉၀ ခုနှစ်ကျော်ကာလများဆီက ထွန်းဖောင်ဒေးရှင်း ဘဏ်ဆိုထင်ပါရဲ့။ ဝမ်းတွင်းက အသေးစားစက်မှုလုပ်ငန်းလေးတွေ ငွေချေးမယ်ဆိုပြီး ဖြစ်ကရော။ ဒါပေသိ ချေးငှားမယ့်လူမှာ မရွှေ့မပြောင်းနိုင်သောပိုင်ဆိုင်မှု အပေါင်ခံထားရမယ်ဆိုတော့ ဘယ်လိုလူတွေကို ချေးသတုံး။ တိုက်ပိုင်၊ ခြံပိုင်တွေကို ချေးတယ်။ အဲဒါနဲ့ပဲ သူ့ထက်ငါဦးအောင် တိုက်မျက်နှာစာတွေ ဆောက်ကြတော့သတဲ့ဗျာ။ သတိထား ကျွန်တော်ပြောတာ တိုက်မျက်နှာစာနော်။ တိုက်ဆောက်တယ်လို့ မပြောဘူး။ အဲသလို မျက်နှာစာတွေ ဆောက်၊ နောက်ဖေးဟောင်းလောင်း ကိုယ်ထည်မပါတဲ့ တိုက်ကြီးတွေကို ဓာတ်ပုံရိုက်၊ ဘဏ်ပေါင်၊ ချေးငွေတင်၊ စက်ဝယ်၊ ရက်ကန်းခတ် သူဌေးစီမံကိန်းဟာ ဖြူးလို့ပဲ။ သို့သော်တဲ့။ ဒီမှာ အစိုးရစီမံခန့်ခွဲမှုက စကားပြောလာရော။ မြင်းခြံက ရက်ကန်းစက်တွေ အပူတပြင်းသွန်းလောင်းပြီး “ခတ်လိုက်မယ်ဟဲ့ ရက်ကန်း” လို့လည်းပြင်ရော လျှပ်စစ်မီးက မမှန်တော့ ခမျာများမှာ မှိုင်တွေကျရတော့တာပဲ။ နှစ်ချုပ်လို့ ဘဏ်တိုးမဆပ်တော့ ကွင်းဆင်းစစ်၊ အလိမ်အညာတွေ တွေ့။ တရားစွဲကြ၊ ဖမ်းကြ၊ ပြေးကြ၊ ထောင်တန်းကျကြ၊ ကမ္ဘာပျက်တာပါပဲဗျာ။ ကျွန်တော်တို့ ဗမာပြည်မှာ ဒီလိုပုံနဲ့ မိုးကြီးချုပ်လို့ကတော့ဗျာ။ ဘန်ကောက်လေဆိပ်က ဇာတ်လမ်းတွေ၊ ခင်ဗျားဆိုင်ထိုင်းရဲဝင်ဖမ်းတာတွေ၊ အရှယ်ကောင်းဗမာလူမျိုးသန်းချီပြီး ထိုင်းမှာ ကျွန်ဇာတ်လာခင်းနေတာတွေ ဆက်ရှိနေဦးမှာပါပဲ”

ကိုသက်ခိုင်သည် သူ့စကားစကိုဖြတ်ကာ ပန်းခြံအတွင်းမှ သစ်ပင်များ အုပ်ဆိုင်းဆိုင်းရှိနေသည့် ကတ္တရာလမ်းအတိုင်း ခပ်ဖွဖွပြေးထွက်သွားချိန်တွင် နေဝင်ချိန် လေနုအေးသည် နှော့နေဆဲ။ ကျွန်တော်ကား နောက်ဆက်တွဲအတွေးမျိုးစုံဖြင့် ကိုသက်ခိုင်နှင့် လားရာတူအရပ်သို့ တစ်လှမ်းချင်း လျှောက်လျက်ရှိလေ၏။ ။

(ဆက်လက်ဖော်ပြပါမည်)

စာမျက်နှာ(၂၃) မှ

## အနစ္စောအနန္တဂုဏ် ခြစားသွားကြ ကျောင်းဆရာအချို့အကြောင်း

ထို့အပြင် သူ့အတန်း၊ သူ့ကျူရှင်မှာ တက်သည့် ဘယ်ကျောင်းသားကတော်သည်၊ ဒီထွက်နိုင်သည်၊ သူ့မိဘစီးပွားရေးက ဘယ်လောက် တောင့်တင်းသည်ဆိုသည်ကိုလည်း ချိုထွင်နေကျမို့ ယုန်ကိုမြင်အောင်လည်း ထိုဆရာများက ကြည့်ထားတတ်ကြသည်။ ယုန်ဘယ်ဘက်ထွက်အောင် ဘယ်ဘက်ကအစ လုပ်ပြီး ထွင်ခုတ်ခုတ်ရမည်လဲလည်း သိတတ်ကြ မြင်တတ်ကြသည်။

သို့နှင့် ဆယ်တန်းဘာသာရပ်အလိုက် အဖြေလွှာတွေကို ထိုသို့သော အထက်တန်းပြဆရာမျိုးတွေက ရန်ကုန်တက္ကသိုလ်မှာ၊ ဒဂုံတက္ကသိုလ်မှာလာပြီး အမှတ်ခြစ်ကြရသည်ဆိုသည့်အခါ ချိုစထွင်ရမည့် ခုတ်ကွက်တစ်ခုဖြစ်လာတော့သည်။

ပထမအဆင့်က အောင်စာရင်းမထွက်မီ အမှတ်သိချင်ကြရင်ပြော၊ ကြည့်ပေးမည်။ အမှတ်ကြည့်ခက ဘယ်လောက်ဟုဆိုသည့်အခါ ကျောင်းသားကရော၊ ကျောင်းသားမိဘတွေကပါ မသိချင်ဘဲနေပါမင့်လား။ သည်အမှတ်သည်ပင် တစ်ဘဝစာ မဟုတ်လား။ သည်တော့ အမှတ်ကြည့်ခမှာတွင်ပင် မြိုးမြိုးမြက်မြက်ကလေးရလိုက်ကြသည်။

အဖြေလွှာတွေကို အဂတိမဖြစ်အောင် ခုံနံပါတ်တွေကိုဖုံးကာ လျှို့ဝှက်နံပါတ်တွေတပ်ထားသည်ဆိုပေမင့် အဂတိကို ချင်ခြင်းတပ်သူတွေဆိုသည်က နေရာတိုင်းမှာရှိနှင့်ပြီးသားလေ။ သည်လိုနည်းနှင့် ရမှတ်တွေကိုရအောင် ကြည့်လာခဲ့ကြပြီးဖြစ်သည်။ ရမှတ်ကိုသိလာခဲ့ပြီဆိုတော့ လည်း နောက်တစ်ဆင့် တက်ရမည့် နောက်စားပေါက်က အဆင်သင့်။

နောက်တစ်ဆင့် အနေနှင့်ကျတော့ ကလေးက ခြောက်ဘာသာ(သို့မဟုတ်) ငါးဘာသာဂုဏ်ထူးရမှာ။ အမှတ်က သီသီလေး နှစ်မှတ်လောက်စီ ကပ်လိုနေတယ်။ ဖြည့်ပေးလိုက်ရင် ဂုဏ်ထူးထွက်ပြီပဲ။ အဲဒါကတော့ ဈေးနည်းနည်းကြီးတယ်။ တစ်ဘာသာငါးသိန်း။

ဆိုသည့်အခါ ကျောင်းသားရော၊ မိဘပါမနေနိုင်ကြတော့။ ဂုဏ်ထူးလိုချင်လာကြပြန်သည်။ တတ်နိုင်သည့် မိဘမျိုးကတော့ ငွေငါးသိန်းလောက်ကိုဖြင့် ရင်းပစ်လိုက်မည်ပေါ့။

အထူးသဖြင့် စာတော်သည့်ကလေးမျိုးတွေက သည်ကိစ္စနှင့် ပတ်သက်၍ ပိုပြီးဝေဒနာရတတ်သည်။ ဆရာ့ပြောပုံလေးကလည်း သင်းသည်လေ။ “ကလေးက

ည့်

အခုနှစ်မှတ်လောက်စီ လိုနေတဲ့ သင်္ချာနဲ့ ဓာတုဗေဒ နှစ်ဘာသာမှာသာဒီထွက်လိုက်ရင် ခြောက်ဘာသာဂုဏ်ထူးလေ။ ပွဲသိမ်းပြီပေါ့။ ဆေးတန်းဝင်မှာပဲ . . .”

အပြောမျိုးနှင့်ဆိုသည့်အခါခေတ်ကလည်း ဆေးကျောင်းတက်ရမှ လူဖြစ်သယောင်ဆိုပြန်တော့ ကြာသလားလို့ နှစ်ဘာသာဆယ်သိန်း။ မရှိ ရှိတာ လက်ဝါးပူတိုက်ရတိုက်ရ ဖြစ်ကုန်ကြတော့သည်တဲ့။

တကယ်တော့ကလေးကသူ့ကြိုးစားမှုနှင့်သူ အောလ်ဒီထွက်ထားပြီးသား။ အဲသည်ပြီးပြီးသားကြီးကို ထိုကျောင်းဆရာက ဒီထွက်ဖို့ နှစ်မှတ်လိုနေသည်လုပ်ကာ အသားလွတ် ငွေ ၁၀ သိန်းဝင်အုပ်ခြင်းဖြစ်၏။

ဟိုဘက် နှစ်တွေတုန်းကတတ်နိုင်သည့်မိဘနှင့် စာတော်သည့်တပည့်လေးတွေထံမှ သူဘယ်လောက်ဝါးမျိုထားခဲ့ပြီမသိ။ ပြီးခဲ့သည့်နှစ်တုန်းကတော့ မိဘလုပ်သူက “တိုးမနေတော့ပါဘူးဆရာရယ်။ ရသလောက်နဲ့ပဲ နေပါစေတော့”ဟု လုပ်သည်နှင့် ထိုဆရာမှာထွေးမရအန်မရဖြစ်တော့သည်တဲ့။ သွားမတိုးလျှင်လည်း ရမှတ်က ကလေး၏ ကိုယ်စွမ်းကိုယ်စဖြင့်အောလ်ဒီက ထွက်နေပြီးသား။

နောက်ဆုံးတွင်တော့ ထိုကျောင်းဆရာ၏လိမ်ဆင်ကြီးကဘူးပေါ်သလိုပေါ်တော့သည်တဲ့။

သည်အခါ ကျပြန်တော့လည်း ရှေ့မျက်နှာပင် နောက်သို့ပြောင်းမနေတော့ဘဲမျက်နှာပြောင်နှင့် သည်ကိစ္စကိုပြဿနာ မလုပ်ဖို့တောင်းပန်ပြန်သည်တဲ့။

ကြားရသည့်အခါ ရက်ရက်စက်စက် မိုက်မိုက်ရိုင်းရိုင်း ပက်ပက်စက်စက်နှင့် ဆရာ့ဂုဏ်ကိုချနင်းလုပ်စားတတ်ပေတယ်ဟု စိတ်မကောင်းဖြစ်မိရသည်။

သည်နှစ် စာမေးပွဲသို့ဝင်ကြမည့် ကြိုးစားပမ်းစားဖြင့် ကိုယ်တိုင်လည်းအားထုတ်၊ ဘုရားကုလည်းကု၊ နတ်ကိုးခါစာပစ်နှင့် ဆယ်တန်းတံတိုင်းကြီးကို ကျော်ဖြတ်ဖို့ ကြိုးစားနေကြရသည့် ကျောင်းသား၊ ကျောင်းသူလေးများ ထိုသို့သောအနန္တဂိုဏ်းမဝင်သည့်ကျောင်းဆရာမျိုးနှင့် ဝေရာမဏီဝေးပါစေသော် . . .ဟုလည်း ဆုတောင်းမိရသည်နှင့် တစ်ဆက်တည်းလည်း နာသုံးနာအပြည့်ဖြင့် အာစရိယဂုဏ် မြောက်ခဲ့သည့် ငယ်ငယ်က ကိုယ့်ဆရာများကိုလည်း ဦးချကန်တော့မိပြန်ရ အကြိမ်ကြိမ်။ ။

# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## ဝန်ကြီးဌာနများ ကျပ်သုံးသိန်းကျော် လက်ဆောင်လက်ခံလျှင် လာဘ်ပေးလာဘ်ယူ သတ်မှတ်မည်

ဝန်ကြီးဌာနများ လက်ဆောင်ပစ္စည်းများ လက်မခံရန်နှင့် ယင်းလက်ဆောင်တန်ဖိုးသည် ကျပ်သုံးသိန်းကျော်ပါက လာဘ်ပေးလာဘ်ယူဟု သတ်မှတ်မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးသို့ စာပို့အကြောင်းကြားထားသည်။ မတ်လ ဒုတိယပတ်အတွင်းက အကြောင်းကြားခဲ့ခြင်းဖြစ်ပြီး ယင်းလာဘ်ပေးလာဘ်ယူဥပဒေကို လက်ရှိတွင် ပြဋ္ဌာန်းပြီးဖြစ်သော်လည်း နည်းဥပဒေပြဋ္ဌာန်းရန် ကျန်ရှိနေသေးသည်။

## တက္ကသိုလ်ဆရာမနှင့် ဆယ်တန်းကျောင်းသားအမှု အပြန်အလှန်အမှုဖွင့်

တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေရန် တစ်ရက်အလိုတွင် ရန်ကုန် တက္ကသိုလ်မှ အသက် (၄၁)နှစ်အရွယ် လက်ထောက်ကထိကဆရာမတစ်ဦးနှင့် ဒဂုံ (၁)မှ အသက် (၁၅)နှစ် ခြောက်လအရွယ် ဆယ်တန်းကျောင်းသားတို့ နေအိမ်အသီးသီးမှ ပျောက်ဆုံးမှုဖြစ်ခဲ့သည်။ တက္ကသိုလ်ဆရာမကို ၎င်းကခိုးယူသွားကြောင်း မန္တလေး မြို့မှနေ၍ ကျောင်းသားက ဆရာမ၏ ဆွေမျိုးများအား ဖုန်းဆက် အသိပေးပြီးနောက် နှစ်ဖက်ဆွေမျိုးများအပြန်အလှန်အမှုဖွင့်ခဲ့ ကြသည်။ အဆိုပါအမှုကို ဗဟန်းနှင့် မြောက်/ဒဂုံရဲစခန်းတွင် ဖြားယောင်းသွေးဆောင်မှုဖြင့်အမှုဖွင့်ကာ စစ်ဆေးနေဆဲ ဖြစ်သည်။

## ကမ္ဘာလုံးဆိုင်ရာလူငယ်ခေါင်းဆောင်များအဖွဲ့တွင် မြန်မာနိုင်ငံမှ သုံးဦးရွေးချယ်ခံရ

ကမ္ဘာလုံးဆိုင်ရာ လူငယ်ခေါင်းဆောင်များအဖွဲ့တွင် ၂၀၁၄ ခုနှစ်အတွက် ရွေးချယ်ထားသော လူငယ် ၂၀၀ ကျော်တွင် မြန်မာနိုင်ငံမှ လူငယ်ခေါင်းဆောင် သုံးဦးရွေးချယ်ခံထားရသည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ဒေါ်ဇင်မာအောင်၊ KZL ပန်းချီပြခန်းထူထောင်သူ ပန်းချီဆရာ ခင်ဇော်လတ်နှင့် ပါရမီစွမ်းအင်ကုမ္ပဏီအုပ်စု ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးကံထွန်းတို့ ရွေးချယ်ခံရကြောင်း အဆိုပါအဖွဲ့၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ကမ္ဘာလုံးဆိုင်ရာ လူငယ်များအဖွဲ့မှာ ထူးခြားပြီး ရဲစွမ်းသတ္တိပြည့်စုံသော၊ စွမ်းဆောင်ရည်ရှိသည့် လူငယ်ခေါင်းဆောင် ၉၀၀ ကျော် ပါဝင်ထားပြီး ကမ္ဘာတစ်ဝန်းမှ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနယ်ပယ်မှ အသက် ၄၀ အောက်လူငယ်များကို စွမ်းဆောင်ရည်အကဲဖြတ်ပြီး စိစစ်ရွေးချယ်ခြင်း ဖြစ်သည်။

## လာမည့်ဘဏ္ဍာနှစ် ကာကွယ်ရေးဝန်ကြီးဌာန အသုံးစရိတ် တတိယအများဆုံးနေရာရှိ

လာမည့်ဘဏ္ဍာနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန အသုံးစရိတ်မှာ တတိယအများဆုံးနေရာ ဆက်လက်ရပ်တည်နေပြီး ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့အတွက် အသုံးစရိတ် ကျပ် ဘီလီယံ ၃၅၀ ကျော် ပိုမိုသုံးစွဲသွားမည်ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် လာမည့် ဘဏ္ဍာနှစ်တွင် အသုံးစရိတ် ကျပ်ဘီလီယံနှစ်ထောင်ကျော်လျာထားပြီး ဝန်ကြီးဌာနအားလုံး စုစုပေါင်းအသုံးစရိတ်၏ ၁၂ ဒသမ ၂၆ ရာခိုင်နှုန်းရှိနေသည်။ ပညာရေးဝန်ကြီးဌာနအတွက် အသုံးစရိတ်မှာမူ လာမည့်ဘဏ္ဍာနှစ်တွင် ကျပ်ဘီလီယံ တစ်ထောင်ကျော် သုံးစွဲမည်ဟု လျာထားသည်။ အလားတူ ကျန်းမာရေးအသုံးစရိတ်တွင်လည်း လာမည့် ဘဏ္ဍာနှစ်တွက် ကျပ်ဘီလီယံ ခြောက်ရာကျော် သုံးစွဲမည်ဟု လျာထားသည်။

## ပျောက်ဆုံးမလေးရှားလေယာဉ် မြန်မာ့ရေတပ်နှင့် လေတပ်ကူညီရှာဖွေ

ပျောက်ဆုံးနေသည့် မလေးရှားလေကြောင်းမှ MH 370 လေယာဉ်သည် မြန်မာ့ရေပိုင်နက်နှင့် နီးသော မလက္ကာရေလက်ကြားသို့ ပျံသန်းလာဖွယ်ရှိသည်ဟု ခန့်မှန်းချက်များ ထွက်ပေါ်လာပြီးနောက် မြန်မာလေတပ်နှင့် ရေတပ်က ကူညီရှာဖွေပေးခဲ့သည်။ လေတပ်က မြန်မာ့လေပိုင်နက်အတွင်း ရှာဖွေခွင့်ပြုခဲ့သလို ရေတပ်ကလည်း မြန်မာ့ရေပိုင်နက်တွင် စစ်သင်္ဘော သုံးစင်းစေလွှတ်၍ ကူညီရှာဖွေပေးခဲ့သည်။ မတ်လ ၈ ရက် နံနက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်မှ တရုတ်နိုင်ငံ ဘေဂျင်းမြို့သို့ ထွက်ခွာသော MH370 လေယာဉ်သည် မတ်လ ၇ ရက်အထိ ပျောက်ဆုံးနေဆဲဖြစ်ပြီး အကြောင်းရင်းကို မသိရသေးပေ။

## မိုးထိမိုးမိဒေသတွင် ရွှေနှင့်ကြေးနီသတ္တု ဒေဝူးကုမ္ပဏီ စမ်းသပ်တူးဖော်မည်

ရမည်းသင်းခရိုင် မိုးထိမိုးမိဒေသရှိ ရွှေနှင့် ကြေးနီသတ္တုများ တူးဖော်စမ်းသပ်ရှာဖွေခွင့်ကို ကိုရီးယားနိုင်ငံ ဒေဝူးကုမ္ပဏီက သတ္တုတွင်းဝန်ကြီးဌာနမှ တစ်နှစ်ကျော်ကြာ လုပ်ကိုင်ရှာဖွေခွင့် ရရှိ ခဲ့သည်။ မြေကေတစ်သောင်းကျော်တွင် ဒေဝူးက ဒေါ်လာသန်း ၃၀ ကနဦးရင်းနှီးမြှုပ်နှံရန် စီစဉ်ထားပြီး တူးဖော်စမ်းသပ်မှုများပေါ်မူတည်ပြီး အစိုးရနှင့် ကာလရှည် ထပ်မံစာချုပ်ချုပ်ဆိုသွားမည်ဖြစ်သည်။ လုပ်ငန်းကို ဧပြီလအတွင်း စတင်ရန် စီစဉ်ထားပြီး ရွှေနှင့် ကြေးနီများကို အဓိက ရှာဖွေစမ်းသပ်မည်ဖြစ်သည်။

## ဆန်နှင့် ပဲအပါအဝင် သီးနှံအမျိုးရှစ်ထောင်ကျော် တရုတ်သို့ အခွန်လွတ် တင်သွင်းခွင့်ရမည်

ဆန်နှင့်ပဲမျိုးစုံ အပါအဝင် နှံ့စားသီးနှံအမျိုးပေါင်း ၈၇၀၀ ကျော်ကို အကောက်ခွန်လွတ် လွတ်လပ်စွာ တင်သွင်းခွင့်ကို တရုတ်အစိုးရက မကြာမီခွင့်ပြုပေးရန်ရှိသည်။ လက်ရှိအခြေအနေတွင် မြန်မာ့လယ်ယာထွက်ကုန် အများစုကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် မြန်မာနိုင်ငံဘက်မှ တရားဝင်ခွင့်ပြုထားသော်လည်း တရုတ်အစိုးရက တရားဝင်ခွင့်ပြုထားခြင်း မရှိသဖြင့် ဖမ်းဆီးမှုများကြောင့် မြန်မာကုန်သည်များ ဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရသည်။

## အစားအသောက် ဝန်ဆောင်မှုနှင့် ပတ်သက်၍ တိုင်းနှင့်ပြည်နယ်ကိုးခုသို့ တိုင်ကြားနိုင်

အစားအသောက်များကြောင့် ပြည်သူများ ထိခိုက်ပါက လွတ်လပ်စွာ ကန့်ကွက်ဆန္ဒပြကြရန် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မြန်မာ့ငြိမ်းချမ်းရေးစင်တာတွင် ကျင်းပသော ကမ္ဘာ့စားသုံးသူအခွင့်ရေးနေ့ အခမ်းအနား၌ ပြောကြားသည်။ ဝယ်ယူစားသုံးသူများမှာ မိမိတို့ စားသုံးသည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုရယူသည့် လုပ်ငန်းများတွင် ပေးရသည့် တန်ဖိုးအတိုင်း ခံစားခွင့်မရရှိဘဲ နစ်နာမှုရှိပါက တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုသို့ စတင်တိုင်ကြားနိုင်ပြီ ဖြစ်သည်။

## အက်ဖ်အီးစီ မတ်လကုန်နောက်ဆုံးလဲလှယ်ရမည်

မြန်မာနိုင်ငံတွင် တရားဝင်ငွေကြေးအဖြစ် အသုံးပြုနေသော နိုင်ငံခြားငွေလက်မှတ် (FEC) များကို မတ်လ ၃၁ ရက် နောက်ဆုံးထား ပြန်လည်အပ်နှံလဲလှယ်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ကြေညာထားသည်။ သတ်မှတ်ရက်ကျော်လွန်ပါက လဲလှယ်ခြင်းကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ဗဟိုဘဏ်က ထုတ်ပြန်ထားသည်။ အက်ဖ်အီးစီကို မြန်မာနိုင်ငံအတွင်း သုံးစွဲခွင့်ကို ၁၉၉၃ ခုနှစ်က စတင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။


## ဖိလစ်ပိုင်သို့ ပုလဲသွယ်ဆန်တန်ချိန် ငါးသိန်းတင်ပို့ရန် ဆန်မလောက်မငဖြစ်

နှစ်နိုင်ငံ အစိုးရတာဝန်ရှိသူများကြား နားလည်မှုစာချွန်လွှာရေးထိုးထားသော ဖိလစ်ပိုင်နိုင်ငံသို့ ပုလဲသွယ်ဆန်တန်ချိန် ငါးသိန်းတင်ပို့ရန်မှာ ပမာဏများနေသောကြောင့် အခြားဆန်များ တင်ပို့ရန် စီစဉ်လျက်ရှိသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၃ ဒီဇင်ဘာက ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ခဲ့စဉ် ဖိလစ်ပိုင်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ ကမ်းလှမ်းချက်အရ နှစ်နိုင်ငံအစိုးရတာဝန်ရှိသူများလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ပုလဲသွယ်စပ်မျိုးစပါးကို နေပြည်တော် ကောင်စီတွင် ဧကထောင်ချီ၍ စိုက်ပျိုးသော်လည်း အခြားဒေသများတွင် စိုက်ပျိုးခြင်း မရှိပေ။ ပုလဲသွယ်ဆန် တန်ချိန် ငါးသိန်းတင်ပို့ရန်မှာ ပုလဲသွယ်စိုက်ဧက အနည်းဆုံး ငါးသိန်းခန့်ရှိရမည်ဖြစ်သည်။

## ပြည်သူ့ဥယျာဉ်ရှိ ဒိုင်နိုဆောကမ္ဘာ ပန်းခြံတွင် ချစ်သူစုံတွဲ အပန်းဖြေခွင့်တားမြစ်

ပြည်သူ့ဥယျာဉ်ဟက်ပီးဇုန်ကစားကွင်းအတွင်းရှိ အများပြည်သူအပန်းဖြေနားနေနိုင်သည့် ပန်းခြံတစ်ခုကို ချစ်သူစုံတွဲများ ဝင်ရောက်နားနေခြင်းမပြုရန် မတ်လ ပထမပတ်အတွင်းက တရားဝင်တားမြစ်ပိတ်ပင်လိုက်သည်။ ဝင်ရောက်အပန်းဖြေကြသည့် ချစ်သူစုံတွဲအချို့မှာ လွဲမှားသော အပြုအမူများဖြင့် အဆိုပါပန်းခြံအတွင်း ဝင်ရောက်အပန်းဖြေကြသဖြင့် ပိတ်ပင်ခဲ့ခြင်းဖြစ်ကာ ကလေးငယ်များနှင့် မိသားစုလိုက်လာရောက်အပန်းဖြေသူများကိုသာ ဝင်ခွင့်ပြုတော့မည်ဟု ဆိုသည်။ ယခု ပြည်သူ့ဥယျာဉ်အတွင်းရှိ ဒိုင်နိုဆောကမ္ဘာ ပန်းခြံ မှာ ချစ်သူစုံတွဲများ ဝင်ရောက်အပန်းဖြေခွင့် ပထမဆုံးအကြိမ်တားမြစ်လိုက်သော ပန်းခြံတစ်ခုဖြစ်သည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014



# ရှစ်ဆယ့်ရှစ် အသံလှိုင်းနောက်မှ သူရဲကောင်း

အေးသူစံ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

နေအိမ်ရှိ တစ်လုံးတည်းသော အော်တိုတယ်လီဖုန်းမြည်လာချိန်တွင် ဦးနေမင်းတစ်ယောက်အလွန်သတိဝီရိယကြီးစွာဖြင့် ဖုန်းကိုင်လိုက်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့တွင် အခြေစိုက်သည့် သူ့လုပ်ဖော်ကိုင်ဖက်သတင်းထောက်ဟု ထင်လိုက်သော်လည်း တစ်ဖက်မှ "BBC သတင်းထောက်လား"ဆိုသော အသံကြောင့် တအံ့တဩဖြစ်သွားချိန်တွင်တစ်ဖက်ကဆက်လက်၍ "ကျွန်တော်မိုက်ကယ်အဲရစ်ပါ။ ဒေါ်အောင်ဆန်းစုကြည်ကစကားပြောချင်လို့"ဟုပြောလာပါသည်။ မကြာမီ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အသံကို ဖုန်းလိုင်းထဲတွင် ကြားလိုက်ရသည်။

အချိန်က စစ်တပ်အာဏာမသိမ်းခင် ၁၉၈၈ ခုနှစ် စက်တင်ဘာလဆန်းပိုင်းဖြစ်သည်။

"ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ဦးဆောင်ပြီး လူထုဆန္ဒပြပွဲတွေ ရန်ကုန်မြို့ထဲမှာ လုပ်မယ်လို့ ပြောဆိုလှုံ့ဆော်နေတဲ့ သတင်းတွေထွက်နေပါတယ်။ အဲ ဒီလိုလုပ်ဖို့ အစီအစဉ်မရှိတဲ့အကြောင်း BBC က တစ်ဆင့်ရှင်းပေးပါလို့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်မေတ္တာရပ်ခံတဲ့သတင်းကို ကျွန်တော်လက်ခံရရှိခဲ့တယ်။ အဲဒီသတင်းကို BBCက တစ်ဆင့်ပြန်လွှင့်ပေးခဲ့တယ်"

ဒေါ်အောင်ဆန်းစုကြည်နှင့် ၎င်း၏ ခင်ပွန်းမိုက်ကယ်အဲရစ်တို့ကဲ့သို့ပင် သပိတ်စခန်းများစွာ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများစွာက ဦးနေမင်းထံသို့ ယုံကြည်စိတ်ချစွာ သတင်းပေးသည့် ဖုန်းများကို ၁၉၈၈ အရေးတော်ပုံကာလတစ်လျှောက် လက်ခံရရှိခဲ့သည်။ စစ်အာဏာသိမ်းပြီးတစ်လအကြာ အထိန်းသိမ်းမခံမီအထိ ဦးနေမင်းသည် BBC သတင်းထောက်ခရစ္စတိုဖာဂါးနက်ထံ ဆက်သွယ်၍ သတင်းများ ဆက်တိုက်ပေးပို့ခဲ့သည်။

၈၈ အရေးတော်ပုံတစ်လျှောက် မြန်မာ့အရေးနှင့် ပတ်သက်သော သတင်းများကို BBC သတင်းဌာနမှ တစ်ဆင့် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့စေခဲ့သည်မှာ ဦးနေမင်းပိုင်ဆိုင်သော တစ်လုံးတည်းသော ကြိုးဖုန်းလေးမှဖြစ်သည်။ တယ်လီဖုန်းလိုင်းများကို ထောက်လှမ်းရေးများ ကြားဖြတ်နားထောင်နေသည့်ကြားမှ မြန်မာ့အရေးနောက်ဆုံးသတင်းများကို BBC သတင်းဌာနက အမြဲလိုလိုထုတ်လွှင့်နေနိုင်ခဲ့ခြင်းကို ထောက်လှမ်းရေးများကိုယ်တိုင် မယုံကြည်နိုင်အောင်ဖြစ်ခဲ့ကြရသည်။

"ပြည်ပက တိုက်ရိုက်ဆက်တဲ့ ဖုန်းဆိုကြားက အော်ပရေတာမခံလည်း ခေါ်လို့ရတယ်။ ခရစ္စနဲ့ကျွန်တော်က အဲဒီလမ်းကြောင်းကို သုံးခဲ့တာ။ ခရစ္စက တစ်နေ့လေးကြိမ်ပုံမှန်ခေါ်တယ်။ ကျွန်တော်ကတော့ ခေါ်လို့မရဘူး။ ခေါ်ရင် အော်ပရေတာခံရတော့ ကြားဖြတ်နားထောင်မှာပဲ။ ဒီလိုနည်းနဲ့ BBC အတွက် သတင်းတွေ အများကြီးလုပ်ပေးခဲ့တယ်"ဟု အသက်(၆၇)နှစ်ရှိ ဦးနေမင်းကပြောပြသည်။

တရားမမှုများ သီးသန့်လိုက်ပါဆောင်ရွက်သည့် ရှေ့နေ ဦးနေမင်းသည် အမှုသည်တစ်ဦးကြောင့် BBC သတင်းထောက်ခရစ္စနှင့် ချိတ်ဆက်မိသည်။ ၁၉၈၈ မတ်လတွင် စက်မှုကျောင်းသားကိုဖုန်းမော်၊ ကိုစိုးနိုင်တို့ သေဆုံးခဲ့ခြင်း၊ ကျောင်းသားများစွာ ထိန်းသိမ်းခံရခြင်း၊ လူထုဆန္ဒပြပွဲများ ဆက်တိုက်ဖြစ်ပေါ်ခြင်းစသည့် မြန်မာ့နိုင်ငံရေးအခြေအနေများကို လေ့လာရန် ခရစ္စမှာ မြန်မာနိုင်ငံသို့ သုံးပတ်ကြာလာရောက်ခွင့်ရချိန်တွင် မြန်မာအစိုးရ အတိုက်အခံအင်အားစုများနှင့် တွေ့ဆုံရန် ကြိုးစားရာတွင် ဦးနေမင်းလည်း ပါဝင်ခဲ့သည်။

"၈၈ ပြေမှာ ရဲကားမီးရှို့မှုနဲ့ အဖမ်းခံရတဲ့ ကောင်လေးတစ်ယောက်အမှုကို လိုက်ရင်းနဲ့ အစိုးရရဲ့ ဥပဒေကို လိုသလို အသုံးချတာတွေ၊ မတရားတာတွေ သိလာတော့ ဦးနေဝင်းအထိကို တက်ပြီး တရားစွဲခဲ့တယ်။ ကျွန်တော်လိုက်ခဲ့တဲ့အမှုတွေက နိုင်ငံရေးသမားတချို့ ရှစ်လေးလုံးမတိုင်မီလွတ်ကုန်ကြတော့ ကျွန်တော့်အမှုသည်က တစ်ဆင့် ခရစ္စက ကျွန်တော့်ဆီ ပထမဆုံး ဆက်သွယ်လာခဲ့တယ်"ဟု ၎င်းကပြောသည်။

ကြိုတင်ခန့်မှန်းသည့် BBC သတင်းများ ကွက်တိမှန်ကန်မှုကြောင့် ခရစ္စတိုဖာဂါးနက်ကို CIA ဟုပင်ထင်မှတ်ခဲ့ကြပြီး ထိုအချိန်က BBCနှင့် ခရစ္စတိုဖာဂါးနက်သည် သူရဲကောင်းသဖွယ်ဖြစ်ခဲ့တယ်။ အမှန်တော့ ခရစ္စကို အစိုးရက ပြည်ဝင်ခွင့်မပေးတော့သဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့တွင် အခြေစိုက်ကာ ဦးနေမင်း၏ သတင်းပေးပို့ချက်များကို ပုံမှန်ရယူရင်း မြန်မာ့အရေးသတင်းများကို BBC က လွှင့်ထုတ်ခဲ့ခြင်းဖြစ်သည်။

"၈၈ မှာ မြန်မာပြည်က ဂျာနယ်လစ်တွေအားလုံးကို အစိုးရက ဖိနှိပ်ထားတဲ့ အချိန်မှာ ဦးနေမင်းဟာ ကျွန်တော့်ရဲ့ အဓိကသတင်းရင်းမြစ်ဖြစ်လာခဲ့တယ်။ သူက သတင်းတွေ စုစည်းပြီး ကျွန်တော့်ဆီပို့တယ်။ ကျွန်တော်က BBC မြန်မာပိုင်းအစီအစဉ်မှာ ပြန်ပြီး ထုတ်လွှင့်ခဲ့တယ်။ ဒီမတိုင်ခင်အထိ ဦးနေမင်းရဲ့ အခန်းကဏ္ဍဟာ အသိအမှတ်ပြုခြင်းမခံခဲ့ရဘူး။ သူ့ရဲ့စူးရှတဲ့ အမြင်နဲ့ ရဲစွမ်းသတ္တိကို ကျွန်တော်တို့ ပြန်ပြီး ဂုဏ်ပြုသင့်ပါတယ်"ဟု သတင်းထောက် ခရစ္စတိုဖာဂါးနက်က အီးမေးလ်မှ တစ်ဆင့်ဖြေကြားခဲ့သည်။

ယင်းကြောင့်လည်း ၈၈ အရေးတော်ပုံတစ်လျှောက် သတင်းများကို စွန့်စားပေးပို့ခဲ့သူ ဦးနေမင်းကို မြန်မာနိုင်ငံတွင် ယခုလ ၁၀ ရက်က စတင်ကျင်းပခဲ့သည့် East West စင်တာ မီဒီယာညီလာခံက ရဲစွမ်းသတ္တိဆုချီးမြှင့်ခဲ့ သည်။

ဦးနေမင်းပေးပို့သော သတင်းတိုင်းကို ခရစ္စကလည်း ဒီတိုင်းတော့ တန်းသုံးခြင်းမဟုတ်။ ထိုစဉ်က မြန်မာပြည်ရှိ သံရုံးအသိုင်းအဝိုင်းနှင့် အခြားသော သတင်းရင်းမြစ်များထံ မေးမြန်းအတည်ပြုပြီးမှ သုံးကြောင်း ၎င်းကပြောသည်။

"ဦးနေမင်းက ကျွန်တော့်အတွက်တော့ သူရဲကောင်းပါ။ ကျွန်တော်ဟာ အဲဒီတုန်းက အသက်ကငယ်သေးတယ်။ အလုပ်ကို ပင်ပင်ပန်းပန်းလုပ်ခဲ့ပေမယ့် သူ့လောက်တော့ အနစ်နာမခံခဲ့ရဘူး။ ပေးဆပ်မှုလည်း မကြီးမားခဲ့ဘူး။ သူကမှ ၈၈မှာ မြန်မာပြည်ရဲ့ သူရဲကောင်းတွေထဲက တစ်ယောက်ပဲ"ဟု ခရစ္စကဆိုသည်။

ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့် ဖေဖော်ဝါရီ ၁၂ ရက် ၁၉၄၇ တွင် မွေးဖွားခဲ့သော ဦးနေမင်းသည် ဖဆပလခေတ်၊ မဆလခေတ်၊ဆိုရှယ်လစ်ခေတ်မျိုးစုံဖြတ်သန်းခဲ့ပြီး ၎င်း၏ ခေါင်းမာမှုနှင့် ပညာမာနကြီးမှုတို့ကြောင့် အစိုးရဝန်ထမ်းအလုပ်နှင့် အဆင်မပြေ။ ပထဝီနှင့် ကျောင်းအပြီး ဆေးသုတေသနဌာနတွင် ခေတ္တအလုပ်ဝင်ချိန်၊ တစ်ဖက်တွင် ဥပဒေဒီပလိုမာရယူခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေးတွင် ပညာရှင်ရာထူးဖြင့် အလုပ်စဝင်ခဲ့သည်။

ကညနတွင်လည်း အထက်အရာရှိနှင့် အဆင်မပြေသောကြောင့် အလုပ်မှ နုတ်ထွက်ခဲ့ပြီး လက်ဦးဆရာ၏ အကြံပေးမှုဖြင့် တရားမမှုများ လိုက်ပါဆောင်ရွက်ရင်း ရှေ့နေဖြစ်လာခဲ့သည်။

သတင်းထောက်အတွေ့အကြုံမရှိသော်လည်းအစိုးရအဆက်ဆက် မတရားမှုများကို လက်မခံလိုစိတ်နှင့် ဝါဒဖြန့်ချိသည့် သတင်းများနှင့်သာ နီးစပ်ခဲ့ခြင်းကြောင့် ခရစ္စထံ သတင်းများပေးပို့ရန် ဆုံးဖြတ်ခဲ့သည်။

''သတင်းပညာနောက်ခံလည်း ဘာမှမရှိဘူး။ ဒါပေမဲ့ ကိုယ့်ရဲ့ နိုင်ငံရေးအဆက်ဆက်အတွေ့အကြုံအရ ဘယ်နေ့မှာ ဘာဖြစ်မလဲဆိုတာ ကြိုတင်တွက်ချက်ပြီး သတင်းတွေ ပို့နိုင်ခဲ့တယ်။ ဒီအတွက်လည်း BBC ကတစ်ပြားတစ်ချပ်မှမရခဲ့သလို တောင်းလည်း မတောင်းဆိုခဲ့ဘူး"

အလှမ်းကျယ်သည့် ထောက်လှမ်းရေးကွန်ရက်အတွင်း ဦးနေမင်းလည်း နောက်ဆုံးတွင် သက်ဆင်းခဲ့ရသည်။ ၁၉၈၈ အောက်တိုဘာ ၂၁ တွင် ထိန်းသိမ်းခံရပြီး ပုဒ်မ ၅(ည)ဖြင့် ထောင် ၁၄ နှစ်ကျခံခဲ့ရသည်။ ၁၉၉၇ ခုနှစ်တွင် ပြန်လည်လွတ်မြောက်လာခဲ့ပြီး အေးချမ်းစွာ နေထိုင်ခဲ့ရာမှ ၂၀၀၃ တွင် ထိုင်းနယ်စပ်ရှိ ကျောင်းသားအဖွဲ့တစ်ဖွဲ့တည်ထောင်သော Network Media Group အတွက် သတင်းအတွေ့အကြုံ၊ အကြံဉာဏ်ပေးမိသဖြင့် ဒုတိယအကြိမ် ၅(ည)၊ မတရားအသင်းဆက်သွယ်မှု၊ မတရားအသင်းဝင်မှု ၁၇ (၁) (၂)တို့ဖြင့် ထောင် ၁၅ နှစ်ကျခံခဲ့ရပြီး ၂၀၁၁ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာခဲ့သည်။

"ပထမတစ်ကြိမ်ထောင်ကျတော့ သာယာဝတီထောင်ကို အစ်မငယ်နဲ့ အစ်မကြီးတို့ ထောင်ဝင်စာ လာတွေ့ပြီး အပြန်မှာ ကားမှောက်ပြီး အစ်မငယ်က ပွဲချင်းပြီးဆုံးသွားတယ်။ အစ်မကြီးကတော့ နံရိုးတွေ ကျိုးကုန်တယ်။ အစ်မငယ်ဆုံးတာကို မိသားစုက ဖုံးထားတယ်။ အပြင်ရောက်မှ သိရတာ။ အိမ်က မိသားစုက နိုင်ငံရေးကို လုံးဝမလုပ်ပါနဲ့တော့လို့ တားတယ်"ဟု နံရံတွင်ချိတ်ထားသော ဘွဲ့ဝတ်စုံဖြင့် အစ်မငယ်ဓာတ်ပုံကို ညွှန်ပြရင်းဝမ်းနည်းနှမြောဟန်ဖြင့် ပြောသည်။

ပထမတစ်ကြိမ်ထောင်ကျကတည်းက ရှေ့နေလိုင်စင်ရုပ်သိမ်းခံခဲ့ရပြီး ဘဝရပ်တည်ရေးအတွက် မိသားစုဝင်များကိုသာ အားကိုးရပ်တည်ခဲ့ရသည်။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း လုံးဝမထောက်ခံသဖြင့် ယင်းဖွဲ့စည်းပုံအောက်က ဥပဒေများကို အသုံးပြုအမှုမလိုက်ချင်သဖြင့် ယနေ့အထိ ရှေ့နေလိုင်စင်ကို ပြန်လည်မထုတ်သေးဟုဆိုသည်။

၂၀၁၁ တွင်လွတ်မြောက်ပြီးနောက်ပိုင်းနိုင်ငံရေးနှင့် သတင်းလောကကို စွန့်လွှတ်ထားပြီး တရားစခန်းရိပ်သာများတွင်သာ ပျော်မွေ့နေပြီဖြစ်သည့် တစ်ကိုယ်တည်းလူပျိုကြီးသမား ဦးနေမင်းက လက်ရှိသတင်းထောက်များကို သူဖြတ်သန်းခဲ့သည့် သတင်းလောကနှင့် နှိုင်းယှဉ်၍ အကြံပြုသည်။

"ထောက်လှမ်းရေးအော်ပရေတာ ကြားခံထားတဲ့ကြားက၊ ထောင်ကျမယ် အသေခံရမယ်ဆိုတာ သိတဲ့ကြားက အော်တိုတယ်လီဖုန်းလေးတစ်လုံးနဲ့တောင် ကျွန်တော်လူထုကို သတင်းတွေ ပေးခဲ့တယ်။ အခုခေတ်မှာ ဟန်းဖုန်းကိုယ်စီနဲ့ ဆက်သွယ်ရေးနည်းပေါင်းစုံနဲ့ သတင်းထောက်တွေ အရည်အချင်းသာရှိရင် ပေါ်ပင်လေးတွေ မလုပ်စေချင်ဘူး။ ငါတို့ခေတ်မှာ ငါတို့ဘာလုပ်ခဲ့လဲဆိုတာ သမိုင်းပဲ"





Hot Line : 09 6800 910, 01 379955, 01 544664, 01 254561, 02 64029
Call Center : 01 860 3499
Available @
Yangon LG Brand Shops : Sule, Maharsi, Pansodan
Mandalay LG Brand Shops : Corner of 82 x 27 St., TMW Tower, Diamond Plaza
Wai Yan Electronics Shops : Pansodan, Kabaraye, Bo Aung Kyaw, South Dagon, Pyay, Nay Pyi Taw, Taunggyi

Yangon: Phone Corner, Mobile Valley, Docomo, Touch, I fight, Unique, Jaymart, Smart Talk, AMT, Evo Store, Win Mobile, Technoland
Mandalay: Anycall, Mobile Mother, Super Mobile |
Nay Pyi Taw: Laser | Taunggyi: Cindrella, Mobile Age | Magway: Shwe Ayeyar | Pathein: Mobile Zone | Sun | Pyay: Lucky City
Monywa: Hong Kong | Lashio: Kyar Gaunn | Mawlamyine: Tourist
Myit Kyi Nar: Best Mobile




ရွှေဖူးရှိထီးစက်ရုံ အမှတ် ၅၅၊ ၅၆၊ ၅၇ မြတောင်ဝန်ကြီးဦးမှိုလမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၆၈၅၇၉၄၊ ၀၁-၆၈၇၈၆၄
ဝင်ရိုးမြန်ချိုရေးဆိုင် တိုက်(၁၈)၊ အခန်း (၇)၊ စံပယ်လမ်း၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၀၅၀၀၈၊ ၀၉၈၆၄၀၃၈၃၊ ၀၉၅၀၀၇၄၅၃
ဖူးရှိရွှေဝင်းစင်တာ အမှတ်(၁၈၉/၁၉၅)၊ ပန်းဆိုးတန်းလမ်း(လယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ - ၃၈၁၁၃၀၊ ၀၁ - ၃၈၁၁၃၁
K&K စတိုး အမှတ်(၄၅/၉)၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။ ဖုန်း ၀၈၁ - ၂၁၂၁၅၀၉
ဖူးရှိရွှေဝင်းစင်တာ ဝင်ရိုး အမှတ်(၄၉၂/၄၉၄) လမ်း(၈၀) နှင့် လမ်း(၃၀) ထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၃၆၈၀၊ ၀၂ - ၇၃၇၈၀
ဖူးရှိရွှေဝင်းစင်တာ ဆိုင်ခွဲ (၁) အမှတ်(င-၆/၃၀)၊ ၆၂ လမ်း၊ မနော်ဟရီလမ်းနှင့် နိုင်ငံခြားဝါလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၈၁၉၁၅၊ ၀၉ - ၉၁၀၂၉၉၆၆
ဖူးရှိရွှေဝင်းစင်တာ ဆိုင်ခွဲ (၂) အကွက်(၈၅၄)၊ စစ်ကိုင်းလမ်းခွဲ၊ ဦးပွား ပုံကျော်တံတားအရှေ့ဘက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၆၃၄၁၊ ၀၂ - ၇၆၃၄၂
ဖူးရှိရွှေဝင်းစင်တာ ဆိုင်ခွဲ (၃) အမှတ်(၁၀/၁-၂)၊ ၇၈-လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၄၅၅၉၊ ၀၂ - ၆၈၇၂၇




MYANMAR DEITTA


ကဏ္ဍာစုံမီဒီယာပြပွဲ အခမ်းအနား | Witness Yangon Documentary Arts Space
မတ်လ ၁၅ရက် - ဧပြီလ ၂၅ရက် ၂၀၁၄ခုနှစ် | နေ့စဉ် နေ့လည် ၁၂ - ၅နာရီ | တနင်္ဂနွေနေ့များနှင့် အစိုးရရုံးပိတ်ရက်များ ပိတ်သည်။
၄ အေ၊ တတိယထပ်၊ ပျံလွှားအဆောက်အအုံ၊ ပါရမီလမ်း၊ မရမ်းကုန်း။

INFORMATIONMATRIX
INNOVATING FOR THE FUTURE

**HOT LINE: 01 512 887**

www.informationmatrix.com
hr@informationmatrix.com

Information Matrix is a pioneer IT solutions provider in Myanmar for government ministries, large and small business organizations and educational institutions. We provide our clients with a comprehensive array of internet-based and solutions. At Information Matrix, we are continually upgrading ourselves with new technology available out there so we are readily available for all our clients with clear answers and solutions.



Interested applicants are welcomed to submit curriculum vitae that provides the qualifications, experiences with recent color passport sized photo, NRC copy and labor registration card to the address below.

## CHALLENGING JOB OPPORTUNITIES!

**Network Administrator** — M (1) Post

- Join the Network Infrastructure and support for System & Server Administration.
- Responsible for the overall execution of network and security management in all stages (Project or daily maintenance)
- Design, implement and maintain Infrastructure both WAN & LAN (including Servers, Network, Switch, Router and Network Management System etc) .
- Manage and support VMWare vSphere and Microsoft Hyper-V (Virtualization).
- Strong knowledge in Server such as AD, DHCP, DNS and MX record.
- Strong knowledge in MPLS, DM VPN, IP VPN Tunnel and Firewall management.
- Able to provide IT solution and continue technical troubleshooting.
- Hands-on experience in Enterprise IT product such as Cisco Router, VMware, EMC, HP Data Protector,
- Highly self-motivated and directed.
- Able to travel around country as needed

**Hardware Engineer** — M (1) Post

- Manage and support PC and OS (Microsoft Windows and Apple Mac).
- Troubleshoot IT and connectivity / software
- Knowledge in Netowrking
- Knowledge in Server such as AD, DHCP and DNS
- Knowledge in Virtualization (VMWare vSphere and Microsoft Hyper - V).
- Highly self-motivated and directed.
- Able to travel around country as needed.

**Closing Date 31.3.2014**

**CONTACT:** No (497), Diamond Condo E, First Floor, Pyay Road, Kamaryut Township, Yangon. Ph:01 512887

**အေးသူစံ**

# မရွှေ့ရန် ရေလောင်း၊ မလောင်း၍ ရွှေ့

ဝန်ကြီးဌာန ၃၆ခုရှိသည့်အနက် မြန်မာနိုင်ငံ၌ အစိုးရဝန်ထမ်း ပေါင်းကိုးသိန်း၏အပြောင်းအရွှေ့ကို ကိုင်တွယ်ရာတွင် အဓိကအချက်နှစ်ချက်ရှိသည်။ ပြစ်ချက်ရှိသူ ဝန်ထမ်းများကို ဝေးလံခေါင်ဖျားဒေသသို့အပြစ်ပေးသည့်အနေဖြင့် ပို့ဆောင်တာဝန်ထမ်းဆောင်စေခြင်းနှင့် နှစ်အပိုင်းအခြား သတ်မှတ်၍ အပေးအယူသဘောဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်းတို့ဖြစ်သည်။

တရားဝင်ထုတ်ပြန်ထားခြင်းမဟုတ်သော်လည်း ဝန်ထမ်းအပြောင်းအရွှေ့မူဝါဒတွင် ယင်းနှစ်ချက်ကို အဓိကကျင့်သုံးနေကြောင်း အစိုးရဝန်ထမ်းအသိုင်းအဝိုင်းကဆိုသည်။ ထို့ကြောင့် အလှည့်ကျအပြောင်းအရွှေ့ တာဝန်ထမ်းဆောင်သည့် စနစ်က အပေးအယူနှင့် မသမာမှုများစွာ ရှိနေခြင်းဖြစ်သည်။

အစိုးရသစ်လက်ထက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို မျှော်လင့်ခဲ့သူများထဲတွင် အစိုးရဝန်ထမ်းနှင့် ၎င်းတို့၏ မိသားစုများလည်းပါဝင်ကြသည်။ သို့သော် နေရာဒေသမရွေးတာဝန်ထမ်းဆောင်ရမည်ဟူသောသဘောတူညီချက် လက်မှတ်ရေးထိုးထားသော အဆက်အသွယ်မရှိသည့်၊ ငွေကြေးမတတ်နိုင်သည့် ဝန်ထမ်းများမှာ စည်းကမ်းချက်အတိုင်းပင် ပို့သည့်နေရာသွားကြရသည်။ မသွားနိုင်ပါက တစ်ခုတည်းသော ရွေးစရာလမ်းမှာ အလုပ်မှနုတ်ထွက်ကြရရုံသာဖြစ်သည်။

"လွန်ခဲ့တဲ့ သုံးနှစ်လောက်က မန္တလေးမှာတာဝန်ကျနေချိန် ဘူးသီးတောင် မောင်တောကို သွားရမယ်လို့ လူကြီးကခေါ်တယ်။ အဲဒီအချိန်မှာ စီးပွားရေးကလည်းအဆင်မပြေဘူး။ အိမ်ကလည်းငှားနေရတယ်။ မိန်းမကလည်း ကလေးမီးဖွားထားတာ မကြာသေးဘူး။ တစ်ယောက်ချိန်းပေးပါလို့ ပြောတယ်။ လူကြီးက မရဘူးသွားရမယ်လို့ သုံးလေးခေါက်ပြောလာတော့ ကျွန်တော်လည်းအလုပ်ပဲ ထွက်လိုက်ရတယ်"ဟု လာဘ်လာဘမပေးနိုင်ဘဲ အလုပ်မှနုတ်ထွက်လိုက်ရပြီး ယခုတောင်ကြီးတွင် ဆိုင်ကယ်ကယ်ရီဆွဲနေသူယခင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနဝန်ထမ်းဟောင်းတစ်ဦးက ပြောသည်။

နှစ်အပိုင်းအခြားအလိုက် ဝေးလံဒေသတွင် တစ်နှစ်၊ နှစ်နှစ် တာဝန်ထမ်းဆောင်ပြီးပါက မိမိနှစ်သက်ရာဒေသကို တောင်းခံပြောင်းရွှေ့နိုင်သည် ဆိုခြင်းကြောင့် ဝန်ကြီးဌာနစကားယုံစားသူဝန်ထမ်းများအတွက် လက်တွေ့တွင် ထင်သလိုဖြစ်မလာပါ။ နှစ်နှင့်ချီ၍ အမေ့လျော့ခံထားရသူများလည်း ရှိနေပြန်ပါသေးသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

"ရာထူးတိုးလည်းမဟုတ်၊ ပြစ်ဒဏ် ထိတာလည်း မဟုတ်၊ အဲဒီလိုနဲ့ ဒီကိုပြောင်းပေးတာ။ ပို့လိုက်ပြီဆိုရင်လည်း တမေ့တမောထားဖူးတာကို ကြုံရတယ်။ ဒီမှာပဲ လေးနှစ်ခွဲလောက်တာဝန်ထမ်းဆောင်သွားတဲ့ ကျွန်တော့်ဝန်ထမ်းတွေ ဒီနှစ်ဆန်းပိုင်းကမှ ပြန်ပြောင်းသွားရရှာတယ်။ ကျွန်တော်ဆို ၂ နှစ်ခွဲတောင်ကျော်သွားပြီ။ အပြောင်းအရွှေ့မှာ ကျန်နေခဲ့တုန်းပဲ" ဟု ကချင်ပြည်နယ်ပူတာအိုရှိ အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးကပြောကြားသည်။

အကပ်ကောင်းသူ၊ ငွေကြေးပံ့ပိုးပေးနိုင်သူ၊ လူကြီးနှင့်အဆင်ပြေသူတို့မှာတော့ မည်မျှဝေးသည့် ဒေသဖြစ်ပါစေ၊ ရန်ကုန်မြို့အပါအဝင်အဓိကအချက်အချာမြို့ကြီးများကနေ တစ်ဖဝါးမှမခွာ သက်တောင့်သက်သာအလုပ်လုပ်နေနိုင်ပါသည်။ ဝေးလံခေါင်ဖျားလမ်းပန်းဆက်သွယ်ရေးခက်ခဲသော်လည်း ဝင်ငွေရလမ်းဖြောင့်ဖြူးပြီး အကြံအဖန်ကောင်းသည့် ဒေသမျိုးတွင်မူလုပ်ချင်သူဝန်ထမ်းများ ပြုံတိုးနေတတ်ပြီး လာဘ်ပေးလာဘ်ယူမှုအပါအဝင် မပြောင်းရွှေ့ရန် မျိုးစုံကြိုးစားကြသည်များလည်ရှိတတ်ကြသည်။

"ကျွန်မ မဲဆန္ဒနယ်ကွန်ဟိန်းဆိုရင် တော်ရုံနဲ့ မြို့ပေါ်ပြန်မပြောင်းချင်ကြဘူး။ ဘယ်လိုပြောရမလဲ။ ပိုက်ဆံရှာရလွယ်တော့လေ"ဟု ရှမ်းပြည်နယ် ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းဝါနုကဆိုသည်။

"ကျွန်မဆရာမအဖြစ်နဲ့မန္တလေးတိုင်းထဲမှာ တာဝန်ကျတုန်းက နာမည်စာရင်းသာရောက်လာပြီး လူမရောက်တဲ့သူတွေအများကြီးပဲ။ အပြောင်းအရွှေ့ကို ၂နှစ်ပြည့်မှစဉ်းစားပေမယ့်လည်း ၂နှစ်ပြည့်တိုင်းလည်း ပြောင်းရဖို့မသေချာဘူး။ စာရင်းရှိပြီး ရောက်မလာတဲ့သူတွေနေရာမှာ ဆရာမတွေ ထပ်ခန့်တယ်။ စာရင်းထဲကလူတွေကတော့ မြို့ပေါ်မှာ အခြေမပျက်အလုပ်လုပ်တုန်းပဲ"ဟု စာရေးဆရာမခင်ခင်ထူးကၡင်းမူလတန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်စဉ်က အတွေ့အကြုံများကို ပြောပြသည်။

လမ်းပန်း ဆက်သွယ်ရေးခက်ခဲပြီး လူတိုင်းမသွားချင်သည့်နေရာများ၊ အထူးသဖြင့် ပဋိပက္ခဒေသများ၊ စစ်ပွဲများဖြစ်နေသည့်ဒေသများသို့ ပြစ်ချက်ရှိသည့်ဝန်ထမ်းကို ပြောင်းရွှေ့လိုက်ခြင်းမှာ ကာယကံရှင်ဝန်ထမ်းအတွက်ရော ဒေသအတွက်ပါကောင်းကျိုးလုံးဝမဖြစ်လာနိုင်ကြောင်း ရခိုင်ပြည်နယ် မြေပုံမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်ဦးဖေသန်းကပြောသည်။

"အပြစ်ရှိလို့ ပို့ရအောင် ကျွန်တော်တို့ ရခိုင်ပြည်နယ်က အပြစ်ရှိတဲ့သူတွေကိုအပြစ်ပေးတဲ့နေရာလားလို့အစိုးရကို ကျွန်တော်လွှတ်တော်မှာမေးဖူးတယ်။ သူတို့ကတော့မဟုတ်ပါဘူး၊ ပေါ်လစီအရပါလို့ဖြေတယ်။ အပြစ်ပေးလို့ ဒီလာရတယ်ဆိုကတည်းက ဝန်ထမ်းကလည်း ပိုပြီးအဆင်မပြေဖြစ်တော့ ကျွန်တော်တို့ဒေသမိအေး နှစ်ခါနာတာပေါ့ဗျာ"ဟု ၎င်းကဆို သည်။

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်တွေတွင် ၎င်းတာဝန်ကျစဉ် ရန်ကုန်ရှိ ရဲမှူးကြီးတစ်ယောက် အမှုတစ်ခုထိန်းသိမ်းကိုင်တွယ်ရာ ပြဿနာပိုကြီးသွားသည့်အတွက် အပြစ်ပေးသည့်အနေဖြင့် စစ်တွေသို့ ပြောင်းရွှေ့လိုက်ကြောင်းကို ပြန်ကြားရေးဝန်ကြီးဌာနပိုင်အစိုးရသတင်းစာများက ဖော်ပြခဲ့ဖူးသည့် သာဓကရှိခဲ့ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးလှဆွေကပြောသည်။

"ဒါတွေတကယ်ဖြစ်ခဲ့တာပဲ။ အစိုးရရဲ့ဝန်ထမ်းအပြောင်းအရွှေ့ဟာ အတော်ရှုံ့ချည်နှပ်ချည်နိုင်တယ်။ ဝန်ကြီးဌာနကလည်းတစ်ခုနဲ့တစ်ခုမတူကြပြန်ဘူး။ တပ်ထဲမှာတောင် အကြံအဖန်ကောင်းတဲ့တပ်ကိုလိုချင်လို့ တပ်ရင်းမှူးအဖြစ်နဲ့ပြောင်း၊ စစ်ဆင်ရေးပြီးရင် နောက်တပ်တစ်တပ်နဲ့ပြန်ချိန်းတဲ့အခါ အကြံအဖန်ကလည်း ဆက်ရချင်တော့ တပ်ရင်းမှူးအဖြစ်နဲ့ပဲ နောက်တပ်ကို ပြန်သွားချင်လို့ ကက(ထူး)ကို လာဘ်ပေးတဲ့သူတွေတောင်ကြုံဖူးတာပဲ။ တပ်မှာတောင် ဒီလိုဆို အရပ်ထဲမှာတော့ ပြောမနေနဲ့တော့"ဟု ၎င်းကပြောသည်။

အရွှေ့အပြောင်းရှောင်လိုသူများအတွက် နေရာ၊ဌာနအလိုက် နှုန်းထားဂါရဝအသီးသီးရှိသလို သက်ဆိုင်ရာဝန်ထမ်း၏ ခြေတံလက်တံမည်မျှရှည်သည်ကလည်း အပြောင်းအရွှေ့မူဝါဒကိုပြောင်းလဲစေနိုင်သည်။

သမ္မတ ဦးသိန်းစိန် လက်ထက် ၂၀၁၂ ခုနှစ်တွင် ဝေးလံခေါင်ဖျားသောဒေသများတွင်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ထောက်ပံ့ကြေး နှစ်သောင်းတိုးပေးခဲ့ပြီး ထပ်တိုးထောက်ပံ့ကြေး သုံးသောင်းကို ဒုတိယအကြိမ် ပေးအပ်ထားသည်။

ဝေးလံဒေသများတွင်တာဝန်ထမ်းဆောင်ပါက ခံစားခွင့်လစာနှစ်ဆပေးသော်လည်းအစစအရာရာဈေးနှုန်းကြီးမြင့်ပြီး ပိုက်ဆံရှိ၍ပင် ဝယ်မစားနိုင်သည့် ဒေသများတွင်မူ မိသားစုကိုပင် ခေါ်ထားဖို့အဆင်မပြေ။

"ပိုက်ဆံရှိပြီး အငတ်နေရတယ်ဆိုတဲ့ ဒေသမျိုးဆိုတာ ပူတာအိုပေါ့။ အစစအရာရာရှားပါးဈေးကြီးလှပါတယ်။ လမ်းကြောင်း(ကားလမ်း)ပြတ်သွားတဲ့အချိန်ဆိုရင် ကြက်ဥက တစ်ထောင်ဖိုးသုံးလုံးပဲ။ ကားလမ်းဆိုတာကလည်း ၁၂လလုံးလုံးသွားလို့အဆင်ပြေတဲ့လမ်းမျိုးမဟုတ်ဘူး။ မိုးရာသီဝင်တယ်ဆိုတာနဲ့ပဲ လမ်းကြောကပြတ်ပြီလေ။ ဒီကြားထဲမြစ်ကြီးနားနဲ့ ပူတာအိုကြားက ကားလမ်းဆိုတာက အညိုရောင်ကိုဖြတ်သန်းခဲ့ရတဲ့လမ်းလေ။ ဒေသထွက်ဆန်တောင် တစ်ထောင်ဖိုး သုံးဘူးအထိဖြစ်သွားခဲ့ဖူးသေးတယ်လေ။ ပြောချင်တာကတော့ မိသားစုကို ထိထိရောက်ရောက်ပြန်ထောက်ပံ့မပေးနိုင်တာ"ဟု ပူတာအိုအစိုးရနည်းပညာသင်တန်းကျောင်းအုပ်ကြီးကဆိုသည်။

ဝေးလံဒေသတွင် တာဝန်ထမ်းဆောင်လိုစိတ်နည်းပါးသူများတွင် မြေပြန့်မှ ဝန်ထမ်းများသာမက ဒေသခံတိုင်းရင်းသားအချို့လည်းပါဝင်ကြောင်း ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အနီးရှိ ဒွန်းကျေးရွာတွင် မူလတန်းပြဆရာမအဖြစ် ၂နှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဆရာမတစ်ဦးကပြောသည်။

"ကျွန်မတို့လို ပြည်မကလာတဲ့ဆရာမတွေကို မြို့နယ်ပညာရေးမှူးတွေက ခက်ခဲတဲ့ဒေသတွေဆီကိုပဲ တာဝန်ချလေ့ရှိပါတယ်။ လခနှစ်ဆရလို့ မိသားစုကို ထောက်ပံ့နိုင်ပေမယ့် တစ်နှစ်တစ်ခါပြန်ဖို့ကိုတောင် လမ်းစရိတ်က အရမ်းဈေးကြီးတဲ့အပြင်သွားရတဲ့လမ်းကလည်းအရမ်းအန္တရာယ်များလွန်းတဲ့အတွက် တော်တော်စဉ်းစားရတာတွေရှိပါတယ်။ ၂ နှစ်ပြည့်ရင် ပြောင်းပေးမယ်လို့ မူလက ကတိစကားတွေရှိထားပေမယ့် တကယ်တမ်းတော့ အဲဒီလို ပြောင်းပေးတာ အရမ်းရှားပါတယ်"ဟု ၎င်းကပြောသည်။

ဗဟိုချုပ်ကိုင်မှုပုံစံဖြင့် အလုပ်နေရာများကို အစိုးရကသာ

**စာမျက်နှာ (၈)သို့**




**Gold Yacht Co.,Ltd**

**အထည်ချုပ်စက်ရုံတွင်တာဝန်ထမ်းဆောင်ရန်၊ ကျွမ်းကျင်ဝန်ထမ်းများအလိုရှိသည်။**

**(1) HR Manager** ကျား/မ ( ၃ ) ဦး
**(2) Personal Assistant** ကျား/မ ( ၃ ) ဦး
အထက်ပါအမှတ်စဉ်နှစ်ခုအတွက် လိုအပ်သောပညာအရည်အချင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာအရည်အချင်းများပြည့်ဝ၍ စွမ်းဆောင်ရည်မြင့်မားရမည်။
**(3) Accountant** မ ( ၃ ) ဦး
ဘွဲ့ရ ၊ B.Com (or) LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်။Computerကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။

◆ လစာကောင်းကောင်းပေးမည်။ ဖယ်ရီကြိုပို့ ◆
အောက်ပါလိပ်စာသို့
လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
Email Address သို့လည်းပေးပို့လျှောက်ထားနိုင်ပါသည်။
**goldyacht.hr@gmail.com**
အမှတ်(၈၂)တွင်းသင်းတိုက်ဝန်ဦးထွန်းညိုလမ်း၊ လှိုင်သာယာ၊ စက်မှုဇုန်(၁)။
**01-684126, 09-5122512, 09-43177001**

7 DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

# တစ်မတ်သားတို့ ဘယ်သူ့ရွေးမလဲ

**အောင်သူရ၊ ဥက္ကာကိုကို**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မတ်လ ၁၆ ရက်နေ့ ကချင်ပြည်နယ် ခရီးစဉ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်လိုက်ပါသွားခြင်းက မြန်မာ့နိုင်ငံရေးလေ့လာသူများ၏ ဦးနှောက်ကို အလုပ်ပေးလိုက်ပါပြီ။ သမ္မတက ကချင်ပြည်နယ်ရှိ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံပွဲသို့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုပါ ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

ထိုမတိုင်မီကလည်း အာဆီယံ ကာကွယ်ရေးဦးစီးချုပ်များ သတင်းစာရှင်းလင်းပွဲတွင် မြန်မာကာချုပ် ပါဝင်၍ ပထမဆုံးသတင်းစာဆရာများနှင့် တွေ့ဆုံခဲ့ခြင်း၊ ပြည်ပနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်များ ခပ်စိပ်စိပ် သွားရောက်ခဲ့ခြင်း၊ စစ်လက်နက်ပစ္စည်းနှင့် တပ်အင်အားများ ထုတ်ဖော်ပြသလာခြင်းတို့အပေါ် နိုင်ငံရေးလေ့လာသူများသာမက ကမ္ဘာကပါ အာရုံစိုက်မိလာကြသည်။

ကာချုပ်သည် ယခင်တစ်လျှောက်လုံး စွဲကိုင်လာခဲ့သော တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ ဆောင်ပုဒ်ကိုစွန့်လွှတ်ကာ မကြာသေးမီက သွားရောက်ခဲ့သော အင်ဒိုနီးရှားခရီးစဉ်အတွင်း ပြည်သူသာ အမိ၊ ပြည်သူသာ အဖဟု ပြောင်းလဲ၍ စတင်သုံးနှုန်းလိုက်သူလည်းဖြစ်သည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များနှင့် ဆွေးနွေးပွဲသို့လည်း တပ်မတော် ထိပ်ပိုင်းခေါင်းဆောင်များဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီးသုံးဦးနှင့် ဗိုလ်ချုပ်နှစ်ဦးတို့ကို တက်ရောက်ဆွေးနွေးစေခဲ့ပြီး ဩဂုတ် ၁ ရက်တွင် အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးလိုကြောင်းလည်းကာချုပ်က ကမ်းလှမ်းလိုက်သည်။

အမျိုးဘာသာ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ ပြဋ္ဌာန်းရန် နိုင်ငံတော်သမ္မတက တိုက်တွန်းခဲ့ခြင်းအပေါ် မဲဆွယ်သည်ဟု ဝေဖန်မှုများ ထွက်ပေါ်နေချိန်နှင့် ကာကွယ်ရေးဦးစီးချုပ်၏ လုပ်ဆောင်ချက်များက တိုက်ဆိုင်လျက်ရှိနေသည်။ သမ္မတပြောစကားကို တပ်မတော်က နားထောင်ခြင်းမရှိဟု ဝေဖန်နေကြချိန်တွင် ကချင်ပြည်နယ်ခရီးစဉ်က အမြင်အချို့ကို ပြောင်းလဲသွားစေခဲ့သည်။

"ရွေးကောက်ပွဲနီးလာတော့ အချင်းချင်းကျောချင်းကပ်ရမှာပဲ။ ဒီခရီးက ဘာကိုဆိုလိုသလဲဆိုရင် နိုင်ငံရေးအရ ယုံကြည်မှုရှိကြောင်းသွားတဲ့ Trip ပဲ"ဟု စစ်ရေး၊ နိုင်ငံရေးလေ့လာသူ ဦးဘိုဘိုကျော်ငြိမ်းကပြောသည်။

လက်ရှိ လွှတ်တော်နှစ်ရပ်အတွင်း နိုင်ငံတော်သမ္မတ တင်သွင်းသည့် အဆိုများကို တပ်မတော်သားများကန့်ကွက်ခဲ့ခြင်းမရှိဘဲ တညီတညွတ်တည်း ထောက်ခံခဲ့ကြခြင်းက သမ္မတဘက်တွင် တပ်မတော်ရပ်တည်ကြောင်း ပြသနေခြင်းပင်။

ထို့ကြောင့် ဦးသိန်းစိန်အနေဖြင့် လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းက ရွေးချယ်တင်မြှောက်ခွင့်ရှိသော ဒုတိယသမ္မတရာထူးအတွက် အလေးပေးအခံရဆုံးသူ ဖြစ်လာနိုင်ဖွယ်ရှိနေသည်။ သို့သော် ဦးသိန်းစိန်အနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ပြုမပြုကို အတိအကျပြောဆိုထားခြင်းမရှိပေ။

ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဦးသိန်းစိန်အနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်မည်မဟုတ်တော့ကြောင်း ပြောဆိုခဲ့ဖူးသည်။

"သမ္မတကတော့ အရွေးမခံတော့ဘူးလို့ ကြားတယ်။ သမ္မတအရွေးမခံတော့ဘူးဆိုရင်တော့ လက်ရှိကာချုပ်ကိုပဲ ပေးလိမ့်မယ်ထင်တယ်။သူရဦးရွှေမန်းကျတော့ အကြောင်းသိနေကြတော့ တပ်ထဲမှာ သိပ်မထောက်ခံကြဘူး" ဟု အငြိမ်းစား ဗိုလ်မှူးတစ်ဦးက သုံးသပ်သည်။

နိုင်ငံရေးလေ့လာသူများက ဦးသိန်းစိန်၊ သူရဦးရွှေမန်း၊ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ထဲမှ တစ်ဦးကို ၂၀၁၅ခုနှစ်တွင်သမ္မတဖြစ်လာနိုင်သူဟု ခန့်မှန်းထားကြသည်။ ပြည်သူတို့၏ ထောက်ခံမှုရရှိထားသော ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတဖြစ်ရန် မလွယ်ကူပေ။ အလားတူ ဦးသိန်းစိန်အနေဖြင့်လည်း ၂၀၁၅ တွင် သမ္မတ ဆက်လုပ်မည့်အပေါ် မိသားစုဝင်များက အပြင်းအထန်ကန့်ကွက်နေကြကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

သူရဦးရွှေမန်းအနေဖြင့်လည်း သူ ဥက္ကဋ္ဌတာဝန်ယူထားသော ပြည်ခိုင်ဖြိုးပါတီနေရာအများစု အနိုင်ရမှသာ သမ္မတဖြစ်နိုင်ပါလိမ့်မည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဒုတိယသမ္မတသုံးဦးကို ပြည်သူ့လွှတ်တော်က တစ်ဦး၊ အမျိုးသား လွှတ်တော်က တစ်ဦး၊ အမျိုးသား လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်နှစ်ရပ်ပေါင်းရှိတပ်မတော်သားကိုယ်စားလှယ်များက တစ်ဦးရွေးချယ်ရမည်ဖြစ်သည်။ ရွေးချယ်လိုက်သည့် ဒုသမ္မတသုံးဦးထဲမှ တစ်ဦးကို ပြည်ထောင်စုလွှတ်တော်က ပြန်လည်ရွေးချယ်ပြီး သမ္မတအဖြစ် ခန့်အပ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ခေါင်းဆောင်မှုလေဟာနယ်ပြဿနာကြောင့် လက်ရှိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမ္မတဖြစ်နိုင်သည်ဟု နိုင်ငံရေးသိပ္ပံပါရဂူဘွဲ့ရရှိရန် ကျမ်းပြုနေသူ ဦးမင်းဇင်က Messenger ဂျာနယ်နှင့် အင်တာဗျူးတွင် သုံးသပ်ပြောကြားခဲ့သည်။

သို့ရာတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှာ ၂၀၁၅ ခုနှစ်တွင် အသက်ခြောက်ဆယ်ပြည့်မည်ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လက်ရှိရာထူးမှ အနားယူရဖွယ်ရှိနေသည်။ ဝန်ကြီးဌာနတစ်ခုမှ လက်ထောက်ညွှန်ကြားရေးမှူး၊ အငြိမ်းစားဗိုလ်မှူးတစ်ဦးကတော့ "စစ်တပ်မှာ အသက်ခြောက်ဆယ်ပင်စင်က မယူမနေရမဟုတ်ဘူး။ နောက်တစ်ချက်က အရင်လို တပ်ကထွက်တာနဲ့ နိုင်ငံရေးမှာ အသာစီးဝင်ယူဖို့ မလွယ်တော့ဘူး"ဟုဆိုသည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၄ ရက်စွဲဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြဋ္ဌာန်းပေးခဲ့သည့် အရန်တပ်ဖွဲ့ ဥပဒေအခန်း(၂)အရမူ "စစ်မှုထမ်းတစ်ဦးသည် စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့်(သို့) အငြိမ်းစားယူခွင့်ရရှိသည့် နေ့ရက်မှစ၍ အရန်တပ်ဖွဲ့တွင် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်"ဟု လည်းကောင်း၊ "တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် စစ်မှုထမ်းခြင်းမှ မိမိဆန္ဒအလျောက်နုတ်ထွက်/အငြိမ်းစားယူသော စစ်မှုထမ်းတစ်ဦးအား အရန်တပ်ဖွဲ့ဝင်အဖြစ် ခန့်အပ်နိုင်သည်"ဟုလည်းကောင်း အရန်တပ်ဖွဲ့ဝင်များ၏ သက်တမ်းမှာလည်း ငါးနှစ်သာဟူ၍လည်းကောင်း ဖော်ပြထားသည်။

ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် အသက်ခြောက်ဆယ် ပြည့်မြောက်သည့်တိုင် အရန်တပ်ဖွဲ့ဝင်အဖြစ် လက်ရှိရာထူးအဆင့် စစ်ယူနီဖောင်းဝတ်ဖြင့်ဆက်လက်နေထိုင်နိုင်မည့် အခွင့်အရေးတစ်ခုလည်း ရှိနေသည်။ ထိုအချက်သည် လက်ရှိလွှတ်တော်တွင် ဒုတိယသမ္မတများအား လွှတ်တော်ကိုယ်စားလှယ်ဖြစ်မည်ဟုပြင်ဆင်လိုသည့် အချက်ကိုလည်း ကျော်လွှားနိုင်ခြေရှိသည်။

အဘယ်ကြောင့်ဆိုသော် စစ်ယူနီဖောင်း ဆက်လက်ဝတ်ဆင်ထားပါက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အသစ်က ခန့်အပ်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ခန့်အပ်နိုင်သည့် အခွင့်အရေးကို ခံစားနိုင်၍ဖြစ်သည်။

သို့သော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရောက်လာနိုင်မည်မဟုတ်ဟု ယူဆနေသူများစွာလည်းရှိပါသည်။

"ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ပရော်ဖက်ရှင်နယ်တပ်မတော်ကိုပဲ သွားချင်တယ်လို့ထင်တယ်။ နိုင်ငံရေးလောကထဲမဝင်လောက်ဘူး ထင်တယ်"ဟု ပြည်ခိုင်ဖြိုးပါတီအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တပ်မတော်အရာရှိဟောင်း ဦးလှဆွေက မှတ်ချက်ပြုသည်။

ပြည်ပရောက် စာရေးဆရာ မင်းဒင်ကတော့ "လက်ရှိကာချုပ်မင်းအောင်လှိုင်လက်ထက်မှာ စစ်တပ်နဲ့ ပြည်သူကြား ထူးထူးခြားခြား အပြောင်းအလဲရှိတယ်လို့ မမြင်မိသေးဘူး။ တိုင်းပြည်ကာကွယ်ရေးတာဝန်ကို တိတိကျကျ ထမ်းဆောင်တဲ့ တပ်မတော် ဖြစ်မလာသေးဘူး"ဟု ဆိုလာသည်။

လက်ရှိ မြန်မာ့တပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဆက်ဆံရေးတိုးတက်လာသော်လည်း ပြည်သူများအကြားတွင်မူ မြေယာသိမ်းပြဿနာများကြောင့် အမြင်စောင်းခြင်းခံနေရချိန်ဖြစ်သည်။ တပ်မတော်အနေဖြင့်လည်း တပ်မတော်၏မူလတာဝန်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခဲ့သောကြောင့် အိမ်နီးချင်းနိုင်ငံများရှိ တပ်မတော်များနှင့် နှိုင်းယှဉ်နိုင်သည့်အနေအထားသို့ မရောက်ရှိဘဲ ဖြစ်နေခဲ့သည်။

ထို့အတူ အခြေခံဥပဒေပြင်ရန် ကြိုးပမ်းနေသူများသည် လွှတ်တော်တွင်း တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းပါဝင်နေမှုအား ပြင်ဆင်ရန် ကြိုးစားနေသကဲ့သို့ လက်ရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း တပ်မတော်၏ပါဝင်မှုအားလျှော့ချနေသည်ဟု ပြောကြားခဲ့ဖူးသည်။

ထို့ကြောင့်အခြေခံဥပဒေတွင် ၂၅ ရာခိုင်နှုန်းကိစ္စ ၂၀၁၅ မတိုင်မီ ပြင်ဆင်နိုင်ခြေရှိ၊ မရှိကလည်း အဓိကမေးခွန်းဖြစ်နေသည်။

စစ်ဗိုလ်ချုပ်တစ်ဦးအဖြစ်မှ သမ္မတတာဝန် ထမ်းဆောင်ခြင်းကို လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေအရ ပြည်သူများကလက်ခံနိုင်ဖွယ်မရှိသလို တပ်မတော်ပိုင်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကိုလည်း ရပ်တန့်သွားစေနိုင်သည်ဟု နိုင်ငံရေးလေ့လာသူ ဦးဘိုဘိုကျော်ငြိမ်းက မှတ်ချက်ပြုသည်။



*တပ်မတော်နေ့အခမ်းအနားတွင်တွေ့ရသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်*

ဓာတ်ပုံ – ငြိမ်းချမ်းနိုင်/အီးပီအေ

# ပျောက်သောလေယာဉ် ကြာလေမတွေ့

ထားထားမြင့်

**မတ်လ** ၈ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ တရုတ်နိုင်ငံ ဘေဂျင်းမြို့သို့ ပျံသန်းသွားခဲ့သည့် မလေးရှားလေကြောင်းလိုင်းမှ MH 370 လေယာဉ်ကြီး ပျောက်ဆုံးသွားသည်မှာ ၁၀ ရက်နီးပါးရှိခဲ့ပြီ။ သို့သော်လည်း ဘိုးရင်း ၇၇၇ လေယာဉ်ကြီးကို ရှာတွေ့ဖို့ဝေးစွ၊ အစအနပင်ရှာလို့မရဖြစ်နေသည်။

ရှာရသည်မှာလည်း ရေပြင်ရော မြေပြင်တွင်ပါ မိုင်ထောင်ချီကွာဝေးသည်အထိ ရောက်နေပါပြီ။ ရထားသော သဲလွန်စများကလည်း လိုက်လေလေ ဝေးလေလေ။

ရှာဖွေသူများကလည်း တောင်တရုတ်ပင်လယ်ပြင်မှသည် အိန္ဒိယသမုဒ္ဒရာအထိပါ ရှာဖွေရေးနယ်နိမိတ်တွေကို ချဲ့လိုက်ပါပြီ။

ယခုအခါ မြန်မာအပါအဝင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ တာဝန်ရှိသူတွေက လေယာဉ်ပျံကြီး ရှာဖွေမှုကို ဝိုင်းဝန်းကူညီပေးနေကြ၏။ ရှာဖွေရသည့် ဧရိယာက တိုးလာသလို စုံစမ်းစစ်ဆေးသူများကလည်း လေယာဉ်မှူးနှင့် သူတို့၏ မိသားစုများအပါအဝင် ဖြစ်နိုင်ခြေရှိသည်များနောက်ကို အသည်းအသန်လိုက်နေကြသည်။ လေယာဉ်ပျောက်ဆုံးမှုနှင့်ပတ်သက်၍ သဲလွန်စရနိုင်သလောက် ရအောင် ဖော်ထုတ်နေကြသည်။

လေယာဉ်ရှိပျံသန်းစဉ် အသံလွှင့်ထုတ်စက်က ပျံသန်းမှုသင်္ကေတများ ထုတ်လွှတ်နေခြင်း ရပ်ဆိုင်းပြီးမှ ထိုလေယာဉ်သည် နောက်ထပ် ခုနစ်နာရီပိုကြာရှည်စွာ ပျံသန်းခဲ့သည်ဆိုသည့် တွေ့ရှိချက်ကြောင့် လေယာဉ်ရှာဖွေနေသည့် ဧရိယာကို ပိုချဲ့လာရသည်။ ရှာဖွေမှုဧရိယာကို မြန်မာနှင့် အာရှအလယ်ပိုင်းရှိ ကာဇက်စတန်နိုင်ငံ အပါအဝင် နိုင်ငံ ၁၁ နိုင်ငံအထိ တိုးချဲ့လိုက်သည်။

“ရှာဖွေနေတာကို ပုံစံပြောင်းနေရာပြောင်းပြီး လုပ်နေပါတယ်” ဟု မလေးရှားပို့ဆောင်ရေးဝန်ကြီး ဟီရှာမူဒင်ဟူစိန်က ပြောကြားသည်။

လေယာဉ်ပျောက်သွားရန် ဖြစ်နိုင်ခြေရှိသည့် ၁၁ နိုင်ငံထဲတွင် ပါဝင်နေသည့် ပါကစ္စတန်နိုင်ငံက လေယာဉ်သည် သူတို့နိုင်ငံ၏ အရပ်သားသုံးရေဒါပိုင်နက်ထဲသို့ ဝင်ရောက်လာခြင်း မတွေ့ရှိရဟု ပြောကြားသည်။ အိန္ဒိယစစ်တပ်ကလည်း အိန္ဒိယနိုင်ငံ၏ နယ်နိမိတ်အတွင်းသို့ မည်သည့်လေယာဉ်မျှ ရေဒါတွင် မပေါ်ဘဲ မပျံသန်းနိုင်ဟု မီဒီယာများကို ပြောကြားခဲ့သည်။

ထို့ပြင် ပျောက်ဆုံးနေသော လေယာဉ်ပေါ်သို့ ခရီးသည်တို့၏ ပစ္စည်းများတင်ချစဉ်က ရှာဖွေစမ်းသပ်သူတို့ သင်္ကာမကင်းဖြစ်သည့် အရာတစ်ခုမျှ မတွေ့ခဲ့ရဟု ကုန်ပစ္စည်းစစ်ဆေးသူများက ဆိုသည်။

**မသင်္ကာသူလေယာဉ်မှူး**

လေယာဉ်မှူးနောက်ဆုံးနှုတ်ဆက်စကားမပြောမီ လေယာဉ်ပျံသန်းစဉ် အသံထုတ်လွှင့်စက် ရပ်သွားခြင်းနှင့် မလေးရှားလေကြောင်း မျှော်စင်စခန်းနှင့် အဆက်အသွယ်ပြတ်တောက်ပြီး လေယာဉ်ခရီးလမ်းကြောင်းပေါ်ရှိ ဗီယက်နမ်နိုင်ငံလေကြောင်း မျှော်စင်နှင့် မချိတ်ဆက်မီစပ်ကြားဖြစ်နေခြင်းတို့သည် လေကြောင်းပိုင်းဆိုင်ရာကျွမ်းကျင်သူတစ်ဦးက၏တမင်ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်သည်ဟု အမေရိကန်ထောက်လှမ်းရေးတို့က ယူဆသည်။

“တွေ့ရတဲ့အချက်အလက်တွေအရ လေယာဉ်ပေါ်ပါသူ တစ်ဦးက ရည်ရွယ်ချက်နဲ့လုပ်ဆောင်ခဲ့တာလို့ ပြသနေတယ်။ မီဒီယာသတင်းတွေကတော့ လေယာဉ်ပြန်ပေးဆွဲခံရတယ်လို့ ရေးကြပေမယ့် ကျွန်တော်တို့ကတော့ လေယာဉ်ဘာကြောင့် မူလလမ်းကြောင်းကနေ ပြောင်းသွားရတာလဲဆိုတာ စုံစမ်းနေပါတယ်”ဟု မလေးရှားဝန်ကြီးချုပ်က ပြောသည်။

ထိုကဲ့သို့ လေယာဉ်ကို လေယာဉ်မှူးက ကြံစည်လမ်းကြောင်းပြောင်းခဲ့သည်ဆိုပါက သူ့ကိုကူညီသူရှိရမည်၊ ထိုအစီအစဉ်တွင် လေယာဉ်ကို တစ်နေရာတွင် ဆင်းခိုင်းရန်နှင့် လေယာဉ်ဆီဖြည့်ပေးသူလည်း ရှိချင်ရှိနိုင်မည်ဟု အမေရိကန်အိုဟိုင်းယိုး ပြည်နယ်တက္ကသိုလ်မှ လေကြောင်းလုံခြုံရေးနှင့် ထိခိုက်မှုစုံစမ်းရေးပညာရှင်တစ်ဦးက သုံးသပ်ခဲ့သည်။

ထိုကဲ့သို့ သုံးသပ်ချက်အရ မလေးရှားအာဏာပိုင်တို့က လေယာဉ်မှူးဆာဟရီအာမက်ရှာ (၅၃) နှစ်၏ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ပြင်အရပ်ရှိ နေအိမ်ကို ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေခဲ့ရာတွင် လေယာဉ်စက်ခန်း ပုံစံတူလုပ်ထားသည့် (Flight Simulator) ခေါ် လေယာဉ်တုပုံစံစက်ကိရိယာတစ်ခုကို တွေ့ခဲ့ရသည်ဟု ဆိုသည်။ များသောအားဖြင့် လေကြောင်းဆိုင်ရာ ကျွမ်းကျင်သူများသည် ထိုစက်ကိရိယာမျိုးကို ပျံသန်းမှုလေ့ကျင့်ရန် အသုံးပြုလေ့ရှိကြသည်။

ထို့အပြင် တကယ့်လေဆိပ်ကို အွန်လိုင်းဖြင့် လေယာဉ်ပုံစံ အတက်အဆင်းလေ့ကျင့်ခြင်း လုပ်ရန်အတွက်လည်း သုံးနိုင်သည်။

အသက် (၂၇) နှစ်အရွယ်ရှိ တွဲဖက်လေယာဉ်မှူး ဖာရစ်အာဘ်ဟာမစ်၏ အိမ်၌ ဈေးဝယ်အိတ်များနှင့် ပြည့်နှက်နေသော ဗန်ကားနှစ်စီးကို တွေ့ရသည်ဟုဆို၏။ သို့သော်လည်း လေယာဉ်မှူးများ၏ အပေါင်းအသင်းနှင့် မိသားစုများက လေယာဉ်မှူးနှစ်ဦးသည် မိသားစုမိတ်ဆွေများနှင့်သာ နေတတ်သူဖြစ်ပြီး အကြမ်းဖက်မှုများနှင့် အဆက်အသွယ်မရှိဟု ငြင်းဆိုကြသည်။

“အခုလိုပေါက်ကရတွေ လျှောက်ပြောနေတာတော့ သူတို့မိသားစုတွေအပေါ် မတရားရာကျတယ်။ ဟိုမှာ စိတ်သောကရောက်ရတဲ့အထဲ” ဟု လေယာဉ်မှူး ဇဟာရီ၏ မိတ်ဆွေတစ်ဦးက ပြောသည်။

ထို့အပြင် အာဏာပိုင်များက လေယာဉ်ပေါ်တွင်ပါသွားသူများအနက် လေယာဉ်မှူးများအပြင် လေကြောင်းသင်တန်းများနှင့် အကြမ်းဖက်အုပ်စုနှင့် ဆက်နွယ်သူများကိုလည်း စုံစမ်းရှာဖွေနေကြသည်။ နယူးယောက်တိုင်းမ် သတင်းစာ၏ သတင်းတစ်ပုဒ်တွင်မူ ခရီးသည်တစ်ဦးသည် လေကြောင်းအင်ဂျင်နီယာတစ်ဦးဖြစ်ပြီး ဘေဂျင်းရှိ လေကြောင်းလိုင်းတစ်ခုတွင် အလုပ်လုပ်ရန်သွားခြင်းဖြစ်သည်ဟု ဆိုသည်။

**ခေါင်းမီးတောက်နေကြသော ခရီးသည်များ၏ မိသားစုများ**

MH370 တွင်ပါသွားသော ခရီးသည်များ၏ ကျန်ရစ်သူမိဘဆွေမျိုးများကမူ လေယာဉ်စပျောက်ကတည်းက ခေါင်းမီးတောက်ပူပန်ခဲ့ရသည်မှာ ယခုအချိန်ထိ စိတ်တိုးတိုးမကျနိုင်သေးပေ။ လေယာဉ်ပျောက်ဆုံးသည်မှာ ဆယ်ရက်နီးပါးရှိလာသည့်အချိန်တွင် သည်းခံစိတ်တွေ ကုန်ဆုံးလာကြသည်။

အမျိုးသားတစ်ဦးကမူ သူ့အနေဖြင့် မျှော်လင့်ချက်ကုန်ပြီဟု ဆိုပါသည်။

“လိမ်တာက တစ်ခါလိမ်ပေါ့။ နှစ်ခါ သုံးခါလိမ်ပေါ့။ အခုတော့ဘာလို့ ဆက်တိုက်လိမ်နေရတာလဲ။ ကျွန်တော်တို့ သိချင်တာက အမှန်တရား။ ကျွန်တော်တို့ကို ဖုံးမထားပါနဲ့” ဟု ဆိုသည်။


မတ်လ ၁၆ ရက်က ပြုလုပ်ခဲ့သည့် မိသားစုများနှင့် အစည်းအဝေးတွင် အမျိုးသားတစ်ဦးက လူဘယ်နှယောက်များ မလေးရှားလေကြောင်းလိုင်းနှင့် အစိုးရကို အယုံအကြည်မရှိဘူးလဲမေးခဲ့ရာ အခန်းထဲက လူအများစု မတ်တတ်ရပ်ပြသခဲ့၏။ လူတစ်ဦးကမူ အခန်းရှေ့သို့ ပြေးထွက်ပြီး လက်သီးဖြင့်ဆွဲထိုးရန်ပြင်ခဲ့ရာ လူအများက ဝိုင်းဆွဲကြရ၏။

မလေးရှားလေကြောင်းလိုင်း ခရီးသည်များ၏ မိသားစုများအတွက် ဘေဂျင်းတွင်နေထိုင်ရန် စီစဉ်ပေးထားသည်။ လေယာဉ်ပေါ်ပါသူ ၂၃၉ ဦးအနက် ခရီးသည်အများစုမှာ တရုတ်လူမျိုးများဖြစ်ပြီး မလေးရှားခရီးသည်များက ဒုတိယ အများဆုံးဖြစ်သည်။

ထို့ကြောင့် တရုတ်နိုင်ငံက နည်းပညာကျွမ်းကျင်သူများကို မလေးရှားသို့ စေလွှတ်ထားသလို တရုတ်သင်္ဘောနှစ်စီးကလည်း မလက္ကာရေလက်ကြားတွင် လေယာဉ်ကိုရှာဖွေနေသည်ဟု ဆင်ဟွာသတင်းက ဆိုသည်။

တစ်ကမ္ဘာလုံးရှိ လူတွေကလည်း လေယာဉ်ပေါ်ပါသူများအတွက် အာရုံစိုက်ဆုတောင်းပေးနေကြသည်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကလည်း မတ်လ ၁၆ ရက် ဝတ်ပြုဆုတောင်းပွဲတွင် လေယာဉ်ပေါ်ပါ ခရီးသည်များနှင့် မိသားစုများအတွက်ထည့်သွင်းဆုတောင်းပေးခဲ့သည်။

သို့သော် လေယာဉ်ကြီးကတော့ ခုအချိန်အထိ အစအနပင် ရှာမတွေ့သေးပါ။**ကိုးကား** - CNN



AHMAD YUSNI/EPA

7 DAY NEWS JOURNAL
Vol.13, No.3 • MARCH 19 , 2014

စာမျက်နှာ(၁၈) မှ

## ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် တွေ့ဆုံခြင်း

ကိန်းဂဏန်း တွေက မပြီးသေးလို့ တိကျစွာ မပြောသေးတာပါ။

**သန်းခေါင်စာရင်းကောက်တာကို မူဝါဒအားဖြင့် ကြိုဆိုတာရှိသလို တစ်ချိန်တည်းမှာလည်း စိုးရိမ်စိတ်တွေရှိပါတယ်။ တချို့က သူတို့ရဲ့ ပိုင်ဆိုင်မှုတွေ (သို့တည်းမဟုတ်)သူတို့ရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ ဖြေဆိုလိုက်ရင် အရေးယူခံရလေမလား စိုးရိမ်စိတ်တွေလည်းရှိတယ်။ အဲဒါနဲ့ ပတ်သက်ပြီး။**

အဲဒါလဲဗျာ။ ကျွန်တော်လည်း ကြိမ်ဖန်များစွာ ရှင်းပြတာပေါ့။ မေးခွန်းနံပါတ် ၂၉ ထင်တယ်။ ပိုင်ဆိုင်မှုနဲ့ပတ်သက်လို့ စိုးရိမ်စရာမရှိဘူးလို့ ကျွန်တော်ပြောပါတယ်။ ကျွန်တော်ပြောတာ မယုံဘူးထားပါ။ ဥပဒေအရ ကာကွယ်ပေးထားတာကို မယုံဘူးလို့ထားလိုက်ပါဦး။ ပကတိဖြစ်ရပ်နဲ့ နှိုင်းယှဉ်စဉ်းစားလို့ရပါတယ်လို့။ ဥပမာ အဲဒီမေးခွန်းမှာ သင့်အိမ်ထောင်စုမှာ အောက်ပါပစ္စည်းများ ရှိပါသလားလို့မေးတာ၊ ပစ္စည်း ၁၃ မျိုးလောက်ရှိတယ်။ ရှိပါသလားလို့မေးတာ ပိုင်ပါသလားလို့ မေးတာမဟုတ်ဘူးလေ။ ရေဒီယိုရှိပါသလား၊ ရုပ်မြင်သံကြားရှိပါသလား မေးတာပါ။ ဘယ်နှလုံးလဲလို့ မေးတာမပါဘူး။ ဘာလို့ ရုပ်မြင်သံကြားရှိပါသလားလို့မေးလဲ။ ရေဒီယိုရှိသလားလို့ မေးလဲ။ မီဒီယာနဲ့ ထိတွေ့မှု (media access)ဘယ်လောက်ရှိလဲမေးတာ။ ခင်ဗျားအိမ်မှာ တယ်လီဖုန်း ၁၀ လုံးရှိလား၊ ရုပ်မြင်သံကြား ၁၀ လုံးရှိလား၊ ငါးလုံးရှိလား၊ အဲဒီလိုမပါဘူး။ ဘယ်နှလုံးဆိုတာလဲ မပါဘူး။ ပိုင်သလားလို့လည်းမပါဘူး။ ဘယ်ကငွေနဲ့ ဝယ်သလဲလို့လည်းမေးတာမဟုတ်ဘူး။ နောက်ခင်ဗျားတို့ရဲ့ကိုယ်ရေးကိုယ်တာ ပိုင်ဆိုင်မှု ငွေဘယ်လောက်ရှိလဲ။ ဘယ်ဘဏ်မှာထားလဲ။ ဆွဲကြိုးဘယ်လောက်ရှိလဲ၊ လက်ကောက်ဘယ် လောက်ရှိလဲ၊ နားကပ်ဘယ်လောက်ရှိလဲ ကိုယ်ရေးကိုယ်တာ ပိုင်ဆိုင်မှုတွေ ဘာမှမေးတာမရှိဘူး။ ကျွန်တော်ပြောတာ မယုံဘူး၊ ဥပဒေအရမယုံဘူးဆိုရင်တောင် တကယ့်လက်တွေ့အရ စဉ်းစားကြည့်လိုက် ဘယ်လိုမှအခွန်ကောက်လို့မရဘူးဆိုတာ ရှင်းရှင်းလေးပါ။ အဲဒီအချက်နဲ့ အခွန်ကောက်လို့မရပါဘူး။

**ရခိုင်မှာဆိုလည်း သူတို့မှာစိုးရိမ်စိတ်တွေရှိတယ်။ ရိုဟင်ဂျာရှိတယ်မရှိဘူး။ စကားလုံးတွေကြားမှာ ရိုဟင်ဂျာကိုထည့်သွင်းပြီး ဖြေတယ်ဆိုရင် တော်တော်လေးကို စိုးရိမ်တာရှိတယ်လို့ကြားတယ်။ ဟိုတစ်နေ့က ရိုဟင်ဂျာလို့ထည့်ရင် သပိတ်မှောက်မယ်လို့လည်းကြားတယ်။ ရခိုင်တိုင်းရင်းသားရဲ့ စိုးရိမ်ပူပန်မှုတွေကို ဝန်ကြီးအနေနဲ့ ဘယ်လိုပြောချင်တာရှိလဲ။**

ဒါတွေဟာ အင်မတန်မှ သိမ်မွေ့တဲ့ကိစ္စတွေဖြစ်ပါတယ်။ နားလည်မှုလွဲမှာစိုးပါတယ်။ ကျွန်တော်တို့ကလည်း အမြဲတမ်းပြောသလိုပါပဲ။ အမျိုးသားရေးနဲ့ နိုင်ငံတော်လုံခြုံရေးကို မပျက်ပြားအောင် ဆောင်ရွက်နေပါတယ်ဗျာ။ အချိန်မတန်သေးဘဲနဲ့ နားလည်မှုပျက်ပြားသွားမှာ အများကြီးစိုးရိမ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ တည်ငြိမ် ငြိမ်းချမ်းမှုတွေ မပျက်ပြားအောင်၊ National Security (အမျိုးသားလုံခြုံရေး)၊ National Interest (အမျိုးသားအကျိုးစီးပွား)တွေ မပျက်ပြားအောင် ဆင်ခြင်ဆောင်ရွက်နေပါတယ်လို့ အဲဒီလောက်ပဲ ဖြေကြားပါရစေ။

**လုံခြုံရေးနဲ့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေကြောင့် ကြိုတင်သန်းခေါင်စာရင်းကောက်ယူ နေတယ်လို့ သိရပါတယ်။ ကြိုတင် သန်းခေါင်စာရင်းကောက်ယူမယ့် အချိန်နဲ့ တစ်နိုင်ငံလုံးကောက်ယူမယ့် အချိန်ကမတူတော့ အချက်အလက်လွဲမှားမှုတွေကို ဘယ်လို စီမံဆောင်ရွက်ဖို့ရှိပါသလဲ။**

ကြိုတင်သန်းခေါင်စာရင်းကို မိုင်းလားဒေသနဲ့ ကိုကိုးကျွန်း၊ ပူတာအိုခရိုင်တို့တွေမှာ စ,နေပါတယ်။ ပြီးတော့ မပြီးသေးပါဘူး။ ကြိုတင်သန်းခေါင်စာရင်းကောက်တာဟာ ဥပဒေအတိုင်းလုပ်တာပါ။ တစ်ကမ္ဘာလုံးဒီလိုပဲလုပ်ကြပါတယ်။ တချို့နေရာတွေက ကောက်လို့ခက်ခဲလို့ ကြိုတင်ကောက်ကြတာပါ။ ရည်ညွှန်းချိန်နှစ်ခုဖြစ်ပေမယ့် အဲဒီဒေသတွေဟာ တစ်နိုင်ငံမှာ နေထိုင်တဲ့သန်း ၆၀ နဲ့ နှိုင်းယှဉ်လိုက်ရင် သိပ်ပြီး ထူးထူးခြားခြားပြောင်းလဲတာရှိမှာမဟုတ်ပါဘူး။ ဒီလိုကောက်တာဟာ နိုင်ငံတကာစံနှုန်းအတိုင်း လုပ်တာပါ။

**သန်းခေါင်စာရင်းကောက်ဖို့ ကုလသမဂ္ဂနဲ့ တခြားအဖွဲ့အစည်းတွေက အမေရိကန်ဒေါ်လာ ၅၈ သန်းကျော် ထောက်ပံ့မယ်လို့သိရပါတယ်။ အခုဘယ်အတိုင်းအတာအထိ ကျခံသုံးစွဲနေလဲသိပါရစေ။**

ဒါကတော့ UNFPA က အသေးစိတ်သိပါလိမ့်မယ်။ အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၅ သန်းလောက်ကုန်မယ်လို့ မှန်းတယ်။ နိုင်ငံတော်အစိုးရက ၁၅ သန်းစိုက်ထုတ်ထားတယ်။ ယူအင်န်ကဒေါ်လာ ငါးသန်းလောက်ပေးတယ်။ ကျန်တာတွေတော့ တခြားနိုင်ငံက ကူကြမယ်ပြောပါတယ်။ ကုန်ကျမယ့်စရိတ်မလောက်ဘူးဆိုရင်လည်း ကိုယ့်နိုင်ငံအရေးမို့ နိုင်ငံက ဆောင်ရွက်နေမှာပါ။ ငွေကြေးအသေးစိတ်စာရင်းကတော့ UNFPA မှာရှိပါတယ်။ ကိန်းဂဏန်းများမှာစိုးလို့မပြောတော့ပါဘူး။ UNFPA ကနည်းပညာအကူအညီတွေပေးပါတယ်။

**တိုင်းရင်းသား လူမျိုးစုတွေထဲမှာ ဥပမာ မြို-ခမီလူမျိုးစုမှာ တချို့သော သူကမြိုအဖြစ်ရပ်တည်ချင်တယ်။ တချို့သောသူက ခမီ (သို့မဟုတ်) ခူးမီအနေဖြင့် ချင်းတိုင်းရင်းသားထဲ ဝင်ချင်ကြတယ်။ တိုင်းရင်းသားအချင်းချင်းကြားမှာ ဘယ်လူမျိုးစုထဲကို ပါချင်တယ်၊ ဘယ်လူမျိုးစုထဲကိုတော့ မပါချင်ဘူးစတဲ့ အငြင်းပွားမှုတွေက ပိုကြီးထွားလာတဲ့ ပြဿနာတွေ ဖြစ်လာတဲ့အခါကျရင် ဝန်ကြီးတို့ အနေနဲ့ ဘယ်လို ဖြေရှင်းပေးမှာလဲ။**

ကျွန်တော်တို့ကတော့ သတ်ပုံ၊ သတ်ညွှန်းတွေ မှားနေတယ်၊ တချို့တွေက မရှိတော့ပါဘူး။ တချို့တွေက အသစ်ဖြစ်တယ်ဆိုတာလေးကို ဖြေရှင်းပေးချင်တဲ့ ဆန္ဒနဲ့ ဒီလိုသန်းခေါင်စာရင်းကို အမှန်တိုင်းကောက်ချလိုက်တာ။ အဲဒီပြီးတဲ့ အခါကျမှ ဒုတိယတစ်ဆင့်မှာ ဒီလိုတော့ နာမည်တွေရပြီ၊ ဒီလိုတော့ ပေါ်ပြီ၊ ဒါကို ဘယ်ဘယ်လိုဆုံးဖြတ်ချကြမလဲ။ သက်ဆိုင်ရာ ကျွမ်းကျင်တဲ့ သူတွေ၊ ကျွမ်းကျင်တဲ့ ဌာနတွေ၊ သက်ဆိုင်ရာတိုင်းရင်းသားကိုယ်စားလှယ်တွေက ဆွေးနွေးရမယ့် သဘောဖြစ်ပါတယ်။ ဒီပြဿနာကို ဖြေရှင်းပေးချင်လို့ပါ။ ဒီလိုမဖြေရှင်းချင်ရင် တိုင်းရင်းသား ၁၃၅ မျိုးကို မမေးရင်လည်း ဖြစ်နိုင်တာပေါ့။ ဘာဖြစ်လို့ ကောက်ရတာလဲဆိုရင် အခုလို ပြင်ဆင်ပေးစေလိုတဲ့ ပြည်သူဆန္ဒကို အလေးထားလို့ ဆောင်ရွက်ပေးရတာပါ။ ဒီလိုမှ မဆောင်ရွက်ပေးဘူးဆိုရင် သတ်ပုံသတ်ညွှန်းမှားနေပါတယ်၊ ခုနလို တချို့တွေ ကျန်ခဲ့ပါတယ်ဆိုတဲ့ဟာတွေ နောင်ဆယ်နှစ်အထိ ဆက်သွားနေဦးမယ်။ ပြည်သူတွေရဲ့ လိုအပ်ချက်အရ ဆောင်ရွက်ပေးရခြင်းသက်သက်ဖြစ်ပါတယ်။

**လူဦးရေ သန်းခေါင်စာရင်းကောက်ယူပြီးတဲ့အခါ ရရှိလာတဲ့ အချို့အချက်အလက်တွေဟာ ထိလွယ်၊ ရှလွယ် စာရင်းအချက်အလက်တွေလည်း ပါနေတော့ ဒီလိုအချက်အလက်တွေကိုဥပဒေအရကာကွယ်ပေးမယ်လို့လည်း ဆိုပါတယ်။ တကယ်လို့ ဒီလိုအချက်အလက်တွေကို ဥပဒေအရတားဆီးထားပေမယ့်အပြင်ကို ချိုးဖောက်ထွက်လာရင် ချိုးဖောက်သူကို ဥပဒေအရ ဘယ်လို အရေးယူဖို့ရှိပါသလဲ။**

သန်းခေါင်စာရင်းဥပဒေမှာ ပါပြီးသားပါ။ ဘယ်ပြစ်မှုမျိုးကို ချိုးဖောက်ရင် ထောင်ဒဏ်ဘယ်လောက်၊ ငွေဒဏ်ဘယ်လောက် ပါပြီးသားပါ။ လျှို့ဝှက်ထားမယ့်ကိစ္စကို ချိုးဖောက်ရင် ထောင်ဒဏ်ဘယ်လောက်။ ငွေဒဏ်ဘယ်လောက်။ လိုက်နာရမယ့်ဟာတွေရှိတယ်။ ရှောင်ရမယ့်ဟာတွေရှိတယ်။ ဥပဒေမှာ သတ်မှတ်ထားတယ်။ အသေးစိတ် သတ်မှတ်ထားပါတယ်။

**သန်းခေါင်စာရင်းကောက်ပြီးသွားရင် အချက်အလက်တွေကို ဘယ်လို ထုတ်ပြန်သွားဖို့ရှိပါသလဲ။**

အဲဒါကတော့ အပိုင်းအလိုက် လုပ်ဖို့ရှိပါတယ်။ သန်းခေါင်ဆယ်ကို ဒီနေ့ကောက်ပြီး နောက်နေ့ကြေညာလို့မရဘူး။ ဘယ်ကာလလောက်ကျရင် ဘယ်အပိုင်းကို ထုတ်ပြန်ပေးမယ်။ တွက်ချက်ပြီးတော့ ပြောပါမယ်။ ဆိုပါစို့၊ တိုင်းပြည်မှာ လူဦးရေဘယ်လောက်ရှိတယ်၊ အမျိုးသားဘယ်လောက်ရှိတယ်၊ အမျိုးသမီးဘယ်လောက်ရှိတယ်ဆိုတာတော့ ဘယ်နှလအကြာမှ ထုတ်လို့ရမယ်၊ ဘယ်အပိုင်းကတော့ ထပ်ပြီး လုပ်ရဦးမယ်၊ ဒီလိုပါသေးတာကိုး။ ဆိုလိုတာက သန်းခေါင်ဆယ်လေး ကောက်ပြီးတာနဲ့ ဝန်ထမ်းတွေက နေ့ညမပြတ်အဆိုင်းတွေနဲ့ လုပ်ရဦးမယ်။ ကောက်ကောက်ပြီးချင်း ချက်ချင်းထုတ်ပြန်လို့ မရဘူး။ ၁၂ သန်းသောအိမ်ထောင်စုမေးခွန်းတွေကိုလိုက်စုစည်းရဦးမယ်။ တွက်ချက်ရဦးမယ်။ အိုအမ်မာစက်တွေနဲ့ဂဏန်းတွေဖတ်ရဦးမယ်၊ ပြန်တွက်ရဦးမယ်။ တချို့နိုင်ငံတွေဆိုရင် လေးငါးနှစ်ကြာမှ ကြေညာလို့ရတယ်။

**သန်းခေါင်စာရင်းကောက်ယူမယ့် ကိစ္စဟာ နိုင်ငံရေးမဟုတ်ဘူး။ ဖွံ့ဖြိုးရေးသွားမယ့်ကိစ္စဆိုပြီး ဝန်ကြီးတို့ မကြာခဏပြောနေကြတယ်ပေါ့။ ဒါပေမဲ့ တိုင်းရင်းသားတွေဘက်က အခုချိန်ထိတောင် နိုင်ငံရေးဆွေးနွေးမှုတွေကနေ ငြိမ်းချမ်းရေးရတဲ့အထိ မဖြစ်သေးတော့ သူတို့ဒေသတွေမှာ ဖွံ့ဖြိုးရေးတွေ မစချင်ကြသေးဘူး။ ဒီသန်းခေါင်စာရင်းကိစ္စကိုလည်း ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ၊ နိုင်ငံရေးဆွေးနွေးမှုတွေလုပ်ပြီးမှ ကောက်စေချင်တယ်။ ဝန်ကြီးတို့အနေနဲ့ သူတို့ရဲ့ တောင်းဆိုချက်အပေါ် ဘယ်လိုဖြေကြားချင်ပါသလဲ။**

ပြောကြပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ ကျွန်တော်တို့နဲ့ အပစ်အခတ်ရပ်စဲရေးလက်မှတ်တွေ ရေးထိုးပြီးပြီ။ ဒါဟာ ကောင်းတဲ့ အခြေအနေ၊ ပူးပေါင်းပါဝင်တဲ့ အခြေအနေပါ။ ဒီလိုအခြေအနေကောင်းမှာ ဒီကိစ္စကို ဆောင်ရွက်တာ သင့်တော်တယ်လို့ ထင်ပါတယ်။ ငြိမ်းချမ်းရေးကိစ္စအဆင့်ဆင့်အကုန်ပြီးမှ ဆောင်ရွက်မယ်ဆိုရင် စောင့်ရဦးမှာပေါ့။ ဘာလို့လဲဆိုတော့ ညှိကြ၊ နှိုင်းကြဦးမှာကိုး။ ဒီဥစ္စာကလည်း အားလုံးအတွက် အကျိုးရှိတဲ့ သဘောဖြစ်နေတာကိုး။ ကိုယ့်ဒေသမှာ ယောကျ်ားဘယ်လောက်ရှိတယ်၊ မိန်းမဘယ်လောက်ရှိတယ်၊ ပညာအရည်အချင်းကဘယ်လို ဒါတွေသိထားမှ ဘာလုပ်ပေးဖို့လိုသလဲဆိုတာ သိပြီးမှ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းက ကပ်ပါလာမှာ။ ငြိမ်းချမ်းရေးကိစ္စအားလုံးဆွေးနွေးကြတုန်းဆိုတော့ ဘယ်လောက်ကြာရင်တော့ ပြီးမယ်လို့ တိကျစွာပြောလို့မရဘူး။ ဒါတွေအားလုံးပြီးမှ လုပ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှုတွေ ထပ်ပြီးတော့ နောက်ကျသွားလေဦးမလားပေါ့။ ဒီလိုတော့ ရှိတာပေါ့။ တိုင်းပြည်အတွက် လုပ်ပေးချင်လို့ကိုး။ နိုင်ငံအကျိုးအတွက် ဆောင်ရွက်တဲ့သဘောထားဖြစ်ပါတယ်။

**ဦးသိန်းစိန်အစိုးရမတက်ခင်ကတည်းက သန်းခေါင်စာရင်းကောက်ဖို့စီစဉ်ထားတယ်လို့တိုင်းရင်းသားတွေ ဆိုပါတယ်။ ဒါဟာ စစ်အစိုးရလက်ထက်ကတည်းက စဉ်းစားထားတဲ့ မဟာဗျူဟာမြောက် သူတို့စာရင်းအင်း အခြေအနေတွေ သိချင်လို့ကောက်တာ။ ပြီးတော့ ဒါကို အစိုးရရဲ့ နိုင်ငံရေးကစားမှုထဲက တစ်ခုလို့ ရှုမြင်ကြတာလည်းရှိပါတယ်။ အဲဒီအပေါ်ဝန်ကြီးအနေနဲ့ ဘာများပြောချင်တာ ရှိပါသလဲ။**

သန်းခေါင်စာရင်းဆိုတာ ဒီနိုင်ငံအစိုးရတစ်ခုတည်း လုပ်တာမဟုတ်ဘူးလေ။ နိုင်ငံတိုင်းမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သန်းခေါင်စာရင်းကို လုပ်ကြတာပါ။ သန်းခေါင်စာရင်းဟာ တိုင်းပြည်ရဲ့ အနာဂတ်နဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်တယ်ဆိုတာ တစ်ကမ္ဘာလုံးက လက်ခံထားတယ်။ ယူအင်န်ကလည်း လက်ခံထားတယ်။ တစ်ကမ္ဘာလုံးမှာလည်း လုပ်နေကြတာ။ မြန်မာနိုင်ငံတစ်ခုတည်း ကွက်ပြီး ပညာပြလုပ်တာမဟုတ်ဘူး။ ဒီနိုင်ငံ၊ ဒီအစိုးရတစ်ခုတည်း လုပ်တာမှ မဟုတ်တာလေ။ နိုင်ငံတိုင်းမှာ အစိုးရက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုတိကျတဲ့ကိန်းဂဏန်းတွေ လိုချင်တဲ့အတွက် လုပ်ကြတာလေ။ ဒီမေးခွန်းတွေကလည်း တစ်ကမ္ဘာလုံးမှာ မေးနေတဲ့ မေးခွန်းတွေ ဖြစ်တယ်။ မြန်မာနိုင်ငံတစ်ခုတည်းကပဲ ထွင်ပြီး လုပ်တာမဟုတ်ဘူးလို့ ပြောချင်ပါတယ်။ စဉ်းစားကြည့်နိုင်ပါတယ်။

**ကချင်ပြည်နယ်မှာ KIA, KIO နဲ့လည်း ငြိမ်းချမ်းရေးဆွေးနွေးနေဆဲဖြစ်တယ်။ တစ်ချိန်တည်းမှာပဲ တင်းမာနေဆဲ ဖြစ်နေတော့ လူဦးရေ သန်းခေါင်စာရင်းကောက်ဖို့ သူတို့နဲ့ သီးသန့် သဘောတူညီချက်ထားတာရှိလား။ ဘာလို့လဲဆိုတော့ KIA ထိန်းချုပ်နယ်မြေအတွင်းမှာရှိနေတဲ့လူတွေကိုသန်းခေါင်စာရင်းကောက်မှာမို့လို့ KIA ဘက်ကပြန်ကြဖို့ပြောနေတာတွေရှိတယ်။**

တနိုင်းဘက်မှာ သတ္တုတူးဖော်ရေးလုပ်တဲ့ လူတွေကို စာရင်းကောက်ရင် ကျန်နေခဲ့မှာ စိုးလို့ ပြန်ခိုင်းတာလို့ကြားရပါတယ်။ သန်းခေါင်စာရင်းကောက်တော့မှာမို့လို့ ကိုယ့်ဒေသကို ကိုယ်ပြန်ကြပါလို့ ပြောသံကြားပါတယ်။ ဒီသတင်းက အင်မတန်ကောင်းပါတယ်။ သန်းခေါင်စာရင်းရဲ့ ရည်ရွယ်ချက်ကို တိုင်းရင်းသားညီအစ်ကိုတွေ လက်ခံယုံကြည်တဲ့ သဘောလေးသက်ရောက်ပါတယ်။ ဒါပူးပေါင်းပါဝင်တဲ့ သဘောပါ။ ကျန်ခဲ့မှာ စိုးလို့ဖြစ်ပါတယ်။ တကယ်ကျတော့ ပြန်လာစရာမလိုပါဘူး။ ကိုယ့်ရပ်ရွာမှာ ကျန်ခဲ့တဲ့ မိသားစုက ကိုယ့်မိသားစုဝင်တွေ ဘယ်နေရာမှာရှိ နေတယ်ဆိုတာ ဒီလိုထည့်ပြောရင် ပါပြီးသားပါ။ ဘာပဲဖြစ်ဖြစ် ဒီလိုကျန်ခဲ့မယ်ဆိုတဲ့အတွက် ပြန်လွှတ်တဲ့ သဘောက ပူးပေါင်းပါဝင်တဲ့ သဘောပါပဲ။ ကျွန်တော်တို့က KIO တစ်ခုတည်း မဟုတ်ဘူး။ KNU နဲ့လည်း ကောက်ဖို့အတွက် ကောက်ကွက်တွေ ဆွဲထားပါတယ်။ ကောက်ကွက်တွေက ကောက်တဲ့အခါကျမှ သိမှာပါ။ တွေ့ဆုံဆွေးနွေးမှုတွေလည်းလုပ်ထားပါတယ်။ ငြိမ်းချမ်းရေးပွဲတွေမှာလည်း ဝန်ကြီးကပါတော့ တွေ့တိုင်းပြောပါတယ်။ သူတို့တွေလည်း ပူးပေါင်းပါဝင်ကြမယ်လို့ ထင်ပါတယ်။

**ဝန်ကြီးအနေနဲ့ နောက်ဆုံး ဘာများ ပြောချင်တာရှိလဲ။**

သန်းခေါင်စာရင်းဟာ တိုင်းပြည်ရဲ့ လက်ရှိနဲ့အနာဂတ်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်တဲ့အခါ ကိန်းဂဏန်းအချက်အလက်ရဖို့ ကောက်ယူတဲ့ လုပ်ငန်းစဉ်သက်သက်သာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံတော်အစိုးရတစ်ခုတည်း လုပ်တာမဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးလုပ်နေကြတာဖြစ်ပါတယ်။ အားလုံးပူးပေါင်းပါဝင်လို့ရတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ နောက်ပြီး မှန်မှန်ကန်ကန်ဖြေကြားပေးဖို့လိုပါတယ်။ သန်းခေါင်စာရင်းက အစိုးရအတွက်သာ ကောက်တာမဟုတ်ပါဘူး။ အကောက်ခံရမယ့် ပြည်သူတွေအတွက် လုပ်ပေးတာဖြစ်ပါတယ်။ မှန်မှန်ကန်ကန်ဖြေကြားပေးဖို့လိုပါတယ်။ အိမ်ထောင်စုတစ်ခုကို မေးခွန်းတွေမေးတဲ့အခါ နာရီဝက်ပဲကြာတယ်။ နာရီဝက်လောက် ပူးပေါင်းဆောင်ရွက်တာနဲ့ ၁၀ နှစ်စာ ကိုယ့်မိသားစုအတွက် ရင်းနှီးမြှုပ်နှံတာနဲ့ အတူတူပါပဲ။ ။

*ကျေးဇူးတင်ပါတယ်*